



Scanned by CamScanner

# အခန်း(၁)

လုံမ(ရန်ကုန်တက္ကသိုလ်)

အချစ်ညွှတ်ကွင်း

အခန်း (၁)

"အိ ကတော့ ကိုသော်နဲ့ လက်ထပ်ပြီးလည်း ကိုယ်သော့် အိမ်ကို လိုက်မနေနိုင်ဘူးနော်"

"ဟင်"

"ကိုသော့် သမီး ရတုမှိုစရိုက်နဲ့ အိနဲ့ ဘယ်လိုမှ ဖြစ်မှာ မဟုတ်ဘူး"

"ဒါဆို ကိုယ်က သမီးလေးကို တစ်ယောက် တည်း ထားခဲ့ရမှာ လား"

"အရင်ကရော ကိုယ်သော့် မျက်စိအောက်မှာ စောင့်ရှောက်ခဲ့လို့လား။ နိုင်ငံခြားမှာ ပဲ အနေ များ ပြီး ဗိုင်းကောင်းကျောက်ပိ မအုပ်ချုပ်ခဲ့လို့ လွှတ်ချင်တိုင်းလွှတ်နေတာ၊ အခုမှ မိထွေးနေရာ ကနေ စည်းကမ်းလုပ်ဖို့ အရမ်းနောက်ကျနေပြီ ကိုသော်၊ ဆေးပေးမီယူ ကျန်တဲ့သက်တမ်းတစ် လျှောက် အိမ်ထောင်ရေး သုခကို မခံစားခရဘဲ လင်ပါသမီးကို ပြုစုပျိုးထောင်ရုံနဲ့ အချိန်တွေ အကုန်မခံနိုင်ဘူ။ ကိုသော် စဉ်းစားပါ။ အိကို လက်ထပ်မှာ လား၊ လက်မထပ်ဘူးလား"

ဒေါ်အိအိပိုင် အတိအကျမေးနေသည်။ ခေါင်းယမ်းလိုက်ဖို့ ဆန္ဒမရှိသော် လည်း ခေါင်းညိတ် လိုက်ဖို့လည်း ဝန်လေးနေ၏ ။

တကယ်တမ်း ဒေါ်အိအိပိုင်ကို တစ်ပင်လဲလျှင် တစ်ပင်ထူအိမ်ထောင်ဖက်အ ဖြစ် ရွေးချယ်ခဲ့ တာက သမီးလေးအတွက် မိခင်နေရာမှ ဆုံးမသွန်သင်စောင့်ရှောက်စေချင်လို့ဆိုပေမယ့် ကိုယ် တိုင်ကလည်း လေးစားတန်ဖိုးထား မြတ်နိုးနေမိလို့ပင်။

Book Sharing

Scanned by CamScanner

ယေါကအချစ် အနှစ် တရာ မမေ့သော ဆိုသလို တက္ကသိုလ်မှာ ကွင်းအ ဖြစ် ထင်ရှားခဲ့ဖူးသော အိအိပိုင်ကို ရင်ထဲက တိတ်တခိုးစိတ်ဝင်စားခဲ့ဖူး၏ ။

ဒါပေမဲ့ ချစ်သူအ ဖြစ် တွဲ နေခဲ့သော သမီးတို့ အမေနှင့် ကျောင်းပြီးလျှင် လက်ထပ်ဖို့ ကတိစကားတွေ ကျွဲခဲ့ပြီးပြီ ဖြစ်သည်။ နှစ် ဖက်မိဘတွေ ကို လည်း အသိပေးပြီးပြီမို့ အိအိပိုင်အလှကို အဝေးကသာ ယောက်ျားတို့သဘာဝ စိတ်ဝင်စားခဲ့ရ သည်။

နောက်မှသိရတာ က နောက်ဆုံးနှစ် မှ ကျောင်းပြောင်းလာတက်သော အိအိပိုင်ကလည်း လက်ထပ်ပြီး ပူပူနွေးနွေး အိမ်ထောင်သည် တစ်ယောက် ဖြစ်နေတာပင်။

ထိုအချိန်က နောက်ဆုံးနှစ် ကျောင်းသားကြီးတွေ ဖြစ်သည့် သူတို့ယောက် ားလေးတွေ အာ လုံး ဣန္ဒြေကြီး၍ နမြောတသလို့ မဆုံးကြ၊ ခုတော့လည်း ဒုတိယ ဘဝ သက်တမ်းအလွန်မှာ စီးပွား ရေး လုပ်ငန်းရှင်တွေ အ ဖြစ်နှင့် ပြန်ဆုံကြသည်။

ဆုံကြတော့လည်း ဘဝတစ်ခုအပြောင်းအလဲမှာ အိမ်ထောင်ဖက်တွေ မရှိ ကတော့။ လင်ယောက်ျားဆုံးပြီးခါစမှာ ယောင်လည်လည် ဖြစ်နေရှာသော အိအိပိုင်ကို အကူအညီပေးရင်းနှင့် ရင်းနှီးပတ်သက်လာခဲ့တာတောင် သုံးနှစ် ဗွန်းခဲ့ပြီပဲ။

" ကိုယ် အိကို လက်ထပ်ပါရစေ အိရယ်၊ ကိုယ့်ဘဝက အိမ်ထောင်ဖက်ဆုံးပြီးကတည်းက စီးပွားရေး ထဲမှာ ပဲ နစ်မြုပ်ပြီးနေခဲ့ရတာ ပါ။ ရင်းနှီးမြု ပ်နှံမှု ကလည်း နိုင်ငံခြားမှာ ပဲများ တော့ မြန်မာ ပြည်ကိုလည်း သိပ်မနေ ဖြစ်ဘူး။ ဖြစ်နိုင်ရင် ဘဝလက်တွဲ ဖော်လေးနဲ့ အေးအေးချမ်းချမ်းနေချင်ပြီ"

သူ ထိုသို့တောင်းဆိုသော အိအိပိုင် မငြင်းဆန်ခဲ့။ သူမဘက်မှာ လည်း အားကိုးအားထား လင်ယောက်ျား ကောင်း တစ်ယောက် လိုအပ်နေသည်။ စီးပွားရေး လောကထဲမှာ မိန်းမသားတစ် ယောက် တည်း ကြာရှည်ရပ်တည်ဖို့ဆိုတာ သိပ်မလွယ်။

"အိမှာ သမီးလေး တစ်ယောက် ရှိတယ် ကိုပိုင်၊ ဒါပေမဲ့ အရင်ကတည်းက သူ့အဘွားတွေ ဆီမှာ ပို့ထားခဲ့ရတာ ။ အိတို့က စီးပွားရေး အလုပ်တွေ နဲ့ မအားမလပ် ဖြစ်နေတော့ သူ့ကို လိမ္မာရေး ခြားရှိအောင် သွန်သင်ဆုံးမ ကြည့်ရှုစောင့်ရှောက်ဖို့

Scanned by CamScanner

အချိန်မရဘူးလေ။ အခုတော့ သူ့အဘွား လည်း ဆုံးသွားပြီ။ အိမ်မှာ လည်း တစ်ယောက် တည်း ဖြစ်နေတော့ ပြန်ခေါ်ထားရမယ်။ သမီးလေး က သူ့အဘွားတွေ ၊ ကြီးကြီးတွေ နဲ့ နေခဲ့ရလို့ အရမ်းကိုနူးညံ့သိမ်မွေ့ပြီး မိန်းမပီသလွန်းတယ်။ အိမ်အလုပ်ဆိုလည်း အိမ်ဖောင်ငှားစရာမလိုအောင် တစ်ယောက် တည်း နိုင်နိုင်နင်းနင်း သိမ်းကျုံး လုပ်တာပဲ။ အိ အရမ်းစိတ်ချမ်းသာရတယ်"

အိပြောပြတော့ အိသမီးနဲ့ ကိုယ့်သမီးနဲ့က ဆန့်ကျင်ဘက်ပါပဲလို့ မပြော ဖြစ်။ အိမ်ပြန် ရောက်တိုင်း သမီးရဲ့ ဆိုးသွမ်းမငတွေ ကို နားနဲ့မဆံ့အောင် ကြားရသည်။

အဒေါ် ဖြစ်သူကိုလည်း ပမာမခန့်၊ ပအေ ဖြစ်သူကိုလည်း လေးလေးစားစားမရှိ။ ကျောင်းပြီး ဘွဲ့ရလို့လည်း ဘာအလုပ်အကိုင်မှ စိတ်မဝင်စား၊ မအေချန်ထားရစ်သည့် အမွေအနှစ် ၊ သူ့ရဲ့ ထောက်ပံ့မှု ၊

ဒါတွေ နှင့် ဘဝကို ပေါ့ပေါ့ပါးပါး လွတ်လွတ်လပ်လပ် ဖြတ်သန်းနေသည်။ တစ်ခါတစ်ရံ ကိုယ့်ဘက် အမြင်မတော် လို့ ပြောမိရင်

"ဖေဖေ့မျက်စိအောက်မှာ အချိန်ပြည့်မြင်နေရတာ မှ မဟုတ်တာ။ စိတ်မပူပါနဲ့ ဖေဖေ၊ ခဏ တစ်ဖြုတ် ပြန်လာချိန်လေးမှာ စိတ်ချမ်းသာသာနေပြီးသာ ပြန် သွားပါ။ ရင်ခွင်ပိုက် ကလေး ဘဝကတည်းက ဖေဖေ ဂရုစိုက်မှု တွေ မခံစားခဲ့ရလို့ အခုလို စိုးရိမ်သလိုလိုနဲ့ ပြောရင် မနေတတ် တော့ဘူး"

အရွဲ့တိုက်စကားနှင့် နှုတ်လုန်ထိုးပြီး သူ အိမ်မှာ ရှိသည့်ရက်တွေ မှာ ဘယ်တော့မှ အိမ်မ ကပ်တတ်ပါ။

ဒါကြောင့် လည်း သွေးနီးပေမယ့် အနေဝေးခဲ့သည်။ ကိုယ်က မေတ္တာမပေးတတ်လို့ ဥပေ က္ခာ ပြုသလို ဖြစ်ခဲ့သည်လား။ သမီးကပဲ ဆန့်ကျင်အရွဲ့တိုက်ရတာ ကို ပျော်မွေ့နေသည်လား မသိ။

ဘာ ဖြစ် ဖြစ် ဖခင်ဝတ္တရားကျေဖို့ လိုအပ်နေသလို ခံစားမိသော် လည်း အခုမှ သမီးကိုစည်းရုံး သိမ်သွင်းဖို့ မတတ်နိုင်။ ဒါကို သူကိုယ်တိုင် လက်မြှော

Scanned by CamScanner

က်အရွံးပေးထားတာကိုလည်း အိသိသည်။ ပတ်ဝန်းကျင်က ဝေဖန်ရှုတ်ချမှု တွေ ကိုလည်း အိကြားသည်။

ထို့ကြောင့် အိက သူ့ကို ပြတ်ပြတ် သားသား စိန်ခေါ်နေခြင်း ဖြစ်ပါ၏ ။

သူ့အိမ်ကို လိုက်မနေနိုင်ပါဘူးတဲ့။

သမီးစရိုက်နှင့် အဆင်မပြေနိုင်တာကို သိပေမယ့် သမီးအုပ်ထိန်းမှု မဲ့ ပိုဆိုးသွားမှာ ကို တော့ စိုးရိမ်သည်။

"အိမေးတဲ့ မေးခွန်းက အဲလောက်တောင် အဖြေရခက်နေလား ကိုသော်"

"ဟင်... မ.. မဟုတ်ပါဘူး အိရဲ့ "

"ဘာမဟုတ်တာလဲ၊ တန်းခနဲမဖြေနိုင်ဘဲ စဉ်းစားနေတာ ဘယ်လောက်ကြာပြီလဲ အိကို လက်မထပ်နိုင်ဘူးဆိုရင်တော့ အချိန်ရသေးတယ်နော်"

"အိရယ် ကိုယ်စဉ်းစားနေတာက"

"ဖယ်ပါ ကလေးကလား"

မချင့်မရဲ ပခုံးလေးကို ဖက်မိတော့ အိက မှုန့်ရှ့ူ ဖြင့် ခပ်လွှန့်လွှန့်လေး ရှန်းသည်။ ဦးမင်း မြတ်သော် ပိုတိုးကာ ဖက်ထားလိုက်၏ ။

"သမီးအတွက် သက်သက်ပဲ အိကို ရွေးချယ်ခဲ့တာ မဟုတ်ပါဘူး။ ကိုယ့်ဘဝတစ်သက်လုံး အတွက် တန်ဖိုးထားမြတ်နိုးခဲ့တာပါ။ ဒါပေမဲ့ သမီးကို ပစ်စလက်ခတ်ထားခဲ့သလိုကြီး"

"အဲဒါက ဆင်ခြေဆိုရင် အိကို ဒီအတိုင်းထားခဲ့လိုက်ပါ။ ကိုသော သမီးအကြောင်းလည်း ကိုသော် သနေတာပဲ။ အိမ်ထောင်ရေး အတွက် စိတ်အနှောင့်အယှက် ဖြစ်ရတာ မျိုးကို အိ မလိုလား ဘူး။ အိမှာ သမီး တစ်ယောက် ပါလို့တောည့ ကိုယ်ချင်းစာပါတယ်။

Scanned by CamScanner

ဒါပေမဲ့ အိသမီးက ကိုယ့်သော့် သမီးလို မဟုတ်ဘူး။ သိမ်မွေ့နူးညံ့တယ်၊ ဗိုင်းကောင်း ကျောက်ဖိ ဓိန်းကလေးပီသတယ်။ ကိုယ် သော် အပေါ်လည်း လိုလားမှု ရှိသလို လေးစားမှု လည်း ရှိတယ်"

"ကိုယ်နားလည်ပါတယ်။ အိသမီးလေး ဆည်းဆာညို့နဲ့ ကိုယ့်သမီး ရတုမိုရဲ့ ကွာခြား ချက်တွေ ကို ကိုယ့်အိမှာ အိတို့သားအမိလိုကနေဖို့ ဘယ်လိုမှ မ ဖြစ်နိုင်တာကိုလည်း ကိုယ်သိ တယ်။ ပွင့်ပွင့်လင်းလင်း ဝန်ခံရရင် အိတို့သားအမိနဲ့ အတူတူနေရတဲ့အချိန်က ကိုယ့်အတွက် မိ သားစုဘဝလေးကို ရသလိုပဲ။ အိမ်ကိုရောက်ရင်တော့ သမီးကြည့်ပြီး အရမ်းမောပန်းရတယ်။ သားအဖ သံယောဇဉ်နဲ့ နွေးထွေးမှု လည်း မရှိဘူး"

"ဒါဆိုလည်း ကိုယ်သော့် သမီး လိုအပ်တဲ့အချိန်မှ ခဏတစ်ပြု တ်သွားပေးလိုက်ပေ့ါ။ အမှတ်မရလည်း ကိုသော့် သမီးက လွှမ်းမယ့်ပုံမပေါ်ပါဘူး။"

"အင်း...ကိုယ်လည်း အိသဘောအတိုင်းပဲ ဆုံးဖြတ်လိုက်ပြီ။ ကိုယ်တို့ အမြန်ဆုံး လက် ထပ်ကြယမယ် အိ"

အိ အပြုံးလေးနှင့် ခေါင်းညိတ်ကျေနပ်လက်ခံပြီးလို့ တစ်ပတ်အတွင်း :မှာ ပင် နှစ် ဖက် အသိုက်အဝန်းမိတ်ဆွေများ နှင့် ညစာစားပွဲလေးညှော်ခံကာ အသိအမှတ်ပြု လက်ထပ်လိုက်ကြ သည်။

နှစ် ဖက်က သမီးပျိုများ ရှိနေသလို လေးဆယ်ကျော်ဆိုသည့် အသက်အရွယ်လည်းရှိ၊ နောက်အိမ်ထောင်ပြုကြတာမို့ မင်္ဂလာပွဲ ခမ်းနားကြီးကျယ်စွာ မလုပ် ဖြစ်ဘဲ ရုံးတက်လက်မှတ်ထိုး ရုံလေးဖြင့် တရားဝင်အကြင်လင်မယားအ ဖြစ်သို့ ရောက်ခဲ့ကြ၏ ။

"ကိုမင်းမြတ်သော် တို့က ကံကောင်းတယ်ဗျာ။ အလုပ်အကိုင်စီးပွားဘက်ကလည်း ဖြစ်၊ ဇနီးအချောအလှပေးကိုလည်း ရတော့ ဂုဏ်မြောက်နေပြီဗျ"

"ဒေါ်အိအိပိုင်က အားကိုးရပြီဆိုတော့ နားလို့ရပြီပေ့ါလေ။

Scanned by CamScanner

လင်ရွေးကောင်းတယ် ပြောရ မှာ ပဲ။ ဦးမင်းမြတ်သော် က မုဆိုးဖိုမ ဖြစ်ခင်ကတည်းက အပျို တွေ ဝိုင်းဝိုင်းလည်နေတာနော်။ ငွေရှာ ကောင်းတော့ ဒေါ်အိအိပိုင်တို့ လက်ခမောင်းခတ်ပြီပေါ့....."

"အသက်ကြီးပေမယ့် နေနဲ့လ ရွှေနဲ့မြ လိုက်ဖက်ပါတယ်ဗျာ။ ကိုသော ကြီးအတွက် မအိ ခိုင် ပါရမီဖြည့်ဘက်ကောင်း ဇနီးကောင်း ဖြစ်မှာ ပါ။ အပိုင်ရပြီဆိုပြီး ပေါ့တော့မပေါ့နဲ့။ မအိခိုင်က အရွယ်တင်နုပျိုလွန်းလို့ အခုအချိန်အထိ စိတ်ကူးယဉ်တဲ့သူတွေ များ တယ်နော်"

လွတ်လွတ်လပ်လပ် စနောက်နေကြတာမို့ ဆယ်ကျော်သက်လေးတွေ လို ရင်တွေ ခုန်င်း ပျော်လည်း ပျော်ခဲ့ကြသည်။

တိတ်တဆိတ် ဟန်းနီးမွန်းပင် ထွက်ခဲ့ကြသေး၏ ။

အရွယ်တင် နုပျိုမှု ဖြင့် တက်ကြွဖျတ်လတ်နေကြသည်မို့ တချ ိစိတ်ဆွအပေါင်းအသင်း တွေ က အားကျကြသည်။

ဂုဏ်ယူချီးမွမ်းကြသည်။

သမီးကို အသိမပေးသေးတာက စိတ်အနှောင့်အယှက် ဖြစ်မှာ စိုးလို့ပါ။

အိ အငြိုအငြင်လည်း မခံချင်ဘူးလေ။ ဒါပေမဲ့သမီးကို ဖွင့်ပြောထားမှလည်း ဖြစ်မှာ ပါ။

ထိုအချိန်မှာ သမီးပေါက်ကွဲလည်း နားလည်ပေပြီ ချောမော့ဖျောင်းဖျရုံပင်။

သမီးလက်ခံမှာ လား။ အသိအမှတ်ပြုမှာ လားဆိုတာ ကတော့။

•••••••••••••

Scanned by CamScanner

# အခန်း(၂)

အခန်း (၂)

"လုပ်သင့်လား၊ မလုပ်သင့်ဘူးလား တိုင်ပင်တာ မဟုတ်ဘူး။ ဒါ လုပ်ပြီးသွားပြီလို့ အသိ ပေးရုံပဲ မဟုတ်လား။ ပေပေ ဘာလုပ်လုပ် ရတု စိတ်မဝင်စားဘူး ပေပေ။ စိတ်ဝင်စားအောက် အောင်လည်း ပေပေနဲ့ ရတုကြားမှာ နွေးထွေးမှု တွေ မရှိဘူး"

"သမီး"

"ရတုပြောတာ မှား နေလို့လား၊ ပေပေက အပြင်မှာ ပဲ ပျော်မွေ့နေတဲ့သူ။ မေမေ့အသက် ကို မီအောင် ပြန်မလာနိုင်ဘဲ အလုပ်ရှုပ်ပြနေတဲ့ ပေပေ့ကို အဲဒီ နေ့ကတည်းက ရတုစိတ်ထဲမှာ ထုတ်လိုက်ပြီးသားပါ"

"သမီး အဲဒီ ကိစ္စနဲ့ ပတ်သက်ပြီး ပေပေ အကြိမ်ကြိမ် ရှင်းပြပြီးပြီ"

"ဟင့်အင်း.. ဆင်ခြေပေးတတ်တဲ့သူကို ရတု အမုန်းဆုံးပဲ။ လိမ်ညာလှည့်ပတ်တတ်တဲ့သူ က ဆင်ခြေကို ယုံကြည်အောင် လှလှပပ ဖွဲ့ နွဲ့ သုံးနှုန်းတတ်တယ်။ မဟုတ်တာလုပ်တော့မယ်ဆို ရင် အရှက်မရှိ မျက်နှာချ သွေးတတ်ကြတယ်။ အဲဒီ လူတွေ မှာ သစ္စာတရားဆိုတာ နားမလည်ဘူး။ ပေပေ ဘယ်အချိန်ကတည်းက အိမ်ထောင်ရေး ဖောက်ပြန်နေချင်လည်း မသိပေမယ့် မေမေ လည်း ရှိမှမရှိတော့တာ ပေပေ အကြိုက်လုပ်ပါ"

ရတုမိုက အပြီးသတ်ပြော၍ မျက်နှာလွှဲသည်။ သက်ပြင်းတွေ ချကာ သမီးရဲ့ စွပ်စွဲချက်တွေ အတွက် ရင်မှာ နင့်နေအောင် ခံစားရ၏

အပြင်မှာ လွတ်လပ်စွာ ပျော်မွေ့ချင်လို့မဟုတ်ဘဲ စီးပွားရေး တစ်ခုမှာ ပဲ အာရုံစိုက်ကြိုး စား နေခဲ့တာ သမီး နားလည်မပေးပါလား။

ဒါပေမဲ့ အိမ်မှာ ထက် အပြင်မှာ ပိုပြီး စိတ်ချမ်းသာတာမို့ အိမ်ပြန်ချိန်တွေ နည်းတာ ကတော့ အမှန်ပဲ။

Scanned by CamScanner

အိမ်ပြန်ရောက်လည်း အလုပ်ကို အကြောင်းပြ၍ လက်ပ်တော့ရှေ့ကနေ မထတတ်။ အ ချိန်ကုန်လျှင် အိပ်ရာဝင်သည်။

မိသားစုအပေါ် နွေးနွေးမှု တွေ ၊ သာယာမှု တွေ ၊ မပေးတတ်တာ မချစ်လို့တော့ မဟုတ်။

သမီးအမေကလည်း သူ့အပေါ် အချိန်ပြည့် ဂရုတစိုက်ရှိခဲ့တာမှ မဟုတ်တာ။ ကိုယ့်ဘက်က စကားပြောစရာရှိလျှင်တောင် လောင်းကစားဝိုင်းကနေ တော် ရုံနှင့် အိမ်ပြန်လာတတ်တာ မဟုတ်။ အရှုံးအနိုင် ငြင်းခုန်မှု တွေ ဖြင့် ပုန်းဆက်ရတာ တောင် အဆင်မပြေ။

လောင်းကစားဝိုင်အပေါ်မှာ စွဲလမ်းလွန်းပြီး လင်ယောက်ျားနှင့် သမီးရဲ့ ဂုဏ်သိက္ခာကို ထောက်ထားရမှန်းမသိဘဲ ရဲစခန်းအချုပ်သံတိုင်တွေ ကြားမှာ လည်း ဝင်ချည်ထွက်ချည်။

သူမ မိဘဘက်က ပေးကမ်းထားသည့် အမွေအနှစ် တွေ နှင့် သူကလည်း အလျှံပယ် ရှာပေး နိုင်သည်မို့ သူမအတွက်က သုံးဖြုန်းမကုန်နိုင် ဖြစ်နေခဲ့သည်။

လောင်းကစားအတွက်ဆို အအိပ်ပျက်၊ အစားပျက်ခံသည်။ မိသားစုထက် ဖဲရိုက်ဖော် အပေါင်းအသင်း မိတ်ဆွေတွေ ကို ပိုမက်၏ ။

ဒါကြောင့် သမီးက သမီးအမေဘက်က အစ်မနှစ် ဝမ်းကွဲလောက်တော် သော အန်တီချိုနှင့် သာ အနေများ သည်။ အန်တီချိုဆိုတာကလည်း သမီးကို ကောင်းကောင်းဆုံးမသွန်သင်တတ်တာ မျိုးမဟုတ်။

သမီးရင်ထဲ နာကျင်မှု တွေ ခိုအောင်းနေအောင် တစိမ့်စိမ့်သွေးထိုးတတ်သူမျိုးပင်။

"ညည်းအဖေက ညည်းကို ဂရုစိုက်တာမဟုတ်ဘူး ညည်းအမေကလည်း ညည်းကို သူ့ဖဲ ချပ်တွေ လောက် မချစ်ဘူး။ ညည်းလည်း လုပ်ချင်တာလုပ်၊ ဘဝမှာ

Scanned by CamScanner

ပျော်သလိုနေတာ အကောင်း ဆုံးပဲ။ သူငယ်ချင်းတွေ နဲ့ သုံးလေးရက်ခရီး ပျော်ပွဲစားထွက်မယ်ဆိုရင် ငါ့ကို အသုံးစရိတ်များများ လေး ပေးခဲ့။ ဘယ်သူမှ မရှိရင် ငါလည်း ဖွင်းလို့ရွာကို ခဏပြန်ဦးမယ်"

သွေးထိုးမြောက်ပင့်ပြောပြီးမှ ဟိုလူဆီက တစ်မျိုး၊ ဒီလူ့ဆီက တစ်မျိုး ငွေကို အမျိုးမျိုး လှည့်ပတ်တောင်း၍ နယ်မြို့ လေးမှာ ရှိသော ဆွေရင်းမျိုးရင်း တွေ၊ တူမတွေ ကို ပြည့်ပြည့်စုံစုံ ထောက်ပံ့တတ်သည်။

မိသားစု စည်းလုံးညီညွတ်မှု မရှိ။ ဝါးအစည်းပြေသလို ဖြစ်နေသည်ဖို့ သွေးထိုးလုံ့ဆော် အကျင့်ယုတ်ခဲ့ရတာ လည်း ဘာမှ မပြောသာပေ။ သမီးက ထိုစကားတွေ ကို နားယဉ်ပါးနေပြီး မိဘ တွေ ကို ကလန်ကဆန် ဆန့်ကျင်ရဲလာတာ ဆန်းတော့ မဆန်း။

မိဘတွေ ကသာ ဆုံးမသွန်သင် စည်းရုံးသိမ်းသွင်းတတ်ဖို့ လိုအပ်နေတာ။ ဒါပေမဲ့…

"ပေပေ ဒီမှာ ညမအိပ်ဘူး မဟုတ်လား။ ပြန်တော့လေ"

"ဟင် အေး…"

မာဆတ်ဆတ် သမီးနှင့် လွှတ်တာကြောင့် အတွေးတွေ တိခနဲပြတ်တောက်လျက် သမီး မျက်နှာလေးကို လှည့်ကြည့်မိသည်။

နပတ်ဝင်းဝါရွှန်းစိုနေသော မျက်နှာလေးနဲ့ မလိုက်။ အေးခဲ တည်တင်းမှုိင်းမှု န်နေခြင်းက ရင်ထဲက ဆန္ဒအချို့ကို သိုဝှက်ထိန်းချုပ်ထားရဟန်တူသည်။

"သမီး ကျန်းမာရေး ဂရုစိုက်ပါ"

"စကားအသစ်အဆန်းပဲ ပေပေ၊ ရင်ထဲ မရောက်ပါဘူး၊ ပါးစပ်ဖျားက ဝတ္တရားကျေထွက် လာတဲ့စကားနဲ့ မနစ် သိမ့်ပါနဲ့။ နောက်မိသားစုဆီ စိတ်ဖြောင့်ဖြောင့်သာ သွားပါ"

ဟင်းခနဲ သက်ပြင်းချ၍ ထရပ်လိုက်ရသည်။ သူဘာပြောပြော

Scanned by CamScanner

အကောင်းမထင်သည့်သမီး ကို အပြစ်လည်း မြင်မနေချင်တော့ပါ။

"နောက်မိသားစုက ပြုပြင်မယ်ဆိုရင် ဘာထောက်ပံ့မှု မှ မပေးပါနဲ့ ဖေဖေ"

သမီးက သူနဲ့အတူ ဖြုန်းခနဲ ထရပ်၍ ပြောသည်။ သူက ကျောပေးထားပြီးမှ မျက်နှာချင်း ဆိုင်ပြန်လှည့်ကာ.

"သူတို့က အဲလောက် သဘောထား မသေးသိမ်ကြပါဘူး သမီး၊ သူတို့ကလည်း ပြည့်စုံ ချမ်းသာသူတွေ ပါ"

"သူတို့နဲ့နေရင် စိတ်လည်းချမ်းသာနိုင်တယ် မဟုတ်လား။ ပခင်ဝတ္တရားကျေချင်တယ်ဆို ပြီး အလည်အပတ် မလာခဲ့ပါနဲ့။ ခုလို စိတ်အနှောင့်အယှက် ဖြစ်စရာတွေ များ လာရင် သံယောဇဉ် တွေ ပြတ်တောက်သွားမှာ စိုးလို့"

ဖေဖေ လှည့်မထွက်ခင်မှာ အပေါ်ထပ်ကို တဒုန်းဒုန်း ပြေးတက်ခဲ့သည်။ ဖေဖေ နောက် အိမ်ထောင်ပြုလိုက်ပြီလို့ ပြောကတည်းက ရင်ထဲမှာ ဝမ်းနည်းဆို့နင့်နေခဲ့တာ။

ကြိုတင် တိုင်ပင်ခဲ့တာမျိုး မဟုတ်ဘဲ ဝတ္တရားကျေ အသိပေးရုံသက်သက်ဖြင့် တန်ဖိုးထား ချင်ယောင် မဆောင်သင့်ပါ။

ဘယ်တုန်းကမှ ဂရုစိုက်မခံခဲ့ရပေမယ့် တခြားမိသားစုနှင့် ပျော်နေတော့မှာ ကို ရင်ထဲက မခံ စားနိုင်ပါ။

မိသားစုအပေါ် ဥပေက္ခာတွေ နှင့် စိမ်သက်ခဲ့ပြီးမှ တခြားမိသားစုနှင့် နွေးထွေးစွာ နေတော့ မှာ ကို ဘယ်လိုမှ လိုလားလက်ခံဖို့ စိတ်ကူးမရပါ။

ဒါပေမဲ့ ဘာတတ်နိုင်မှာ လဲ ဒီထက်ပိုပြီး ပေါက်ကွဲပြလောက်အောင်လည်း မရင်းနှီးပါ။ အဖေ ဆိုသော အသိရှိပေမယ့် အနေဝေးသလို သွေးလည်း စိမ်းလှသည်။

တစ်ယောက် ထည်း နေတတ်အောင် လေ့ကျင့်ရင်းဖြင့် လူတွေ ကိုတောင် သဟဇာတ ဖြစ် အောင် မဆက်ဆံတတ်တောင် ကြာခဲ့ပြီပဲ။

"ဒေါက်....ဒေါက်...... ရတ့"

Scanned by CamScanner

"နောက်အိမ်ထောင်ပြုလိုက်ပြီတဲ့"

"လွယ်လွယ်လေးပါလား။ ငါ့ကိုတောင် မတိုင်ပင်ဘူး"

"သမီးတစ်ယောက်ကိုတောင် အသိပေးရုံပေးတာ။ အန်တီချိုကို အရေး တယူလုပ်ပြောနေပါ့ မလား"

"ငါကလည်း အရေး ပေးခံချင်လို့ မဟုတ်ပါဘူး။ ညည်းအတွက် စိတ်ပူတာပါ။ ဒီလောက် တောင် မိဘတွေ က ဥပေက္ခာပြုခံနေရတာ ညည်းကံကြမ္မာကိုက"

"ဟင့်အင်း... လူတွေ က အသုံးမကျတာ။ ကံကြမ္မာကို အပြစ်ပုံချလို့ မ ဖြစ်ဘူး။ အန်တီချို လည်း ရတုအတွက် စေတနာသန့်သန့်နဲ့ စိတ်ပူပေးချင်ယောင်မဆောင်ပါနဲ့။ နေသလိုသာ နေပါ"

"ဟင်"

ပြောပြီး မျက်နှာလွှဲသွားလိုက်တာ လည်တောင်နင်သွားသည်။ ငွေရေး ကြေးရေး ကြောင့် စကားဦးသမ်းနေတာပါ။

ဘကိတော် သားအ ဖြစ် စည်းရုံးပြီးမှ လိုအပ်တာတောင်းလို့ အဆင်ပြေမှာ မဟုတ်လား။ ခု တော့ မိမိကိုတောင် အလိုမကျတော့ဘူးတဲ့လား။

"သမီးဘာ ဖြစ်နေတာလဲကွယ်။ သမီးအဖေ ပြောခဲ့တာတွေ စိတ်ထဲက ထုတ်ပြီး တစ်ည လုံး အိပ်မရမယ့်အတူတူ အပြင်သွားချင်ရင်သွားလေ"

ညမှော င်နေပြီ အပြင်တွေ ဘာတွေ မထွက်နဲ့ဟု စိုးရိမ်ပူပန်နေတာမျိုး မဟုတ်သည့် အန်တီ ချိုကို ရတုမျက်လုံးတစ်ချက် လှန်ကြည့်လိုက်ကာ နှုတ်ခမ်းပါးလေးလည်း တွန့်ကွေးမဲ့ရွဲ့သွား၏ ။

စိတ်မကောင်း ဖြစ်နေတာကို သိ၍ စိတ်ထွက်ပေါက်ရအောင် လိုက်လျှောပေခြင်း ဖြစ်နိုင် သလို၊ လိုအပ်တာရှိ၍ မျက်နှာချိုသွေးတာလည်း ဖြစ်နိုင်သည်။

မတိုက်တွန်းလည်း ဒီည စိတ်ထွက်ပေါက်ရှာဖို့ စိတ်ကူးပြီးသားပါ။ ဘာမှ

Scanned by CamScanner

ချက်မနေနှင့် ။ စားချင်တာ ဝယ်စားဆိုပြီး ငွေတစ်ထပ်ထုပ်ပေးကာ ရေချိုးခန်းတွင်း
ဝင်ခဲ့သည်။

ရေပန်းအောက်မှာ ခေါင်းထိုး၍ အကြာကြီး ရေစိမ်ချိုးပစ်လိုက်၏ ။ အပူတွေများ နေသော ခန္ဓာကိုယ်က အချိန်ကြာသည့်တိုင်အောင် အေးစိမ့်မလာခဲ့ပါ။

အတွယ်အတာ မရှိသော ဘမှာ ကြုံသလို နေလာခဲ့ရင်းဖြင့် ။

•••••••••••••

အခန်း (၃)

"ဟိုမှာ တွေ့လား၊ တစ်ပွဲတည်း လန်းနေတာ"

"ခရမ်းရောင် လေးနဲ့ ကဲနေတာလား"

"မဟုတ်ဘူး အနီရောင် ဖျော့ဖျော့ ကိုယ်ကျပ်ပေါ်မှာ အနက်ရောင် ဝေ့စ်ကုတ်နဲ့ ကောင် မလေး၊ ဝတ်လိုက်ရင် အသည်းကွဲရောင် နဲ့ အနီရောင် ရင့်ရင့်တွေ ချည်းပဲ။ စိတ်အာဟာရမပြည့်လို့ အရိုင်းဆန်နေသလိုမျိုး"

သက်ထွန်းစကားကြောင့် စိတ်ဝင်စားကာ ဆလိုက်မီးရောင် စုံကြားမှာ မျက်လုံးဝေ့ရှာကြည့် မိသည်။ တွေ့ပါပြီ။ ကုတ်ပေါ်မှာ ကန့်ကလျဲခါနေသော ဆံနွယ်လိပ်ခွေခွေများ ကို တလွင့်လွင့် ယမ်းခါအောင် တွန့်လိမ်ကောက်ကွေး ကနေသော ကောင်မလေး။

ဆံနွယ်များ နှင့် ဆုံးအုပ်နေတာမို့ မျက်နှာကို မမြင်ရပေမယ့် ပေပီဒေါက်ဝီ အရပ်အမောင်း ကြောင့် လူအများ ကြားမှာ ထင်းခနဲ ပေါ်လွင်နေသည်။

ကနေတာက ပရမ်းပတာနိုင်သော် လည်း စည်းချက်အတိုင်း ယိမ်းနွဲ့နေတာမို့ သူများ တွေ ထက် ကြည့်ကောင်းနေသည်။

"သူ့နာမည် က ရတုမိုတဲ့၊ တစ်ပတ်တစ်ခါ ပုံမှန်လာပြီး ကတတ်တယ်။

Scanned by CamScanner

တစ်ခါတစ်လေ ကြားရက်တွေ ရောက်လာရင်လည်း သီချင်းကြမ်းကြမ်းတွေ ဖွင့်ခိုင်းပြီး အသကုန်ကဲတာ"

"လွတ်နေတာလား"

"အထိန်းအကွပ်မရှိတာ မ ဖြစ်မယ်။ ဒါပေမဲ့ သူ့အနားကို ဘယ်ယောက်ျားလေးမှ ကပ်တာ မကြိုက်ဘူးနော်။ ဘယ်သူ့ကိုမှလည်း အားနာရမှန်းသိတာ မဟုတ်ဘူး။ သူ့စတိုင်လ်ကို ယောက်ျား တွေ ဟတ်ထိတယ်ကွ"

မဟာမိတ်နိုက်ကလပ်ပိုင်ရှင်ရဲ့ သား ဖြစ်သူ သက်ထွန်းက သူ့ကို သေသေချာချာ ရှင်းပြ နေသည်။ သူက ဒီနေရာကို သုံးလေးလရှိလို့တောင် တစ်ခါရောက်တာတာမျိုး မဟုတ်။

ကျန်းမာရေး အတွက် လှုပ်ရှားဖို့ဆိုတာလည်း အိမ်မှာ ထရန်းနင်းခန်းရှိသည်။ ကန်တော် ကြီး တစ်ပတ်လောက် ပတ်ပြေးလိုက်လည်း လုံလောက်သည်။

ဖေဖေ့ကန်ထရိုက်တိုက်တွေ မှာ စီမံအုပ်ချုပ်မှု အပိုင်း တာဝန်ယူထားတာမို့ ဧည့်သည်တွေ ၊ မိတ်ဆွေတွေ နှင့် စားပွဲသောက်ပွဲရှိမှသာ သက်ထွန်း ဆိုင်ကိုရောက်လာတတ်တာ ဖြစ်၏ ။

ဒီနေ့လည်း ဧည့်သည်တွေ နှင့်အတူ လာခဲ့တာပါ။ ဒါပေမဲ့ ဧည့်သည်တွေ ပြန်သွားပေမယ့် သူ ကျန်ခဲ့သည်။ သက်ထွန်းက လက်တို့ကာ ကပွဲခန်းမထဲ ခေါ်လာခဲ့၏ ။

ဘီယာဘားလေးမှာ ထိုင်ရင်း ရတုမှီအကြောင်း စိတ်ဝင်တစားပြောသည်။

"ဟင်..."

တီလုံးသံအပြောင်းမှာ လက်နှစ် ဖက်ဖြင့် ဆံနွယ်တွေ ကို နောက်လှန်သိမ်းပစ်လိုက်၍ ဖွေးဖွေး ဝင်းပန်နေသော မျက်နှာလေးက ထင်းခနဲ လင်းလက်တောက်ပသွားသည်။

ထူတန်းမည်း နက်နေသော မျက်လုံး၊ ရှည်ကော့သော မျက်တောင်များ ရဲ့ အောက်က ဝိုင်း စက်ညို့ ရီနေသော မျက်နက်ဝန်းများ ။

Scanned by CamScanner

အဝတ်အစားအရောင် နှင့် လိုက်ဖက်မှု ရှိအောင် ဆေးတင်ထားသော နှုတ်ခမ်းပွူးပွူးလေး။ သွယ်ပျောင်းကြော့ရှင်းသော လည်တိုင်။

အရာအားလုံးက ညှိုအားပြင်းလျက် မူးမေ့သွားစေလောက်အောင် ဆွဲဆောင်အားကောင်း ခဲ့နေခဲ့သည်။ ဒါပေမဲ့ စိုရဲအိတွေး ချိုလွင်သော နှုတ်ခမ်းလေးမှာ အပြုံးတစ်စမှ ရှိမနေပါ။

"သူ ဘာ ဖြစ်နေတာလဲ"

"တစ်ခုခုကို အလိုမကျလို့ စိတ်တိုင်းမကျလို့ မကျေနပ်လို့ အပျော်တွေ ပျောက်ဆုံးနေလို့"

"မင်းကလည်း မသေချာတာတွေ များ လိုက်တာ"

သူတို့ပြောနေဆဲမှာ ဘားကောင်တာက ကုတ်တစ်ဘူးယူပြီး ထိုင်ခုံအမြင့်ပေါ် ခပ်ကြွားကြွား တက်ထိုင်သည်။ ပြီးမှ စကတ်အတိုလေးကို လုံခြုံအောင် ခြေချင်းချိတ်၍ ကုတ်ဘူးလေးကို နှုတ် ခမ်းဖျားမှာ ရှရှလေးတေ့ကပ်သောက်သည်။ ဘယ်ယောက်ျားသားကိုမှ မျက်လုံးတစ်ချက် ဝေ့ မကြည့်။

အာသာငမ်းငမ်း ဖြစ်နေကြသည့်ယောက်ျားတွေ ကိုလည်း ဂရုမစိုက်။ အဖော်မရှိဘဲ ဒီလိုနေ ရာကို ရောက်လာရဲတာကိုက သူ့အတွက် စိတ်ဝင်စားဖွယ် ဖြစ်နေသည်။

"ဟိတ်ကောင် မိုးကာ ဘယ်လဲ"

သက်ထွန်းစကားကို သူ ဂရုမစိုက်နိုင်၊ စိတ်အာရုံတို့က သူမဆီမှာ သာ နစ်မြေလျက် ခြေ လှမ်းတို့က အလိုအလျောက် သူမနားကို ရွေ့လျားသွားကြသည်။

"ကျွန်တော် ဒီမှာ ခဏထိုင်မယ်နော်"

သူ့ရဲ့ ခွင့်တောင်းမှု က သူမကို မျက်ခုံးတစ်ချက် ပင့်သွားစေလျက် လှောင်ပြုံးတစ်ခု အပိုဆု ရလိုက်သည်။

Scanned by CamScanner

"တခြားမှာ ထိုင်စရာနေရာတွေ အများ ကြီး ဘာလို့ ကျွန်မအနားမှာ ခွင့်တောင်းပြီး လာ ထိုင်ရတာ လဲ"

"ဗျာ"

ဒီလို ပက်ခဲ မတ္ထမတန် ပြောလိုက်မည် ဟု မထင်မိပါ။ မျက်နှာတစ်ခုလုံး ရှိန်းဖိန်းနိမြန်း သွား သော် လည်း စတ္တန့်ပိုင်းအတွင်း ; ဣန္ဒြေရရ တောက်ပစွာ ပြုံ းလိုက်နိုင်သည်။

"ကျွန်တော် ခင်ဗျားနဲ့ မိတ်ဆွေ ဖြစ်ချင်လို့"

သူ့ကို ငကြောင်ဟု တွေ းထင်သွားသလိုမျိုးဖြင့် နှုတ်ခမ်းလေးပွင့်ဟသွားလျက် လှောင်ပြုံးပြုံ သည်။

"ဒီနေရာကို တစ်ယောက် ထည်း ရောက်လာလို့ အထင်သေးပြီး ရောချင်တာလား"

"ဟာ ဆောရီး၊ အဲလိုသဘောမျိုး မဟုတ်ပါဘူး။ ခင်ဗျားကို အထင်သေးတဲ့အရိပ် အယောင်တွေ ကျွန်တော် မျက်လုံးထဲမှာ တွေ့နေရလို့လား"

"ဟန်ဆောင်တဲ့သူတွေ က ပိုပြီးသိဝှက်တတ်တယ်။ ကောက်ကျစ်မှု မှာ ကျွမ်းကျင်နေတဲ့သူ တွေ ပေါ့"

မာဆတ်ဆတ် သူမအပြောက သူ့ကိုနည်းနည်း မှ အယုံအကြည်မရှိတာ သိသာနေသည်။ သူက သတ္တိမွေးကာ သူမနှင့် ကပ်လျက်ခုံမှာ ဝင်ထိုင်လိုက်သည်။

သူမရဲ့ အပြုံးတစ်စ မဲ့ခနဲ ဖြစ်သွားပေမယ့် ခါးခါးသီးသီးနှင့် မလွှတ်တာမို့ သူက ရဲတင်းစွာ ပင် ပြုံးပြလိုက်သည်။

"တစ်စုံ တစ်ယောက် ကြောင့် သိမ်းကျုံးဝေဖန်ပစ်လိုက်တာဆိုရင်လည်း ကျွန်တော့်ကို ခြွင်း ချက်ထားပေးပါလားဗျ"

"ဘာတွေ အခက်အခဲရှိနေလို့လဲ"

Scanned by CamScanner

"ကျွန်တော် ခင်ဗျားနဲ့ မိတ်ဆွေ ဖြစ်ချင်လို့ပါလို့ ပြောပြီးပြီလေ။ ကျွန်တော့်နာမည် မိုးကာ လို့ခေါ်ပါတယ်။ ကျောင်းပြီးလို့ ပေပေ့လုပ်ငန်းမှာ ဝင်လုပ်နေတယ်"

"ဟင်း... ဟင်း"

သူမ ပါးစပ်လေးပိတ်ကာ အသံထွက်ရယ်ချလိုက်တော့ သူ ကြောင်စီစီဖြင့် ရှက်ရွံ့ထူပူ သလို ပင် ဖြစ်သွား၏ ။

"ခင်ဗျား ဘာရယ်တာလဲ"

"ရှင့်ကို ဘယ်သူက မိတ်ဆွေအ ဖြစ် လက်ခံပါမယ်ပြောလို့ရှင်က ကိုယ်ရေး ရာဇဝင်တွေ ပြောနေရတာ လဲ။ ကျွန်မ ဘယ်သူနဲ့မှ မိတ်ဆွေမ ဖြစ်ချင်ဘူး"

"ဘာ ဖြစ်လို့လဲဟင် "

"ဘယ်လိုလူမျိုးကိုမှ မယုံကြည်တတ်လို့"

ချိုသော အပြုံးမှာ ရင်းနှီးလိုဟန်တွေ မရှိပါ။ ဒါပေမဲ့ အပျင်းပြေနေသလို နဂိုကလောက် မျက်နှာလေး တင်းမာမနေတာ ကတော့ သူ့အတွက် အားဆေး ဖြစ်သည်။

ငြိမ့်ညောင်းသော သံစဉ်များ နှင့် သူမ စည်းချက်ကို ညည်းညူနေတာလေးက သူ့ရင်ကို ညှင်းသွဲ့သွဲ့ လှုပ်ရှားနေစေသည်။ ဘာကိုမှ မရှက်မကြောက် ဂရုမစိုက်တတ်တာကိုက သူမရဲ့ ထူးခြားမှု ဖြစ်မည် ။

သူကလည်း မိန်းကလေးတိုင်းကို ခပ်ကြောင်ကြောင် ရောနှောမိတ်ဆက်ပြီး ပတ်သက်ဖို့ ကြိုး စားတတ်သည့်လူမျိုးမဟုတ်ပါ။ မိတ်ရဲ့ စေ့ဆော်မှု ကြောင့် သူမအနားကို ရောက်လာခြင်းပင်။

"ရှင် သွားမကဘူးလား"

ကနေကြသည့်လူတွေ ကို မေးငေါ့ပြပြီး သူမမေးသည်။ သူက ပခုံးနှစ် ဖက် စုံတွန့်ပြကာ.

Book Sharing

Scanned by CamScanner

"ကျွန်တော် ဝါသနာ ပါဘူးဗျ၊ ကလည်း ကမတတ်ဘူး"

"ဒါဆို ဗိန်းကလေးတွေ ကို ကြောင်ချင်လို့ ဒီနေရာရောက်နေတာလား"

"အား ခင်ဗျားပြောလိုက်တာ တစ်လုံးတစ်ခဲပဲ။ ကျွန်တော် က ဘူကြောင်ကြောင်နေတဲ့ ကောင် မဟုတ်ပါဘူး။ ဒါက သူငယ်ချင်းဆိုင်လေ။ ဖိတ်ခွေအပေါင်းအသင်းတွေ နဲ့ တစ်ခါတစ်ရံ ရောက်လာတတ်တယ်။ တစ်ခါတစ်လေတော့လည်း ဟိုဘက်က ကာရာအိုကေခန်း သီချင်းလေး ဘာလေး လာဟစ်တာပေါ့"

"ဟိုဘက်မှာ ကာရာအိုကေခန်း ရှိသေးတယ် ဟုတ်လား"

"အင်း.. သီးသန့် အလုပ်ပဲ ဆိုချင်လို့လား"

"သချင်းတော့ မဆိုတတ်ပါဘူး။ ဒါပေမဲ့ ရင်ထဲရှိတာတွေ အကုန်ထုတ် ပစ်လိုက်ချင်တယ်"

"ကျွန်တော် လိုက်ပို့မယ်လေ"

သူမက ခေါင်းမညိတ် ခေါင်းမခါနှင့် ဆုံလည်ထိုင်ခုံရှည်လေးပေါ်က ခုန်ဆင်းသည်။ သူက ကာရာအိုကေခန်းဘက်ကို စိတ်ပါလက်ပါ ဦးဆောင်သွားမိ၏ ။

သူမက ဘာစကားတစ်ခွန်းမှ မပြောဘဲ သူ့နောက်လိုက်လာခဲ့ပြီး ကာရာအိုကေထဲ အရောက်မှာ သူမဘာသာ သီချင်းခွေရွေး၍ ကျယ်ကျယ်လောင်လောင်ပင် ဖွင့်သည်။

သူက နာဝင်ဗီ ချိုမြိန်မက်ဖွယ်ကောင်းမည့် သူမအသံလေးကို နားထောင်ဖို့အတွက် ဆိုဖာ ခုံရှည်မှာ ကျောကပ်မှီ၍ အဆင်သင့် ဖြစ်နေသည်။

သီချင်းက ဒီဂျေဖွတ်ထားသည့် ရပ်ပ်ပါသီချင်းမို့ သူ မနှစ်သက် မကြိုက်လှသော လည်း သူမအသံချိုချိုလေးအတိုင်း စီးမျောခံစားရမည် ။

"အား ဘာလဲဟ"

Scanned by CamScanner

သူ ယောင်ယမ်း၍ ပင် ထအော်မိ၏ ။

ဒေါ်သတ္တကြီး ရန် ဖြစ်နေသော သီချင်းတသားက မြူး ကြွသော တီးလုံးနှင့် ဘယ်လိုမှ မလိုက် ဖက်။ ပိုဆိုးသည်က သံသေးသံကြောင် ကပေါက်တီကပေါက်ချာ သူ့မအသံပင်။

မိုက်ခ်ကိုင်ပြီး အိုက်တင်လုပ်၊ ပဲများ နေနေတာက တကယ့်ပရော်ဖက်ရှင်တယ်လိအဆို တော် ကြီးအတိုင်း၊ အသံထွက်လာတော့ စိတ်ညစ်လောက်အောင် နားဝင်ဆိုးလှသည်။

သူကဲ့ရဲ့ လှောင်ပြုံးပြုံးနေမပိတာကို သူမက ဂရုမစိုက်ပါ။ မိုက်ခ်ကို လက်နှစ်ဖက်ဖြင့် စုံကိုင် ကာ ကဆုန်ပေါက်အော်နေသည်။

ဘာတွေ ခံစားပြီး ဖွင့်ထုတ်ပေါက်ကွဲနေသည်မသိပေမယ့် သူ့မအသံကို နားထောင်ကာ ရယ်ချင်နေမိသည်။ သူမကိုယ်သူမ အသံကောင်းလှသည်ဟု ထင်နေလားမသိ။ သီချင်းတစ်ပုဒ် အပြီးမှာ သူမကိုယ်သူမ လက်ခုပ်တီး၍ အားပေးနေသေးသည်။

"ဟား ဟား ဟား ဟား"

စိတ်မထိန်းနိုင်စွာ အော်ကြီးဟစ်ကျယ် ရယ်ချမိတော့ သူမမျက်စောင်းက သူ့ဆီ ဒိုင်းခနဲ ရောက်လာ၏ ။

"ပြောင်သလို၊ လှောင်သလိုနဲ့ နားမထောင်ချင် အပြင်ထွက် သွားပါလား"

"ဟာဗျား မင်းကိုလည်း လိုက်ပို့ရသေးတယ်။ ဘာလိုနင်လွှတ်တာလဲ ဟင်း ဟင်း ဟင်း မင်းအသံက နားထောင်လို့ ကောင်းပါတယ်"

"လာမြှောက်မနေနဲ့ ကိုယ့်ကိုယ်ကို သိတယ်"

သူမက မိုက်ခ်ကို ကိုင်ထားကာ မိုခ်နှင့် ပင်ပြောသည်။ ကလေးဆန်တာလား၊ အရှက်နည်း နည်းမှ မရှိတာလား။ မသိပေမယ့် သူ ကတော့ လွှတ်လပ်ပေါ့ပါးစွာ ချစ်မြတ်နိုးစွာ

Scanned by CamScanner

ဝတိုင်လ်လေးဟု ရှုးရှုးမိုက်မိုက် ယူဆပစ်လိုက်ပါသည်။

သူမ စကတ်တဝဲဝဲလေး တစ်ခါခါနှင့် သီချင်းနောက်တစ်ပုဒ်ပြီးမှ မောပန်းသွားသလို ဆိုဖာ ခုံပေါ် ခြေပစ်လက်ပစ်မှီထိုင်ချလိုက်သည်။ သူ့ကို သူမလက်ထဲက မိုက်ခ်လေး ထိုးပေးကာ

"ရှင်လည်း ဆိုချင်ဆိုလေ"

"ဟင့်အင်း ကျွန်တော် ဒီနေ့ စိတ်ပျက်နေတယ် မဆိုချင်ဘူး"

"အင်း ဟုတ်တယ်။ ကျွန်မလည်း စိတ်ပျော်နေတဲ့နေ့ဆို သီချင်းမဆို ဖြစ်ဘူး"

"အခု ဘာတွေ တင်းနေလို့ လျှော့နေတာလဲ"

"ရှင် မစပ်စုနဲ့လေ။ ကိုယ်ရေး ကိုယ်တာ ပြောပြရလောက်အောင် ရှင်နဲ့ကျွန်းမ ရင်းနှီးသေး လို့လား။ အခု ကျွန်မစိတ်ထဲ ပေါ့သွားပြီပြန်တော့မယ်"

ကောက်ခါငင်ခါ ထပြန်ဖို့လုပ်တော့ မိုက်ခ်ကြီးကိုင်ထားလျက် ယောင်တောင်တောင် ဘာ လုပ်ရမှန်းပင်မသိ ဖြစ်သွား၏ ။ ဘာကြောင့် ဒီမိန်းကလေးက အားမနာတတ်ရတာ လဲ။

သူလည်း မိုက်ခ်ကို ပစ်ချလျက် သူမနောက်ကို လိုက်လာခဲ့သည်။ သူကမ ကားပါကင်နား အရောက်မှာ နောက်လှည့်ကြည့်၍

"ရှင်ရော ပြန်တော့မလို့လား"

"မဟုတ်ဘူး မင်းနောက်လိုက်မလို့"

"ဘာ"

"ဩော် မင်းနဲ့ ရင်းနှီးချင်တယ်ဆိုရင် မင်းအိမ်ကိုတော့ သိထားသင့်တယ် မဟုတ်လား"

"ရှင်တို့ယောက်ျားတွေ မိန်းမပိုးဖို့အတွက်တော့ အချိန်ပေးတတ်ကြတယ်နော်"

Scanned by CamScanner

"ဗျာ"

သူမ အဲလောက် ပွင့်လင်းလိမ့်မည် ဟု မထင်မိပါ။ ရှိုးတိုးရှန့်တန်း ဖြစ်သွားပေမယ့် သူက ထိုစကားကို နှစ်သက် သဘောကျသွားသည်။ သူမ ထိုသို့ လက်ခံသဘောပေါက်ထားလျှင် သူ့ အတွက် ထပ်မံကြိုး စားဖို့ အခွင့်အရေး ရှိနေသည်ပဲ။

"ကျွန်တော် ခင်ဗျားနာမည် ကိုတော့ သိထားတယ်နော်။ ရတုမှီ မဟုတ်လား။ ကျွန်တော့် နာမည် ကို မိုးကာ"

"နာမည် လည်း မလှဘဲနဲ့ ပြောတာ နှစ် ခါရှိသွားပြီ"

"ဩော် ခင်ဗျား မှတ်ထားတယ်လား။ ကျွန်တော် က မေ့မေ့ပျောက်ပျောက် ဖြစ်သွားသလား လို့ပါ"

"ဟင်း ဟင်း ရှင်က စကားပြော လူရည်လည်သားပဲ၊ အတွေ့ အကြုံ မနည်းတော့ဘူး ထင် တယ်"

"ဘုရားစူး၊ မိုးကြိုး ပစ်၊ မိန်းမလေး တစ်ယောက် နဲ့ ဒီလောက်ကြာကြာ တစ်ခါမှ စကားကြာ ကြာ မပြောဖူးပါဘူး။ "

သူမက ဟာသတစ်ပုဒ်ကြားရသလို တစ်ခစ်ခစ်ရယ်ပြီး ကားပေါ်ထတက် ကားစက်နှိုး သည်။

သူမကားက ဖြိုင်ကားသဖွယ် နောက်အမိုးဖွင့် ကားအနီရဲရဲလေး ဖြစ်သည်။ ကြော့ကြော့ မော့မော့ သူမအသွင်နှင့် လိုက်ဖက်ကာ ကြွားကြွားရွားရွား ခေတ်မီဆန်းသစ်လွန်း၏ ။

"ကျွန်တော် လိုက်ခဲ့မယ်နော်"

သူမက ဘာအဖြေမှ ပြန်မပေးပါ။ ကားလေးကို ရှောခနဲ မောင်းထွက်သည်က ကားမောင်း ကျွမ်းကျင်ကြောင်း သိစေလိုဟန်ရှိသည်။

ကွယ်တစ်လှည့် ပျောက်တစ်လှည့်။

Scanned by CamScanner

မိုးရောင် တွေ လင်းထိန်နေသော လမ်းမတစ်လျှောက် လူတွေ ၊ ကားတွေ ရှုပ်ယှက်ခတ် လျက် ပျော်စရာပင်ကောင်းနေသေး၏ ။ သူမကားလေးကို အဝိုလိုက်ရင်း သူ့ရင်ထဲ ပေါ့ပါးလတ် ဆတ်မြူး ကြွနေသည်။

"ဟာ ဘာလုပ်တာလဲ"

လှကုံထံရပ်ကွက်ရဲ့ အနက်ရောင် ခြံဝင်းတံခါးကြီးရဲ့ ရှေ့မှာ ရတုမိုကားလေး ထိုးရပ်သွားပြီး ရတုမိုကားပေါ်က ဆင်းကာ မိုးရေထဲ ထွက်ရပ်နေသည်။

ဆံနွယ်တွေ နှင့် ကိုယ်ခန္ဓာတစ်ခုလုံး ခဏချင်းမှာ ပင် မိုးရေတွေ စိုရွှဲသွား၏ ။ ဒီမိန်းကလေး ဘာတွေ အရူးထပြန်ပြီလဲ။ ထီးလည်းမရှိ၊ မိုးကာလည်းမပါ။ သူပါအရူး ထ၍ ကားပေါ်က ဆင်းရတော့မည် လား။

"ဟိတ်မင်းဘာလုပ်နေတာလဲ"

ကားကိုမှီ၍ လက်ပိုက်ရပ်နေသော သူမအနားသို့ ရောက်လာကာ သူမေးတော့ မိုးရေ စက် တွေ ပွတ်သပ်သုတ်ပြီး -

"မိုးရေချိုး နေတာ ရှင် မမြင်ဘူးလား"

"အအေးပတ်မှာ ပေါ့ကွ၊ ညလဲ မှော င်နေပြီ၊ မင်းအိမ် မင်းပြန်ပါလား"

"ဒါ ကျွန်မအိမ်ပဲလေ၊ ဝင်ချင်တဲ့အချိန် ဝင်သွားလို့ရတယ်၊ မိုးကအချိန်မရွေး ရွာနေတာ မဟုတ်ဘူး၊ ရွာတဲ့အချိန် ချိုး ရတာ "ဒီမိန်းကလေးစိတ်က နော်(လ်)မယ်မှ ဟုတ်ပါရဲ့ လား။ မိုးရေ စက်တွေ ကို ပါဝပ်ကိုဟ၍ ခံသောက်လိုက်၊ ကားကို လှည့်ပတ်ကာ ခုန်ပေါက် ဆော့ကစား လိုက် ဖြင့် လွတ်လွတ်လပ်လပ် ပျော်ရွှင်နေသလိုပင်။

သူလည်း စိတ်တွေ လှုပ်ရှားလာကာ လက်နှစ် ဖက်ကို ဆန့်တန်း၍ မိုးပေါ်ကို မျှော်နှာ မော့ ကာ မိုးရေ စက်တွေ အားရပါးရသောက်သုံးနေ မိသည်။

"ရှင်ဘာအရူးထတာလဲ"

"ဘာကွ"

Scanned by CamScanner

"ကျွန်မက မိုးရွာရင် မိုးရေစက်တွေ ကို အဖော်လုပ်နေကြဖို့ ထားလိုက်ပါတော့၊ ရှင်က"

"အေး ဟုတ်တယ်၊ အလေ့အကျင့်မရှိလို့ နည်းနည်း တော့ ချမ်းနေပြီကွ၊ မင်းအိမ်ရှေ့ လည်း ရောက်နေပြီ၊ ကိုယ့်ကိုကော်ဖီပူပူလေး တစ်ခွက်လောက် တိုက်ပါလား"

"တိုက်တော့ တိုက်ချင်ပါတယ်၊ ဒါပေမဲ့ ကျွန်မ စိတ်ထဲမှာ အခုမိုးရေထဲမှာ နေချင်တာကလွဲပြီး သဒ္ဒါတရား မရှိဘူး ဖြစ်နေတယ်၊ ရှင်ပြန်သင့်ပြီ ထင်တယ်"

"ဟင် နင်လွှတ်ပြန်ပြီ၊ ဒီထိအောင်လိုက်ပြီး မင်းနဲ့အတူ ဒုက္ခခံနေတာကို အားမနာ တတ်ဘူး လားကွာ"

"အားနာတတ်တဲ့လူက ပျော့ညံ့တာနဲ့ အတူတူပဲတဲ့၊ ကျွန်မ အဲလိုလူမျိုး ဖြစ်မှာ စိုးလို့ ဘယ် သူကိုမှ အားမနားပူးဘူး"

"ဟာ မင်းစကားတွေ က အဆန်းပဲ၊ ကော်ဖီတစ်ခွက်လောက် တိုက်တာနဲ့ မင်း ပျော့ညံ့တဲ့ လူတစ်ယောက် ဖြစ်မသွားနိုင်ပါဘူးကွာ"

"ရှင် အရမ်းငတ်ကြီးကျနေရင်လည်း လိုက်ခဲ့"

ဆောင့်အောင့်ပြောကာ ခြံတံခါးကို ရီမုတ်ဖြင့် ဖွင့်ပြီး ကားလေးကို မောင်း၍ ခြံဝင်းထဲ ဝင်သွားခဲ့သည်။ ရင်မှာ အောင့်သက်သက်ဖြင့် အခံရ ခက်လှသော် လည်း မိုးအေးအေးမှာ သူမဖျော်တိုက်သော် ကော်ဖီပူပူတစ်ခွက်ကို ဘာကြောင့် သောက်ချင်မှန်းမသိ။

သူမရဲ့ ကျစ်ပစီဆန်သော စရိုက်များ က သူ့ရင်ဘတ်တစ်နေရာမှာ ဆွဲထုတ်လွှင်ပစ်လို့ မ ရ အောင် ငြိတွယ်လျက်။

•••••••••••••

အခန်း(၄)

Scanned by CamScanner

ကားမောင်းဝင်လာခဲ့သည့် ကွန်ကရစ်လမ်းတလျှောက်ရဲ့ လမ်းဘေးဝဲယာမှာ တချို့ လှကဲ့ ထံအိမ်တွေ လို အလှစိုက်ပြီး ထားတတ်ကြသည့် ပန်းပင်၊ ပန်းအိုး ဘာမှမဲမင်တွေ ့ရ။

သရက်ပင်ပုပု၊ မာလာကာပင်ပုပုလေးတွေ ကလည်း အလေ့ကျပေါက်နေသလို ဖြုပြုပြင်ပြင်မရှိ။ လုံးချင်တိုက်ကလေးရဲ့ ဒက်ကဒေးရှင်းကလည်း စိတ်ဝင်စားဖွယ်ရာ မကောင်းဘဲ ညည်ခန်းကျယ်ရဲ့ ပြင်ဆင်မှု ကလည်း ဗရုတ်ဗရက် နိုင်လွန်းသည်ဟု ထင်မိသည်။ အိမ်ရဲ့ ပရိဘောဂ

တွေ က သူ့နေရာနှင့် သူ မဟုတ်သလို ဖုန်သဲ အလူးလူးဖြင့် သန့်ရှင်တောက်ပြောင်ခြင်းမရှိ

"ဘာတွေ လျှောက်စပ်စုနေတာလဲ ညည်သည်ကညည်သည်လိုနေ ဒီအိမ်မှာ အိမ်ဖော်တစ်

ယောက် မှ မရှိတော့ ဖြစ်သလိုပဲ"

"မင်းမှာ လူကြီးမိဘတွေ ကော မရှိဘူးလား"

ဆိုဖာခုံတစ်လုံးမှာ မသိုးမသန့်နှင့် ဝင်ထိုင်ရင်း မေးမိတော့ သူမက လက်ကိုင်အိတ် လေး ကိုတစ်နေရာမှာ လှမ်းပစ်တင်ပြီး -

"အမေ့ဘက်က နှစ် ဝမ်းကွဲလောက်တော် တဲ့ အဒေါ် တစ်ယောက် ရှိတယ်၊ ဒါပေမဲ့ သူ့ အ မျိုး တွေ ရှိတဲ့နယ်ကို ပြန်သွားတာ တစ်ရက်နှစ် ရက်လောက် ကြာမလားမသိဘူး"

"ဒီအိမ်ကြီးမှာ မင်း တစ်ယောက် တည်နေတာပေါ့၊ မကြောက်ဘူးလား"

"ကြောက်တတ်ရင် နှစ် ခါပြန်သေရမှာ ပေါ့၊ ထိုင်ငိုနေလို့ရော ဘယ်သူက အဖော်လုပ် ပေးမှာ လဲ၊ ညြော် ရှင့်ကို ကော်ဖီတိုက်ဖို့ "မေ့နေတယ်၊ ခဏလေးစောင့်နော်၊ အဝတ်အစားလဲပြီး ယူပေးမယ်"

Scanned by CamScanner

သူမက သူ့ကို ဒီအတိုင်းထားခဲ့ကာ

အပေါ်ထပ်ကိုတစ်ခုန်းခုန်းပြေးတတ်သွားသည်။ သူက ဟိုဒီ လျှောက်ကြည့်ရင်း တစ်ယောက်တည်းခြောက်သွေ့စွာ နေနေရသော သူမဘဝကို စာနာ သနားနေမိသည်။ ဒါကြောင့် အပြင်မှာ ပျော်သလိုနေနေခြင်းလား။

"ရော့ ရေနွေးက အရင်နေ့က လက်ကျန်ဆိုတော့ သိပ်မပူဘူး၊ အခုတည်ရမှာ စိတ်မပါဘူး၊ ကြာလည်း ကြာမှာ ဆိုတော့ ဒီအတိုင်းပဲ သောက်လိုက်တော့"

ဖန်ခွက်လေးထဲမှာ ရေနွေးဖြူထည့်၍ ထိုဖန်ခွက်လေးပေါ် ကော်ဖီမစ်ထုပ်လေး တစ်ထုပ် တင်ကာ စားပွဲပေါ် ချပေးတော့ သူအံ့အားသင့်သွားသည်။

နို့ဆီတွေ သကြားတွေ နက်(စ်) ကော်ဖီပုလင်းတွေ ဘာညာတွေ မဟုတ်ဘဲ ဝတ္တုရာကျေ ဒီအတိုင်းပဲပေါ့။ သူမလည်း နေ့စဉ် ဒီလိုပဲ သောက်နေတာပေါ့။

ဖြစ်ကတတ်ဆန်း နေတတ်လွန်းတာ သူမရဲ့ အကျင့်ဝသိဘော်လား၊ ပျင်းရိညံ့ဖျင်းချင်းလား။ ဘာပဲ ဖြစ် ဖြစ် သူ့စိတ်အာရုံက ကော်ဖီခွက်လေးမှာ မရှိတော့ဘဲ ဗိုးပျော့ဂါဝန်ဖြူလွလွလေး လဲဝတ်လာသော သူမရဲ့ အလှမှာ သာ ရစ်မူ :လျက်ရှိလေသည်။

ပြောင်တင်းဝင်းဖန့်နေသော မျက်နှာလေးမှာ ဘာမှလိမ်းခြယ်ထားခြင်း မရှိပေမယ့် နှုတ်ခမ်းဆိုးဆေး အနီရောင် တင်ထားသော နှုတ်ခမ်းဖူးဖူးလေးက စွဲညို့ အားတွေ ကောင်း နေ ခဲ့သည်။

အကျီုက လက်ပြတ်လယ်ဟိုက်လေးမို့ စိမ်းဖန့်ဝင်းဝါနေသော လည်တိုင်ကြော့ကြော့နှင့် လက်မောင်းသားတစ်လျှောက် မေ့မေ့မှူးမှူးကြည့်နေပြီးမှ အသက်ရှူသံပြင်းကာ ဆတ်ခနဲ မျက်နှာ လွှဲလိုက်ရသည်။

မိန်းကလေး တစ်ယောက် ကို မျက်စိအစာကျွေးပြီး ဒီလောက်အရသာခံ အခွင့်အရေး ယူပြီး ကြည့်မနေသင့်ပါ။ မိကောင်းဖခင် သားသမီးပီသစွာ စိတ်ရိုင်းကို အသိစိတ်နှင့် ချွန်းအုပ်ရသည်။

Scanned by CamScanner

"ကော်ဖီမွှေဖို့ ဇွန်းမရှိဘူးလား"

ရေနွေးထဲမှာ ကော်ဖီထုပ်ဖောက်ထည့်ပြီး သူမေးတော့ သူမက ရှဲ့ရှဲ့မဲ့မဲ့ ခေါင်းယမ်း ပြ သည်။

"ရှိတော့ရှိပါတယ်၊ မီးဖိုချောင်ထဲ တစ်ခေါက်ပြန်သွားယူရမှာ ပျင်းစရာကြီး။ အိတ်ခွံ လေးကို သေးသေးလေးလိပ်ပြီး မွှေလိုက်လည်း ရတာ ပဲ၊ ရှင်ကဇီဇာကြောင်လိုက်တာ၊ ညှော်သည် ဆိုတာ အိမ်ရှင်ကျွေးသလို စားသောက်ပြန်တာ၊ နောက်တစ်ခေါက်လာလည်ဖို့ အခွင့်အရေး ရှိတယ်၊ မနေတတ်မထိုင်တတ်ဆိုရင်တော့ ခွက်ကိုပြန်ချပြီး အခု ဂိုးတော့"

"အဲလိုညှော်ဝတ်ကျေတဲ့ အိမ်ရှင်မျိုး ခုတစ်ခါပဲ တွေ့ဖူးတယ်"

ရယ်ဟဟနှင့် စနောက်လိုက်တော့ သူမနှုတ်ခမ်းဖူးဖူးလေး ပြုံးယောင်သမ်းလာသည်။ သူက အေးစက်စက်ကော်ဖီလေးကို ရှုံ့မဲ့သောက်ကာ-

"ထမင်းဟင်းကျတော့ ဘယ်သူချက်တာလဲ၊ မင်းချက်တာလား"

"ဟင့်အင်း၊ အချက်အပြုတ် အဖွပ်အလျှော် အိမ်သန့်ရှင်းရေး ဘာတစ်ခုမှ ဝါသနာမပါဘူး၊ အန်တီဒီအိမ်မှာ ရှိတဲ့နေ့လည်း ချက်ချင်မှချက်တာဆိုတော့ အပြင်မှာ ဝယ်စားဖြစ်တာများ တယ်၊ အိမ်မှာ ခေါက်ဆွဲထုပ်တွေ ဘာတွေ ရှိတော့ အလွယ်ခေါက်ဆွဲပြုတ်စားလိုက်တဲ့ နေ့တွေ လည်းရှိတာပဲ"

"ဪ"

ဘဝကို အလွယ်တကူ ပေါ့ပေါ့တန်တန် ဖြတ်သန်းနေသော ရတုမိုကိုကြည့်၍ သူ သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်မိသည်။ စည်းကမ်းမရှိသော နေထိုင်မှု မျိုး ဖြင့် သူမ ဘယ်လို မိဘမျိုးရဲ့ လက်ထဲမှာ ကြီးပြင်းခဲ့တာလဲ။

"မင်းမိဘတွေ ဆုံးသွားတာကြာပြီလား"

"ယောကျ်ားတန်မဲ့ စပ်စုလွန်းတာ ကျွန်မ မကြိုက်ဘူး မိုးကာ၊ သူများ ပြောမှ နားထောင် ပေးတာက လူ့ယဉ်ကျေးမှု မဟုတ်ဘူးလား"

Scanned by CamScanner

စကားကြီး စကားကျယ်နှင့် ချေပဖို့တော့ သူမက အားမနာတတ်မ်း ကျွမ်းကျင်လေသည်။ သူကနဖူးပေါ်လက်နောက်ပြန်တင်ကာ မချိသွားဖြဲ ဆလဲသလိုက်ပြီး-

"ဆောရီးပါ ရတု၊ ကျွန်တော် က ရတုနဲ့ပတ်သက်ရင် သိချင်တာတွေ များနေလို့ပါ"

"အလေးအနက် ခံစားကြည့်ဖို့တော့ မ ဖြစ်နိုင်ပါဘူး ဘယ်လိုနေထိုင် ဖြူမှုတယ်ဆိုတာ လေ့လာချင်လို့ မဟုတ်လား၊ အင်း ရှင်မြင်တဲ့ အတိုင်းပဲနော်၊ ကျွန်မမှာ မိန်းမပီသတာ ဘာ တစ်ခုမရှိဘူး၊ နေချင်သလိုနေတယ်၊ စားချင်သလိုစားတယ်၊ ဘဝကို ဖြစ်သလို ဖြတ်သန်းပြီ ပျော် သလိုနေတာ"

ဒါဟာအဖြစ်တစ်ခုလို့ သူဘာကြောင့် မခံစားမိတာလည်းမသိချေ၊ စိတ်ဒဏ်ရာ တစ်ခု ကြောင့် လောကကြီးကို အရွဲ့တိုက်နေတာဟု ပြေသိပ်တွေ းလိုက်မိ၏ ။

သူမက တဘက်စောင်လေးဖြင့် ဖိုးရေစိုထားသော ဆံနွယ်တွေ ကို ခပ်ဖွဖွသုတ်ကာ-

"ကော်ဖီလေး တစ်ခွက်ကို လည်နှင့်အောင်ဖျို ချနေနဲ့၊ အချိန်နာရီကြည့်ပြီး ပြန်သင့်ပြီး လို့တွေ းပါလား"

"အင်း ကျွန်တော် ပြန်တော့မှာ ပါ၊ နောက်အိမ်လာလည်ဖို့ ခွင့်ပြုနော်"

"အချိန်မရွေးလာလည်လို့တော့ မရဘူး၊ ကျွန်မ ပျင်းတဲ့အခါ လိုအပ်တဲ့အခါမျိုး ဆိုရင်တော့ မိတ်ဆွေ တစ်ယောက် အ ဖြစ် လက်ခံပါမယ်"

သူက ထိုစကားလေးကို ကြည့်နူးလက်ခံကာ ပြန်လာခဲ့သည်။ သူမကအိမ်ရှေ့ထိ လိုက်ပို့တာမျိုး ၊ လက်ပြနှုတ်ဆက်တာမျိုး မရှိပါ။ သူ ညှော်ခန်းအရောက်မှာ ပင် ဆိုဖာခုံလေးပေါ် ပစ်လှဲပြီး တီဗွီကြည့်ကာ သက်သော င့်သက်သာ ကျန်ခဲ့သည်။

ဒီလောက်တောင် ချမ်းသာကြွယ်ဝပါလျက် ခြေရုံသင်းပင်း နည်းပါးရတာ လဲ။

မေတ္တာတွေ ၊ နွေးထွေးမှုတွေ ခေါင်းပါးသော အရပ်မှာ သူမအထီးကျန်စွာ

Scanned by CamScanner

တစ်ယောက် တည်း နေထိုင်နေရခြင်းများ လား။ ဘာ ဖြစ် ဖြစ်သူမအကြောင်းက သူ့ရင်ထဲမှာ မှတ်မှတ်ထင်ထင် အလေးအနက် ခိုအောင်းအမြစ်တွယ်နေသည်။

သူ့ရဲ့ အိမ်ပြန်ချိန်သည် ဟိုအရင်နေ့တွေ လို တာဝန်ဝတ္တရားများ နှင့် ဝန်ထုပ်ဝန်ပိုး ဖြစ်မနေဘဲ ပေါ့ပါးလန်းဆန်းတက် ကြွနေသည်။ အချစ်ရဲ့ စေ့ဆော်မှု ကြောင့် သူ့ရဲ့ နှလုံးသားများ က နွေးဖြားယိမ်းထိုးလျက်။

.............

အခန်း(၅)

"ဟယ် သား မိုးရေတွေ စိုရွှဲလို့၊ ကားနဲ့ပြန်လာတဲ့သူက ဘယ်လို ဖြစ်တာလဲသားရယ်"

မေမေ့ရဲ့ စိုးရိမ်ပူပန်မှုက မေတ္တာတွေ အပြည့်အဝနှင့် ဖြစ်သည်။ သူက အတက် ချိုကေ့စ်လေးကို စားပွဲပေါ်လှမ်းတင်လိုက်ပြီး မေမေ့ပါးကို ရွှတ်ခနဲနမ်း၍ -

"ညီသည်တွေ နဲ့ စားသောက်ထွက်လာပြီးမှ ကားပါကင်အကူးမှာ မိုးရေစိုသွားတာပါ မေ မေရဲ့ "

"ကားပါကင် အကူးလေးမှာ တောင် မိုးရေက အဲ့လောက်ရွှဲနစ်နေရလား သားရယ်၊ ဟိုတယ်ဝန်ထမ်းတွေ က ကားပေါ်ရောက်အောင် ထီနဲ့လိုက်မပို့ဘူးလား၊ မ ဖြစ်သေးပါဘူး၊ မိုးကအစိုးရတာ မဟုတ်ဘူး၊ သားကားထဲမှာ မေမေ ထီတစ်ချောင်းနဲ့ မိုးကာအင်္ကျီထည့် ပေး ထား မယ်နော်သား"

"သားကလေး မဟုတ်တော့ပါဘူး မေမေရယ်၊ မိုးစိုတာနဲ့ဘာမှ မ ဖြစ်နိုင်ပါဘူး"

"ဗျားနာပြီး ကျန်းမာရေး မကောင်း ဖြစ်တတ်တာပေါ့ သားရယ်၊ ကဲပါ စကားများ မနေနဲ့ အဝတ်အစားလဲပြီး ပြန်ဆင်းလာခဲ့သား၊ ကော်ဖီပူပူလေးဖျော်ပြီး မေမေစောင့်နေမယ်"

Scanned by CamScanner

"သား နည်းနည်း ပင်ပန်းလာလို့ အနားယူတော့မယ်လေ မေမေရဲ့ "

"မေမေပြောစရာရှိလို့ပါကွယ်၊ သားပေပေ ဟိုတယ်တစ်ခုဆောက်ဖို့ နယ် ခရီး ထွက်သွား တုန်းပြောရမှာ "

"ဘာကိစ္စမို့လဲ မေမေ"

"ပြီးရင် နားထောင်ရမှာ ပေါ့၊ အအေးပတ်မှာ :စိုးလို့ အဝတ်အစားသွားလဲချည်ပါ"

မေမေ တွန်းထိုးလွှတ်ထားကြောင့် အပေါ်ထပ် ပြေးတက်လာကာ အဝတ်အစား ဖြန် ဖြန် လဲရသည်။ မိုးစာတ်နှင့် စိမ့်စိမ့်လေးအေးနေတာမို့ ရှပ်အင်္ကျီလက်ရှည်၊ ပုဆိုးကွက် စိပ်: လေး ဝတ် ၍ ပြန်ဆင်းလာခဲ့ရသည်။

"ရော့သား နွေးသွားအောင် ကော်ဖီလေးသောက်လိုက်"

မေမေက သူ့ရှေ့ကို ကော်ဖီခွက်လေး တွန်းပို့ကာ သူ့မျက်နှာကို ပြုံး ပြုံး ကြီးကြည့်၍ -

"သားမှာ ချစ်သူတွေ ဘာတွေ ရှိနေပြီလား"

"ဗျာ ဘာ ဘာ ဖြစ်လို့လဲမေမေ"

"မေမေ မေးတာပဲဖြေပါ သားရယ်၊ သားမှာ ရှိလား မရှိဘူးလား"

"အခုတော့ မရှိသေးပါဘူးမေမေ"

"အခု မရှိဘူးဆိုတော့ ရည်ရွယ်ထားပြီး နောက်ချစ်သူတော် ရမယ့်သူတော့ ရှိနေတယ် ပေါ့"

"အဲ့လိုလည်း မဟုတ်ပါဘူး၊ ဒါနဲ့ဘာ ဖြစ်လို့ သားကို အဲဒီ အကြောင်းမေးနေရတာ လဲ"

သူတကယ်ကို နားမလည်နိုင် ဖြစ်နေသည်။ သူ့ရဲ့ အိမ်ထောင်ရေး ကိစ္စ၊

Scanned by CamScanner

အချစ်ရေး ကိစ္စနှင့် ပတ်သက်ပြီး ချုပ်ချယ်ကန့်သတ် ဖိတ်ပင်တားဆီးတားမြိုး၊ သားသမီးဆန္ဒမပါဘဲ မိဘဩဇာ အာဏာဖြင့် သဘောတူပေးစားတာမျိုး မ ဖြစ်စေနဲ့ဟု ဖေဖေ့အမှာ စကားကြောင့် မေမေတစ်ခါမှ ဒီလိုမျိုး မပေးဘူး၊ မပြောဘူးပါ။ အခု ဖေဖေမရှိသည့် အချိန်မှာ မေးနေတာက ထူးတော့ ထူးဆန်းသည်။

မေမေ့အပြုံး မှာ သူ့ကိုပြောဖို့ စကားလုံးတွေ အဆင်သင့်စုဆောင်းထားဟန်ရှိသည်။

"သားကိုမေမေ အိမ်ထောင်ချပေးချင်တယ် သား၊ သားမှာ ချစ်သူမရှိဘူးဆိုရင် မေမေ့ စကားကိုနားထောင်ရမယ်နော်"

"ဟာ မေမေ"

"သားအရွယ်မလွန်ခင် အိမ်ထောင်ပြုပေးဖို့ မေမေတို့မှာ တာဝန်ရှိတယ်သား မေမေတို့အိမ်မှာ ချွေးမတွေ မြေးတွေ နဲ့ ဆိုဘယ်လောက် ပျော်စရာကောင်းမလဲ တွေးကြည့်စမ်း"

"ဟင့်အင်း သားအိမ်ထောင်မပြုချင်သေးဘူး မေမေ၊ အဲလိုကိစ္စတွေ ဖေဖေက အတင်း အကျပ်မလုပ်ဖို့ ပြောထားတယ်နော်"

"အဲဒါကြောင့် မို့ သားဖေဖေမရှိတဲ့ အချိန်မှာ မေမေပြောနေရတာ ပေါ့ သားရယ်၊ မေမေ ငယ်သူငယ်ချင်း မိတ်ဆွေ တစ်ယောက် နဲ့ စကားတွေ လွှန်ထားတယ်သား၊ မေမေ့ သား လေး လိ မ္မာ တဲ့အကြောင်း၊ တော် တဲ့အကြောင်းလည်းကြွားထားတယ်"

"အာ မေမေကဗျာ ဘယ်လိုမိန်းကလေးမှန်းလည်းမသိဘဲနဲ့ သားစိတ်မဝင်စားဘူး"

ကော်ဖီခွက်ကို တစ်ရှိန်ထိုးမော့သောက်ချရင်း သူပြောတော့ မေမေက ထပ်မံပြုံး လိုက်ကာ-

"မမြင်ရခင်က ဘူးမခံလိုက်ပါနဲ့ သားရယ်၊ မြင်တွေ့စကားပြောပြီးသွားရင်

Scanned by CamScanner

အဲ့လိုပြော လိုက် မိတာ မှာ းပါရောလားလို့ သားနောင်တရမှာ သေချာတယ်"

မေမေ့ ရွေးမတော် ချင်သည့်မိန်းကလေးက တော် တန်ရုံတော့ မ ဖြစ်နိုင်။ မေမေ က လူ တစ် ယောက် ကို စံချိန်စံညွှန်တွေ နှင့် သက်မှတ်တတ်တတ်သူ မဟုတ်ပါလား။

သူငြိမ်သက်ကာ နားထောင်နေတော့-

"အိပိုင် သမီးလေးက သိပ်ကို ယဉ်ကျေးသိမ်မွေ့ပြီး မိန်းမကောင်းပီသတဲ့၊ မိုင်းကောင်း ကျောက်ဖိ မိန်းကလေးမျိုး သားရဲ့၊ တော် တော် လေးကို မြန်မာဆန်တယ်၊ မဟာ လည်း ဆန်တယ်၊ မိန်းမပီသတယ်"

မေမေ့ ချီးမွမ်းခန်းက သူ့နှုတ်ခမ်းမှာ လှောင်ပြုံး တစ်ခု ဖြစ်ထွန်းစေသည်။ ဒီဘက်ခေတ်မှာ ဒီလိုမိန်းကလေးမျိုး ရှိပါ့မလား။

မေမေက သူမျက်နှာအနေအထားကို ဂရုစိုက်ပုံမပေါ်ပဘဲ စိတ်အားထက်သန်စွာ

-

"မေမေလေး အဲဒီ သမီးလေးကို သိပ်ကိုသဘောကျသွားခဲ့တာ မေမေ့စိတ်ထဲမှာ ငါ့သားလေးရဲ့ အိမ်ထောင်ဖက်က ဒီမိန်းကလေးပဲ ဖြစ်ရမယ်လို့ ဆုံးဖြတ်ချက်ချလိုက်တဲ့ အထိ၊ သူကလေးက မေမေ့ကို ဆွဲဆောင်နိုင်ခဲ့တာ၊ သားမြင်ရင် တကယ်ကို သဘောကျသွားမှာ ပါ"

"မေမေ ပိုလွန်နေတာမဟုတ်ဘူးလား"

"ပြော် ကိုယ်သားကို မေမေကအပိုတွေ ပြောပါ့မလားသားရဲ့ အဲဒီ မိန်းကလေးက ခုခေတ်မှာ လုံးဝမရှိနိုင်တော့တဲ့ ရှားပါးရတနာတစ်ပါး ဖြစ်သွားပြီ၊ ပညာလည်း တော် တယ်၊ အဆင့်အတန်း ဂုဏ်ဒြပ်ရှိတဲ့ အသိုက်အဝန်းကလည်း ဖြစ်တယ်၊ အထူးခြားဆုံးက တင်ပါးကျော်ကျော်ရှိတဲ့ ဆံပင်ရှည်ကြီးပဲ၊ ပျော့အိပြောင်လက် မည်း နက်နေတာပဲနော်၊ အဝတ် အစားဝတ်တာကလည်း ရင်ဖုံးရင်စေ့လက်စကလေးတွေ နဲ့ ရိုးရိုးယဉ်ယဉ် ပါတိတ်လေး တွေ ပဲ ဝတ်တာ၊ မျက်နှာလေးကလည်း သနပ်ခါးမှ နံ့ပွေးပွေးလေး လိမ်းထားတာကလွဲပြီး ဘာမှမခြယ် မသဘဲနဲ့ ကိုလုတာနော်"

Scanned by CamScanner

"မေမေ့ ချွေးမမတော် ရခင်ကတည်းက ညွှန်လွှန်းနေပြီနော်"

"အဝိုတွေ ဟုတ်လား၊ မဟုတ်လားဆိုတာ သားကိုယ်တိုင်သွားကြည့်တော့ တွေ့ပါလိမ့် မယ်၊ မေမေ သဘောအကျဆုံးက အိမ်မှု ကိစ္စတွေ အားလုံး ကျွမ်းကျင်နိုင်နင်းတာပဲ သား၊ တစ်အိမ်လုံး သူ့ခြေ သူ့လက်ချည်ပဲ၊ နေရာအနှံ့ ပြောင်လက်နေတာကလည်း ဖုန်တစ်စက်မှ မရှိတာနော်၊ အချက်အပြုတ် တော် လွန်းတာကလည်း မေမေတောင် မမီဘူး တကယ်ကို သားရဲ့ အိမ်ထောင်ဖက်အ ဖြစ် မေမေသဘောကျတာပါ"

သူ့ပခုံးကို စုံတွန့်ကာ ထရပ်တော့ မေမေကသူ့လက်ကို ဆွဲ၍ ပြန်ထိုင်ခိုင်းသည်။

"မေမေပြောလို့ မပြီးသေးဘူးလေသားရဲ့ မေမေမေးတာဖြေခဲ့ဦးမှပေါ့၊ လက်ခံမယ် မဟုတ်လား သား၊ မေမေ ဟိုဘက်ကို အကြောင်းပြန်လိုက်တော့မယ်နော်"

"သား စဉ်းစားဦးမယ်မေမေ"

"စဉ်းစားစရာ တွေ ဝေစရာ မလိုတဲ့မိန်းမကောင်း မိန်းမမြတ် အရည်အချင်းတွေနဲ့ ပြည့်စုံတဲ့သူလေးပါ သားရယ်၊ ဒီလို အဖိုးတန်မိန်းကလေးကို မေမေချွေးမတော်ပါရစေသားရယ်၊ ဒီလိုဣန္ဒြေသိက္ခာတွေ နဲ့ ကြင်နာယုယတတ်မယ့် မိန်းကလေးလို့လည်း မေမေယုံကြည်တယ်၊ မေမေပြောတာတွေ မယုံရင် အဲဒီ အိမ်ကို တစ်ခေါက်လောက် သွားကြည့်လိုက်ပါ၊ လေ့လာအ ကဲခတ်ပြီး ရင်းနှီးခင်မင်အောင် ကြိုး စားကြည့်ပါ"

"မေမေရာ"

"ဆင်ခြင်မပေးဘဲ ဆည်းဆာညိုလေးကို တွေ့ ဖြစ်အောင် တွေ့ကြည့်လိုက်ပါ၊ မေမေသူ တိုကို သားလာမယ့်အကြောင်း ဖုန်းဆက်အသိပေးထားလိုက်မယ်၊ ဆည်းဆာညို ချက်တဲ့ ထမင်း ဟင်းကိုစားပြီး ဆည်းဆာညိုနဲ့တွေ့ပြီးမှ မေမေ့ကို အကြောင်းပြန်ပါ"

မေမေက တိကျပြတ်သားစွာ ဆိုသည်။ မေမေရဲ့ တည်ကြည်လေးနက်မှုတို့ကြောင့် သူ့ မျက်စိထဲမှာ ထိုမိန်းကလေးရဲ့ ပုံသဏ္ဌာန် အပြုအမူ များ ကို မြင်ယောင်ကြည့်မိ၏ ။

Book Sharing

Scanned by CamScanner

ရှည်လျားနက်မှောင်သန်စွမ်းသော ဆံနွယ်ရှည်ကြီးနှင့် ကျောဖြူရှင် မဟာဆန်သော မိန်းမချော တစ်ယောက် ပေါ့လေ။ မေမေကဟိုအရင်ကတည်းက ဘာပြောပြော အပိုအလိုမရှိ တိကျပြတ်သားသူမို့ မမြင်တွေ့ ခင်ကပင် ယုံကြည်ရမလိုပါ။

ဒါပေမဲ့ သူကလည်း မေမေသားမို့ ဖြစ်ထဲမှာ ရေရှိသည်ဆိုလျှင်တောင် ပြေးကြည့်ဦးမည့် သူမို့ လက်တွေ့ကျကျ ထိုအိမ်ကို သွားကြည့်ရန် ဆုံးဖြတ်လိုက်သည်။

"ဒီကိစ္စမေမေနဲ့ သား နှစ် ယောက် တည်းရဲ့ လျှို့ဝှက်ချက်နော်၊ သားကျေနပ်လက်ခံ တယ်ဆိုမှ သားပေပေကို အသိပေးမှာ၊ သားပေပေက သားရဲ့ အိမ်ထောင်ရေး ကို သားဘာသာ စိတ်ကြိုက်ရွေးချယ်နိုင်းထားတာဆိုတော့ မေမေက အတင်းအကျပ် တိုက်တွန်း တာမျိုး ဖြစ်ရင် ပြတ်သသ နာတတ်မှာ စိုးတယ်"

"မေမေက အပြစ်လွတ်အောင် ရှောင်ချင်တာဆိုရင် သားလည်းမသွားတော့ဘူးနော်"

"ဟင်း ဟင်း အဲလိုတော့ မလုပ်လိုက်ပါနဲ့သားရယ်၊ ခုခေတ်မှာ ခြောက်ပစ်ကင်းသဲလဲစင် မိန်းကလေးက ရှားပါးနေပြီး မဟုတ်လား၊ မေမေက မေမေ့သားလေး နောင်ရေး စိတ်အေးချင်လို့ပါ၊ မတော် တာတွေ နဲ့လည်း တွေ့မှာ စိုးတယ်"

"သားနားလည်ပါတယ် မေမေရယ်၊ မေမေစိတ်ချမ်းသာအောင် သားမနက်ဖြန်သွား လိုက် ပါ့မယ်"

မေမေက ကျေနပ်ဝမ်းသာစွာ ပြုံး ပြီး သူ့ပါးလေးကို ဖွဖွနမ်းမွှေးကာ-

"ကျေးဇူးတင်ပါတယ် သားရယ်၊ မေမေ့သားက သားလိမ္မာလေးဆိုတာ မေမေသိပါ တယ်"

"ကျေးဇူးတင်စရာလား မေမေရယ်၊ မိန်းကလေး တစ်ယောက် ကို လေ့လာရတာ သား အတွက် အပန်းမကြီးပါဘူး၊ သဘောကျတော့လည်းမေမေ့ ဆန္ဒအတိုင်းယူလိုက်ယုံးပေါ့"

ခပ်ပေါ့ပေါ့ လွယ်လွယ်ပင် မေမေ့ကို ပြောလိုက်သည်။ နောက်မှ

Scanned by CamScanner

ကိုယ်မနှစ်သက် လျှင် မေမေပြောသည့် အရည်အချင်းတွေ နှင့် မပြည့်စုံလျှင် ဆင်ခြေပေး၍ ငြင်းလိုက်ရုံပေါ့။

ဒါဟာ လက်ရှိအချိန်မှာ ဖြစ်ပေါ်နေသည့် သူ့ရဲ့ ဆန္ဒသက်သက်သာ။

.............

Scanned by CamScanner

# အခန်း(၃)

အခန်း(၆)

မနက်မိုးလင်းတော့ ညက မေမေပြောသည့်စကားများ ကို ပြန်ကြားယောင်သည်။ မြန်မာ ဆန်ဆန် ကျက်သရေရှိသည့် မိန်းကလေး တစ်ယောက် အိမ်ကို သူသွားရမည် ပဲ။

ရေမိုးချိုး သန့်စင်ကာ စတစ်ကော်လာရှပ်အင်္ကျီအဖြူရောင် နှင့် အပြာရောင် ကွက်စိပ် ပုဆိုး လေးတွဲ ဝတ်လိုက်ပြီး ဆံပင်ကို ခေါင်းလိမ်းဆီဖြင့် သေသပ်ပုံကျစွာ ဖြီးသင်လိုက်သည်။ ရေမွှေးကို အနံ့မရှိင်းအောင် ပါးပါးလေး ဆွတ်လိုက်သည်။

သူ့ အထွက်အလာမှာ မေမေက အောင်မြင်အောင် ကြိုး စားဟု သတိပေးသည်။

မေမေပေးလိုက် သော လိပ်စာက သိပ်ခက်ခက်ခဲခဲ မရှာလိုက်ရပါ။ အဆင်သင့် ဖွင့်ထားသော ခြံဝင်းတံခါးကနေ သူ့ကားလေးကို ငြိမ်ညောင်းစွာ မောင်းဝင်လာခဲ့သည်။

အရင်ဆုံး ပန်းရောင် စုံ ဖြစ် လှပ ဆန်းကျယ်သော ပန်းဥယျာဉ်လေးကို မြင်တွေ့ ရသည်။

ပန်းရောင် စုံ ပွင့်ဝေဆာနေသည်မှာ ဥယျာဉ်မှူး ကောင်း တစ်ယောက် ရဲ့ ပြုစုပျိုး ထောင်မှု ကြောင့် ဖြစ်မည် ။ ပန်းခင်းတွေ နားမှာ ထီးအမိုးရိပ်နှင့် ထိုင်ခုံလေးတွေ လည်း ရှိ၏ ။

ထိုနောက်မှာ လှပချစ်စဖွယ်ကောင်းသော ချောကလက်ရောင် တစ်ထပ်တိုက်ပုလေးကို သူရောက်လာ၏ ။ တစ်ထပ်တိုက်လေးဆိုပေမဲ့ ရှေ့အကျယ်မှာ စတုဂံပါကေးများ အပြည့် ခင်း ထားပြီး လသာဆောင်လို ထိုင်ခုံများ စာပွဲများ လည်း ချထားသည်။

ထိုလသာဆောင်ရဲ့ နောက်မှာ တော့ အင်ကြင်းကျောက်များ နှင့် ပုံ ဖော်ထားသည့် ရေတံခွန် အသေးစားလေး ရှိနေပြီး စမ်းရေစီးသံသဲ့သဲ့ကိုလည်း ကြားရ၏ ။

Scanned by CamScanner

ကဗျာဆန်ဆန် ပွဲ့စည်းတည်ဆောက်ထားသည့် အိမ်လေးမို့ သူ့ရင်ထဲအေးမြကြည်လင်၍ ချစ်မြတ်နိုးသွားခဲ့သည်။ တိုက်လေးရဲ့ ရှေ့မှာ

သူ့ကားလေးထိုးရပ်လိုက်သည်နှင့် မေမေ့အရွယ် အမျိုး သမီးကြီး တစ်ယောက် အပြုံးတစ်ဝေဝေဖြင့် သူ့ကို ကြိုဆိုနေသည်။

"မောင်မိုးက ရောက်လာပြီးလားကွယ် သားအမေပုန်းလုပ်းဆက်ထားလို့ ခြံတံခါးတောင် ဖွင့်ထားတာကွဲ့ လာမောင်မိုးကာ"

ရှေ့ကဦးဆောင်၍ သူ့ကိုဧည့်ခန်းထဲခေါ်သွားသည်။ ဧည့်ခန်းလေးမှာ အလွန်သပ်ရပ် သန့်ရှင်းနေကာ ပါကေးခင်းများ က ကိုယ့်အရိပ်ကိုယ်မြင်ရလောက်အောင် သန့်စင်တောက် ပြောင်နေလျက် ဖုန်တစ်စက်မှ မရှိပေ။

နန်းဆန်သော ကျွန်းကုလာထိုင်များ ဖြင့် မြန်မာဆန်လှစွာ ခင်းကျင်းထားသည်။ နံရံတွင် မြန်မာရှုခင်းဆေးရေး ပန်းချီကားချပ် ကြီးများ နှင့် ဝင့်ဝင့်ထည်ထည် ရှိလွန်းတာကြောင့် သူ့တစ်ကိုလုံးရှိ သွေးတွေ တောင် မြန်မာသွေး မြန်မာစိတ်ဖြင့် လှုပ်ရှားသွေးပူးလာသည်။

မြင်မြင်သမျှအရာအားလုံးက အိမ်ထောင်မှု ထိန်းသိမ်းတတ်သူတစ်ဦးရဲ့ စနစ်တကျစီမံထိန်း သိမ်းတတ်မှု ၊ စည်းကမ်းရှိမှု များ ကြောင့် ဖြစ်မည် ။

ဧည့်ခန်းစာပွဲပေါ်က ပန်းအိုးလေးထဲက ပန်ရောင် စုံလေးသည်လည်း ပညာရှင်ဆန်စွာ သင်ယူပြီးမှ အလှဖော်ထားဟန် တူသည်။

"သမီးရေ ထွက်ခဲ့ပါဦးကွယ်"

ဒေါ်အိအိပိုင်၏ အသံနောက်တွင် ဧည့်ခန်းဆီ လှမ်းဝင်လာသော အလွန်သိမ်မွေ့ညင်သာ သည့် ခြေဖမိုးဖြူဖြူလေးများ ကို စတင်မြင်ရပါသည်။

ဆင်စွယ်ရောင် ရင်စေ့လက်စကလေးနှင့် အဖြူရောင် အပွင့် အခက် သေး သေး လေး တွေ ပါသော ပါတိတ်ထဘီလေး တွဲ ဖက်ဝတ်ဆင်ထားပြီး အထူးခြားဆုံး ဆွဲဆောင်မှု

Scanned by CamScanner

အရှိဆုံးက တင်ပါဖုံးအုပ်လုနီးပါးရှိသည့် ဖျော့အိမည် နက်ဝဲခါနေသော ဆံနွယ်များ ဖြစ်သည်။

ဒီအတိုင်း ဖြန့်ချထားပြီး ကွန်းဆက်တီခုံကြီးပေါ် ထိုင်လိုက်ချိန်မှာ ဆံနွယ်တွေကို လက်နှစ် ဖက်ဖြင့် ရင်ဘက်ရှေ့ သိမ်းယူပွေ့ပိုက်ထားပုံးက တယုတယ ဣန္ဒြေကြီးလွန်းလှသည်။ ညှိုမလိုနှင့် သနပ်ခါးရေကျဲလေး လိမ်းထား၍ ဝင်းပန့်ပန့်လေး မြင်လိုက်ရချိန်မှာ သူ့ရင်ထဲ အလွန်ငြိမ်းချမ်းအေးမြလှသော စမ်းချောင်လေး စီးဆင်းသွားသလို ခံစားလိုက်ရ၏ ။

မိတ်ကပ်လိုင်နာ ဘာအခြယ်အသမှ မရှိသော်လည်း သူမအလှက ပြည့်ဝလင်းထိန်နေ သော လမင်းကြီးတစ်စင်းလို ကျက်သရေတစ်မျိုး ဖြင့် ခန့်ညားသိမ်မွေ့နေသည်။

သမီးရေ မောင်မိုးကာက မေမေပြောထားတဲ့ မေမေ့ သူငယ်ချင်း နှင်းမြသူရဲ့ သားပေါ့၊ ကျောင်းပြီး ဘွဲ့ရပြီး သူ့အဖေ အလုပ်တွေ မှာ ဝင်ကူလုပ်ပြီး၊ မောင်မိုးကာ အန်တီ့သမီးလေးက ဆည်းဆာညိုပါ

"ဟုတ်ကဲ့တွေ ရတာ ဝမ်းသာပါတယ် ခင်ဗျာ"

"ကျွန်မကလည်း ထပ်တူပါရှင်၊ ဘာကြိုက်တတ်မှန်းမသိပေမယ့် မေမေက ညည်းသည် လာမယ်ဆိုလို့ ကြိုး စားပြီးတော့ ဖွယ်ဖွယ်ရာရာ ချက်ထားပါတယ်၊ ထမင်း စား ပြီး မပြန်ပါနော်"

ယဉ်ကျေးချိုသာသော စကားသံလေးကြောင့် အသံဘက်မှာ အပြစ်ကင်းတာကိုလည်း အသိအမှတ်ပြုလိုက်ရသည်။

သူမ၏ ဣန္ဒြေမှာ သိပ်တင်းမာအေးစက်ခြင်းဘက်လည်းမရောက်၊ ရဲတင်းပွင့်လင်း ပေါ်ရွှေလွန်းတာလည်း မဟုတ်ဘဲ အလျော့အတင်း သဘာဝကျကျ အေးချမ်းငြိမ်းမြစွာ ဖြစ်သည်။

မျက်နှာဝန်းလေး ပင့်အကြည့်မှာ ရိုးစင်းခြင်းနှင့် တည်ငြိမ်ရင့်ကျက်ခြင်းတို့ ရောယှက်လျက် ပေါ့ပျက်ပျက် ကလက်တက်တက် ဟန်ဆောင်မှု များ မရှိချေ။

Book Shaing

Scanned by CamScanner

ထိုအချိန်ခဏလေးမှာ ပူနွေးရီဝေ ညို့. အားပြင်သော ရတုမိ အလှနှင့် နှိုင်းယှဉ်ချိန်ဆ တွေးကြည့်မိကာ ရင်တွေ ထဲက တဆတ်ဆတ် ခါသွားသည်။

ဆုံးတွေ ဥင့်ရသော မိန်းမနစ် ယောက် ရဲ့ အလှက ကွာခြားချက်တွေ နှင့် ။ ရတုမိက စူးရှထက် မြက် အင်အားပြင်းသည့်အလှ ဆည်းဆာညိုက
သိမ်မွေ့နူးညံ့ညင်သာခြင်းတို့ဖြင့် သိမ်း သွင်းညို့ ယူနိုင်သည့်အလှ။

"ကဲ ခြံထဲက သမီးရဲ့ ပန်းပင်တွေ ကို လိုက်ပြရင်း အေးအေးဆေးဆေး စကား ပြော ကြပါလားကွယ်၊ ပြီးမှထမင်းစားကြတာပေါ့ကွယ် သြော် မောင်မိုးကာ ခြံထဲက သီးပင် စားပင်တွေ ကသမီး ဥယျာဉ်မှူး လုပ်ထားတာကွဲ၊ လေ့လာရင်းနဲ့ခြံထဲမှာ စကားပြောကြပါ"

ထိုစကားကြောင့် သူမကိုလေးစား အထင်ကြီးသွားမိ၏ ။ ခြံတစ်ခုလုံးကို အလှဆင် ထိန်း သိမ်းယုယနိုင်သည်ဆိုတာ နည်းတဲ့အနုပညာမဟုတ်ပေ။

ခြံဝင်းလေးထဲအရောက်မှာ သူက ပန်းရနံ့လေးတွေ ကို တစ်ဝကြီး ရှူ ရှိုက်လိုက်သည်။

"ဒီပန်းခင်းကြီး တစ်ခုလုံး ဆည်းဆာညိုတစ်ယောက် တည်း ဥယျာဉ်မှူး လုပ်ထားတာ လား"

"ဟုတ်ကဲ့၊ ကျွန်မက ပန်းတွေ ကိုချစ်တယ်၊ ဂရုစိုက်ယုယ ပြုစုရတာ ကိုလည်း ဝါသနာ ပါတယ်"

"တကယ်တော့ဗျား၊ ကျွန်တော် ဆိုရင် အိမ်မှာ ရှိတဲ့ ပန်းအိုးနှစ် အိုးသုံးအိုးလောက် ကိုတောင် နေ့စဉ် ရေမလောင်း ဖြစ်ဘူး။ အဟင်း ပန်းလေးတွေ ကို ပြု စုယုယတတ်သူက စိတ်နှလုံးသားလည်း နူးညံ့သိမ်မွေ့တယ်လို့ ပြောကြတယ်"

သူမကတည်ငြိမ်အေးမြစွာ ပြုံး နေပါသည်။

စံပယ်၊ နှင်းဆီ၊ သစ်ခွမျိုး စုံ၊ ပိန်းပန်းများ ၊ ဂန္ဓမာအမျိုး စုံလင်လှစွာ ကြည့်နေဆဲမှာ သူမကခြံအနောက်ဘက်ကို ကွန်ကရစ်လမ်းလေးအတိုင်း

Scanned by CamScanner

လျှောက်သွားလေသည်။ သူလည်း သူမနောက်ကလိုက်လာကာ အံ့သြရပြန်သည်။

"သီးပင်စားပင်တွေ စိုက်ထားတာလေ၊ တကူးတကဈေးသွားဝယ်စားစရာ မလိုတော့ ဘူး ပေါ့၊ ဘာပဲစားချင်စားချင် လတ်လတ်ဆတ်ဆတ် ခူးချက်စားရုံပဲပေါ့၊

ကိုမိုးကာပြန်ရင် အန်တီ အတွက် လက်ဆောင်ထည့်ပေးလိုက် ပါ့မယ်"

သူမရဲ့ အရည်အချင်းများ ကို ရင်သန့်ရှုမော အံ့သြရပါသည်။

ဒီဘက်ခေတ်မှာ အဲလို အပင် ပန်းခံ ကျွမ်းကျင်လိမ္မာသော မိန်းကလေးတွေ ရှားပါးကုန် ဖြစ်နေပြီပို့ သူ့အတွက် တန်ဖိုးကြီး ရတနာ တစ်ပါးကိုရှာပေးခဲ့ခြင်းပင်။

ဒီလိုမိန်းကလေးမျိုး ကို လယ်လိုယောကျ်ားကရော ဟင့်အင်းဟု ငြင်းဆန်ပါမည် လဲ။ ဆည်းဆာညိုက သူ့ဘဝရဲ့ ပျော်ရွှင်ကျေနပ်မှု တွေ ပေးနိုင်စွမ်းသော အိမ်ထောင်ရေး သုခတွေ ပေး နိုင်စွမ်းသော အရည်အချင်း အစွမ်းအစရှိသည့် မိန်းကလေးဟု သူမှတ်ချက် လက်ခံ လိုက် သည်။

"ကိုမိုးကာ ပျင်းနေပြီလား"

"ဗျာ မပျင်းပါဘူး၊ ပန်းခင်းလေးက ရနံ့သင်းသင်းလေးကို ရှူရှိုက်ရတာ တစ်မျိုး၊ စိမ်းလန်း စိုပြေနေတဲ့ သီးပင်စားပင်လေးကို ခံစားနေရတာ တစ်မျိုး နဲ့ ကျွန်တော့်ရင်ထဲမှာ တလှပ် လှပ်နဲ့ ကြည်နူးနေသလိုလိုကြီး ဖြစ်နေတယ်ဗျ

ပြီးတော့ ဆည်းဆာညိုအဲလောက် လုပ်နိုင် လွန်း တာ ကိုလည်း အံ့သြနေတယ်၊ တခြားမိန်းကလေးတွေ လို ကျောင်းပြီး ဘွဲ့ရတာ နဲ့ အလုပ်တွေ ဘာတွေ လျှောက်တာ သင်တန်း တတ်တာတွေ မလုတ်ဘူးလား"

"အင် အစ ကတော့ ကျောင်းဆရာမ အလုပ်ကို ဝါသနာပါလို့ မာစတာတက်ဖို့ စဉ်းစားသေး တယ်၊ ဒါပေမဲ့ အဲဒီ ဘက်မှာ တာဝန်ကျအောင်လုပ်နေရင် အိမ်ထောင်မှု ကိစ္စတွေ လစ်ဟင်းနိုင် တယ်လေ၊

မေမေကလည်း အိမ်ထောင်ပြုဖို့ပဲ တိုက်တွန်းနေတာဆိုတော့ ကျွန်မက

Scanned by CamScanner

သစီးလိမ့်မှာ တစ် ယောက် ဖြစ်ဖို့နဲ့ ဇနီးမယား တစ်ယောက် ဖြစ်ဖို့ပဲ ကြိုး စားရတော့တာပေါ့"

သူ့ရင်ထဲ လှိုက်ခနဲပင် ရှိန်းဖြတ်ပူသွားရ၏ ။ သေချာပေါက်သူနှင့် လက်ထပ်ရဖို့တွေ းကာ ပြင်ဆင်နေခဲ့လေသလား။

"အချိန်ကြာနေရင် ထမင်းဟင်းတွေ ပြန်အေးနေရလိမ့်မယ် ထမင်းသွားစားရအောင်နော် ကိုမိုးကာ"

"ဟုတ်ကဲ့၊ ကျွန်တော် တို့ အသက်တွေ လည်း သိပ်ကွာတာမှမဟုတ်တာ၊ ရင်းနှီး လွယ် အောင် မိုးကာလို့ပဲခေါ်ပါ၊ အဲ ကျွန်တော် ကတော့ ဆည်းဆာ ညို လို့အပြည့်အဝခေါ်မယ်နော်"

"အဟင်း ရှင်သဘောပါ"

မနို့တရို့လေး ပြုး လိုက်ပေမယ့် ဟန်ဆောင်ပဲများ မှန့်လိုက်ခြင်း ဟုတ်ဟန်မတူပါ။ တိုက်လေးထဲကို ပြန်ရောက်ကာ ထမင်းပွဲကို သူမကိုယ်တိုင် ခူးခပ်ပြင်ဆင်သည်။

ဟင်းပွဲများ က အသားငါးဆီပြန်၊ ဟင်းရည်သောက်နှင့် အတို့အမြုပ်များ လည်းပါသည်။ ဆည်းဆာညိုက သူမအမေနှင့် သူ့ထမင်းပန်းကန်ထဲကို ဟင်းတွေ ဦးချပြီးမှ စားသောက်လေ၏ ။ ဟင်းတစ်ခွက်တိုင်းရဲ့ အရသာက အချိုအငန် အစပ်အဟပ်တည့်ကာ သူ့လျှာဖျားမှာ စွဲထင်အ ရသာရှိလွန်းလှသည်။

"မိုးကာ ကျွန်မလက်ရာ စားလို့ကောင်းရဲ့ လားဟင်"

"အရမ်းကောင်းလွန်းလို့ ခွေမျိုး မပြီး ဘာပြောရမှန်းမသိကို ဖြစ်နေတာဗျ မေမေ့ လက်ရာထက် ကောင်းတယ်လို့ ပြောရင် မေမေက ကျွန်တော့်ကို ရိုက်တော့ မယ်ထင်တယ်ဗျ"

"ဟင်း ဟင်း အဲလောက်မမြှောက်လည်း ကိုမိုးကာ အိမ်လာလည်တိုင်း ချက်ကျွေးဖို့ စဉ်းစားတာပါ၊ ထမင်းဟင်းတွင် မဟုတ်ဘူး၊

Scanned by CamScanner

မုန့်ပဲသရေစာစားချင်ရင်လည်း ကျွန်မလုပ်တတ်ပါ တယ်၊ တစ်ခေါက်တစ်မျိုး မရိုးရအောင် ကျွန်မလုပ်ကျွေးပါ့မယ် "

"အဲဒါဆို ကျွန်တော် ခဏခဏ လာလည် ဖြစ်တော့မယ်ထင်တယ် ကျွန်တော် က မုန့်သရေ စာကြိုက်ပေမဲ့ အပြင်ကသိပ်မဝယ်စား ဖြစ်ဘူး၊ မေမေလုပ်ကျွေးမှ စားရတာ "

"လာ ဖြစ်အောင်သာလာခဲ့ပါ မောင်မိုးကာရယ်၊ သမီးလေးက သူ့အန်ကယ် အိမ်မှာ ရှိတဲ့ ရက်ဆိုလည်း မုန့်အမျိုး မျိုး နဲ့ အသုတ်မျိုး စုံ လုပ်ကျွေးနေကျကွဲ၊

မောင်မိုးကာ တစ်ယောက် အ တွက်နဲ့ ထူးပြီးပိုမလုပ်ရပါဘူး"

"ဟုတ်ကဲ့ ခဏခဏ လာ ဖြစ်မှာ သေချာပါတယ် အန်တီ"

တကယ်ရောက်မရောက်မသိပေမယ့် သူ့ရင်ထဲက လိုက်လိုက်လှဲလှဲ ပြောမိခဲ့တာ ဖြစ် သည်။

သူ့ အိမ်အပြန်မှာ စိုက်ခင်းလေးထဲက အသီးအနှံအရွက်တွေ နှင့် ဘုရားတင်ဖို့ပန်းတွေ ၊ ခြင်းကြီးအပြည့် ဆည်းဆာညိုလက်ဆောင်ထည့်ပေးလိုက် သည်သူ့ကားလေးခြံအပြင် ရောက် တဲ့အထိ သူမပြုံးပြုံး လေးနှင့် လက်လေးပြကာ ကျန်ရစ်ခဲ့သည်။

အလေးအနက် အပြန်အလှန် တန်ဖိုးထားသည့် ပြယုဂ်လေလား။

ရတုမိုနှင့် ဆည်းဆာညို၏ ကွာခြားချက်က အဆမတန် နှိုင်းယှဉ်လို့မရအောင် သိသာ နေ သည်။ တိုက်ဆိုင်မှု ရှိတိုင်း ရတုမိုကိုသတိရနေမိတာ ဘာကြောင့် မှန်းမသိ။

တကယ်ဆို ဒီလိုအချိန်မျိုး မှာ ဆည်းဆာညိုအကြောင်းတွေ းပဲ တွေ းနေသင့်သည်။ အရာ ရာအဘက်ဘက်က အရည်အချင်းပြည့်စုံဝလွန်းသည်။

ဆည်းဆာညိုကို အိမ်ထောင်ဖက်လက် ခံရမှာ သူ့အတွက်ဂုဏ် ယူကျေနပ်စရာ ကောင်းပါသည်။

ဒါပေမဲ့ ဗရုတ်ဗရက် ပြင်းပြင်းထန်ထန် လုရက်နိုင်လွန်းသည့်ရတုမိုဆိုသည့် ကြို

Scanned by CamScanner

း တစ်စ ကလည်း သူ့ရင်တစ်ခြမ်းမှာ ခပ်တင်းတင်း ငြိလျှက်။

•••••••••••

အခန်း(၇)

"မင်းအမေ ကျေနပ်နေမှာ ပေါ့"

"ကျေနပ်ရုံတင် မဟုတ်ဘူး၊ ဆည်းဆာညိုပေးလိုက် တဲ့ လက်ဆောင်ပစ္စည်းတွေ ကြည့်ပြီး ဂုဏ်ယူကျေနပ်နေတာကွ၊ ချွေးမလောင်းရွေးတာ တော်တယ်ဆိုပြီတော့လေ"

"မင်းပြောပြတဲ့ အတိုင်းဆို တကယ်လည်း တော်ပါတယ်၊ မိန်းမပီပီ သသနဲ့ အိမ်ထောင် ထိန်းသိမ်းနိုင်တဲ့ အရည်အချင်းလည်းရှိတယ်၊ လှတာကလည်း ရှက်ကြမ်းရေကျို မဟုတ်ဘူး၊ မဟာဆန်ဆန်ဆိုတော့ မင်းနဲ့ ဆိုရင် တော် ဝင်သွားပြီပေါ့ကွာ"

သက်ထွန်းစကားကြောင့် မိုးကာ ဟက်ဟက်ပက်ပက် ရယ်ချလိုက်၏ ။ ကိုယ်က ဝတ်တာ စားတာ ဖြိန်မာဆန်လွန်းတာမဟုတ်ပေမယ့် ဟော့ဟော့ရမ်းရမ်းလည်း မဟုတ်ပေ။

စတိုင်(လ်)ပန်းနှင့် စပို့ရှပ်၊ တီရှပ်၊ တီရှပ်များ ဝတ်တတ်သလို ပုဆိုးကွက်စိပ်ရောင် စုံကို ထည့်လဝတ်၍ ဆံပင်ကိုလည်း ခုခေတ်ကောင်လေးတွေ လို ဂျယ်(လ်)နှင့် ထောင် ထား တာ မျိုး မ ဟုတ်ဘဲ ခေါင်းလိမ်းဆီနှင့် ပုံကျနသသက်ရှာ ဖြီးသင်ထားတတ်သည်။

ဒါကြောင့် လည်း ပေပေလုပ်ငန်းပိတ်ဆွေ လူကြီးလူကောင်းတွေ နှင့် တွဲ ဖက် အလုပ်လုပ် ရတာ အဆင်ပြေနေခြင်း ဖြစ်သည်။

"ရတုမှို ဒီနေ့မလာဘူးထင်တယ်နော်"

"ဟ ဘာလဲ၊ ဆည်းဆာညိုအကြောင်း ပြောနေရင်းနဲ့ ဘယ်လိုလုပ် ရတုမှိအကြောင်း ကောက်ခါ ငင်ကာ ရောက်သွားရတာ လဲ"

"အင်း ထူးတော့ထူးဆန်းတယ်ကွ၊ ဆည်းဆာညိုတို့ အိမ်ရောက်တော့လည်း

Scanned by CamScanner

ရတုမို အကြောင်းတွေ ၊ ဖြစ်တယ် အလွဲတွေ ကွာဟချက်တွေ ကို နှိုင်းယှဉ်မိတာထင်ပါတယ်"

"အဲလိုနှိုင်းယှဉ်မိတော့ ဆည်းဆာညိုက မင်းဘဝအတွက်တန်ဖိုးကြီး ဆုလာဒ် ဆိုတာ ပိုပြီးသေချာသွားတာပေါ့၊ ဟုတ်လား "

ခေါင်းမညိတ် ခေါင်းမခါ သူ တွေဝေငေးငိုင်သွား၏ ။ အဖြေက ဦးနှောက်ထဲမှာ ရှိသော်လည်း မျက်လုံးတို့က ကပွဲခန်းမထဲ ဝင်လာသော ရတုမိုဆီ စူးနစ်မှင်တက်မိနေသည်။

အပျော့သားအသည်းကွဲရောင် ကိုယ်ကျပ်လေးနှင့် အနက်ရောင် ဘောင်ဘီရှည်အကျပ် လေးက သူမကိုယ်ခန္ဓာ ကောက်ကြောင်းလေးကိုရှင်းရှင်းလင်းလင်း ထင် သာမြင်သာစေလျက် အချိုး အဆစ်ကျနှ လှပလွန်းသည်။

မြူး ကြွသော စည်းချက်အတိုင်း ကိုယ်ခန္ဓာလေးတလှုပ်လှုပ် ဖြစ်နေပေမယ့် မျက်နက်ဝန်း လေးက သူ့ဆီဝေ့ခနဲ ရွေ့လျားလာလျက်ခေါင်းညိတ်ခေါ်သည်။

သူက သက်ထွန်းကိုတောင် ဘာမှပြောမနေနိုင်ဘဲ ကပျာကသီ ထလာခဲ့သည်။ ရတုမို နား ရောက်သွားတော့ သူမက သူ့လက်ကိုဆွဲ၍ သူမနည်းတူ ကနိုင်းသည်။

မကျွမ်းကျင်ပေမဲ့ သူမနည်းတူ အလိုက်သင့်လေး တစ်လှုပ်လှုပ် နေပေးလိုက် သည်။

"ရှင်ဒီကို ရောက်နေမယ် မထင်ဘူး၊ ညှိသည်တွေ နဲ့မှ တစ်ခါတစ်ရံ လာတတ်တာဆို"

"အခုတစ်ခါ မင်းနဲ့တွေ့ရမလားလို့ တကူးတက လာခဲ့တာ"

"ကျွန်မကို ဘာ ဖြစ်လို့တွေ့ချင်တာလဲ"

"အတိအကျပြောဖို့တော့ ခက်တယ်၊ စိတ်အလိုဆန္ဒအတိုင်းရောက်လာတာတော့ ဝန်ခံ ပါတယ်"

"ကျွန်မလည်း အဲလိုပဲ၊ ဘယ်ယောကျ်ားလေးနဲ့မှ တွဲ မကဘူးပေမယ့် ရှင်နဲ့တွဲ က ကြည့် ချင်စိတ်ပေါက်ပြီး ရောက်လာတာ"

Scanned by CamScanner

"တစ်ခြားဝေဒနာတွေ နဲ့ ရောက်လာတာ မဟုတ်ဘူးပေါ့"

"ရှင့်အကြောင်းတွေ ;ရင် ဒဏ်ရာနည်းနည်း သက်သာသလိုပဲ"

သူမရဲ့ ပွင့်လင်းမှုများ က သူ့ရင်ကို ဆွဲကိုင်လှုပ်ယမ်းနေသလို ရှိ၏ ။ ကနေ့ချိန်မှာ ထိတွေ့ မှု များ က သူ့သွေးတွေ ကို ဆူပွက်ယိမ်းထိုးနေစေသည်။

စကားပြောနေရင်းနဲ့ ကနေ့တာမို့ သူမက ဘာမှ ထူးထူးခြားခြား ခံစားမှု မရှိသလိုပါ။ သူ့ အပေါ် လဲပြိုခြင်းမရှိဘဲ စည်းချက်မှန်မှန် ကတတ်နေသည်က သူမရဲ့ ကျွမ်းကျင်မှု ကြောင့် ဖြစ် မည် ။

ခဏအကြာမှာ သူမက သူ့လက်တွေ ကို လွှတ်ချလျက်အနားယူ အပန်းဖြေသည့် ထိုင်ခုံလေးတွေ ဘက် သွားထိုင်သည်၊ သူကကောင်တာမှာ ကုတ်နှစ် ဘူးသွားယူပြီး သူမကိုတစ်ဘူး လက်ကမ်းပေးလိုက် ၏ ။

"မင်းကိုတွေ့ လိုက်ရင် အမြဲတမ်း တစ်ယောက် တည်းပဲ အဖော်မရှိတာလား၊ အဖော် မထား တာလား"

"စိတ်ကုန်လို့ တစ်ယောက် တည်းနေတာ၊ အဖော်ဆိုတာ စိတ်ချင်းမတူရင် ကျွို ငရှိတယ်၊ ဖြတ်သသ နာဖြေရှင်းရတာ နဲ့ အပျော်ဆိုတာကိုလည်း ခံစားချိန်မရဘူး"

"မင်းကထားခဲ့တာလား၊ ကျန်ရစ်ခဲ့တာလား"

သူ့မေးခွန်းကြောင့် သူမဆီက ခပ်ဖွဖွ မျက်တောင်းတစ်ချက် ရလိုက်၏ ။

"အမေး အမြန်းထူတဲ့ယောကျ်ားတွေ ဆိုး ကျွန်မအရမ်းမုန်းတာပဲ၊ ဒါပေမဲ့ ရှင့်ကိုတော့ ပြောပြချင်ပါတယ်၊ ကျွန်မရည်းစား တစ်ယောက် ထားဖူးတယ်၊ သူ့မိဘတွေ က ကျွန်မလို မိန်းက လေးနဲ့ သဘောမတူဘူး ဒါကို သူက မငြင်းနိုင်ဘူးဆိုပြီး ဟိုဟာပြင်နိုင်း ဒီလိုနေနိုင်းနဲ့ ကဂျီက ဂျောင်ကျပ်ို့ ကြိုး စားတယ်၊ ကျွန်မက စိတ်မရှည်ဘူး အဆက်ဖြတ်လိုက်တယ်ဆိုပါတော့၊ ဒါပေမဲ့ သူက ထားရစ်ခဲ့တာနဲ့ အတူတူပဲ"

"ဘာ ဖြစ်လို့လဲ"

Scanned by CamScanner

"သူတို့ မိသားစုတိုင်းထွာသတ်မှတ်ထားတဲ့ အရည်အချင်းတွေ နဲ့ ပြည့်စုံတဲ့ မိန်းကလေးကို လက်ထပ်လိုက်တယ်လေ၊ အဲဒီ မင်္ဂလာပွဲကို တက် ဖြစ်အောင် တက်ဖို့ကိုတောင် ကျွန်မကို ဖိတ် သေးတယ်"

"အဲလိုတော့ဘယ်လုပ်သင့်မလဲ"

သူထောက်ခံလိုက်တော့ သူမက ခပ်မဲ့မဲ့ပြုံး လျက် -

"ရှင်တို့ယောကျာ်းတွေ က အိမ်ထောင်ဖက်ရွေးချယ်ပြီဆိုရင် စံနှုန်းစံညွှန်းတွေ နဲ့ တိုင်းတာ ချိန်စက်တတ်ကြတယ်နော် ကိုယ်ကိုယ်တိုင်က အပြစ်မကင်းချင်နေမယ် ခြောက်ပစ ကင်းသဲလဲစင် မိန်းမမျိုး မှလက်ထပ်ချင်ကြတာလား"

"ဗျာ"

"ရှင်လည်းယောကျာ်းထဲက ယောကျာ်း တစ်ယောက် ပဲလေး လောဘကြီးရင့်ကြီး မဟုတ် ရင် အတ္တကြီးတဲ့သူ ဖြစ်ရမယ်၊ ဟုတ်တယ်မဟုတ်လား"

သူခပ်ဖြန့်ဖြန့် ခေါင်းယမ်းမပြ ဖြစ်ပါ။

ဒါပေမဲ့ ဟန်ဆောင်ချင်း အတတ်ပညာတို့နှင့် ပြုံး လိုက်နိုင်သည်။

"ဘာလို့ကျွန်တော့ကို တစ်ခြားယောကျာ်းတွေ နဲ့ နှိုင်းယှဉ်ကြည့်ရတာ လဲ ရတုမို၊ လူချင်း တူပေမယ့် အသက်ရှူ ချင်း ကွာတတ်ကြပါတယ်"

"အဲဒါလောဘကြီးတဲ့ ယောကျာ်းမဟုတ်ပါဘူးလို့ ဝန်ခံတာမ ဖြစ်နိုင်ဘူးမဟုတ်လား၊ အဟင်း လွတ်လက်မှုကို ခုံမင်ပြီး ဘဝကိုအလေးအနက် မတွေ းတတ်တဲ့ မိန်းကလေးကို ဘယ်သူမှ လက်ခံမပေးချင်တာ ဆန်းတော့ မဆန်းပါဘူး၊ အဲဒါကြောင့် လည်း ကျွန်မဘာသာ တစ်ယောက် တည်းနေဖို့ ဆုံးဖြတ်ထားတာ"

"အခုရော ကျွန်တော့်ကို မိတ်ဆွေအပေါင်းအသင်းအ ဖြစ် မသက်မှတ်ချင်ဘူးဆိုတဲ့ သ ဘော လား"

သူမက ခပ်ဟဟရယ်လျက် ကုက်အအေးဘူးလေးကို တစ်ဘူးလုံးကုန်အောင်

Scanned by CamScanner

မော့

သောက်သည်။

ပြီးမှ ဘူးခွံလေးကို အမှိုက်ပုံးထဲ သေချာတည့်တည့်မတ်မတ်ချိန်၍ လှမ်းပစ်သည်။ ကလေး ဆန်ဆန် သူမအပြုအမူလေးက သူ့ရင်ကို လှုပ်လှုပ်ခတ်ခတ် ငြိတွယ်သွားစေသည်။

စိုရွဲအိတွေနေသော သူမနှုတ်ခမ်းလေးမှာ အအေးစက်ပေးနေတာမို့ တစ်သျှူး စလေးယူ၍ သူမလက်ထဲ ထည့်ပေးမိ၏ ။ သူမက ဖြစ်သလို ပွတ်သပ်သုတ်ပြီး တစ်သျှူး စလေးကို လုံးချေ၍ အမှိုက်ပုံးထဲ လှမ်းပစ်ထည့်ပြန်သည်။

"မင်းကကွာ"

ဒီတစ်ခါ အမှိုက်ပုံးလေးထဲမရောက်ဘဲ အောက်ကျသွားတာမို့သူက ခပ်သုတ်သုတ် ပြေး ကောက်ကာ အမှိုက်ပုံးထဲထည့်ပေးလိုက် ရသည်။

"လုပ်မပေးချင် ဒီအတိုင်းနေလိုက်တာမဟုတ်ဘူး၊ ဘာလို့အော်တာလဲ"

"ဆော်ရီး စကားပြောရင်း မင်းဆော့နေတယ် ထင်လို့ပါ"

"အဲဒါ ရှင်စိတ်မရှည်ဘူးဆိုတဲ့ သက်သေပဲ"

"မဟုတ်ပါဘူးကွာ"

"ဟုတ်ပါတယ်"

"မဟုတ်ပါဘူးဆို"

သူ့အသံက စိတ်မရှည်သလို ဆောင့်ဆောင့် အောင့်အောင့် ဖြစ်သွားတော့ သူမက ရယ်ဟ ဟနင့် လောင်ပြုး ပြုး လိုက်သည်။

သူလည်းမအောင့်အီနိုင်စွာ လွတ်လွတ်လပ်လပ် ရယ်ချလိုက်၏ ။

"ရှင်ကဘာရယ်တာလဲ"

Scanned by CamScanner

"မသိဘူးကွ၊ မင်းနဲ့ အဲလိုစကားနိုင်လုပြီး စကားပြောနေရတာ ပျော်သလိုလိုပဲ"

"ရှင့်မှာ အဖေရော အမေရော ရှိလား‌ဟင်"

"ဟင် ဘာရယ်"

မျက်နှာလေးက တည်တင်းအေးစက်သွားပြီး အဆက်အစပ်မရှိ၊ မပွင့်တပွင့်မေးလိုက်တာမို့ သူကနားမလည်စွာ ပြန်မေးလိုက်ရ၏ ။ သူမဘက်ခပ်တိုးတိုး သက်ပြင်းရှိုက်သံကြားလိုက်ရပြီး -

" တစ်ယောက် မှ နောက်အိမ်ထောင် မပြုကြဘူးလား"

"မပြုပါဘူး"

"လောင်းကစားရော မလုပ်ကြဘူးလားဟင်"

"မလုပ်ပါဘူး"

"ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာရော ရှိကြလား"

"အင်းပေါ့"

"ရှင်တို့ မိသားစုလေးက အရမ်းကို ပြောစရာကောင်းမှာ ပဲနော်"

သူမစိတ်ဒဏ်ရာကို သူ ခန့်မှန်းမိလိုက်သလို ဖြစ်သွား၏ ။ ထိုဒဏ်ရာတွေ က အဆိတ်သင့် ကာ ဒီလို ဖြစ်နေခဲ့တာလား။

"မင်းမှာ မိဘနှစ် ပါးလုံး မရှိကြတော့ဘူးလား"

သူမဘဝလေးကို စိတ်ဝင်စားကာ သူက မေးခွန်းပြန်ထုတ်မိ၏ ။ သူမစိတ်လိုလက်ရ ရှိနေချိန်မို့လားမသိ၊ မျက်စောင်းမထိုးပါ၊ နှုတ်ခမ်းမဲ့ပါ။

"အင် နှစ် ယောက် လုံး မရှိတော့ဘူးလို့ ပြောရမလားဘဲ၊ အမေမသေခင်က လောင်းကစားနဲ့ အချိန်ကုန်တယ်၊ ဖေဖေ အလုပ်ကို အကြောင်းပြပြီး အိမ်မကပ်ဘူး၊ မိသားစုဆုံ ရင်လည်း နွေးထွေးမှု မရှိ ခြောက်ကပ်ကပ်ကြီးပေါ့၊ အခုဖေဖေက

Book Sharing

Scanned by CamScanner

နောက်မိသားစုရှာပြီး အဲဒီ ဘဝမှာ ပျော်မွေ့နေတယ်"

"ရင်မောစရာကြီးပါလား"

"နေသားကျနေပါပြီ၊ တစ်ယောက် တည်းနေတတ်အောင် လေးကျင့်ရင်းနဲ့ အထီးကျန် မှန်းတောင် ကိုယ့်ကိုယ်ကိုယ် သတိမထားမိတော့ဘူး၊ ပျော်သလို ဖြစ်သလို နေနေလို့လေ"

"ကိုယ့်ဘဝကို ပျက်ဆီးသလို ဖြစ်မှာ ကိုရော မစိုးရိမ်ဘူးလား"

"ပျက်ဆီးသွားတဲ့ အထိမ ဖြစ်အောင်တော့ ကိုယ့်ကိုယ်ကိုယ် ထိန်းနေတာပါပဲ၊ ဒါပေမဲ့ တစ်ခါတလေ မခံစားနိုင်တော့ဘူးဆိုရင် စိတ်လွတ်လွတ်သွားတယ်"

"မင်းအရမ်းစိတ်ပင်ပန်းနေမှာ ပဲနော်"

"သနားတာလား ကိုယ်ချင်းစာနာတာလား"

"တစ်ခုမှမဟုတ်ဘူး မင်းဘဝပျက်ဆီးသွားမှာ ကို စိုးရိမ်တာ"

သူမကပခုံးလေးတွေ လှုပ်ခါအောင် တသိမ့်သိမ့်ရယ်ပြီး သူ့မျက်နှာကို မျက်ခုံတစ်ချက် ပင့်ကြည့်၏ ။

"ကိုယ့်ကိုယ်ကိုယ် တန်ဖိုးမထားရင် ဘယ်သူကမှ ကိုယ့်ကိုတန်ဖိုးမထားချင်မှာ မဟုတ်ဘူးဆိုတာ ကျွန်မသိတယ် ဒါပေမဲ့ ဘယ်လိုလုပ်ရမလဲ၊ မိဘဆိုဆုံးမမှု ကင်းဝေးတဲ့ဘဝမှာ အပြစ်ကင်းအောင်နေဖို့လည်း စိတ်ကူးမရှိတော့ဘူး၊ ပစ္စည်းဥစ္စာပြည့်ဝသလိုနဲ့ မေတ္တာ တွေ ချို့ တဲ့ နေ တာ စိတ်စာတ်ပိုင်းဆိုင်ရာ ပြည့်စုံဖို့လည်း မကြိုး စားချင်တော့ဘူး"

"အဲဒီ ဘဝမှာ ပျော်အောင်နေတာ မင်းအတွက် ဘာအကျိုး ရှိလဲ"

"ကျွန်မပျော်တယ်လေ၊ ကျွန်မကြုံသလို မနေတတ်ရင် အထီးကျန် ရောဂါနဲ့သေမှာ ပဲ"

Scanned by CamScanner

"မင်းကို ကိုယ်အဖော်လုပ်ပေးမယ်"

"ဘာ"

လွှတ်ခနဲထွက်သွားသည့် ကိုယ့်စကားကိုယ် ဘရိတ်အုပ်ဖို့မမီလိုက်။ ထွက်သွားသည့်စကား အတွက် တာဝန်ယူရတော့မည် ဆိုတာလည်း သူ့ကိုယ်သူသိသည်။

သူမမျက်နှာလှလှလေးကို ခပ်ငေးငေးကြည့်ကာ-

"မင်းလိုအပ်ရင် မင်းအနားမှာ ကိုယ်ရှိနေပေးချင်ပါတယ်၊ မင်းနှင်မထုပ်သရွေ့ ကိုယ်ဘယ် မှမသွားဘူး"

"ရှင် စိတ်ကူးရင်ပြီး ပြောနေတာ မဟုတ်လား"

"မင်းကဘယ်လို ထင်မြင်ယူဆနေတာလဲ"

"ကျွန်မလိုမိန်းကလေးကို ဘယ်ယောကျ်ားမှ အချိန်ကြာကြာ စိတ်ရှည်မယ်မထင်ဘူး၊ ကျွန်မကလည်း တစ်ခါခံပူးထားလို့ ဘယ်ယောကျ်ားမှ မယုံဘူး၊ အဲဒါကြောင့် မို့ ကိုယ့်မာနနဲ့ ကိုယ် တစ်ယောက် တည်း နေနေတာ လောဘကြီးတဲ့ယောကျ်ားတွေ ကို မုန်းတယ်"

နှာခေါင်းရှုံ့ ပြီးပြောနေတာက တကယ်ကို ရွံရှာမုန်းတီးနေသလိုပင်။ သူက လောဘ မ ကြီးပေမဲ့ အတ္တကင်းသည့် ယောကျ်ား တစ်ယောက် တော့ မဟုတ်ပါ။

ပစ်စလက်ခတ်နိုင်လွန်းသော သူမဘဝလေးကို တည့်တည့်မတ်မတ် လမ်းကြောင်း ပြ ပေး ချင် သည်။

သူမ လက်သင့်ခံ မခံဆိုတာ ကတော့ သူမအပိုင်းပဲ ဖြစ်၏ ။

"မင်း အိမ်ပြန်တော့မယ်ဆို ကိုယ်လိုက်ပို့မယ်လေ"

"ကျွန်မမှာ ကားပါတာပဲ ဥစ္စာ၊ ရှင်လိုက်ပို့စရာ မလိုပါဘူး၊ ပြီးတော့ ကျွန်မပြန်လည်း မပြန် ချင်သေးဘူး"

Scanned by CamScanner

"မိန်းကလေး တစ်ယောက် တည် ဒီထက်အချိန်လွန်အောင် နေလို့ ဘယ်ကောင်းမလဲကွ၊ ဒီနေ့ မိုးမရွာပေမယ့် စိမ့်စိမ့်လေးအေးနေတယ်၊ မင်းအိမ်ရောက်ရင် ကိုယ် ကော်ဖီဖျော်တိုက် မယ်လေ"

"ရှင်တကယ်ပြောတာလား"

သူစိတ်ပါ လက်ပါ ခေါင်းညိတ်ပြတော့ သူမမျက်နှာလေးဝမ်းသာရွှင်ပျသွား၏ ။ သူ့လက် မောင်းတစ်ဖက်ကို ခပ်ဆတ်ဆတ်ရိုက်ကာ-

"သူကော်ဖီ ဖျော်တာအရမ်းတော် လိမ့်လို့ ကျွန်မယုံကြည်တယ် သိလား၊ ကျွန်မက သူများ ဖျော်တိုက်တာဆိုရင် ကောင်းကောင်း မကောင်းကောင်း အရမ်းသောက်ချင်တာ၊ ငယ်ငယ်တုန်းက မေမေဖျော်တိုက်တဲ့နို့ကိုသောက်ရတာ အရမ်းအရသာရှိတာပဲ၊ ဖေဖေဝယ်လာပူး တဲ့မုန့်ကို စားရတာ လည်း ဒီနေ့ထိ မမေ့ဘူး"

ပေးဆပ်ချစ်မည့် မေတ္တာတရားတွေ ကို သူမ တောင့်တနေတာများ လား။ သူကရော ဘာ ကြောင့် လိုက်လျောဖြည့်ဆည်းချင်နေရတာ လဲ။

တကယ်ဆို မသိသလိုနေလိုက်ပြီး ခပ်ကင်းကင်း ဆက်ဆံမိဖို့ ကောင်းသည်။ ခုတော့ သူမမျက်နှာလေး လန်းဆန်းဝင်းပနေတာကိုမြင်ပြီး သူ့ရင်မှာ ကြည်နူးချမ်းမြေ့နေရသည်။

ခန်းမထဲက အတူတူ တွဲ ထွက်လာခဲ့ရတာ ကိုလည်း ကျေနပ်ဂုဏ်ယူသလို ဖြစ်နေခဲ့၏ ။ သူမမယုံကြည်တဲ့ ယောကျာ်းတွေ ထဲမှာ သူမပါတော့ဘဲလေ မင်းကို ကိုယ် ဖြားယောင်း သွေး ဆောင်ခဲ့တာ မဟုတ်ဘူးနော်၊ ရိုးရိုးသားသား ငြိတွယ်သွားခဲ့တာ။

.............

အခန်း(၈)

"ကော်ဖီကို ခါးခါးလေးကြိုက်လား၊ ချိုချိုလေးကို ကြိုက်လား ရတု"

Scanned by CamScanner

"ရှင်ကြိုက်သလိုဖျော်၊ ရှင်ဖျော်တဲ့ကော်ဖီကို သောက်ရရင်တော် ပြီ"

သူရေနွေးတည်နေဆဲမှာ သူမက ထိုင်ခုံမှာ တင်ပျင်ခွေထိုင်ရင်း သူဖျော်ပေးမည့် ကော်ဖီ တစ်ခွက်ကို ဘယ်လို ပုံစံမျိုး ဖြစ် ဖြစ် တောင့်တနေဟန်ရှိသည်။

သူကမီဖိုချောင် ကိစ္စများ ကို မေမေနှင့် ကူလုပ်ပေးနေကြမို့ ကော်ဖီမဖျော်ခင်မှာ အရင်ဆုံး မီးဖိုခန်းတစ်ခန်းလုံး ရှင်းလင်းသန့်စင်လိုက်သည်။

ဆေးရမည့် ပန်းကန်ခွက်ယောက် များ ကိုလည်း ဘေစင်မှာ ဆေးကြော သုတ်သင်လိုက် ၏ ။ရတုမှီအဒေါ်ဆိုတာမရှိလို့ တစ်အိမ်လုံး ပစ်စကီလက်ခတ် ဖြု တ်စဖျင်းတောင်း ဖြစ်နေတာလား မသိ။

သူမ ကတော့ ဘာတစ်ခုမှ မလုပ်တာသေချာသည်။ ပရိဘောဂများ အလှပန်းအိုးများ ကအစ ဘာတစ်ခုမှ သူ့နေရာနှင့် သူမရှိ။မြင်မြင်သမျှမှာ ရှုပ်ထွေးပွေလီညစ်ပတ်ပေရေနေသည်။ လူ အနေ နည်းသည့် အပေါ်ထပ်မှာ ဆိုလျှင် ဒီထက်ပိုဆိုးလိမ့်မည် ထင်၏ ။

"တိုက်တွေ ကားတွေ နဲ့ မင်တို့ ဒီလောက်ချမ်းသာနေတာ အိမ်အကူ တစ်ယောက် လောက် ငှားပါလားကွ"

သူကကော်ဖီ ဖျော်နေရင်းနှင့် မနေနိုင်စွာ ပြောတော့ သူမက နှာခေါင်းလေးရှုံ့ကာ-

"အရင်ကတစ်ပတ်တစ်ခါ အိမ်သန့်ရှင်းရေး လုပ်ဖို့ အလုပ်သမားခေါ်ထားသေးတယ်၊ အန်တီချိုကလည်း မေမေမရှိကတည်းက ဘာမှ လုပ်တာကိုင်တာမှ မဟုတ်တာ၊ တစ်ခုခုနိုင်း တော့မယ်ဆို အခကြေးငွေ များများ ပေးရတယ်၊ အခုလည်း တစ်ပတ်တစ်ခါ သန့်ရှင်း ရေး အလုပ် သမား ခေါ်နေရင် ပိုက်ဆံကုန်မယ့်အစား သူ့ကိုပေးတဲ့၊ သူလုပ်မယ်ပေါ့လေ၊ ပြောလို့သာပြောတာ တစ်အိမ်လုံးလည်း လုပ်နိုင်တာ မဟုတ်ဘူး၊ လက်ထဲငွေရပြီဆိုရင်တော့ ပဲခူးက သူ့အမျိုး တွေ ဆီ ပြန်ပေးရော"

Scanned by CamScanner

"အဲလိုသွားပေးနေရင်း ဒီအိမ်ကြီးတစ်အိမ်လုံးမှာ မင်း တစ်ယောက် တည်း ရှိတာပေါ့၊ မင်း နေရဲတာ အံ့ဩဖို့ကောင်းလိုက်တာ"

"ဘာအံ့ဩစရာရှိလဲ၊ ရတုမှီဆိုတာ မွေးကတည်းက တစ်ယောက် တည်းပဲ၊ ငယ်ငယ်ကဆို ကြောက်လွန်းလို့ ဘယ်သူမှပြန်မလာမချင်း ချောင်တစ်ချောင်မှာ ကပ်ပြီးတစ်နေကုန် ငိုနေရ တာ"

"ဟာမင်းမိဘတွေ က သမီးလေး တစ်ယောက် တည်းကို အဲလိုပစ်စလက်ခတ်ထားရစ်ခဲ့တာ ပဲလားကွာ၊ အိမ်မှာ ကလေး တစ်ယောက် တည်း တစ်ခုခု ဖြစ်ရင် ဘယ်လိုလုပ်မလဲ"

သူကတကယ်ပင် အထိးကျန်သိမ်ငယ်နေရှာမည့် သူမဘဝလေးကို တွေ းကာ သနား သွား မိသည်။ ကော်ဖီခွက်လေးကို သူမရှေ့ချပေးပြီး ဝင်ထိုင်လိုက်သည်။

သူမက ဣန္ဒြေမရစွာ ကော်ဖီခွက်လေးကို လှမ်းယူပြီးတစ်ကျိုက်နှစ် ကျိုက် မော့သောက် သည်။

"ဟား ပူပူလေးနဲ့ မွှေးမွှေးလေး၊ အရသာရှိလိုက်တာ၊ ရှင့်ကို အဲလိုအတတ်ပညာတွေ ဘယ် သူသင်ပေးတာလဲဟင်"

"ကိုယ့်မေမေပေါ့ အိမ်အကူအလုပ်သမားတွေ ရှိပေမယ့် ကိုယ်တွေ လည်း တတ်ထားသင့် တယ်တဲ့၊ ဘဝဆိုတာ နှိမ့်ချည် တစ်လှည့်၊ မြင့်ချည်တစ်ခါဆိုတော့ ဘယ်လို အကြောင်းကံမျိုး နဲ့ ဘယ်လိုဘဝမျိုး ရောက်မယ်ဆိုတာ မသိနိုင်ဘူး၊ အဲဒါကြောင့် လူ့ရယ်လို့ ဖြစ် လာရင် အသေးအမွှား ကနေ အကြီးအမားဆုံးကိစ္စတွေ အထိ ကိုယ့်ဘာသာ ရင်ဆိုင်ရဲရတယ်၊ ကိုယ့်အား ကိုယ်ကိုးနိုင်ရ မယ်၊ ကိုယ့်တာဝန် ကိုယ်ယူနိုင်ရမယ်တဲ့"

သူ့စကားတွေ ကို သူမက အထူးအဆန်းသဖွယ် နားထောင်နေပြီး ကော်ဖီခွက်လေးကို စား ပွဲ ပေါ် ပြန်ချလိုက်၏ ။

"အဲလိုဂရုစိုက်မှု ဆုံးမသွန်သင်မှု ရှိတဲ့ မိဘတွေ နဲ့ နေရတာ

Book Sharing

Scanned by CamScanner

ရှင်အရမ်းကံကောင်း တာပဲနော်"

"ကံဆိုးခြင်း ကံကောင်းခြင်းက ကိုယ့်ရဲ့ ကံတရားနဲ့လည်းဆိုင်တယ်၊ ကိုယ့်ရဲ့ ကံကို ပြုပြင်ဖို့ဆိုတာလည်း ကိုယ်နဲ့ပဲဆိုင်တယ်၊ မိဘမေတ္တာမရဘူး။ ကံမကောင်းဘူးဆိုပြီး ကိုယ် စိတ် ထင်ရာလုပ်၊ ကိုယ်နေချင်သလိုနေလိုက်ရင် ကိုယ့်ဘဝပဲ ပျက်စီးမှာ ပေါ့"

"ရှင် ကျွန်မကို ဆုံးမနေတာလား"

"နာခံချင်မှ နာခံပါ၊ တချို့က ဘဝကို ဖြစ်သလိုရေစုန်မျှောနေချင်ကြတယ်၊ ချမ်းသာပြည့်စုံ နေလို့ မင်းဘဝက ဒီအတိုင်းရှိနေသေးတာ၊ ဆင်းရဲတဲ့သူဆိုရင် မင်းဘဝ တွေ းတောင် မတွေ းရဲ တော့ဘူး"

သူကနာခေါင်းကိုရှုံ့၊ ပခုံးကိုတွန့်ပြောတော့ သူမက ဟက်ဟက်ပက်ပက် ရယ်ချသည်။

"ရှင့်စကားတွေ နားထောင်ရတာ ၊ ရှင်နဲ့စကားတွေ ပြောနေရတာ အပျင်းပြေတယ်သိလား၊ အရင်ကအိမ်ပြန်လာရင် တစ်ယောက်တည်းသွေသွေခြောက်ခြောက်နဲ့ အထီးကျန်နေသလိုပဲ"

"အေးပေါ့၊ တစ်အိမ်လုံး တိတ်ဆိတ်ခြောက်ကပ်နေတာပဲနော်၊ မင်းအဒေါ်ဆိုတာကရော ဘယ်အချိန်ပြန်လာမှာ လဲ"

"ရောက်နေပြီ ဖြစ်မယ်၊ အိမ်ရှေ့မှာ ဖိနပ်တွေ့ ခဲ့တယ်"

"ဘာပြန်ရောက်နေပြီး၊ ခုချိန်ထိ ဘာလို့ မတွေ့ ရတာ လဲ"

"ဒီလိုပဲလေ ပြန်ရောက်တဲ့နေ့ဆို ပင်ပန်းလို့ဆိုပြီး အခန်းထဲက အခန်းပြင် ထွက်တော့တာ မဟုတ်ဘူး၊ ကျွန်မဘယ်ချိန် ပြန်ရောက်လဲ၊ ဘယ်သွားလဲ သူပူပန်စရာမှ မလိုတာ"

"ဟာကွာ မင်းဘဝက အဲလိုကြီးလား၊ မင်းအဖေကရောမင်းကို တစ်ခေါက်မှတောင် လာမ ကြည့်ဘူးလား"

Scanned by CamScanner

သူမမျက်ဝန်းလေး ချာခနဲလည်သွားကာ အတန်ကြာငြိမ်သက်သွား၏။ စိတ်ဂနာမငြိမ်သလို တးပွဲခုံလေးကိုလည်း တစ်ဒေါက်ဒေါက်ခေါက်ကာ-

"ဟိုမိသားစုအိမ်မှာ ဖေဖေ ဘယ်လိုနေမလဲ သိချင်လိုက်တာ၊ ကျွန်မဆီကို တစ်ခါမှ မဆက်သွယ်သေး၊ မလာသေးဘူး၊ လာရင်လည်း ကျွန်မက စကားကောင်းကောင်းမပြောလို့ လား ချင်မှာ မဟုတ်ပါဘူး"မလာတာလည်း ကောင်းပါတယ်၊ ငွေ ကြေး ထောက်ပံ့ရှိနဲ့ ဖခင် ဝတ္တ ရား ကျေပြီလို့ ယူဆနေတဲ့ဖေဖေကိုလည်း ကျွန်မမတွေ့ ချင်ဘူး။

"ရတုက သူ့စိမ်းဆန်လို့ အနေဝေးသွားတာ မဟုတ်ဘူးလား"

"မိဘတွေ က မမှား ဘူး၊ သမီး ဖြစ်တဲ့ ကျွန်မက မှား နေတယ်လို့ ရှင်ဆိုလိုတာလား၊ လူငယ်တွေ ရဲ့ အမှား က လူကြီးတွေ ကြောင့် ရော မ ဖြစ်နိုင်ဘူးလား"

သူဘာပြေရမှန်းမသိပါ။ မိသားစုဘဝရဲ့ လိုအပ်ချက်က ဘယ်လိုအရာက အဓိကလဲ။

နားလည်မှု လား၊ ပြည့်စုံမှု လား၊ နှစ် ခုလုံးလည်း ဖြစ်နိုင်သည်။

သူ့မှာ က နားလည်းမှု ရော ပြည့်စုံမှု ရော မေတ္တာရော ဘာလိုအပ်မှု မှ မရှိ။

"ဘယ်သူမှား မှား ကိုယ်ကမှာ အောင်မနေဘူးဆိုရင် ကိုယ်စိတ်ချမ်းသာတာပဲလေ၊ ကိုယ့် ဘဝပျက်ဆီးလေလွင့်သွားတဲ့အထိတော့မမိုက်ပါနဲ့ကွာ"

"နိုက်ကလပ်သွားတာ ပျက်စီးနေတဲ့ သူတွေ ချည်းပဲလား"

"မဟုတ်ပါဘူးကွာ၊ ကိုယ် အဲလိုသဘောမျိုး ပြောတာမဟုတ်ပါဘူး၊ ကိုယ်လည်း အဲဒီ ကို ရောက်တာပဲ၊ ကျန်းမာရေး အတွက် သွားကနေတဲ့သူတွေ လဲရှိတယ်၊ မွန်းကျပ်မှု တွေ ကို ဖောက် ထုတ်ပစ်ချင်လို့သွားတဲ့ သူတွေ လည်းရှိတာပဲ၊ များ သော အားဖြင့် လူကုံထံမိသားစု အသိုက်အဝန်းက ခေတ်မီချင်လို့ အဆင့်အတန်းမြင့်ချင်လို့ သွားကြတာများ တယ် ဒါ အထင်သေး စရာမဟုတ်ပါဘူး"

"ဒါဆိုရင် ရှင်ကျွန်မကို ဘာလို့ပျက်ဆီးမှာ စိုးရိမ်တယ်ပြောနေရတာ လဲ၊ လူတွေ

Scanned by CamScanner

ဘယ်လို ထင်မြင်ယူဆနေတယ်မသိပေမယ့် ကျွန်မကိုယ်ကျင့်တရားက အလက်ကြီးရှိသေးတယ်၊ အရပ်မ သောက်ဘူး၊ ဖဲမရိုက်ဘူး၊ လောင်းကစားမလုပ်ဘူး၊ ရည်းစားထည်လဲတွဲ ပြီး ပန်းခြံ တွေ မှာ မထိုင်ဘူး၊ ရုပ်ရှင်မကြည့်ဘူး"

လက်ချောင်းလေးတွေ တစ်ခုချင်းချိုး ၍ ရေတွက်ဆင်ခြင်ပေးနေတာက ကလေးဆန်ဆန် အပြစ်ကင်းလှသည်။

စကားတွေ ပြောလိုက် ကော်ဖီသောက်လိုက်ဖြင့် သူမမျက်နှာလေး ကြည်လင်လန်းဆန်း နေ၏ ။ ထိုအပြုံး လေးများ ကို ရိုးသားခြင်းသင်္ကေတများ ဖြင့် တန်ဆာဆင်၍ တစ်သက်လုံး မြတ်နိုးယုယစွာ ဖြည့်စည်းပေးဆပ်ခွင့် ရခြင်လှသည်။

လူတွေ နှင့် သဟဇာတရှိအောင် မနေတတ်သော သူမလေးကို လိုက်လျော ညီထွေ ဖြစ် အောင် ပံ့ပိုးကူညီချင်သည်။

နွေးထွေးချင်း မေတ္တာတွေ ကင်းဝေးနေရှာသည့် သူမဘဝလေးကို ပြီးပြည့်စုံမှု တွေ ဖြစ် ခြုံလွှမ်းထားလိုက်ချင်၏ ။

ဒါဟာငြိတွယ်မှု တစ်ခုကြောင့် ဆိုလျှင် အချစ်လား မေတ္တာလား အဖြေတစ်ခုခု ထွက်မှာ သေချာ၏ ။

ထိုနေ့ကညဆယ်နာရီကျော်မှ အိမ်ပြန်လာ ဖြစ်သည်။ ဒီတစ်ခါတော့ သူ့ကား လေး အနား ထိသူမလိုက်ပို့ကာ-

"နောက်နေတွေ ရော ကျွန်မကို ကော်ဖီဖျော်တိုက်ချင်စိတ် ရှိရဲ့ လား"

ဟု ပြောင်ပြောင်တင်းတင်း မေး၏ ။ သူက ခေါင်းတဆက်ဆက်ညိတ်၍ လူကြီးတစ် ယောက် ရဲ့ အပြုံး မျိုး ဖြင့် -

"အင်ဖျော်တိုက်မှာ ပေါ့ မင်းက ကိုယ့်ရဲ့ ကလေးလေး ဖြစ်သွားပြီပဲ ဆန်းဒေးကျရင် ကိုယ်ဈေးဝယ်လာခဲ့မယ်၊ မင်းစားချင်တာ ချက်ကျွေးမယ်၊ မင်းက ဘေးကနေ ကူလုပ်ပေးပေါ့"

Scanned by CamScanner

"တကယ် ရှင်တကယ်ပြောတာနော်၊ ကတိ ကတိမိတ္တူ"

သူမက ကိုးရီယားကားတွေ ကြည့်သည့်ထင်ရဲ့။

လက်ချင်းဆုပ် လက်မချင်းထိ၍ ကတိမိတ္တူလုပ်လိုက်ရသေးသည်၊ သူ ကားပေါ်က နေ လက်ပြတော့ ကလေးလေးလို ခုန်ပေါက်လက်ပြ၍ ကျန်ရစ်ခဲ့သည်။

ပထမအကြိမ်ဆုံစဉ်ကလို ဆက်ဆံရခက် စကားပြောအစဉ်မပြေသည့် မိန်းကလေး မဟုတ်တော့သည့်အတွက် ရတုမိုဟာ မာကျောချင်ယောင်ဆောင်နေသည့် စိတ်ပျော့ညံ့ နူးညံ့ လွန်းသူ တစ်ယောက် ဟု သူသိလိုက်ရသည်။

မင်းအတွက်လူစွမ်းကောင်း တစ်ယောက် ဖြစ်ချင်တယ် ရတုမို။

.............

အခန်း (၉)

"ညကလာသွားတဲ့ ကောင်လေးက ညည်းရည်းစားလား"

"ဟင် အန်တီချို သိနေတယ်။ ဒါနဲ့မှား ဘာလို့ထွက်မလာတာလဲ အန်တီချိုရယ်၊ အဲဒီ လူ သာ လူဆိုး ဖြစ်ပြီး ရတုကို ရန်ရှာရင် အန်တီချို မသိယောင်ဆောင်နေမှာ ပဲလား"

"ဩော် စကားပြောရင် အဆင်ပြေအောင်မပြောဘူး။ လူပုံကိုကြည့်ရုံနဲ့ လူဆိုးလူကောင်း ငါခွဲခြားတတ်ပါတယ်။ ညည်းကို မတော် တရော် လုပ်တောတွေ ့ရင် ငါထွက်ရိုက်မှာ ပေါ့၊ အခုက ရည်ရည်မွန်မွန်လေးမို့ အပေါ်ထပ်ပြန်တက်ပြီး အနားယူနေတာ။ တစ်ခေါက် တစ်ခေါက် ပြန်ရရင် အရမ်းပင်ပန်းတာပဲဟယ်။ လူတစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို လှုပ်ကို မလှုပ်နိုင်ဘူး"

နေမြင့်မှ အိပ်ရာထလာပြီးရှုံ့ရှုံ့မဲ့မဲ့ ညည်းညူနေတော့ အန်တီချိုကို ရတုမို စိတ်ကုန်သလို နှာခေါင်းရှုံ့ကြည့်လိုက်သည်။

"အဲဒါကြောင့် ခဏခဏ မသွားနဲ့လို့ ပြောနေတာပေါ့ အန်တီချိုရယ်။ အန်တီချ

Scanned by CamScanner

က မသွား ခင်လည်း လက်ဆောင်တွေ ဘာတွေ သွားဝယ်နေတာနဲ့ အိပ်မကပ်ဘူး။ ပြန်လာတော့လည်း ပင် ပန်းလို့ဆိုပြီး သုံး၊ လေးရက်လောက် ဘာမှလုပ်နိုင်တာ မဟုတ်ဘူး"

"အောင်မယ် ညည်းက ငါ့ကို အိမ်ဖော်လို သဘောထားနေသလား။ ငါ့ညီမရှိတုန်းက လည်း ငါ ဘယ်လို နေခဲ့တယ်ဆိုတာ ညည်းသိပါတယ်။ ဘာအလုပ်ပင်ပင်ပန်းပန်း လုပ်ခဲ့ရလို့လဲ။ ထမင်း ဟင်းဆိုလည်း ချက်ရတာ မဟုတ်ဘူး။ ဟိုတယ်တွေ ၊ စားသောက်ဆိုင်တွေ သွားဝယ် ပေးလိုက်ရုံပဲ။ သူဖဲနိုင်လာတဲ့နေ့ဆို ဖြိုး ဖြိုး ဖြက်ဖြက်ရသေးတယ်။ အခုမှ ငါက ညည်းရဲ့ မသထာ ရေတာကို စားနေရတာ ပါ"

ကော်ဖီတွေ ပန်းခွက်ကြီးနှင့် အပြည့်ဖျော်ပြီး အန်တီချို ဆောင့်ဆောင့်အောင့်အောင့် ဖြစ် နေသည်။ သူစားချင် သောက်ချင်တာ အလှူပယ် လုပ်စားတတ်ပြီး သူမအတွက်တော့ တစ်ခါမှ စားမလား၊ သောက်မလား မေးမြန်းပြီး လုပ်မပေးတတ်ပါ။

သူမက ဒါချက် ဟိုဟာလုပ်ဆိုပြီး ငွေကြေးအပိုအလျှံပေးခိုင်းမှ လုပ်ပေးတတ်တာမျိုး ဖြစ် သည်။

ဒီလိုတာဝန်မသိတတ်၊ မကြင်နာတတ်သည့် သူမျိုးကို သူမအနားမှာ မေမေဘာကြောင့် စိတ်ချလက်ချထားရစ်ခဲ့တာလဲ။ ဒါပေမဲ့ ဟိုအရင်ကတည်းကလည်း ပေပေမေမေတို့က သူမအ ပေါ် ဥပေက္ခာများ နှင့် သာ-

"ဒီနေ့ ညည်းအပြင်ထွက်ဦးမှာ မဟုတ်လား။ ငါ ကြက်ဆီထမင်းစားချင်လို့ ပိုက်ဆံ ထားခဲ့ ဦး"

"ဟင် အန်တီချိုမသွားခင်က အိမ်အသုံးစရိတ်ဆိုပြီး နှစ်သိန်းပေးထားတယ်လေ။ အိမ်မှာ လည်း ဘာမှဝယ်မထားခဲ့ဘူး။ အန်တီချိုသုံးဖို့က သပ်သပ်ပေးထားတာပါ"

"ပါသွားတော့လည်း ကုန်တာပေါ့အေ။ လောက်တောင် မလောက်ဘူး။ ဟိုလူက ဟိုဟာ ဝယ်ပေးပါဦး၊ ဒီလူက ကျူရှင်တက်ချင်လို့၊ အသက်ကြီးတဲ့ အဖေနဲ့အမေက

Book Sharing
Scanned by CamScanner

ကောင်းကောင်းလေး စာချင်နဲ့ ငါမှာ လည်း အပူတွေ များ လွန်းပါတယ်။ မသွားဖိရင်အကောင်းသား"

ဒါက ပြန်လာတိုင်း ပြောနေကျစကားပင်။ နောက်ငွေလေး နည်းနည်း စုမိတာနဲ့ အဖေနဲ့ အမေက အသက်ကြီးပြီ။ နေကောင်းပါ့မလား။ ဘယ်တူ၊ တူမလေးက စာမေးပွဲမှုဖြေနိုင်ရဲ့ လား။ သူ တို့ မိဘတွေ က မုန့်ဖိုးမှ ပေးနိုင်ရဲ့ လားနှင့် ပူပန်မှု များ လိုက်တာ မနေနိုင် မထိုင်နိုင်။ ဒီမှာ ရှိတဲ့ သူကိုတော့ ဂရုစိုက်ရမှန်းလည်း မသိ။ အားနာရမှန်းလည်း မသိ။

ကိုယ်ကပဲ လူပိုသက်သက်လား၊ အသုံးချခံသက်သက်လား။ သူမ စားချင်သောက်ချင် စိတ် မရှိတော့ဘဲ ဧည့်ခန်းဘက် ထွက်လာခဲ့သည်။ အိမ်မှာ နေလျှင် တစ်နေကုန် အကုသိုလ်များ ရ တော့မည် ထင်၏ ။

ဆိုဖာခုံရှည်ကြီးပေါ် ပက်လက်လှန်လှဲချလိုက်ရင်း ညက မိုးကာဖျော်တိုက်သည့် ကော်ဖီ နံ့မွှေးမွှေးလေးကို သတိရမိသည်။ ကော်ဖီက ခါးတာလည်း မဟုတ်၊ ချိုတာလည်း မဟုတ် စိမ့်သက် သက်လေး ဖြစ်၏ ။

ယောက်ျားလေး ဖြစ်ပြီး ကော်ဖီလည်း ဖျော်တတ်သည်။ မီးဖိုတစ်ခန်းလုံးလည်း ခဏလေး အတွင်း :မှာ သန့်ရှင်းတောက်ပြောင်အောင် လုပ်ပေးခဲ့၏ ။

စကားပြောသည့်အသံလေးက ဩရ ဝါညက်နေပြီး တည်ငြိမ်လေးနက်မှု နှင့် ဆွဲဆောင်မှု ရှိ သည်။

အဝတ်အစားဝတ်တာကအစ မဟော့ရမ်းဘဲ လူကြီး လူကောင်းဆန်သည်။ ထူတန်းစိမ်း ညို့ သော မျက်ခုံး၊ တင်းတင်းစေ့ပိရိသေသပ်သည့် နှုတ်ခမ်းလေးနှင့် လေးထောင့်ဆန်ဆန် မေးရိုး ကျကျလေးက ယောက်ျားပီသမှု ကို ဖော်ညွှန်းသည်။ ဖြင့်မားသော ကိုယ်နေဟန်ထားနှင့် စတိုင်လ် ပန်တွေ နက်ခ်တိုင်တွေ နှင့် ဆိုတော့ စမတ်ကျကျ ကြည့်ကောင်းလွန်း၏ ။

ဘယ်သူ့ကိုမှ ယုံကြည်မလွယ်သော သူမက မိုးကာကို ဘာကြောင့်

Scanned by CamScanner

ရင်းနှီးပတ်သက် လွယ်လိုက်တာလဲ။ သူမအပေါ် ဂရုစိုက်တတ် စိုးရိမ်တတ်တာလေးတွေ ကို သာယာလိုက်မိတာ များ လား။

ဆုံဆည်းမှု က ကဗျာဆန်ဆန်မဟုတ်။

မိုးကာက အရင်ဆုံးမိတ်ဆက်လာကာ သူမက သူ့ရဲ့ ရင်းနှီးမှု အပေါ် စီးမျောခံစားမိလိုက် တာ။

ဒါဟာ ရိုးသားမှု မဟုတ်တာ သိသိကြီးနှင့် -

"မီးဖိုခန်းထဲမှာ သန့်ရှင်းတောက်ပြောင်နေလို့ အံ့သြနေတာ၊ ညည်းလုပ်တာ မဟုတ်ဘူး မဟုတ်လား"

ရှောင်ထွက်လာခါမှ ညော်ခန်းထဲထိ လိုက်လာပြီးပြောသည်။ သူမက ဖြန့်းခနဲ ထထိုင်လိုက် ကာ-

"ညော်သည်က အမြင်မတော် လို့ လုပ်ပေးသွားတာ ဘာ ဖြစ်လို့လဲ"

"အေး အဲလို အမြင်မတော် လို့ လုပ်ပေးမယ့် ညော်သည်ခဏခဏလာရင် ပိုကောင်းတာပေ့ါ။ ဘယ်နေ့လာဦးမှာ တဲ့လဲ"

"မသိဘူး"

"ညည်းနဲ့ အဲဒီ ကောင်လေး ပတ်သက်မှု ကရော ဘယ်လိုအခြေအနေလဲ"

"မသိဘူး"

"ဟဲ့"

သူမ အမြင်ကတ်ကတ်နှင့် ဘုကန့်လန့်တိုက်ဖြေနေတော့ အန်တီချို မကျေမနပ် ဖြစ်သွား ဟန်တူ၏ ။ မျက်စောင်းကြီးဝင့်ကာ ဟဲဟု အကျယ်ကြီးအော်သည်။ သူမက မထီမဲ့မြင် ပေးစောင်း စောင်း လုပ်နေလိုက်၏ ။

"စကားကို ကောင်းကောင်းပြောစမ်း ရတုမို၊ ယောက်ျားလေးက

Scanned by CamScanner

အိမ်အထိတောင် ပါလာ တာ ရိုးရိုးသားသားတော့ မ ဖြစ်နိုင်ဘူး။ ဘာလဲ ညည်းတို့ ချစ်သူရည်းစားတွေ လား၊ လက်ထပ်ကြ တော့မှာ လား။ ညည်းလို မိန်းကလေးကိုတော့ ဘယ်ယောက်ျားလေးရဲ့ မိဘမှ သဘောတူမှာ မဟုတ်ဘူး။ ကြည့်လည်း လုပ်နော်။ နှစ်ခါကွဲတဲ့အသည်း မနာဘဲရှိပ့ါမလား ဖြစ်နေဦးမယ်"

"အန်တီချို"

"ပြော"

အန်တီချိုရဲ့ မဒိုးမခန့်နှင့် သူမကိုအထင်သေးသည့်အပြုံးတို့ကြောင့် သူမ မခံမရပ်နိုင် ဆွေ့ ဆွေ့ခုန်သွား၏ ။

"ရတုက ဘာတွေ ဖြစ်နေလို့လဲ။ ဘယ်လိုကိုယ်အကျင့်တရားတွေ ပျက်စီးနေလို့လဲ"

"အိမ်ထောင်မှု မထိန်းနိုင်၊ လမ်းပေါ်မှာ လတ်လျားလတ်လျား အချိန်ကုန်နေတတ်တဲ့ မိန်းကလေးကို ဘယ်လိုလူက အထင်ကြီးမှာ လဲ ရတုရဲ့ ။ ငါက စေတနာနဲ့ ပြောတာပါ"

"တော် ပါတော့ အန်တီချိုရယ် ရတုကို ဘယ်အချိန်တုန်းကမှ မပူပန်ခဲ့ဘူး။ စေတနာမထား ခဲ့ဘူးဆိုတာ ရတုသိပါတယ်။ ရတုဘယ်လိုနေနေ ဘာ ဖြစ် ဖြစ်လည်း ရတုရှေ့က ရပ်တည်ခဲ့တာ မရှိခဲ့ပါဘူး။ အန်တီချို ဘာစားမှာ လဲ၊ ဘာဝယ်မှာ လဲ၊ ရတုပေးပ့ါမယ်၊ ရတုကို ဘာမှမပြောပါနဲ့ တော့"

ငွေကို မမြင်လျှင် အမျိုးမျိုး ပူညံပူညံ နားဒုက္ခပေးနေဦးမှာ သိနေတာမို့ ဗီးခံသေတ္တာထဲက တစ်ထောင်တစ်အုပ် သွားယူပြီး ပေးလိုက်ရသည်။

သူမလည်း ရေမိုးချိုး အလှပြင်ကာ အပြင်ကို ထွက်လာခဲ့၏ ။ ဦးတည်ရာမရှိပါ။ ရည်ရွယ် ချက်မရှိပါ။

လေသင့်ရာ လွင့်မျောဖို့ ကံကြမ္မာရဲ့ စီးမျောမှု အတိုင်း။

Scanned by CamScanner

•••••••••••••

အခန်း (၁၀)

"ပြောလိုက်လေ သားရဲ့၊ သားအဖေကို သားက မိန်းမယူတော့မှာ လို့"

"ဗျာ"

"ဩော် သားအဖေကို မေမေ အကုန်ပြောထားပြီးပါပြီ။ အိအိပိုင်ရဲ့ သမီး ဆည်းဆာညိုလေးကိုသားက သဘောကျနေပြီ လက်ထက်ပေးဖို့ အမြန်ဆုံး စီစဉ်ရတော့မှာ လို့"

"ဟုတ်လား သား၊ သားအမေပြောတာ တကယ်လား"

ဖေဖေကသူ့ကိုသေချာအောင် ထပ်မေးနေ၏ ၊ သူဘာပြေရမှန်းမသိ၊ ခေါင်းကိုသာ စုံကုတ် နေမိသည်။

ဖေဖေက ပြုံး ပြုံး ကြီးနှင့် သူ့ပခုံးကို လှမ်းပုတ်ကာ-

"ဒါက ရှက်စရာ မဟုတ်ပါဘူးသားရယ်၊ သားသဘောကျတယ်ဆိုရင် ဖေဖေက သဘော တူပြီးသာပါ၊ မိဘတွေ သဘောတူလို့ ယူလိုက်ရတာ ထက် သားကလည်း နှစ်သက် တယ်ဆိုတော့ ပိုကောင်းတာပေါ့၊ သားမေမေက အိအိပိုင်သမီးလေးဆိုတာနဲ့ သူ့သမီးလေးရဲ့ အလှကို ဖေဖေ ပုံဖော်ကြည့်ပြီးပါပြီ၊ အမေတူသမီးလေဆိုရင် ယဉ်ယဉ်လေးနဲ့ချောမှာ ကွ၊ ဟုတ်တယ်မ ဟုတ် လားသား"

"ဟုတ် ဟုတ်ကဲ့"

"အေး ဖေဖေတို့က သားရဲ့ အိမ်ထောင်ရေး ကို အတင်းအကျပ် မစွက်ဖက်ဘူးဆိုပေမယ့် ယဉ်ကျေးလိမ္မာ အမျိုး ကောင်းသမီးလေးနဲ့တော့ ဖြစ်စေချင်တာပေါ့ သားရယ်၊ အိအိပိုင်က နောင်အိမ်ထောင်ပြုထားပေမယ်၊ အဲဒီ နောက်အိမ်ထောင်ကလည်း ဖေဖေတို့တက္ကသိုလ် တစ်ခု တည်းတတ်ခဲ့ကြတဲ့ သူငယ်ချင်းတွေ ပါ။ ဖေဖေ ကတော့ သားအတွက် စိတ်အေးသွားပြီကွာ"

Scanned by CamScanner

"အောင်မယ်လေး ကျွန်မက သားအတွက် ပိုပြီးတောင်

စိတ်ချမ်းသာပါသေးတယ်။ သား လေးက ဥစ္စာပေါ၊ ရုပ်ချောတဲ့သူဆိုတော့ သမက်ပမ်းချင်တဲ့သူ အိမ်ထောင်ဖက်ဖမ်းချင်တဲ့သူက ပုံလို့၊ မတော် တာတွေ နဲ့ တွေ့မှာ စိုးလို့ နေ့တိုင်း ရင်တထိတ်ထိတ်နဲ့ နေရတာ ။ ခုတော့ ဆည်းဆာ ညိုလေးက ကျွန်မလိုချင်တဲ့ ချွေးမ တစ်ယောက် ရဲ့ စံနှုန်းစံညွှန်းတွေ အပြည့်ပဲ။ ဪ ဒီနေ့ သား နားရက် မဟုတ်လား။ အိအိပိုင်က ဖုန်းဆက်ထားသေးတယ်။ သူတို့အိမ်ကို ထမင်းစားလာခဲ့ပါ တဲ့။ ဆည်းဆာညို လေးက သားအကြိုက် လက်စွမ်းပြထားတယ် ထင်ပါရဲ့ ကွယ်"

"ဗျာ ဟိုသားအပြင်မှာ အလုပ်ကိစ္စတစ်ခုချိန်းထားတယ် မေမေ"

ပထမဆုံးအကြိမ် မှသားက အသံတွေ တောင် တုန်ဟှာနေသည်။ ရတုမိုကို ပေးခဲ့သည့် ကတိကို သူ မဖောက်ဖျက်ချင်ပါ

ဖေဖေက ဘောင်ခတ်ထားသည့် မျက်မှန်ပေါ်က သူ့ကိုကျော်ကြည့်ကာ-

"ကိုထွန်းဝေတို့နဲ့ သာကေတဘက်က တိုက်ခန်းတွေ လေလံဆွဲဖို့ကိစ္စလား၊ သား အဲဒါ ဖေဖေ သွားလိုက်လို့ ဖြစ်ပါတယ်။"

" မ မဟုတ်ပါဘူး။ တခြားကိစ္စပါ ဖေဖေ။ တက္ကသိုလ်မှာ နှံးတုန်းက သူငယ်ချင်းတွေ နဲ့ ဆရာ ကန်တော့ပွဲအတွက် ဆွေးနွေးတိုင်ပင်ကြဖို့ပါ"

"ဪ အေ အဲဒါဆိုရင်တော့ သွားရမှာ ပေါ့။ ဘယ်အချိန်လောက်ပြီးမယ်ဆိုတာတော့ သားခန့်မှန်းလို့ ရတယ် မဟုတ်လား။ အဲဒီ ကအပြန် ဆည်းဆာညိုလေးဆီ ဝင်လိုက်ပေါ့။ နေ့လယ် စားဖို့မှာ ပါ"

"ဟုတ် သားပဲ သားရဲ၊ ဆည်းဆာညိုလေးဆီ မေမေ ဖုန်းကြို ဆက်ထားလိုက်မယ်။ အလုပ် ကိစ္စကြောင့် လာတာနောက်ကျမယ်လို့"

"ဟုတ် ဟုတ်ကဲ့၊ အဲလိုပဲ ပြောထားလိုက်ပါ မေမေ"

အခြေအနေကြည့်၍ ဖေဖေမေမေတို့ရဲ့ ဆန္ဒအတိုင်း

Book Sharing

Scanned by CamScanner

ခေါင်းညိတ်လက်ခံလိုက်ရသည်။ ရတုမှီဆီသွားရမည့် အကြောင်းကိစ္စ ပျက်မသွားရတာ ဘဲ ကျေနပ်ရှုးတင်ရမည် ။

"ဩော် ပေပေ ချောင်းသာက မုန့်တိုင်းဒဏ်ခံ ဟိုတယ်ဆောက်ဖို့ကိစ္စ အဆင် ပြေရဲ့ လား"

"အင်း ပြေနေရာတော့ ရခဲ့ပြီ သားရဲ့ ၊ အဆောက်အအုံပုံကြမ်းအတွက်တော့ တစ်ခေါက် သွားကြည့်ရဦးမယ် ထင်တယ်။ စနစ်တကျရေရှည်စီမံကိန်းအတိုင်း ခိုင်ခံ့အောင် လုပ်ရမှာ ။ ကန် ထရိုက်တွေ ကလည်း သူ့ထက်ငါ အပြိုင်အဆိုင် နာမည် ကောင်းရအောင် ကိုယ့်ကုမ္ပဏီ အောင်မြင် အောင်လုပ်ကြမှာ ။ ပေပေ ကတော့ ဒီနှစ် မှာ နိုင်ငံခြားသား ခရီးသွားဧည့်သည်တွေ အတွက် နိုင်ငံ တကာ အဆင့်မီ ဟိုတယ် ဖြစ်အောင် ကြိုး စားမယ်သား။ ငွေအကုန်အကျများ မှာ ကြောက်နေရင် မုန့်တိုင်းဒဏ် မခံနိုင်တာနဲ့ နောက်ထပ်ငွေနှစ် ဆလောက် ထပ်ကုန်နိုင်တယ်"

"ဒါပေါ့ ပေပေ၊ ရင်းနှီးမြှုပ်နှံတယ်ဆိုတာ တွန့်ဆုတ်နေရင် အောင်မြင်မှု လည်း မရဘူး။ ငွေ ရင်းလည်း ပိုများ တယ်။ တစ်ခါစိုက်ပျိုးရုံနဲ့ တစ်သက်လုံး စားနိုင်အောင် ကိုယ့်ဘက်က ကြိုး စား အားထုတ်ဖို့ လိုအပ်တာပေါ့။ အခု ဒီမှာ ဆောက်လုပ်နေတဲ့ ကန်ထရိုက်တိုက်တွေ တောင် စံချိန် စံညွှန်း မမီလို့ ပြိုကျပျက်စီးတော့ စိတ်လည်းပင်ပန်းရတယ်။ ငွေအရင်းအနှီးလည်း နှစ် ဆထပ်ကုန် တယ်။ ကုမ္ပဏီတွေ လည်း နာမည် ပျက်ရတယ်။ အဲဒါ ရေရှည်မကြည့်တတ်တဲ့ စီးပွားရေး အမြော် အမြင်မရှိတဲ့ တစ်နပ်စားညဏ်လုပ်ငန်းရှင်တွေ ပဲ"

စီးပွားရေး လုပ်ငန်းကိစ္စတိုင်ပင်နေသည့် သားအဖနှစ် ယောက် ကိုမေမေက ပြုံးပြုံးကြီး ကြည့်နေကာ-

"ကဲ ဒီသားအဖနှစ် ယောက် လုပ်ငန်းကိစ္စ ဆွေးနွေးတိုင်ပင်မယ်ဆိုလည်း ညကျမှ လုပ်ကြ လေ။ သားကလည်း သွားစရာရှိတယ်။ ဖေကြီးကလည်း အစည်းအဝေးတက်ရဦးမယ်ဆို၊ စကား ပြောနေတာနဲ့ ကော်ဖီတွေ လည်း အေးကုန်ပြီ။

Scanned by CamScanner

မြန်မြန်းစားကြ၊ သောက်ကြ"

မေမေလောဆော်မှ ကမန်းကတန်း စားသောက်ပြီး ရတုမိုဆီ သွားဖို့ ပြင်ဆင်ရသည်။ ထိုသို့ ရတုမိုအကြောင်း ခေါင်းထဲရောက်လာသည်နှင့် ရင်တွေ တသိမ့်သိမ့်လှုပ်ခတ်နေသည်။ ဒီကောင်မလေးက သူ့ရင်ထဲထိ ထဲထဲဝင်ဝင် နေရာယူရသည်ပဲ။ မင်းအလှတစ်ခုတည်းကြောင့် တော့ မဟုတ်လောက်ပါဘူး ရတုမို။

*************

Scanned by CamScanner

အခန်း (၁၁)

ကုန်တိုက်တစ်ခုမှ အသားငါးနှင့် ဟင်းသီးဟင်းရွက်တွေ ဝင်ဝယ်ပြီးမှ ရတုမိုတို့အိမ် သူ ရောက်လာခဲ့ါသည်။ သူရောက်မှ ရတုမို ညအိပ်ဝတ်စုံတောင် မလဲနိုင်ဘဲ ကမူးရှူး ထိုး ပြေးထွက် လာသည်။

"ခြံထဲကို ဝင်လာတဲ့ ကားသံကြားလို့ မိုးကာ ဖြစ်ရမယ်ဆိုပြီး ထွက်ကြည့်တာ၊ မိုးကာ ဖြစ် နေတာပဲ"

"ညဆို တော် တော် နဲ့ အိပ်မပျော်တတ်တော့ မနက်ကျရင် နေမြင့်မှ နိုးတာပေါ့ မိုးကာရဲ့ "

"ညညဆို မင်းအလုပ်တွေ က တော် တော် များ တယ် ထင်တယ်"

"များ တာပေါ့ အပြင်က နောက်ကျမှ ပြန်လာတဲ့နေ့လည်း ရှိတယ်။ ရောက်ရင်လည်း အခန်းထဲမှာ တီဗီကြည့်တယ်။ စာအုပ်ဖတ်တယ်။ သီချင်းဆိုပြီး ကချင်လည်း ကနေတာပဲ။ အရမ်း အိပ်ချင်ပြီဆိုမှ ထိုးအိပ်လိုက်တာ"

"အလုပ်ကြီး အကိုင်ကြီးပ၊ အင်း ကြီးပွားဦးမယ်"

သူအစ္စွဲတိုက်ပြောတော့ သူမက ရယ်ကျဲကျဲနှင့် သူ့လက်ထဲက အိတ်တွေ ကို လာဆွဲသည်။

"ဘာတွေ ဝယ်လာတာလဲ မိုးကာ၊ အများ ကြီးပါလား"

"ဖယ်စမ်းပါကွာ၊ မင်းစကားပြောတာ အာပုပ်စော်နံတယ်၊ မျက်နှာသစ်ပြီးမှ ပြန်ဆင်းလာခဲ့ သွား သွား"

သူမလက်တွေ ကို ပုတ်ချပြီး ရှုံ့ရှုံ့မဲ့မဲ့ သူပြောတာ နနရရ မျက်စောင်းလေးပင့်ထိုးကာ-

Scanned by CamScanner

"မိုးကာ အစုပ်ပလုပ်၊ နံလည်း မနံဘဲနဲ့"

သူမ ရှက်ရယ်ရယ်ကာ ပြေးထွက်သွားသည်။ သူက ကိုယ့်အိမ် ကိုယ့်ယာလို စီးဖိုခန်းဘက် တောက်လျှောက်ဝင်လာသည်။

"ဩော် မောင်မိုးကာ ဆိုတာလား"

"ဗျာ ဟုတ်ကဲ့ခင်ဗျ"

ကော်ဖီသောက်ရင်း မေးလိုက်သူက ရတုမိုပြောသည့် အန်တီချိုဆိုတာ ဖြစ်မည်။ ဆံပင် တွန့်လိပ်လိပ်လေးတွေ ကို ခေါက်ကလစ်နှင့် ညှပ်ထားပြီး မျက်ခုံးမွေး ဆွဲထားတာကလည်း သေး သေးမျှင်မျှင်၊ အသက်အရွယ်နှင့် မလိုက။ ခေတ်ဆန်ဆန် အဝတ်အစားများ ဝတ်ထားကာ စကား ပြောတာလည်း အလေးအနက်မရှိ။ ပေါ့ပျက်ပျက်ပင်။

သူက ဝယ်လာသည့် ပစ္စည်းတွေ စားပွဲပေါ်တင်လိုက်တော့ မျက်လုံးဝွေကြည့်ကာ-

"အဲဒါ ဘာတွေ လဲကွဲ့"

"ဟင်းချက်စရာတွေ ပါ၊ အသားငါး ဟင်းသီးဟင်းရွက် အစုံပါပါတယ်"

"အောင်မယ်လေး အဲဒါတွေ ဘာလုပ်ဖို့လဲ၊ ရတုဝယ်ခိုင်းတာလား။ငါ ကတော့ မချက်နိုင် ဘူးနော်။ ဆံပင်ညှပ်ဖို့ မျက်နှာပေါင်းတင်ဖို့ အပြင်သွားမလို့"

ပျာပျာသလဲ ခြေကာကာ လက်ကာကာ ငြင်းဆန်လိုက်နေတော့ သူရယ်ချင်သွားမိသည်။

"အန်တီ မချက်ရပါဘူး"

"ဩော် ရတုက သူချက်မယ်ပေါ့လေ။ ဘဲဥတောင် ကျက်လား မကျက်လား မသိတဲ့သူက ဘာလုပ်တတ်မှာ လဲ"

"ကျွန်တော် ချက်မှာ ပါ အန်တီ"

Scanned by CamScanner

"ဘာမင်းချက်မယ်"

"ဟုတ်ကဲ့၊ အန်တီတို့ ဟိုတယ်စာတွေ အပြင်စာတွေ စားနေရတာ ငြီးငွေ့နေမလားလို့ ကျွန်တော် ချက်ကျွေးမလို့ပါ"

"အို အဲဒီ လိုလား၊ မင်းက ချက်တတ်တယ်ပေါ့၊ ကောင်းတာပေါ့ကွယ်၊ ယောက်ျား လေး ဆိုပြီး တသီးတသကန့် နေနေလို့ ဘယ် ဖြစ်မလဲ၊ ပညာစုံတတ်ထားတော့ အိမ်ထောင်ကျတဲ့အခါ ကိုယ့်မိန်းမကိုယ် သင်ပေးလို့ရတာ ပေါ့ ကြုံပြောထားမယ်နော်၊ ရတုမှီက ဘာဆိုဘာမှ မတတ်တာ၊ ခုကတည်းက မိန်းမ မပီသတဲ့သူ အိမ်ထောင်မှု မထိန်းသိမ်းတတ်တဲ့သူ ဆိုပြီး သဘောတူမှာ မဟုတ်ဘူး"

"ဗျာ"

"အရင် တစ်ယောက် လည်း အဲဒီ ကိစ္စတွေ နဲ့ ခွာပြေးသွားတာလေ၊ မင်းကမိုက်မဲပြီး ငွတ် လက်ထပ်မယ်ဆိုရင်တော့ မင်္ဂလာဦးကတည်းက သူချက်တဲ့ထမင်း စားရလိမ့်မယ် မထင်းနဲ့"

သူ့ရင်ထဲ လှုပ်လှုပ်ခတ်ခတ်နှင့် ပူဆွေးရှိန်မြ သွားပါသည်။ ရတုမှီနှင့် ပတ်သက်ပြီး လက်ထပ် ဖို့မပြောနှင့် ချစ်သူအ ဖြစ်တောင် စိတ်ကူးရင်မကြည့်ရသေးပါ။

ဘာ ဖြစ်လို ဂရုစိုက်ကြင်နာပြီး နွေးထွေးမှု တွေ ပေးချင်နေသည်ဆိုတာလည်း တိတိကျကျတွေ းမရသေးပါ။

ဒါပေမဲ့ အချစ်နှင့် ဆက်နွယ်နေသည့် ခံစားမှု ကြောင့် ဆိုတာကိုတော့ ကိုယ့်ကိုယ်ကိုယ် သိသည်။ ဘယ်လိုမိန်းကလေးအပေါ်မှ ဒီလိုခံစားမှု တွေ ရှိမှမရှိဖူးတာ။

"အန်တီရို့အပြင်သွားမလို့ဆို သွားတော့လေ"

အသံစာစာလေးနှင့် အော်ရင်း ရတုမှီ ရောက်လာတော့ အန်တီချိုနှာခေါင်းရှုံ့ပြီး ကော်ဖီ ခွက်ကိုင်ကာ ထရပ်သည်။

"အခုသွားမလို့ပါဘဲ၊ ဩော် ငါ့ဖို့ မောင်မိုးကာ ချက်တဲ့ဟင်တွေ ချန်ထားဦးနော်၊

Book Sharing

Scanned by CamScanner

ပြန်လာမှ ဘယ်လောက် လက်စွမ်းထက်လည်း မြည်းကြည့်ရမယ်"

"ဟင့်အင်း။ မိုးကာချက်တာ ရတု တစ်ယောက် တည်း စားမှာ ၊ အန်တီချိုအတွက် ဝိုက်ဆံ ပေးထားတယ်လေ၊ အပြင်က စားသောက်ပြီးမှ ပြန်လာခဲ့ပေါ့"

"အေးပါ ညဦးတို့ လွတ်လွတ်လပ်လပ်သာနေကြ၊ ငါရုပ်ရှင်တွေ ဘာတွေ ကြည့်ပြီး မိုးချုပ်မှ ပြန်လာခဲ့မယ်"

အန်တီချိုအရွဲ့တိုက်ပြောပြီး ခြေဆောင့်ကာ ထွက်သွားသည်။ မိုးကာက အားတုံ့အားနာနှင့် မျက်နှာတစ်ခုလုံး နီမြန်းနေသည်။

"ဘာလို့အဲလိုကြီး ပြောလိုက်တာလဲ ရတုရယ်၊ ဟင်းတွေ က အများ ကြီးချက်မှာ ၊ ရတုတစ် ယောက် တည်းလည်း အကုန်စားနိုင်မှာ မဟုတ်ဘဲနဲ့ အားနာစရာကြီး"

"အားနာမနေနိုင်ပါဘူး။ ညကအလုပြင်သွားဖို့ ရော့ပင်ထွက်ဖို့ဆိုပြီး ငွေပေးထား ရသေး တယ်၊ ပြန်ရောက်တဲ့နေ့ကလည်း တပူပူ တဂျီဂျီ နားညည်းအောင်လုပ်နေလို့ ငွေပေးလိုက် ရ သေး တယ်၊အန်တီချိုက ရတုကို ပါးပါးလေးလိုးပြီး အရေခွံနွာဖို့အထိ ဆုံးဖြတ်ထားလားမသိဘူး။ အိမ်မှာ သူရှိရင် ရတုမရှိမှ၊ ရတုရှိရင် သူမရှိမှ နားအေးမှာ "

စိတ်ကုန်သလို ပြောနေသော ရတုကိုကြည့်၍ သူရင်မောသွားသည်။ ရတုက ဘယ်လိုအ ကုသိုလ်အကျိုး ပေးနှင့် ရှင်သန်နေထိုင်ရသည့် မိန်းကလေးလဲ။

"ကဲအဒီ အကြောင်းထားလိုက်ပါတော့ကွာ၊ အခုမင်းကိုယ့်ကို ကူလုပ်ပေးရမှာ နော်၊ ခြေတွေ လက်တွေ ရော သန့်သန့်ရှင်းရှင်း ရှိရဲ့ လား"

"အံ့မယ်မျက်နှာ သစ်ရုံတင်မဟုတ်ဘူး။ ရေအမြန်ချိုး လာတာပါနော်၊ ဘာမှ လိမ်းခြယ်မရ တာပဲရှိတယ်"

သိသိကြီးနှင့် သူတမင်တကာ သူမကို စိတ်အပြောင်းအလဲ ဖြစ်သွားအောင် စနောက်နေ မိခြင်းပါ။

ရေချိုး ပြီးစ သူမမျက်နှာလေးက ဖွေးဖွေးစင်စင် ဝင်းဝါနုပက်နေကာ ဘာမှ

Scanned by CamScanner

လိမ်းခြယ်ထားခြင်း မရှိတာမို့ ပါးပြင်လည်တိုင်မှ သွေးကြောစိမ်းလေးတွေ လည်း ဒီအတိုင်း မြင်နေရသည်။

အရင်ခါတွေ မြင်တွေ့ရသလို ကျပ်ကျပ်ကပ်ကပ် အဝတ်အစားတွေ နှင့် မဟုတ်ဘဲ ချည်ထည်ပွပွ ဒူးဖုံးရုံဘောင်းဘီတိုလေးနှင့် ပန်းရောင် ဖျော့ဖျော့ တီရှက်အပွလေး ဝတ်ထားသည်မို့ ကလေးဆန်စွာ ချစ်စရာကောင်းနေသည်။

"မိုးကာ ဘာတွေ ဒီလောက်တောင် ကြည့်နေတာလဲ ဒီမှာ ဗိုက်ဆာနေပါပြီဆိုမှ"

"ဪ အင်း ကိုယ်ဘာစလုပ်ရမလဲ စဉ်းစားနေတာပါ

ဒါလေးကနေ့လယ်စာအတွက် ချက်မှာ ဆိုတော့ မင်းမနက်စာ မစားရသေးဘဲနဲ့ စောင့်နိုင်ပါ့မလား"

"မစောင့်နိုင်လည်း ဘာမှစားစရာမရှိတာ စောင့်ရမှာ ပေါ့" ပဲမီးကင်တာပဲ ဖြစ်ဖြစ် ကြက်ဥနဲ့ ကြော်တာပဲ ဖြစ် ဖြစ် ကော်ဖီ တစ်ခွက်လောက်နဲ့ စားသောက်ထားလိုက်ပေါ့ကွ"

စားပွဲပေါ်က ပန်းကန်ပြားလေးနှင့် ထည့်ထားသော ပေါင်မုန့်ချပ်တွေ ကို မေးငေါ့ပြတော့ သူမ နှာခေါင်းရှုံ့သွားသည်။

"အဲလိုရိုး လုပ်ပေးမှာ ပေါ့ ရတုရဲ့၊ စားကောင်းလွန်းလို့ ခဏခဏ လုပ်ခိုင်းရင်တော့ မ ဖြစ် ဘူးနော်၊ စားချင်တဲ့အချိန် လုပ်စားလို့ရအောင် မင်းကို ကိုယ်တစ်ခါတည်း သင်ပေးမယ်"

သူမကို အိပ်ထောင်မှု ကိစ္စ စိတ်ဝင်စားအောင်လည်း စည်းရုံးရသေး၏ ။ သူမက သွက်သွက် လပ်လပ်ပင် ခေါင်းညိတ်ကာ သူလုပ်ကိုင်နေတာကို သေချာဂရုစိုက်ကြည့်သည်။

"ကိုယ်ကပေါင်မုန့်ကို မီးကင်တာထက် ဆီနဲ့ ကြွပ်ကြွပ်တူးတူးလေး ကြော်တာကို ပိုကြိုက် တယ်၊ အဲဒီ ပေါင်မုန့်ပေါ်က ကြက်ဥကို သေချာခေါက်ပြီးထည့်၊ ကျက်သွားရင် ထောပတ် နဲ့ နို့ဆီ နည်းနည်း သကြားနည်းနည်း "

Scanned by CamScanner

"ဟင်း အလောက်ကြီးလုပ်မှတော့ အဆီတွေ တက်ပြီး ဝလာမှာ ပေါ့"

"ဘာ အစားအစား ဖြစ် ဖြစ် ချင့်ချိန်စားတတ်ရင် ဘာမှ မ ဖြစ်ပါဘူးကွာ၊ တချို့က စား ကောင်းရင် အဝစားကြတာ၊ နောက်ကျတော့ အဝလွန် ရောဂါ တွေ ဖြစ်လို့ ဆေးဝါးတွေ ကုရတော့တာပေါ့ တချို့ ကျတော့လည်း ဝမှာ အဆီးတက်မှာ ဆိုပြီး အစားကောင်း မစားကြရ တော့ဘူး၊ အဲဒါ ဝင့်ကြွေးတစ်ခုပဲကွ၊ လူအကျင့် ဝမ်းအချင့်တဲ့၊ ခံတွင်းတွေ့တာပဲစားစား၊ မတွေ့ တာဘဲစားစား မျှတအောင် စားတက်ရင် အာဟာရ ဖြစ်တာပါပဲ"

"ရှင်ပြောတော့လည်း ဟုတ်သလိုလိုပဲနော်၊ ရှင်လုပ်ပေးလေးရတုစားကြည့်မယ်"

သူမစိတ်အားထက်သန်နေကာ မီးဖိုချောင်သုံး အေပရွန် နှစ် ထည် သွားယူလာ၍ သူ့ကို တစ်ထည်ပေးဝတ်ပြီး သူမက တစ်ထည်ဝတ်လိုက်သည်။

သူကကျွန်းကျင်စွာ နှင့် ဂစ်(စ်)မီးဖိုပေါ်မှာ စတီး(လ်)ဒယ်အိုးလေးတင်၍ ဆီအနည်းငယ် ထည့်ကာ ဆီကျက်သည်နှင့် ပေါင်မုန့်တစ်ချပ် ထည့်လိုက်သည်။

ပြီးမှ သေချာမွှေခါက်ထားသည့် ကြက်ဥလောင်းထည့်ကာ မီးအေးအေးနှင့် ကြွပ်ကြွပ် ရွရွလေး ကြော်လိုက်သည်။ မည် မည် ထုထုကြီးမ ဖြစ်ခင်မှာ မီးကိုပိတ်၍ ပန်ကန်ပြား တစ်ခုထဲ ဆည်ထည့်လိုက်ပြီး ထောပတ် နို့ဆီ သကြား အနည်းငယ် အပေါ်ယံက ဖြန့်ထည့်ပေးလိုက် သည်။

"အဲဒီ တစ်ခုဆို ကော်ဖီတစ်ခွက်နဲ့အိုကေပဲ များများ စားရင်မင်းပျောသလို အဆီတက်မှာ၊ ပြီးတော့ အချိုတွေ အများ ကြီးထည့်ရင်လည်း အီးသွားတတ်တယ်၊ နည်းနည်းချိန်ပြီးထည့်တော့ ချိုချိုဆိမ့်ဆိမ့်လေးပေါ့၊ စားကြည့်လေရတု"

"ဟင်း ရှင့်အတွက်မကြော်တော့ဘူးလား"

"ကိုယ်ကအိမ်မှာ မနက်စာစားခဲ့ပြီ၊ နေ့လယ်စာတော့ ချက်ပြုတ်ပြီးရင် မင်းနဲ့အတူတူ စား မယ်လေ၊ အိုကေလား"

"အင် အိုကေ"

Scanned by CamScanner

သူမက ကလေးလေးလို ပလုတ်ပလောင်းစားရင်း လက်မလေး ထောင်ပြ၍ သူက စေတ နာ ပိုစွာ ကော်ဖီတစ်ခွက်ပါ ဆိမ့်ဆိမ့်လေး ဖျော်ပေးလိုက် သည်။

"ဒွဒ် တယ်မိုးကာ၊ တခါမှမစားဘူး၊ မသောက်ဘူးတဲ့အရသာပဲ၊ ရှင့်ကို ရတု ဘယ်တော့မှ မေ့မှာ မဟုတ်တော့ဘူး"

သူမရိုးရိုးသားသား ပြောလိုက်သလားမသိပေမယ့် သူ့ရင် ကတော့ လှပ်ခနဲ လှုပ်ခါ သွား ပါ သည်။

သူမကို ဂရုစိုက်ပြုစုလုပ်ကိုင်ပေးမည့် သူ မရှိတာကိုလည်း သနားနေမိ၏ ။ တကယ်ဆို ဒီလိုချမ်းသာကြွယ်ဝမှုမျိုး နှင့် အခြွေအရံ သင်းပင်းခယ လုပ်ကိုင်ပေးမည့် သူတွေ အများ ကြီး ဖြစ်နေသင့်သည်။

"မိုးကာက တစ်ကယ်ကိုကျွမ်းကျင်စားဖိုးမှူး ကြီးကျနေတာပဲနော်၊ လုပ်တာကိုင်တာ သွက် လက်မြန်ဆန်နေတာပဲ"

"ရတုစကားသိပ်မများ နဲ့ကွာ၊ ကိုယ်လုပ်တာကို သေချာကြည့်ထား၊ စိတ်ဝင်စားမှု ရှိရင် နှစ် ခါ သုံးခါ သေချာကြည့်လိုက်တာနဲ့ မင်းတတ်သွားလိမ့်မယ်"

"ဟင် နောက်နေ့တွေ လည်း မိုးကာလာချက်ကျွေးဦးမှာ လား"

"မင်းကိုလာချက်ကျွေးရအောင် မင်းကဆရာကြီးလား။ သင်တန်းလာပေးမှာ ကွ၊ မင်း အပျင်းမကြီးအောင် လုပ်တတ်ကိုင်တတ်အောင်လို့"

"ဟုတ်ကဲ့ဆရာကြီး မှတ်ထားပါ့မယ်"

သူမကပြောင်စပ်စပ်နှင့် ပြောနေပေမယ့် သူလုပ်ကိုင်သမျှကို စိတ်ဝင်တစားရှိပါသည်။

ငါးရံ့ခေါင်းဟင်းချို၊ ပုဇွန်ထုပ် အစိုကြော်၊ ဝက်သားနီချက်၊ ငါးရံ့အသားတွေ ကို ကင်ပွန်း ရွက်လေးနှင့် ပါကြော်ပေးလိုက် ၍ အားလုံးချက်ပြုတ်ပြီးလို့ ထမင်းပွဲ ပြင်လိုက်သည့် အချိန်မှာ သူမ ဟန်မဆောင်နိုင်အောင် သွားရည်တများများ ဖြစ်နေသည်။

Scanned by CamScanner

“ဟင်းနံ့လေးတွေ က မွှေးပြီး စားချင်စဖွယ်လေး၊ မိုးကာကတော် လိုက်တာ၊ အခုတောင် စား ချင်လာပြီ”

“စားလို့ရပြီလေ၊ ထမင်းဟင်းဆိုတာ ပူပူနွေးနွေးစားတာပိုကောင်းတာပေါ့”

“အင်ရတုလည်း ထမင်းဟင်းပူပူလေးမှ စားချင်တာ၊ ဒါပေမဲ့ ဟိုတယ်မှာ စားတဲ့နေ့သာ ပူပူလေးစာရတာ ပါ၊ အန်တီချို ချက်ကျွေးတဲ့နေ့ဆို ကိုယ်စားတဲ့အချိန် ပြန်နွေးမပေးလို့ ရေခဲ့ရိုက် တာစားရသလိုပဲ၊ မေမေကဆို သေသွားတဲ့အချိန်ထိ တောင်ထမင်းပူပူလေး တစ်ခါမှ ချက်မကျွေးဖူးဘူး”

ထမင်းစားပွဲမှာ ဝင်ထိုင်ရင်းဖြင့် သူမအတွက်စိတ်မကောင်း ဖြစ်ရပြန်သည်။

မိဘဆိုသည့် ရာထူးဂုဏ်ပုဒ်တွေ ရထားကြပေမယ့် သားသမီးအပေါ်ထားသည့် မေတ္တာ တွေ ကတော့ မတူကြပါလား။ သူ့မိဘတွေ ကတော့ သူ့အပေါ် အချစ်လည်းပိုသည်၊ အစိုး ရိမ် ကြီး စွာ ဂရုစိုက်မှုလည်းရှိကြ၏ ။

စည်းစိမ်ဥစ္စာအပြည့်ဖြင့် လူ့အောက်မကျအောင် ထားခဲ့ရုံတင်မကဘဲ ကိုယ်ပိုင်ဂုဏ်ဒြပ်ပိုင် ဆိုင်အောင်လည်း လုငန်တွေ မှာ ဦးဆောင်ခိုင်း၏ ။

လူတွေ အထင်ကြီးအောင်လည်း အတတ်ပညာတွေ မှန်သမျှတတ်မြောက်အောင် စွမ်း ဆောင်ကူညီပံ့ပိုးပေးသည်။

“ရတု စားလို့ကောင်းလားဟင်”

သနားဂရုဏာပိုစွာ သူ့အသံက နူးညံ့ပျော့ဝင်နေမှာ သေချာပါသည်။ သူမက အားရပါရ ပလုပ်ပလောင်း စားနေရင်းနှင့် မျက်ဝန်းလေးပင့်မော့ကာ သူ့ကိုကြည့်သည်။

“ဟင် မင်းမင်းငိုနေတာလား”

သူမပျော်ပျော်ရွှင်ရွှင်နှင့် ခေါင်းမဖော်တမ်း အားရပါးရစားနေသည်လို့ ထင်တာပါ၊ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျနေတော့ ပျာယာခတ်စွာ အထိပ်တလန့်ပင် မေးလိုက်မိသည်။

Book Sharing

Scanned by CamScanner

သူမက မျက်ရည်တွေ ကြားက ထမင်းတွေ ဝါးနေရင်းနှင့် သူ့ကို ပြုံးရယ်ပြသည်။

"ကျေးရူးတင်ပါတယ်မိုးကာ၊ ထမင်းဟင်းတွေ အရမ်းစားကောင်းလို့တင်မဟုတ်ပါဘူး၊ ရတုကို ဂရုစိုက် ကြင်နာ နားလည်ပေးလို့ပါ၊ ရတုဘဝမှာ အရင်းနှီးဆုံးမိဘတွေ ၊ အဒေါ် တွေ ဆီကရော သွေးသားမတော် စပ်တဲ့ သူစိမ်းတွေ ဆီကပါ ဒီလိုမေတ္တာမျိုး ၊ နွေးထွေးမှု မျိုး မရဖူးပါ ဘူး"

"ရတုရယ်"

သူ့လက်ထဲက ထမင်းလုပ် ပန်ကန်ပြားထဲ ပြုတ်ကျခဲ့ရသည့်အထိ သူ့ရင်ထဲနင့်ခနဲ ဖြစ်သွားသည်။ သူမမျက်ရည်တွေ ကို တယုတယပွတ်သပ်သုတ်ပေးချင်သည့် ဆန္ဒတွေလည်း ဖြစ် ပေါ်နေ၏ ။

ဒါပေမဲ့ သူနှင့် သူမရဲ့ ပတ်သက်မှု က အဲဒီ လောက်ထိ မရင်းနှီးသင့်ပါ။

"ထမင်းစားရင်း မျက်ရည်မကျကောင်းဘူးလေ ရတုရဲ့ ၊ ဝမ်းနည်းစရာတွေလည်းမတွေး ပါနဲ့ကွာ၊ ကာလအရှည်ကြီးတောင် ရင်ဆိုင်ခဲ့ပြီးပြီးပဲ ၊ ကိုယ့်ကိုယ်ကိုယ်ပျော်အောင်နေပါ"

"ရတုဆီကို မိုးကာခဏခဏလာပေးမှာ လာဟင်၊ အခုလိုမျိုး ရတုကို ဂရုစိုက်မှာလား"

မျက်ရည်တွေ ကို လက်ခုံနှစ် ပွတ်သပ်သုတ်၍ ကလေးငယ်လေးလို အသံချွဲချွဲလေးနှင့် ရတုတောင်းဆိုနေသည်။ သူက ရတုခေါင်းလေးကို ခပ်ဖွဖွ လှမ်းပုတ်၍ ခေါင်းတ ဆက် ဆက် ညိတ်ပြလိုက်ကာ-

"အချိန်ရရင်ရသလို အားရင်အားသလို လာမှာ ပေါ့ ရတုရယ်၊ တခြားနေရာတွေမှ မဟုတ် ဘဲ၊ အိမ်မှာ တွေ ရမယ်ဆိုရင် ခုလိုမျိုး ရတုကို ထမင်းဟင်းတွေလည်းချက်ကျွေးမယ်၊ ကော်ဖီ လည်းဖျော်တိုက်မယ်နော်"

Scanned by CamScanner

ရတုသဘောပေါက်လား၊ မပေါက်လားမသိပေမယ့် သူ ကတော့ ရတုကို အပြင်သိပ်မထွက် အောင် စည်းရုံးလိုက်ပါသည်။

ရတုကိုမိန်းမပီသသော မိန်းမဖြတ်လေး တစ်ယောက် ဖြစ်စေချင်လှသည်။ လောကကြီးကို အရွဲတိုက်ပြီး ဆိုးသွမ်းနေတာမျိုး ကသူမရဲ့ ချောမွတ်နုဖတ်သော အလှနှင့် မလိုက်ဖက်ဟု ထင်မိသည်။

"မိုးကာကပြန်ချင်နေပြီလား"

စားသောက်နေဆဲမှာ ပင် သူ နာရီတကြည့်ကြည့် လုပ်နေတော့ သူမ အကဲခတ်မိဟန် တူသည်။

"ကိုယ်အိမ်ပြန်ချင်လို့တော့ မဟုတ်ပါဘူး၊ အလုပ်ကိစ္စတစ်ခု ချိန်းထားတာရှိတယ်ရတုရဲ့ ရတုကို ကတိပေးထားတာ မဖြတ်ချင်လို့သာလာလိုက်တာ"

ရတုကိုလည်းသူမှသားသုံး လိမ်ညာမိပြန်သည်၊ ရတုမျက်နှာလေးညှိုး ငယ်သွားလျက်-

"ရတုကမိုးကာကို ညနေလောက်မှ ပြန်နိုင်းဖို့ စဉ်းစားနေတာ၊ မိုးကာရှိတော့ ရတုလည်း အပြင်မထွက် ဖြစ်တော့ဘူးလေး အန်တီချို အပြင်ထွက်ပြီးဆိုလည်း နေဝင်မိုးချုပ်လောက်မှ ပြန်ရောက်တော့မှာ "

"ရတု တစ်ယောက် တည်း ဖြစ်နေတော့မှာ ပေါ့ နော်၊ ကိုယ်လည်း ရတုအဖော်ရအောင် နေပေးချင်ပါတယ်၊ အလုပ်ကိစ္စကလည်း ချိန်ထားပြီး ဖြစ်နေလို့"

"ဩော် အလုပ်ကိစ္စက အရေး ကြီးတာပဲ သွားရမှာ ပေါ့၊ ရတုက တစ်ယောက် တည်း နေရတာ အလေ့အကျင့် ရှိနေပါပြီး ဒီနေ့အပြင်လည်းမထွက်ချင်တော့ပါဘူး၊ တီဗီကြည့်မယ်၊ တအုပ်ဖတ်မယ် သီချင်းတွေ ဆိုချင်ရင်လည်း အော်ဆိုလိုက်မှာ ပေါ့"

သူမရဲ့ အက်ရှရှအသံလေးကြောင့် သူနောက်ဆံတင်းနေမိသည်။ ဆည်းဆားညို တို့အိမ် ကိုလည်း မသွားလို့မ ဖြစ်။

Scanned by CamScanner

ဟင်း မင်းနဲ့တွေ ့မှ ကိုယ့်စိတ်တွေ လွတ်လပ်ပေါ့ပါးမှု မရှိတော့ဘဲ ရှုပ်ထွေးနေခဲ့ရတာ ရတုမို့။

ဆုံတွေ ့ ဖြစ်ခဲ့တာအတွက်တော့ ခုချိန်ထိ နောင်တမရမိသေးပါဘူး။

မင်းသိမှ သိပါ့မလား။

*************

အခန်း(၁၂)

ဆည်းဆာညိုတို့အိမ်ရောက်လာတော့ နေ့လယ်တစ်နာရီတောင် ကျော်နေပြီ ဖြစ်သည်။ အားနာစွာ နှင့် ကားကို အမြန်နှုန်းမောင်းလာခဲ့ပေမယ့် မိုးဗွိုင့်မိနေတာမို့ အချိန်က ပိုနောက်ကျသွား ခဲ့သည်။

"မင်းမေမေက လာ ဖြစ်အောင်လာလိမ့်မယ်ဆိုလို့ သမီးကထမင်းမစားနိုင် ဘဲ စောင့်နေ တာ ကွဲ့၊ အန်တီ ကတော့ မင်းတို့အန်ကယ်ထမင်းစား ပြန်ရောက်လာတာနဲ့ စားလိုက်ရတယ်ကွယ်၊ မောင်မိုးကာသမီးနဲ့ ထမင်းစားပြီးမှ ဧည့်ခန်းထဲ လာခဲ့နော်၊ မင်းအန်ကယ်နဲ့လည်းတွေ ့ရတာ ပေါ့"

"ဟုတ်ကဲ့ ခင်ဗျ"

ဆည်းဆာညိုနောက်ကနေ ထမင်းစားခန်းထဲ လိုက်လာခဲ့ရသည်။ အချိန်နောက်ကျသည်ဆို ဆိုပေမယ့် ထမင်းပွဲက ခူးခပ်ပြင်ဆင်ထားပြီးသား မဟုတ်ပါ။

သူ့ကို ထိုင်ခုံမှာ ခဏထိုင်ခိုင်းပြီး ဆည်းဆာညိုက ထမင်းဟင်းတွေ ကို ခပ်မြန်မြန် ပြန်နွှေး နေတာ ဖြစ်သည်။

"ထမင်းဟင်းကပူပူနွေးနွေးစားမှ ကျန်းမာရေး နဲ့ သင့်လျော်တာလေ၊ ခဏလေးပါနော် မိုး ကာ၊ မနက်ကတည်းက ချက်ထားတာဆိုတော့ ဟင်းတွေ အေးနေမှာ ဆိုးလို့ပါ"

Scanned by CamScanner

"ဟုတ်ကဲ့ ကျွန်တော် မဆာသေးပါဘူး ဆည်းဆာညို

အေးအေးဆေးဆေးလုပ်ပါ"

ဆည်းဆာညိုက သူ့ကို အားနာလို့လားမသိ။ ခပ်မြန်မြန်လုပ်ပြီး ထမင်းဟင်းတွေ ခူးပြီး တာနင့် ဆုံလည်စားပွဲပေါ် လာချသည်။ အားလုံးပြီးစီးသွားမှ သူ့ထမင်းပန်းကန်ထဲကို ဦးချပြီး သူမ ထိုင်စားလေသည်။

ခုလိုဆိုတော့ အလိုက်မသိ နားမလည်သည့် ရတုမှီကို သတိရလိုက်သည်။ သူက ချက်ပြုက်ကျွေးပြီး သူကသာ သူမထမင်းပန်းကန်ထဲကို ဟိုဟာခပ်ထည့်ပေး၊ ဒီဟာခပ်ထည့်ပေးနှင့် ငါးအရိုးမစူးအောင်လည်း ဂရုစိုက်ကြည့်လုပ်ပေးရသေးသည်။

"မိုးကာ အရင်တစ်ခေါက်လောက် ထမင်းစားမကောင်းဘူး ထင်လတယ်နော်၊ တို့ကနန်း ဆီတ်ကနန်းနဲ့"

"ဗျာ အဲဟိုလေ ညည်းသည်တွေ နဲ့ စားသောက်ဆိုင်မှာ နည်းနည်း ပါးပါး စားလာခဲ့ရသေးလို့ ပါ၊ ဆည်းဆာညိုလက်ရာ ကတော့ အရင်ခါထက်တောင် ပိုကောင်းနေပါသေးတယ်"

တစ်နေ့တည်းနှင့် သူ မုသားသုံးကြိမ် ကျူး လွန်မိပြီထင်သည်။ ဆည်းဆာညိုက ယဉ်စစနှင့် ပြုံး နေပြီး-

"အဲလိုမပြော က်မပြောလည်း မိုးကာကို ရုံးပိတ်ရက်တိုင်း အိမ်မှာ ထမင်းလာစားဖို့ ဖိတ်ခေါ် ထားပြီးသားပါနော်"

"လာပါမယ်လို့ ကတိပေးထားပြီးမှ ခုလို အကြောင်းကိစ္စတွေ ပေါ်လာပြီးနောက်ကျမှ ရောက်လာရတော့ အားနာစရာကောင်းတာပေါ့ဗျာ၊ ဆည်းဆာညိုက ကျွန်တော့်ကို ထမင်းမစား နှင့် ဘဲ စောင့်နေရတာ လေ"

"ရှင်နဲ့လက်ထပ်ပြီးရင်လည်း ဒါက ကျွန်မရဲ့ ဝတ္တရားတစ်ခုပဲ မဟုတ်လား၊ အလေ့အကျင့် ရပြီးသား ဖြစ်တာပေါ့ မိုးကာ"

Scanned by CamScanner

ရဲတင်းလွန်းတာမဟုတ်ပေမယ့် ဆည်းဆာညို့ရဲ့ ပွင့်လင်းမှုကသူ့ကိုကြက်သီးတွေ ဖျန်းခနဲ ထစေ၏ ။

နှစ် ဖက်မိဘတွေ သဘောတူညီမှု နှင့် သူ့ကို လက်ထပ်ရတော့မည် ဆိုတာ သေချာပေါက် တွက်ထားဟန်တူသည်။ သူမကိုဘယ်လိုယောကျ်ားမျိုးမှ ငြင်းမှာ မဟုတ်ဘူးလို့ သူမကိုယ်သူမ အထင်ကြီးနေတာလည်း ဖြစ်နိုင်၏ ။

တကယ်လည်း ဆည်းဆာညို့က ဘယ်လိုယောကျ်ားမျိုး မှ မျက်နှာလွှဲ မငြင်းဆန်နိုင်သည့် အစွမ်းအစ၊ အရည်အချင်းရှိသော မိန်းကလေးပါ။

"ဩော် ဟိုအပတ်က လက်ဆောင်ပေးလိုက် တာတွေ အတွက် မေမေက ကျေးဇူးတင်တ ယ်လို့ ပြောခိုင်းလိုက်ပါတယ်၊ သဘာဝအတိုင်း စိုက်ပျိုး ထားတဲ့ အသီးအရွက်တွေ မို့လို့ ဈေးကဝယ်း စားရတာ ထက် အရမ်းတန်ဖိုးရှိပါတယ်တဲ့"

"အင်တန်ဖိုးရှိတာပေါ့ မိုးကာရဲ့ ၊ ဈေးက ဝယ်စားရတာ တွေ က ဆေးဖျန်းပြီး စိုက်ပြုး ထား တာတွေ ဆိုတော့ ခါးသက်သက်နဲ့ အချိုမှုန့်သုံးပြီးမှ စားလို့ရတာ ၊ အဲဒီ တော့ ရောဂါ လည်း အမည် အမျိုး မျိုး နဲ့ ထူပြောကြတာပေါ့၊ အဲဒါကြောင့် လည်း ကျွန်မက တစ်ပိုင်တစ်နိုင် သဘာဝအ တိုင်း စိုက်ပျိုး ထားတာပါ၊ မိသားစုကျန်းမာရေး အတွက် အဓိကထားပြီးတော့ပေါ့"

"ဆည်းဆာညို့အပြောအမြင်ကြီးမှန်း ကျွန်တော် သဘောပေါက်နေပါပြီ၊ မိသားစုကျန်းမာ ရေး လည်းကောင်းအောင် ငွေကုန်လည်းသက်သာအောင်လို့ မဟုတ်လား၊ အဲဒါကြောင့် မေမေက ဆည်းဆာညို့ကို ချွေးမတော် ချင်နေတာ ဖြစ်မယ်"

"ကျွန်မကယောကျ်ားလေးရှင် မိဘတွေ သဘောကျအောင် တမင်သက်သက် အထာပေး နေတာမဟုတ်ပါဘူးနော်"

"ကျွန်တော် လည်း ဘာမှမပြောရသေးပါဘူး၊ ဆည်းဆာညို့ ကကိုယ့်အရည်အချင်းတွေ ကိုယ်ကြွားချင်နေတာလို့"

Scanned by CamScanner

"ဟင်း ဟင်းမိုးကာက ရယ်စရာနောက်တတ်သားပဲနော်၊ ကျွန်မမှာ နောက်တစ်ခုကြားစရာ ရှိသေးတယ် ရှင်သိလား"

သူခေါင်းယမ်းပြတော့ ဆည်းဆာညိုက ငွန်ခက်ရင်းလေးကို ပန်းကန်ပေါ်ပြန်ချ၍ ပါးစပ်ကို လက်ဝါးလေးနှင့် ပိတ်ပြီး သိမ်မွေ့စွာ ရယ်သည်။

"ဘယ်သိပါ့မလဲ၊ ကျွန်မမှ မပြောရသေးတာ"

"အခု သိချင်နေပြီပြောလေ"

"ကျွန်မမှာ ခုချိန်ထိချစ်သူ ရည်းစားမရှိသေးဘူး၊ ရင်းရင်းနှီးနှီး ပေါင်းသင်း ဖြစ်တဲ့ ယောက်ျား လေးသူငယ်ချင်း အသိမိတ်ဆွေလည်းမရှိဘူး"

ထိုကိစ္စတိုင်းကို ယောက်ျားတိုင်း နှစ်သက် သဘောကျကြလိမ့်မည် ထင်သည်။ ခြောက် ပစ်ကင်း သဲလဲစင် တန်ဖိုးကြီးသည့် မိန်းမမျိုး ဆိုလျှင်ယောက်ျားလေးတိုင်း မက်မက် မောမော လိုချင်တောင့်တကြ၏ ။

သူကရောဘာသားနှင့် ထုထားသည့် ယောက်ျားမိုလို့လဲ။ ဒီလိုမိန်းမမျိုး ကို ပိုင်ဆိုင်ရမည့် သူ့အသဲနှစ် လုံးသားထဲမှာ ကြည်နူးမှု ဖြင့် ပူနွေးရှိန်းမြလိုက်ဗိုမသွားခဲ့တာ ကတော့ ထူးဆန်းသည်။

ဒါပေမဲ့နှစ်သက် သဘောကြပိသလို အလျင်မီအောင် ပြုံး လိုက်နိုင်သည်။

"ဆည်းဆာညိုရိုးရိုးသားသားဝန်ခံတာလို့ ကျွန်တော် ယုံကြည်ပါတယ်၊ ပေပေမေမေတို့က လည်း အဲဒါတွေ ကြောင့် ဆည်းဆာညိုကို သဘောကျတာ ဖြစ်မယ်"

"ရှင့်ဖိဘတွေ သဘောကျတာတွေ ချည့် ရှင်ပြောနေတယ်နော်၊ ရှင့်အနေနဲ့ ရှင်ဆုံးဖျက် ချက်ကရော ကျွန်မအပေါ် ဘယ်လိုသဘောထားလဲ"

"ဗျာ"

"ဪ ကျွန်မလို မိန်းကလေးနဲ့လက်ထပ်ရမှာ ၊ ရှင်ဂုဏ်ယူရဲ့ လားလို့မေးတာပါ"

Scanned by CamScanner

ဆည်းဆာညိုရဲ့ မေးခွန်းများ က သူ့ကိုချည်ပြီးတုတ်ပြီး ဖြစ်နေသည်။ သူ့မျက်ဝန်းထဲမှာ ရတုဗီ ပုံရိပ်တို့ လွှမ်းမိုးဝင်းရောက်လာကာတန့်ခနဲ မဖြေနိုင်ဘဲ နှုတ်တို့စေးထန်းဆွံ့အနေသည်။

ဆည်းဆာညိုက ခပ်လွှင့်လွှင့်ပြုံး ကာ-

"တန့်ခနဲ မဖြေနိုင်တာက တခြားတွေ းတောစဉ်းစားရမယ့်သူရှိနေလို့လား"

"ဗျာ မဟုတ်ပါဘူး၊ ဩော် ဟိုလေ ညည်ခန်းထဲမှာ အန်တီတို့ စောင့်နေမယ်လို့ပြောတယ်၊ ဒီပန်းကန်တွေ နောက်မှသိမ်းပြီ။ အန်တီတို့ဆီ သွားလိုက်တားကောင်းမယ်ထင်တယ်၊ လူကြီးတွေ စောင့်နေရတာ အားနာစရာကြီး"

သူ့ဆီက တိကျသည့်အဖြေ မရလို့ ဆည်းဆာညိုကျေနပ်လားမကျေနပ်လား မသိပေမယ့် သူ ကတော့ စကားလမ်းကြောင်းလွှဲပြောင်းရင်း ထရပ်လိုက်သည်။

ဆည်းဆာညိုက ဟင်းပန်းကန်တွေ ကိုအုပ်ဆောင်းနှင့် အုပ်ထားလိုက်ပြီး သူ့နောက်က တစ်ခါတည်း လိုက်မလားသေးဘဲနှင့် သစ်သီးဖျော်ရည် ဖျော်ဖို့ ကျန်ရစ်ခဲ့သည်။

"လာ ထိုင်မောင်မိုးကာ၊ သမီးက ဖျော်ရည်တစ်ခုခု ဖျော်နေတယ်ထင်တယ်"

"ဟုတ်ကဲ့ ခင်ဗျ"

"သမီးလေးက အဲလိုအလိုက်သိလိမ္မာတာ မောင်မိုးကာရဲ့ မိသားစုတွေ ထမင်းစားပြီးတာနဲ့ အသီးအနှံတစ်ခုခု ဖျော်ရည်တစ်မျိုး မျိုး တော့ အမြဲလုပ်ပေးနေကြလေ၊ ပြောစရာမလိုအောင် ဆုံမသွန်သင်စရာမလိုအောင် နားလည်မှု ရှိတယ်"

"ဟုတ်ကဲ့"

"အန်ကယ်လည်း ဒီမိသားစုလေးနဲ့မှ နွေးထွေးမှု ရတာ မောင်မိုးကာရဲ့၊ အန်ကယ့်ကို ပထွေးဆိုပြီးတော့လည်း ငြူစူတာ၊အလိုမကျတိုင်းထွာတာမျိုး မရှိဘူးလေ၊ အန်ကယ်က အလုပ်တွေ ကို ဦးဆောင်လုပ်နေတော့ သူ့အမေမပင်ပန်းတော့ဘူးဆိုပြီး ကျေးဇူးတောင် တင် နေတာ၊ အမေရော သမီးရောသိတတ်နားလည်ပြီး လိမ္မာရေး ခြားရှိတော့

Scanned by CamScanner

အခုမှ ကိုယ့်ကိုယ်ကိုယ် အိမ်ထောင်ရေး ကံကောင်းတယ်လို့ သက်မှတ်မိတော့တယ်"

နားလည်ဆွေးထွေးမှု ရှိသော မိသားစုလေးရဲ့ အပြုံး အပျော်များ ကြောင့် သူ့ရင်မှာ ကြည်နူး ချမ်းမြေ့ရသလို တစ်ယောက် တည် အထီးကျန်နာကျင်နေရှာသည့် ရတုမို မျက်ရည်များ ကို မြင်ယောင်၍ လည်းစိတ်မကောင်း ဖြစ်ရသည်။

ဦးမင်းမြတ်သော် က ဒီမိသားစုလေးထဲ ရောက်လာရတာ ကံကောင်းသည်တဲ့။ သူလည်း ဆည်းဆာညိုလို မိန်းကလေး တစ်ယောက် နှင့် လက်ထပ် ဖြစ်ခဲ့လျှင် ကံအကောင်းဆုံး ယောကျ်ား တစ်ယောက် ဖြစ်လိမ့်မည် ဆိုတာ ယုံကြည်ပါသည်။

"မောင်မိုးကာတို ကုမ္ပဏီက ဆောက်တဲ့ ဒဂုံမြို့ သစ်ဘက်က တိုက်ခန်းတွေ အရောင်း ထွက်သွားပြီဆို"

"ဟုတ်ကဲ့ အန်ကယ်၊ မြို့ ထဲက ကွန်ဒိုတွေ လောက် အမြတ်အစွန်း မကျန်ပေမယ့် တိုက်ခန်း အကုန်ရောင်းထွက်သွားလို့ အောင်မြင်မှု တော့ ရှိပါတယ်"

"ဒါပဲကွ စီးပွားရေး လုပ်ငန်းရှင် တစ်ယောက် က ငွေကြေးအမြတ်အစွန်းမကျန်အောင် နာမည် ကောင်းတစ်ခုနဲ့ အောင်မြင်မှု ရအောင် လုပ်နိုင်ရမယ်၊ မင်းအဖေလည်း မင်းလိုအားကိုးရတဲ့ သား တစ်ယောက် ရှိတာကံကောင်းပါတယ်ကွာ။"

"အဲလိုလူတော် လူကောင်းလေး ဖြစ်နေလို့လည်း အိက အနှင်းရဲ့ သားမောင်မိုးကာလေးကို သမီးလေးရဲ့ အိမ်ထောင်ဖက် အ ဖြစ်လက်ခံလိုက်တာပေါ့ ကိုယ်သော် ရယ် ဪ ဒါနဲ့ မောင်မိုး ကာ မိဘတွေ က သမီးလေးနဲ့ မောင်မိုးကာကို အမြန်ဆုံးလက်ထပ်ပေးဖို့ တိုက်တွန်း နေတယ်၊ မောင်မိုးကာနဲ့ သမီးရော တိုင်ပင်ပြီးပြီးလား"

"ဟာ ဟိုမ မတိုင်ပင်ရသေးပါဘူး"

သူ့အသံက ဖော်ရွေတွေ ပြန်လျက် တုန်ပြာနေသည်။ အခုလက်တစ်လော မြန်မြန်ဆန်ဆန် ကြီးတော့ လက်မထပ်ချင်သေးပါ။

Scanned by CamScanner

"မေမေရယ် နှစ် ဖက်မိဘ သဘောတူပြီးသား အသိအမှတ်ပြုပြီးသားပဲ ဥစ္စာ၊ လက်ထပ် တာ ဘယ်အချိန်မှလက်ထပ်ထပ် ဖြစ်ပါတယ်"

သစ်သီးဖျော်ရည်ခွက်လေးတွေ တစ်နေရာဆီချပေးပြီး ဆိုဖာ ခုံတစ်လုံးမှာ ဝင်ထိုင်ကာ ဆည်းဆာညိုပြောတော့ သူနည်းနည်း အသက်ရှူချောင်သွားသည်။

ဒါပေမဲ့ အိအိဖိုင်က ကျေနပ်လက်ခံချင်ပုံ မရပါ။

"အချိန်ဆွဲနေရင် အရွယ်တွေ လွန်ကုန်မှာ ပေါ့ သမီးရယ်၊ မေမေတို့ နှစ် ဖက်မိဘတွေ က မြေးချီနေချင်ကြပြီ၊ ကြာနေရင်လည်း အနှောက်အယှက် အဖျက်အဆီးဝင်တတ်တယ်၊ ဘာအတွက်ရော နှောင့်နှေးကြန့်ကြာစရာ ရှိလို့လဲ၊ အရာရာပြည့်စုံ အဆင်ပြေနေတာပဲ၊ မြန်မြန်လ က်ထပ်လိုက်တာ ကောင်းပါတယ်"

"သမီးမေမေပြောတာ ဟုတ်သားပဲသမီး၊ သမီးတို့ မြန်မြန်လက်ထပ် ဖြစ်တော့ အန်ကယ် တို့အိမ်ရဲ့ ဆည်းလည်းမြေဦးလေးမြန်မြန်ရတာ ပေါ့ကွဲ့၊ နှစ် ဖက်အသိုင်းအဝန်းရဲ့ လိုအပ်ချက်က ဒီတစ်ခုပဲလေ၊ အခက်အခဲနဲ့ အဆင်မပြေတာရှိရင် အန်ကယ်ကိုပြော၊ လိုအပ် တာမှန်သမျှ အန်ကယ် ဖြည့်ဆည်းပေးမယ်"

မိဘတွေ ဇွတ်အတင်းတိုက်တွန်းလာတော့ ဆည်းဆာညိုမျက်ဝန်းလေး သူ့ဘက်ရွှေ့ လျား လာသည်။

တပ်ကူခေါ် ချင်းလား အကြံဉာဏ် တောင်းခြင်းလား။

ဒါမှမဟုတ် မိဘတွေ ဆန္ဒအတိုင်း အမြန်ဆုံး လက်ထပ်လိုက်ရအောင်ဟု ပြောလိုဟန် လည်းရှိသည်။

သူ့ရင်တွေ ကတော့ တင်းတင်းကျပ်ကျပ် အဖြေပေးဖို့ အခက်တွေ့နေ၏။ ဒါပေမဲ့ လွန်ဆန် လို့ မ ဖြစ်နိုင်တာကိုလည်း သိနေသည်။ ဘာပဲ ဖြစ် ဖြစ် တစ်နေ့နေ့မှာ ဆည်းဆာညိုကို သူလက်ထပ် ရမှာ ပါ။

•••••••••••••

Scanned by CamScanner

အခန်း(၁၃)

"အဲဒီ တော့ ဘာပြောခဲ့လဲ"

"ပေပေမေမေတို့နဲ့ တိုင်ပင်လိုက်ပါမယ်လို့ ပြောခဲ့ရတာ ပေါ့"

"တိုင်ရောတိုင်ပင်ပြီးပြီးလား"

"ဟင့်အင်းအဲဒီ အကြောင်း ငါ့ဘက်ကစကားကို မစသေးတာ၊ ဒါပေမဲ့ မေမေတို့ကလည်း လက်ထပ်သင့်ပြီးလို့ တိုက်တွန်းတယ်"

"မင်းကရော ဘာ ဖြစ်လို့တွေ ဝေနေတာလဲ၊ အဘက်ဘက်ကလည်း လက်ခံသင့် တယ် လို့ တွေ းထားပြီးသားဆို"

"ဆည်းဆာညို့က အိမ်ထောင်ဘက်အ ဖြစ် ရွေးချယ်သင့် လက်ထပ်သင့်တဲ့ မိန်းက လေးပါ"

"ဒါဖြင့် "

စကားလုံးတွေ ရှေ့ဆက်မလာပေမယ့် သက်ထွန်းမျက်လုံး အိမ်ထဲမှာ မေးခွန်း ပေါင်း များ စွာ နှင့် ဖြစ်သည်။ သူ့ဆီက သက်ပြင်းရှိုက်သံ ကျယ်ကျယ် လောင်လောင် ကြားတော့ သက်ထွန်းမျက်ခုံးပင့်ကာ သူ့ပခုံးကို ခပ်ဆတ်ဆတ် တစ်ချက်လှမ်းပုတ်ပြီ-

"ရတုမှီကြောင့် လား"

မေးခွန်းက တိုးသဲ့ပေမယ့် သူ့ရင်ထဲ ဗုံးတစ်လုံးပြည့် သံ ကြားရသလို ဆောင့်ခုန်သွားသည်။ ရတုမှီဆိုသော အသံ ကြားလိုက်တိုင်း သူ့ရင်တစ်ခုလုံး ပရမ်းပတာ လှုပ်လှုပ်ခတ်ခတ် ဖြစ်တတ် မြဲပါ။

"တန်းခန့်မဖြေနိုင်တာ ဟုတ်တယ်လို့ဝန်ခံတာလား မိုးကာ"

"ဆည်းဆာညို့ကိုပဲ ငါလက်ထပ်မှာ ပါ"

"ငါမေးနေတာ ဒီအဖြေကိုသိချင်လို့ မဟုတ်ဘူးလေ ရတုမှီကြောင့် ဆည်းဆာညို့

Book Sharing

Scanned by CamScanner

နဲ့ လက် ထပ်ဖို့ တွေ ဝေနေတာလား ရတုမိုကို မင်းချစ်နေတာလား"

မေးခွန်းနှစ် ခုလုံးက ကွဲပြားသလိုလိုနှင့် သက်ရောက်မှု က အတူတူပဲ ဖြစ်သည်။ သူကခု ချိန်ထိ တိကျသော အဖြေမပေးနိုင်သေးဘဲ တီးလုံးသံသီချင်းသံတွေ မကြားရနိုင်သော ခုန်ပေါက် တွန့်လိမ်ကနေသူတွေ ကို မမြင်ရနိုင်သော စက္ကူပန်းပင်တွေ ကို မီးဆိုင်းလေးတွေ နှင့် အလှဆင် ထားသည့် ခုံတန်းလေးဘက် ထွက်လာခဲ့သည်။

သက်ထွန်းက သူ့နောက်က ထပ်ကြပ်မကွာလိုက်လာကာ-

"မင်းအရမ်းကို မှန်းကျပ်နေတာ၊ အချစ်ကြောင့် ဆိုတာသေချာတယ်မိုးကာ လူတိုင်းမှာ အချစ်ကို လွတ်လပ်စွာ ရှာဖွေခံစားခွင့် ရှိပါတယ်"

"ချစ်တဲ့သူနဲ့လက်ထပ်တဲ့သူ တစ်ယောက် တည်းမ ဖြစ်နိုင်တဲ့ အကြောင်း ရင်းလေး တွေ လည်းရှိတယ်မဟုတ်လား"

"ရတုမိုကို မင်းရင်ထဲက ချစ်နေပြီး ဆည်းဆာညိုကို လက်ထပ်သင့်တဲ့ မိန်းကလေးလို့ မင်းဝန်ခံလိုက်တာလား"

သူအသာအယာ ခေါင်းညိတ်ပြမိကာ-

"ဆည်းဆာညိုရဲ့ မိဘတွေ ကလည်းသဘောတူတယ် ဘယ်လိုမှ မငြင်းဆန်နိုင်တဲ့ အိမ် ထောင်ရှင်မကောင်း ဇနီးကောင်းပီသတဲ့လူလည်း ဖြစ်တယ် ဒါပေမဲ့ နှလုံးသားနဲ့ ခံစားကြည့်တဲ့ အခါ ရတုမိုကို ဥပေက္ခာ မပြုရက်ဘူးကွာ"

"ရတုမိုလမ်းကြောင်းက မရိုးစင်းဘူးနော်၊ အနေအထိုင်ပေါ့ပျက်ပြီး မိန်းမမြတ် တစ် ယောက် ရဲ့ အရည်အချင်းတွေ ဘာမှမရှိဘူး၊ရည်းစား တစ်ယောက် ထားပြီး လူသိရှင် ကြား အသည်း ကွဲဖူးတယ်၊ ဘယ်လိုမိဘအသိုင်းအဝန်းကမှ လက်မခံနိုင်တဲ့ သတင်းဆိုး တွေ နဲ့ "

"ငါသိပါတယ်၊ ဒါပေမဲ့ သူ့ဘဝလေးကိုသနားတယ်၊ အရမ်းကို သွေးခြောက်ပြီး အထီးကျန် လွန်းတယ်ကွာ"

Scanned by CamScanner

"အဲဒါကြောင့် ရတုမိုအိမ်ကို ခဏခဏသွားပြီး ဖြည့်ဆည်းပေးရတာ ကို ကျေနပ်နေတာလား၊ လက်ထပ်ဖို့အထိလည်း ရည်ရွယ်ထားတာမဟုတ်ဘဲနဲ့ သူ့ကိုဝေဒနာတွေ ပေးသလို ဖြစ်မနေဘူးလား"

သက်ထွန်းလည်း ရတုမိုအပေါ်စာနာစိတ်ရှိသားပဲဟု တွေ :လိုက်မိ၏ ။ သူကသာသက် ထွန်းပြောသလို ရတုမိုကို ဝေဒနာတွေ ပေးနေမိတာများ လား။

"ဟင့် အင်းမဟုတ်ပါဘူး။ သူအထိတ်တလန့်ပင် ခေါင်းယမ်းလိုက်ကာ-"

"သူ့ဘဝလေးကို စိုပြည်စေချင်တာ၊ ပျော်စေချင်တာပါ၊ လူတွေ အထင်မသေး အောင် လည်း အပြင်မှာ အချိန်မကုန်ဘဲ အိမ်ထောင်မှု ကိစ္စတွေ တတ်ကျွမ်းနားလည်စေချင်တယ်၊ ဘဝကို လေးလေးနက်နက်ဖြတ်သန်းတဲ့ လူ တစ်ယောက် ရဲ့ စိတ်ခံစားမှု မျိုး ရစေချင်တယ်"

"မင်း ဖြစ်စေချင်တာတွေ က စေတနာသဒ္ဓါတရား ဖြူဖြူစင်စင်နဲ့မှ မဟုတ်ဘဲကွ၊ နှလုံး သားရဲ့ စေ့ဆော်မှု တွေ ကြောင့် အရွှန်းအထင်းတွေ နဲ့ ကူညီပေးနေတာပါ၊ ဒါကို ရတုမိုဘက် ကရော ဘယ်လိုတွေ :ထင် စိတ်ကူးယဉ်မယ်လို့ မင်းထင်လဲ"

"ဟင်း ဟင်းဘယ်လိုထင်ရမှာ လဲ"

"ရတုမိုခံစားချက်ကို ငါလည်းအတိအကျမခန့်မှန်းတတ်ပါဘူး၊ ဒါပေမဲ့ ရတုမို ငါတို့ အက ခန်းမလေးနဲ့ ကာရာအိုကေခန်းလေးကို ရောက်မလာတာ တော် တော် ကြာပြီး၊ ဟိုနေရာ ဒီနေ ရာလည်းသိပ်မတွေ :ရတောဘူး"

"အဲ အဲဒါက ငါက သူ့အိမ်ကို မနက်ပိုင်း အလုပ်မသွားခင်ဝင် ဖြစ်ချင်ဝင်တယ်၊ မနက်ပိုင်း မသွား ဖြစ်တောင် ညနေတော့ ရောက်အောင်သွားသွားနေလို့ပါ"

"ငါပြောနေတာ အဲဒါပဲလေ၊ မင်းနဲ့အတူ ရှိနေရတဲ့ အချိန်တွေ ကို သူပျော်နေတယ်၊ သူမျှော်လင့်နေတယ်၊ မင်းပြောသမျှတွေ နာခံပြီး သူကြည်နူးကျေနပ်နေတယ်၊ အရင်ကရတုမို လူတွေ နဲ့မဆက်ဆံတတ်ဘူး၊ သူ့အနားကို

Scanned by CamScanner

နည်းအမျိုး မျိုး ချည်ကပ်တဲ့ လူတွေ ကိုလည်းခါးခါးသီးသီ ငြင်းဆန်ပစ်တာ၊ ဒါဟာ မင်းအပေါ် သူ့သာယာနေလို့ မဟုတ်ဘူးလား"

သက်ထွန်း ဘာကိုပြောချင်နေသည့်လည်းဆိုတာ သူသိသည်။ သူလည်း ဘာကိုပဲလုပ်လုပ် မပြတ်သားတာ၊ တွေ ဝေတာမျိုး မရှိခဲ့ဘူးပါ။ အခုမှ-

"ငါတစ်နေ့နေ့တော့ ဆည်းဆာညို့နဲ့ လက်ထပ်မယ့် အကြောင်းရင်း ရတုမှီကိုပြောပြ မှာ ပါ"

"ရတုမှီကို ချစ်နေတဲ့အကြောင်းကိုရော ရတုမှီသိအောင် ဖွင့်မပြောတော့ဘူးလား"

သူ့အသံတိတ်သွားကာ ခုံတန်းလေးရဲ့ နောက်မှီမှာ ကျောကပ်သွားလျက် ခေါင်းကိုမော့၍ တိမ်တိုက်တွေ ကြားက လခြမ်းကွေးကွေးလေးကို အဓိပ္ပါယ်မဲ့ မော့ကြည့်နေမိသည်။

သက်ထွန်းကသူ့ပခုံးကို ခပ်ဖိဖိ ဆုပ်ညှစ်ကာ-

"မင်းအရင်ကသွေးကြောင်တဲ့ကောင် မဟုတ်ပါဘူး"

"ဖွင့်ပြောရင်မင်းပြောသလို သူ့ကိုဝေဒနာတွေ ထပ်ပေးမိတာမျိုး မ ဖြစ်စေချင်ဘူး၊ ဒီအတိုင်း လေး သူ့ကို ဂရုစိုက်ပေးနေရုံနဲ့ သူကျေနပ်မှာ ပါ"

"အဲ ဒါမင်းဘက်ကအတွေ :လေ၊ အစကတည်းက မျိုသိပ်ပြီး နောက်ဆုပ်မယ်လို့ တွေ :ထား ရင် မပတ်သက်မိအောင်နေခဲ့ပါလားကွ၊ အခုက ရေနစ်နေတဲ့သူကို ကြိုး တစ်ဆ ချပေးပြီး ကုန် ပေါ်ရောက်မှ ပြန်တွန်းချသလို ဖြစ်နေပြီ"

"မရည်ရွယ်ပါဘူး၊ သူ့ဘဝလေးကို စာနာသနားမိလို့ပါ"

"ဒါဆိုလည်းသတ္တိရှိရှိ ရင်ဆိုင်လက်တွဲ လိုက်ပါလား"

သက်ထွန်းရဲ့ လေသံမာမာ ပြင်းပြင်းထန်ထန် စကားများ ကြောင့် သူ မချိတင်ကဲ ပြုံး လိုက်မိ သည်။

Scanned by CamScanner

"မင်းရောတစ်သက်လုံး အိမ်ထောင်ဖက်အ ဖြစ် လက်တွဲ မယ့် မိန်းကလေးကို ဆည်းဆာ ညိုလိုမိန်းမကို ရွေးမှာ လား၊ ရတုမိုလိုမိန်းလေးကို ရွေးမှာ လား"

သက်ထွန်းအသံတိတ်သွားတော့ သူ ထပ်ပြုံး လိုက်မိပြန်သည်။

"လူတိုင်းမှာ အတ္တရှိတယ် သက်ထွန်း၊ ကိုယ့်ဘက်က ချည်းပေးဆပ်ဖြည့်ဆည်းနားလည်း ပေးနေရမယ့် လူ တစ်ယောက် ကိုဘယ်သူက ကြာရှည်စိတ်ရှည်မှာ လဲ၊ အဲဒီ အိမ်ထောင်ရေး ကရော တစ်သက်လုံး စိတ်ချမ်းသာမယ် ထင်လား၊ အဲဒီ လိုလူမျိုး က သားသမီးတွေ အတွက်ရော မိခင် ကောင်း တစ်ယောက် ဖြစ်လာနိုင်ပါ့မလား၊ မိဘတွေ သဘောမတူဘဲ ခွတ်မိုက်မဲမိရင်ရော တစ်သက် လုံး နောင်တရနေရမှာ မဟုတ်ဘူးလား"

"ဒါ ကတော့ကွာ ကိုယ်ကချစ်နေရင်"

"ကလေးအတွေ နဲ့ ရွေးချယ်စရာမရှိဘူးဆိုရင်တော့ ဟုတ်တာပေါ့လေ၊ အခုဟာက ဖေဖေမေမေတို့ကိုလည်း ကတိပေးထားမိတယ်၊ ဆည်းဆာညိုကလည်း ငါ့ရဲ့ အိမ်ထောင် ဖက်အ ဖြစ် သင့်တော် နေတယ် ငါ့မိဘတွေ ကိုလည်း စိတ်ဆင်းရဲသော ကတွေ မပေးချင်ဘူး ဆည်းဆာညိုအသိုင်းအဝန်း ဂုဏ်သိက္ခာကိုလည်း အားနာသင့်တယ်လို့ထင်တယ်၊ ပြီးတော့ ရတုမိုကို ချစ်တယ်ဆိုတဲ့အကြောင်းကို ငါဘက်က စကားမကျွံရသေးဘူး"

သက်ထွန်း ဘာမှမပြောတော့ပေမယ့် သူ ကတော့ အပြစ်ရှိသူ တစ်ယောက် လို ကတုန် ကယင်နှင့် ပါ။

သူ့ဘာတွေ မှာ နေသလဲ ပြန်တွေ မိပေမယ့် ရတုမိုပြုံး ပျော်နေတာလေးကို မြင်ယောင်ကာ စိတ်ထဲမှာ ဖြေသာသလိုလိုရှိသည်။

သူမရဲ့ ပြုံပြင်ဖြောင်းလဲလာမှု လေးတွေ ကြောင့် လည်း ရင်မှာ ကြည်နူးနေရ၏ ။

မရိုးသားပေမယ့် အစွန်းအထင်းကင်းတဲ့ မေတ္တာတွေ ပါ ရတုမိုရယ်။

Scanned by CamScanner

•••••••••••••

အခန်း(၁၄)

လမသာသလို ကြယ်လည်းမစုံ။ မှောင်မိုက် မိုးသားပြင်က တိမ်တိုက်တွေ တိုးခွေလျက် အုံ့မဲညို့ညစ်မှိုင်းညို့ နေသည်။

မိုးရွာတော့မည် လား။ အပြောင်အပျက် စနောက်ရုံလေး လွင့်ပါးမည့် မိုးပြေးလား။

မိုးရာသီကုန်ဆုံးဖို့ ခြိမ်းခြောက်အမိန့်ပေးနေသည့် မိုးချုန်းသံတွေ ကိုလည်း ကြားရသည်။

မိုးသက်လေပြင်းခပ်ဖွဖွတိုက်ခက်လာသည်မို့ အခန်းတံခါးတွေ အကုန်လုံးလိုက်ပိတ် လိုက်သည်။

စိမ့်စိမ့်လေး အေးနေပေမယ့် အဲကွန်းကို အမြင့်ဆုံးတင်၍ ဖွင့်လိုက်သည်။

သူ့ရင်ထဲမှာ ဗလောင်ဆူနေသည်။ ပူလောင်နေသည်။ ဒီလိုမိုးချုန်းသံတွေ ကြားရင် ရတုမို တစ်ယောက် တည်း ကြောက်နေမလား။

အန်တီချိုကရော အဖော်အဖြစ် အနီးကပ် နေပေးပါ့မလား။ ဒီနေ့ စိတ်တွေ ရှုပ်ထွေး လွန်းစွာ ရတုမိုတို့အိမ်ကို မနက်ပိုင်းရော ညနေပိုင်းရော မရောက် ဖြစ်ပါ။

အချိန်လွန်လို့ သူမ ဖုန်းဆက်လာတော့လည်း သူဖုန်းကိုစက်ပိတ်ထားမိသည်။ ဖုန်းပြန် ဆက်ပေးပါဟု မက်ဆေ့ပို့ထားသော် လည်းဖုန်းပြန်မဆက် ဖြစ်။

ညအိပ်ရာဝင်မှ သူမ ဘယ်လိုနေရှာမလဲဆိုပြီး နေမထိထိုင်မသာ စိုးရိမ်ပူပန်လာခဲ့ တာ ဖြစ်သည်။

ဖုန်းကိုကိုင် ထားပြီး အခန်းထဲမှာ ဟိုလျှောက်ဒီလျှောက်ဖြင့် စိတ်ရောလူရော ဂနာမငြိမ်။

Book Sharing

Scanned by CamScanner

သူရောက်မလာနိုင်တော့ဘူးဆိုပြီး နှုတ်ကလပ်သွားပြီး ကနေမလား၊ ကာရာအိုကေခန်းမှာ သီချင်းတွေ အော်ဟစ်ဆိုနေမလား။ သူမရဲ့ အကျင့်စရိုက်အတိုင်း တစ်ခုခု ပေါက်ကွဲ နေမှာ ကတော့ သေချာသည်။

သံယောဇဉ်အမြစ်ပြတ်ဖို့ ကြိုးစားနေမှ စိတ်အာရုံတို့က သူမဆီကိုရောက်နေပြီး သူမမျက်နှာ လေးကို မြင်တွေ့ချင်လှသည်။ နောက်ရက်တွေ ဆို ဘယ်လိုမှ မြင်တွေ့နိုင်ခွင့် မရှိတော့။

"ဟား"

ဘယ်လိုမှ မနေနိုင်လွန်းစွာ ဖုန်းခလုပ်တွေ ကို နှိပ်လိုက်မိ၏ ။ တစ်ဖြောင်းဖြောင်း ရွာ ချ လာသော မိုးစက်သံတွေ ကြောင့် တစ်ဖက်က ဖုန်းမြည် းသံက ပိုးတဝါး-

"ဟယ် ဟယ်လို ရ ရတု"

ဖုန်းကိုင်လိုက်တာကို သိပါရဲ့ နဲ့ အသံတိတ်နေတာမို့ အငမ်းမရ ခေါ်လိုက်မိသည်။ အတန်ကြာတော့ သူမဘက်က ငိုရှိုက်သံတွေ သူ့နားထဲ လွှင့်ပျံတိုးဝင်လာသည်။

"ရ ရတု ဘာလို့ ငိုနေတာလဲ၊ ဘာလို့ငိုနေတာလဲဟင် ရတု"

"ရှင် ဘာလို့ ဒီနေ့ရောက်မလာတာလဲဟင်"

"ကိုယ် ကိုယ်အလုပ်ကိစ္စတွေ အရေး ကြီးနေလို့ပါ"

"ဖုန်းတော့ဆက်သင့်တယ် မဟုတ်လား၊ ရတုစောင့်နေမှာ သိနေရဲ့ နဲ့အားနာသင့် တာပေါ့"

"ကိုယ်တယ်ကို စိတ်ရောလူရော မအားလို့ပါကွာ၊ ဩော်ရတု မိုးတွေ ရွာပြီး မိုးချုန်သံ တွေ နဲ့ မင်းအခန်းထဲမှာ တစ်ယောက် တည်းရော နေရဲရဲ့ လား၊ အန်တီချိုကို အနားမှာ ခေါ်ထားပါ လားဟင်"

Scanned by CamScanner

"ရတု အခု ရှင့်အိမ်ရှေ့မှာ ရောက်နေတာ မိုးကာ"

"ဟင် ဘာ ဘာပြောတယ် ရတု"

သေချာကြားလိုက်တာတောင် မယုံနိုင်စွာ အထိတ်တလန့် ထပ်မေးရင် ပြတင်းပေါက်ကို ဖွင့်၍ ခြံဝန်းအပြင်ကို လှမ်းမျှော် ကြည့်လိုက်မိသည်။

တကယ်ပါလား၊ ရတုသူ့အိမ်ရှေ့ကိုရောက်နေတာ တကယ်ပါလား၊ အနီရဲရဲ ကားလေး အတွင်း :မှာ မဟုတ်ဘဲ ကားဘန်ပါကိုမှီ၍ သူ့ရင်တွေ သိမ့်သိမ့်လှုပ်ခတ် ယိမ်းထိုးသွား၏ ။

"ရ ရတု မိုးက ဒီလောက်အေးတာ၊ ဖျားနာနေမှာ ပေါ့၊ ဘာလို့ရောက်လာရတာ လဲ ရတု ရယ်"

သူ့အသံတွေ တုန်ခါမောဟိုက်နေပေမယ့် သူမ ကတော့ ပုံမှန်အသံပြန် ဖြစ်သွားကာ-

"ရတုရှင့်အိမ်ရှေ့ကို ရောက်နေတာ တစ်နာရီလောက်ရှိသွားပြီမိုးကာ၊ ရှင် ရတုဆီ ကို ရောက်လဲ ရောက်မလာ၊ ဖုန်းလည်းမဆက်တော့ ဘာတွေ ဖြစ်နေလဲလို့ စိတ်ပူပြီး ရောက်လာတာ၊ ရှင့်အခန်းမီးလင်းပြီး ရှင်ရှိနေတာ သိလိုက်ရလို့ ရတု စိတ်ပြေသာ သွားပါတယ်"

"ဒါဒါဆိုလည်း ပြန်တော့လေ ရတုရယ်၊ အခုတောင်ညကိုးနာရီ ရှိနေပြီ၊ မိုးတွေ လည်း ရွာလို့ အိမ်ကျကော်ဖီပူပူလေးတစ်ခွက် ဖျော်သောက်လိုက်နော်"

"ရတုအတွက် စိတ်မပူပါနဲ့ မိုးရေစက်တွေ နဲ့ ရတုက ရင်းနှီးပြီးသားပါ"

"ဘယ်ဟုတ်မလဲ ရတုရယ်၊ ကိုယ်ခရီးသွားနေမယ့်အချိန် စိတ်မဖြောင့်အောင် မလုပ်ပါနဲ့၊ အိမ်ပြန်ပြီး နွေးနွေးထွေးထွေး နေပါနော်"

"ဟင် ရှင် ရှင်ခရီးသွားမယ် ဟုတ်လား၊ ဘယ်နေ့လဲ၊ ဘယ်လောက်ကြာမှာ လဲ"

ခြံဝင်းမီးအလင်းရောင် အောက်မှာ သူမလန့်ဖျပ်ပြူး မှာသွားတာ မြင်ရတော့

Scanned by CamScanner

သူစိတ် မကောင်း ဖြစ်ရသည်။

လက်တစ်ဖက်နှင့် မိုးရေတွေ ကိုသပ်ချနေတာလား၊ မျက်ရည်တွေ ကို သုတ်နေတာလား တော့သူမသိ။

"မိုးကာရတုမေးနေတယ်လေ၊ ဘယ်လောက်ကြာမှာ လဲ၊ ဘယ်နေ့သွားမှာ လဲ၊ ဘယ်ကို သွားမှာ လဲလို့"

"မနက်ဖြန်ချောင်းသာကို အလုပ်ကိစ္စတစ်ခုနဲ့ သွားရမှာ ၊ လေးငါးရက်လောက် တော့ ကြာမယ်၊ လိမ်လိမ်မာမာနေနော် ရတု၊ ဘယ်မှလည်း သိပ်မလည်နဲ့၊ ဟိုတယ်စားတွေ ချည်လည်း ဝယ်မစားနဲ့၊ ကိုယ်သင်ပေးထားတဲ့ ဟင်းချက်နည်းတွေ နဲ့ အိမ်မှာ ပဲ ကောင်းကောင်းချက်စားနော်"

မရည်ရွယ်ပါဘဲ စိုးရိမ်ပူပန်စွာ မှာ တမ်းခြွေနေမိသည်။ သူမဘက်က အတန်ကြာ အသံ တိတ်နေပြီမှ -

"ရတုရှင်နဲ့တွေ ့ချင်တယ် မိုးကာ"

"ကိုယ်က မနက်ပိုင်းသွားရမှာ ရတုရဲ့ ၊ မင်းဆီကို လာ ဖြစ်တော့မယ်မထင်ဘူး။ ပြန်လာမှ လာခဲ့နော်"

"အခု ရှင့်ကိုတွေ ့မှ ဖြစ်မယ်မိုးကာ ရှင့်ကို မတွေ့ ရမချင်း ရတုမပြန်ဘူး၊ ရှင်ထွက်မလာရင် ဒီနားမှာ တစ်ညလုံးရပ်နေမှာ "

"ရတု ရတု"

သူဘယ်လောက်အော်အော် သူမက ဖုန်းပိတ်သွားပြီးမို့ကြားမှာ မဟုတ်၊ ဒွတ်တရွတ် ပေကပ်ကပ်နိုင်သော ရတုကို ပြတင်းပေါက်ကနေ လှမ်းကြည့်ရင်းဖြင့် သူ ရင်တွေ မောနေသည်၊ ပြောသည့်အတိုင်း သူ ဆင်းမတွေ့ လျှင် သူမ တစ်ညလုံး ဒီနေရာက ရွေ့မည် မထင်။

သူမကို စိုးရိမ်စွာ နှင့် ပေပေမေမေတို့ မနိုးအောင် တိတ်တဆိတ် အိမ်တံခါး၊

Scanned by CamScanner

ဖြဝင်တံခါးတွေ ဖွင့်၍ ဖြပြင်ထွက်လာခဲ့ရသည်။

သူမ ဘာကြောင့် ဒီလောက်တောင် ရဲတင်းရတာ လဲ၊ ရင်ထဲကဆန္ဒက အပြစ်တင်မိ ခြင်းတော့မဟုတ်ပါ။ သူမအတွက်စိုးရိမ်းစိတ် သက်သက်ကြောင့် -

"ရော့ မိုးကာ အင်္ကျီဝတ်ထား၊ မင်းကွာ မကြောက်မလန့်နဲ့"

အကိုကြီး တစ်ယောက် လို ဆူပူမာန်မဲပြီး အဝိုယူလာသည့် မိုးကာအင်္ကျီတစ်ထည် သူမကို ဝတ်ပေးလိုက် သည်။ သူလည်းမိုးကာအင်္ကျီ ဝတ်ထားပါရဲ့ နဲ့ မိုးရေစက်တွေ တဖျန်းဖျန်း ပက်နေတာမို့ မျက်နှာနှင့် ခန္ဓာကိုယ်အောက်ပိုင်းတွေ မှာ စိုရွှဲကုန်သည်။

"လာကားထဲမှာ ထိုင်စကားပြောရအောင်၊ မင်းအရမ်းအေးနေပြီ"

သူမလက်ကိုဆွဲ၍ ကားနောက်ခန်းတံခါးကို ဖွင့်ကာ ဝင်ထိုင်လိုက်သည်။ ခန္ဓာကိုယ်ချင်း ထိကပ်နေတာမို့ သူ့ကဆံနွယ်က မိုးရေစက်တွေ သူ့ကိုယ်ပေါ် တစ်စက်တစ်စက်ကျနေ၏ ။

တနာရီကျော် မိုးရေထိထားသည့် ဒဏ်ကြောင့် သူမကိုယ်လေးလည်း တဆက်ဆက် တုန် ယင်နေသည်။

"မင်းအရမ်းချမ်းနေပြီ မဟုတ်လား၊ ကလေးလေးကျနေတာပဲကွာ၊ မင်း အရမ်းဆိုးတယ်"

ပါးစပ်က ဗျစ်တောက်ဗျစ်တောက်ပြောရင်းနှင့် သူမအတွက် စိတ်ပူစွာ ကားရှေ့ခန်းမှာ ထားသည့် တစ်သျှူး ဘောက်(စ်)ထဲက တစ်သျှူး တွေ ယူပြီး သူမဆံနွယ်တွေကို ဖွဖွညင်သာ ပွတ်သပ်သုတ်ပေးနေမိသည်။

"ရတုရှင်နဲ့ ချောင်းသာလိုက်ခဲ့မယ်မိုးကာ"

"ဟင် ဘယ် ဖြစ်မှာ လဲ"

သူ လက်ဖျံနဲ့ကာ သူမဆံနွယ်လေးကို သုတ်ပေးနေသည့်လက်တောင် တွန့်ခနဲ ရပ်တန့် သွား၏ ။

Scanned by CamScanner

"ဘာလို့မ ဖြစ်ရမှာ လဲ ရတုလိုက်ချင်လို့ပါ၊ ဒီမှာ ရှင်မရှိရင် အရင်လိုလျှောက်လည်တာတွေ ကာရာအိုကေ သွားတာ၊ နိုက်ကလပ်သွားကတာတွေ လုပ်နေမိမှာ ၊ ပြီးတော့ တစ်ယောက် တည်း ပျင်းနေပြီးရှင့်ကိုသတိရနေမှာ ပေါ့၊ အဲလိုကြီးမနေချင်ပါဘူး"

"မဆိုးပါနဲ့ရတုရယ်၊ ယောက်ျားလေးနဲ့ မိန်းကလေး ခရီးတစ်ခုတည်း အတူတူသွား တယ် ဆိုတာ မကောင်းပါဘူး၊ ပတ်ဝန်းကျင်က ဘယ်လိုဝေဖန်သွားမလဲ"

"ဟွန်း ခေတ်လူငယ် ဖြစ်ပြီး အတွေး :တိမ်လိုက်တာ၊ အဝေးပြေး ဘတ်(စ်)ကားကြီးတွေ ၊ ခရီးသွားလိုင်းကားတွေ ကြည့်စမ်းပါဦး၊ ယောက်ျားမိန်းမ ဒူတင်ပေါင်တင် သွားလာလှုပ် ရှား နေ ကြ တာပဲ"

"အဲဒါက တူမှမတူတာကွ ကိုယ်က အလုပ်ကိစ္စနဲ့ ညအိပ်ညနေသွားတာ၊ မင်းအလို လိုက်လို့ ဘယ် ဖြစ်မလဲ"

သူမက သူဘယ်လိုပြောပြော နားဝင်ပုံမပေါ်ပါ၊ ခေါင်းကိုဖျပ်ဖျပ်ခါအောင်ယမ်းပြီး-

"ရှင့်ကားနဲ့မလိုက်ရရင် ရတုကားနဲ့ ရတုလိုက်လာမှာ နော်၊ ဟိုရောက်လို့ ရှင်တည်းတဲ့ ဟိုတယ် မတည်းရလည်း ရတုဘာသာသပ်သပ် ငှားနေလို့ရတာ ပဲ၊ ရှင်မခေါ်ချင် မပြောချင်လည်း ရတယ် ရတုဘာသာငြိမ်ငြိမ်လေးနေမှာ ပေါ့"

သူ့စိတ်ရှုပ်ထွေးစွာ : သက်ပြင်းရှိုက်တော့ သူမက ခပ်လွှတ်လွှတ်ပြုး ကာ မျက်နှာလေး ကြည်လင်လန်းဆန်းလာသည်။ သူ့မျက်နှာကိုလည်း ဒူးပေါ်လက်တင် မေးထောက်၍ မလွှတ်တမ်း အငြဲ့တိုက်ကြည့်နေသည်ထင်သည်။

သူ့မှာ ပြုံး ရမလို ရယ်ရမလို မျက်နှာရှောင်လွှဲပစ်ရတော့မလို နှင့် မနေတတ် မထိုင်တတ်ပင် ဖြစ်လာ၏ ။

"လိုက်ခဲ့မယ်နော် မိုးကာ"

Scanned by CamScanner

သူဘာမှမပြေ ဖြစ်

"ရတုကိုခေါ်ပါနော် ရတုလိုက်မယ်နော်"

ချိုပြစ်ချွဲအိနေသော သူမအသံလေးကြောင့် သူငြင်းရခက်နေ၏ ၊ ထားခဲ့ရင်လည်း သူမ လုပ် ချင်ရာတွေ လုပ်မှာ သေချာသည် ခေါ်သွားရင်ရော ဟိုက ဝန်ထမ်းတွေ အသိမိတ်ဆွေတွေ က ပေပေမေမေတို့ဆီ သတင်းမပို့ဘူးလို့ပြောနိုင်မလား။

သိသွားရင် ဘာတွေ ဖြစ်လာနိုင်သလဲ။ သူ့ကို ဘယ်လိုထင်မြင်ယူဆ သွားမလဲ။

ဟား အနေကျပ် အစားကျပ်၊ စိတ်တွေ မွန်းကျပ်အောင် လုပ်နိုင်လွန်ပါလား ရတုရယ်။

•••••••••••••

အခန်း(၁၅)

ဘာတွေ ဖြစ်နေနေ ရတုမှီ ကတော့ သူချောင်းသာသွားဖို့ ကားနှင့် ထွက်အလာမှာ ကျောပိုး အိပ်လေးလွယ်လျက် လမ်းထိပ်ကစောင့်နေခဲ့သည်။

ဘယ်လိုမှမတတ်သားသည့်အဆုံး ကားပေါ်တင်ကာ ခေါ်ခဲ့ရ၏ ၊ ဂျင်ဘောင်းဘီ၊ အနက်ရောင် တီရှပ်၊ လျှာထိုးဦးထုပ်၊ နေကာမျက်မှန်အမည်း နှင့် မို့ သူမစတို(လ်)က ယောက်ျားလေး ဆန်ဆန်ပါ သူ့စိတ်ကိုသိနေသည်မို့ ရုပ်ဖျက်၍ လိုက်လာတာ ဖြစ်မည် ။

"မင်းဝီရိယကောင်းသားပဲ"

"မလိုက်ရမှာ စိုးလို့ ညက တစ်ညလုံးတောင် အိပ်မပျော်ဘူး၊ အခုလည်း အစောကြီးက တည်းက လာစောင့်နေတာ"

"မင်း ကတော့ မင်းလုပ်ချင်တာဆိုရင် မဆင်မခြင်နဲ့ ရွတ်တရွတ်လုပ်တာပဲနော်"

သူမဘယ်လိုအဓိပ္ပာယ်တွေ နှင့် ပြောနေသည်ဆိုတာ သူမသိပေမယ့် သူမ ကားပေါ်ပါလာ ခဲ့သည့်အ ဖြစ်ကိုတော့ ရင်မှာ လှုပ်ခပ်ကြည်နူးသလို ဖြစ်နေသည်။

Scanned by CamScanner

ဒီလိုခံစားမှုမျိုး သူ့ရင်မှာ တစ်ခါမှ မဖြစ်ဘူးပါ။ ချစ်သူနှင့် အပျော်ခရီး ထွက်လာရသလိုလို လက်ထပ်ပြီး ဟန်းနီမွန်းထွက်လားရသလိုလိုနှင့် လှုကမျောက်ကြွကြွ ပျော်ရွှင်လန်းဆန်းနေသည်။

သူမလည်း တရိပ်ရိပ် ကျွန်းရစ်ခဲ့သည့် ပတ်ဝန်းကျင် ရှုခင်းတွေ ကို လည်လေးလိမ်ကာ စောင်ကာကြည့်ရင်း ပျော်နေဟန်ရှိသည်၊ လမ်းခရီးမှာ ဗိုက်ဆာတိုင်း၊ စားသောက်ဆိုင်တွေ မှာ ဝင်စားကြသည်။

ဒါပေမဲ့ လမ်းခရီးဝေးသည့်ဒဏ် ညကမိုးမိထားသည့်ဒဏ်ကြောင့် လားမသိ၊ လမ်းခရီတစ် ဝက်ကျော်ကျော်လောက်မှာ ပင် သူမငြိမ်သက်တိတ်ဆိတ်လာသည်။ ကြာလာတော့ ကားကူရှင် မှာ မှီးပြီး ခွေခေါက်အိပ်လိုက်လာ၏ ။

ချောင်းသာအဝင်ဟိုခပ်လှမ်းလှမ်းက ဟိုတယ်တွေ ကို လှမ်းမြင်ရသည့် အခါမှာ တော့ သူ့စိတ်တွေ ကယောင်ကတမ်း စိုးရိမ်းပူပန်လာပြန်သည်။ သူမနှင့် နှစ် ယောက် အတူလာတာကို ဘယ်သူမှသိလို့မ ဖြစ်။

ခရီးကြမ်းလမ်းကြုံး တစ်ခေါက်လာသည့် အနေထားမျိုး သိသွားသည့်က ကိစ္စမရှိ၊ ပတ်သက်ရာ ပတ်သက်ကြောင်း တစ်ခုခုကြောင့် ဆိုလျှင် မေမေတို့နှင့် ပြဿ နာတတ်နိုင်သည်။

ပြီးတော့သူနှင့် လက်ထပ်ရမည့် ဆည်းဆာညို့တို့ အသိုက်အဝန်းကို အားနာစရာကောင်း၏

သူက ထိုအတွေ းနှင့် သူမကို မနိုးတော့ဘဲ အသိမိတ်ဆွေတွေ ၊ အလုပ်သမားဝန်ထမ်းတွေ မနီးစပ်သော ခပ်ဝေးဝေးမှာ ရှိသည့် ဘန်ဂလိုလေးကို ငှားလိုက်သည်။

ဟိုတယ်ကြီးတွေ မှာ ဆိုလျှင် လုပ်ငန်းတူ မိတ်ဆွေတွေ နှင့် တစ်နည်းမဟုတ်တစ်နည်း တွေ့ရ နိုင်သည်။

Scanned by CamScanner

ဘန်ဂလိုလေးက ပင်လယ်ကမ်းစပ်နှင့် နီးပြီး ရေလှိုင်းပုတ်သံတွေ ကျယ်ကျယ်လောင် လောင်ကြားရနိုင်သည့် နေရာလေး ဖြစ်သည်။ နှစ် ခန်းတွဲ လေးမို့သူမ တစ်ခန်း သူတစ်ခန်းနေရမှာ အဆင်ပြေပါသည်။ ဘန်ဂလိုလေးရှေ့မှာ ကားထိုင်ရပ်လိုက်ကာ သူမကို လှုပ်နိူးရသည်။

"ရတု ရတု ဟိတ် ချောင်သာရောက်နေပြီကွ"

"ဟင် ဟုတ် ဟုတ်လား၊ ရတုကို ခုမှ နိူးရလား အားနာလိုက်တာ"

"အပိုတွေ ပြောမနေနဲ့ တစ်လမ်းလုံး ကားမောင်းလားတဲ့သူကို အားမနာတမ်း အိပ်လိုက်လာပြီးမှ၊ ကဲဘန်ကလိုပေါ်တတ်ပြီး ကောင်းကောင်းအနားယူလို့ရပါပြီ၊ ရော့သော့တွဲ ယူသွား"

"မိုးကာကရော"

ကိုယ်ကတစ်ခန်းသက်သက်လေ မင်းအခန်းနဲ့
ကပ်ရက်ပဲလိုအပ်တာရှိရင်ပြောပေါ့၊ ဘဲ(လ်) တီးခေါ်ရင်း ဝန်ထမ်းတွေ
လည်းရောက်လာလိမ့်မယ်၊ ဒါက သီးသန့်ဘန်ဂလိုတွေ ပါ၊ တီဗီ တွေ ရေ ခဲသေတ္တာတွေ
ကအစ အပြည့်အစုံပါတယ်။

"ရေကူးကြမယ်လေ"

"ဘာကိုယ်ဒီလာရင် ရေတခါမှမဆော့ဘူး ဘောကွင်းမစီးဘူး၊ ရေချိုး တာ"

"သဘာဝမကျလိုက်တာ ချောင်းသာလာပြီ ရေမကူးဘူးတဲ့"

"ကိုယ်က အပျော်ခရီးထွက်လာတာမှ မဟုတ်ဘဲကွ၊ အလုပ်ကိစ္စနဲ့လာတာ၊ မင်းနဲ့လည်း အချိန်ကြာကြာ အချိန်ဖြုန်းလို့ မရဘူး၊ ဒီညနားပြီး မနက်ဖြန် အစည်းအဝေးခေါ်တာတွေ ၊ ဝန်ထမ်းတွေ နဲ့ ညှိနှိုင်းတိုင်ပင်တာတွေ အများ ကြီးလုပ်စရာတွေ ရှိတယ်"

ပြောပြောဆိုဆို အခါတံခါးဖွင့်ကာ ဝင်လိုက်တော့ သူမကပါ လိုက်ဝင်လာသည်။

Scanned by CamScanner

"မင်းအခန်း မင်းသွားလေ၊ ဘာလို့ လိုက်ဝင်လာတာလဲ"

"ရှင်ကလည်း အကဲဖိုလိုက်တာ၊ ရတုဗိုက်ဆာနေပြီ ဘယ်သွားစားမှာ လည်း မေးမလို့"

"ဘယ်မှသွားမစားဘူး၊ မင်းစားချင်တာ ဘဲ(လ်)တီးပြီးမှာ လိုက် လာဖို့လိမ့်မယ်"

"ရှင်ကရော မစားဘူးလား၊ ရှင်မစားရင် ရတုလည်း မစားသေးဘူး"

နှုတ်ခမ်းစူချိတ်ချိတ် ဆောင့်ဆောင့် အောင့်အောင့်လေး၊ ပြောတော့ သူ့အသည်းတွေ ယား ကာ ရယ်လည်းရယ်ချင်နေမိသည်။

မေမေထည့်ပေးလိုက် သည့် ခရီးဆောင်အိပ်ကို ခုတင်ပေါ်ပစ်တင်လိုက်ပြီး-

"မင်းရေမိုးချိုး ဦးမယ် မဟုတ်လား၊ ပြီးရင် ပြန်ထွက်လာခဲ့ မင်းအခန်းနဲ့ ကိုယ့်အခန်း ရှေ့ကဝရန်တာ ထမင်းစားပွဲပြင်ခိုင်းလိုက်မယ်၊ မင်းဘာကြိုက်လဲ၊ ကိုယ် ကတော့ ဒီရောက်တုန်း ပင်လယ်စာပဲစားမယ်"

"ရတုလည်းရှင်နဲ့အတူတူပဲ"

ရတုမှီ ကတော့သူ့ကို ရှုံးအောင်လုပ်နေသည် ထင်သည်။ သူအနေခက်အောင် တွန်းတွန်း တိုက်တိုက် လုပ်ပြီးမှ ထွက်သွား၏ ။ သူစိတ်မောလှမောနှင့် ရေချိုး ခန်းတွင် းဝင်ကာ ရေစိမ်ချိုး ပစ် လိုက်သည်။

သူမကိုတင်းတင်းကျပ်ကျပ် ပြောထားဖို့ လိုအပ်နေပြီးထင်သည်။ဆည်းဆာညို နှင့် လက် ထပ်ရတော့မည့် ကိစ္စကိုပါ ပြောပြသင့်ပြီလား။

"ဆရာအားလုံးရောက်နေပါပြီ"

"ဩော် အေးကျေးဇူးပဲ"

ဝရန်တာလေးမှာ ခမ်းခမ်းနားနား ဆန်းဆန်းပြားပြား ပြင်ဆင်ပြီးမှ ဝန်ထမ်းလေးတွေ သူ့ ကိုလာပြီးပြောသည်။

Scanned by CamScanner

နေလုံးနီနီကြီးက တဖြည်းဖြည်း နိမ့်ကျနေပြီ ဖြစ်ပေမယ့် ရင်ပြင်ကျယ်နှင့် အရောင် ဟပ်ကာ သူတို့ ဘန်ဂလိုလေးက လိမ္မော်ရောင် ညနေခင်း ဖြစ်သွားသည်။

တိမ်ရောင် စုံးရဲ့ ဖမ်းစားညို့ယူခြင်းက သူ့ရင်ကို ညွတ်နူးဆွတ်ပျံ့စေ၏ ။

"မိုးကာ ရှင်က ထမင်းစားပွဲတောင် ထိုင်နေပြီလား"

အနီရောင် စပို့ရှပ်နှင့် ချည်ထည်ကွာတာလေး ပေါ့ပေါ့ပါးပါးဝတ်ထားသည့် ရတုမိုက ခေါင် လျှော်ထားဟန်တူသော ဆံနွယ်တွေ ကို ဘီလုလုလေးနှင့် ဖြီးရင်း သူ့အနားရောက်လာသည်။

"မင်းကွာ ထမင်းပန်းကန်တွေ ပေါ် မင်းဆံပင်မွေးတွေ ဝင်ကုန်တော့မှာ ပဲ၊ အခန်းထဲမှာ လက်စသက်ပြီးမှ ထွက်လာတာ မဟုတ်ဘူး"

"ရှုံ့စရာမရှိ ရှုံ့နေပြန်ပြီ၊ ကြာနေရင် ရှင်ပွစိပွစိ ပြောမှာ စိုးလို့ ထွက်လာတာပေါ့"

"မင်းဗိုက်ဆာရင် ဆာတယ်ပြောစမ်းပါကွာ"

"အံမယ် ရှင်စောင့်နေမှာ စိုးလို့ပါဆို"

သူမနှင့် စကားနိုင်လုနေရတာ ပျော်စရာတော့ကောင်းပါသည် သူမက ဆံနွယ် တွေ ကိုဆက်မဖြီးတော့ဘဲ ဘီးလေးကို ဆက်တီခုံထောင်လေးပေါ် ချထားလိုက်ကာ ထမင်းစားဖို့ ဟန် ပြင်နေ၏ ။

"ပုဇွန်တွေ ရော ကဏန်းတွေ ရော ပင်လယ်ငါးတွေ ရော ရှင်အများ ကြီးမှာ ထားတာပါ လား"

"ကန့်အောင်စားလေ၊ မင်းဆာနေတာ မဟုတ်လား၊ အဲဒါတွေ မကြိုက်ဘူးလား"

"ကြိုက်တော့ကြိုက်ပါတယ်၊ ငါးမှရတုမစားတတ်တာ"

"ကဲပါ ထုံးစံအတိုင်းကိုယ်အရိုးနွှာကျွေးရမှာ မဟုတ်လား၊ စကားမများ နဲ့ မြန်မြန်စား"

Book Sharing

Scanned by CamScanner

သူခပ်တင်းတင်း အော်လိုက်တော့ သူမက နာခံစွာ နှင့် ငြိမ်ငြိမ်သက်သက် စားသောက် နေသည်၊ သူ ကတော့ ပါစပ်ထဲ ထမင်းလုတ် ကောင်းကောင်းမခွံနိုင်ဘဲ သူမအတွက် သာ ဂရုတစ်စိုက်နှင့် ငါးအရိုးနှင်ပေးနေမိသည်။

"စားလို့ကောင်းလားရတု"

"အင်ကောင်းတော့ ကောင်းတယ်၊ ဒါပေမဲ့ ရှင့်လက်ရာကို မမီဘူးထင်တယ်၊ သိပ်ခံတွင်း မတွေ့ဘူး"

"လျှောက်ပြောမနေနဲ့ ဟိုတယ်ဝန်ထမ်းတွေ ထိုင်ငိုသွားဦးမယ်"

"ငိုရင်ငိုပါစေပေါ့၊ သူတို့ချက်တာ မကောင်းဘူးလို့ ပြောနေတာမှ မဟုတ်တာ၊ ရတုကိုက ရှင့်လက်ရာကို စွဲနေတာ၊ တခြားလက်ရာတွေ ကို မစားတတ်တော့သလိုပဲ"

"ဩော် ချောင်းသာရောက်နေတာတောင် မင်းကို ထမင်းဟင်းချက်ကျွေးနေရဦးမှာ လား။ မင်းတရားလွန်နေပြီနော်၊ နည်းနည်း ပါးပါးသိတတ်စမ်းပါ"

"အဟင်း အဟင်းမိုးကာကြီးကလည်း စိတ်ကြီးပဲ"

သူမရယ်တော့သူလည်း စိတ်ပေါ့ပါးလွတ်လပ်စွာ ရယ်လိုက်မိသည်၊ ထမင်းစား သောက် ပြီးတော့ သူမကဝရန်တာကနေ ပင်လယ်လှိုင်းလုံးဖြူဖြူကြီးတွေ ကို မျှော်ငေး ကြည့်ကာ-

"ဒီလိုအချိန်လေးမှာ လမ်းလျှောက်ရရင် သိပ်ကောင်းမှာ ပဲနော်၊ တခြားလူတွေ လည်း လမ်း လျှောက်နေကြတာတွေ့လား၊ ဒါပေမဲ့ ဒီဘန်ဂလိုက တခြားဘန်ဂလိုတွေ နဲ့ အရမ်းအလှမ်း ဝေး သ လိုပဲနော်၊ ဘာ ဖြစ်လို့ဒီနေရာလေးကို ငှားလိုက်တာလဲဟင်"

"မင်းသိချင်လား၊ လမ်းလျှောက်ရင်းပြောမယ် လာ"

ဘန်ဂလိုပေါ်ကနေ သူအရင်ဆုံး ဆင်းလိုက်သည်။ သူမလည်း ကမန်းကတမ်း ဆင်းလိုက် လာ၏ ။

Scanned by CamScanner

အရှိန်နှင့် လမ်းလျှောက်လာရင်း အလှမ်းဝေးဝေး ရောက်လာသည့်အခါမှာ ခြေလှမ်းတွေ တုံ့ရပ်၍ သဲသော င်ပြင်ပေါ် ထိုင်ချလိုက်သည်။

နေလုံးကြီးက လုံးဝ ကွယ်ပျောက်ပြီမို့ ဟိုနေရာ ဒီနေရာတွေ မှာ မီးအရောင်တွေ လင်းလက်လာကြသည်။ ဟိုခပ်လှမ်းလှမ်းမှာ မီးပုံပွဲလုပ်ဖို့ ပြင်စင်နေကြသည့် လူငယ်တွေ ရဲ့ အော်ဟစ်သံတွေ ကြားရသလို စည်းချက်ညီလှသော လှိုင်းပုတ်သံနှင့် ဂီတာသံတွေ ကို လည်းကြားရ၏ ။

"မိုးကာဘာပြောမှာ လဲပြောလေ"

သူ့အနားမှာ ပူးကပ်ထိုင်ချရင်း သူမမေးတော့ သက်ပြင်းရှိုက်ကာ သူတစ်ပက်တိုး ရွှေ့ ထိုင်လိုက်ရသည်။

သူမက အလိုက်ကန်ဆိုးမသိစွာ သူ့ရှေ့တည့်တည့်နေရာရွှေ့ထိုင်ပြီး သူ့မျက်နှာကို မော့ ငေးကြည့်နေသည်။

ဒီနေရာလူသူကင်းရှင်းပြီး လွတ်လပ်သည့်နေရာဆိုပေမယ့် သူက အနောက်အယှက်ဖွဲ့ခံ ထားရတော့မည့် သူမို့ စည်းစောင့်သင့်သည်။

"ကိုယ့်ဘဂလိုလေးကို ရွေးလိုက်တာက ဟိုဘက်လူများ တဲ့၊ စည်ကားတဲ့ ဘန်ဂလိုတွေ ၊ ဟိုတယ်တွေ ဘက်မှာ ကိုယ်တို့နဲ့လုပ်ငန်းတူမိတ်ဆွေတွေ ကိုယ်တို့အလုပ်ဆိုက်ထဲက ဝန်ထမ်း တွေ ရှိနေလို့ပဲရတှ သူတို့က ကိုယ်နဲ့ မင်းကို မရှိးမသား အထင်အမြင်လွဲပြီးဖေဖေမေမေတို့ ဆီ သတင်းပို့လိုက်ရင် မင်းလည်းမကောင်းဘူး၊ ကိုယ်လည်းမကောင်းဘူး "

"ပတ်ဝန်းကျင်ကို ရှင်အဲလောက်ဂရုစိုက်တတ်မှန်း ရတုမသိဘူး မိုးကာ၊ သူတို့တွေ ဘယ် လိုထင်ထင် ဘာပြောပြော ဂရုစိုက်စရာလိုလို့လား"

"မင်း ဘဝကို အလေးအနက်တွေ းပြီး တန်းဖိုးရှိတဲ့မိန်းကလေးအ ဖြစ်နဲ့ မြင်ချင်ပါတယ်၊ သွေးမတော် သားမစပ်ယောကျာ်းလေး တစ်ယောက် နဲ့

Scanned by CamScanner

အလွယ်တကူးလိုက်လာတဲ့ မိန်းကလေး ဆိုပြီး အထင်သေးရှုတ်ချခံရမှာ စိုးရိမ်တယ်"

"ရှင့်စိတ်ရင်းအတိုင်း ပြောနေတာလား၊ ရှင်ရော ရတုကိုအထင်သေးမနေဘူးလား"

သူ့ကိုယ်ခန္ဓာကြီး ဆတ်ခနဲတုန်သွားကာ သူ့မမျက်နှာလေးကို ခပ်စူးစူးကြည့်လိုက်မိသည် "မင်းမေးခွန်းကို ပြန်ရုပ်သိမ်းလိုက်ပါလား ရတု၊ မင်းအပေါ်နားမလည်ခဲ့ရင် အစကတည်းက မပတ်သက်မိအောင် နေလိုက်မှာ ပေါ့ အခုဟာက"

သူဆက်မပြောရဲပါ။ ဆည်းဆာညိုနှင့် လက်ထပ်ရတော့မှာ မို့ စည်းခြားနေပြီးလို့ မပြော ရက်နိုင်သေးပါ၊ ဒီကိုရောက်လာပြီးမှ သူ့မကိုစိတ်ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင်နှင့် နေစေ ချင်သေးသည်။

အတတ်နိုင်ဆုံးလိုက်လျှောမှု တွေ ဖြင့် ဖြည့်ဆည်းပေးဆပ်နေချင်သေး၏ သူ့မဘာဆို ဘာမှ မသိသေးဘဲ၊ ကလေး တစ်ယောက် လို လွတ်လွတ်လပ်လပ် ပျော်နေတာပဲ မြင်ချင်ပါသည်။

ရန်ကုန်မှာ မသာတဲ့ လကဒီမှာ လည်းမှော ငမိုက်လို့ပါလား။ လျှပ်စစ်မီးရောင် တွေ က လူကိုညှို့ ငင်နိုင်စွမ်း မရှိပါ၊ လှိုင်းပုတ်သံတွေ ရဲ့ သွေးဆောင်ဖြားယောင်းမှု အတိုင်းသာ စီမျောပြီး။

•••••••••••••

Scanned by CamScanner

# အခန်း(၅)

အခန်း(၁၆)

"အင်း ဟင့်ဟင့်"

"ဟဘာလဲ"

အဆက်မပြတ် ညည်းညူ သံကြားရတာ မို့ အိပ်ပျော်နေရာမှ လန့်ဖျပ်ကာ ငုတ်တုတ် ထထိုင်လိုက်သည်။

သူမနေမကောင်း ဖြစ်ပြီး ညဉ်ညူနေတာများ လား။

နံရံတစ်ချပ်သာ ခြားတာမို့ ညည်းညူသံကိုကြားပြီးဘယ်လိုမှ ပြန်အိပ်လို့မရ။

မိုးမိထားခဲ့ရပြီးမှ လမ်းခရီးပန်း၊ ပင်လယ်လေးစိမ်းတိုက်တာခဲ့ရနှင့် သူမဖျားနေတာ ဖြစ်မည် ။ သူ့အိတ်ထဲမှာ ခရီးသွားတိုင်းမေမေထည့်ပေးလိုက် သည့် ဆေးတွေ ပါသည်။

ညအချိန်မတော် ဟိုတယ်ကဝန်ထမ်းတွေ ကို ဆရာဝန်ခေါ်ခိုင်းတာထက် သူ့မှာ ရှိသည့် ဆေးတွေ အရင်တိုက်ထားတာက ပိုကောင်းမည် ထင်သည်။

သူ ကတိုက်ကရိုက် လှုလဲထကာ ဆေးတချို့ယူ၍ သူမအခန်းရှေ့ ရောက်လာခဲ့သည်။

အခန်းတခါးက အထဲက ချက်ချထားသည်မို့ တွန်းတိုက်ဖွင့်ဝင်ဖို့ မလွယ်ကူ။

မန်နေဂျာကို အကျိုး အကြောင်း သွားပြောပြီးမှ သော့ ပိုတစ်ချောင်း တောင်းယူ၍ သူမ အခန်းတံခါးကို ဖွင့်လိုက်ရသည်။

သူမက စောင်ပုံလေးထဲမှာ ကွေကွေလေးနှင့် ညည်းညူနေဆဲပါ။

"ရတု ရတု"

Scanned by CamScanner

"ဟင် အင်း"

ညည်းညူတာလား၊ ထူးတာလားမသိပေမယ့် မျက်လုံးတွေ ကမှိတ်ထားဆဲ ဖြစ်သည်။ တစ်ကိုယ်လုံးဒိုက်ဒိုက်တုန်နေပြီး နှုတ်ခမ်းလေးကို ဖွဖွစမ်းကြည့်တော့လည်း ဖြစ်ဖြစ်တောက်ပူနေ၏ ။ "ရရတု ဆေးသောက်ရအောင်နော်"

ဆေးနှင့် ရေဖန်ခွက်ကို အနီးအနားက ခုံရှည်လေးမှာ အဆင်သင့်ချထားလိုက်ပြီး အိပ်ရာခု တင်ပေါ် ဘေးစောင်းလေး ဝင်ထိုင်လိုက်ကာ သူမခေါင်းအောက်ကနေ လက်လျှို၍ ပွေ့ထူလိုက် သည်။

သူမကိုယ်လေးက သူ့ရင်ခွင်ထဲမှာ ပျော့ခွေညွတ်ကျနေသည်။

"ရတု ကိုယ်ဆရာဝန်ခေါ်လိုက်ရမလားဟင်၊ ကိုယ်ဆေးတိုက်ရုံနဲ့ ရပါ့မလား၊ မင်း အရမ်း ဖျားနေတယ်ထင်တယ်"

သူ့စိုးရိမ်ကြီးစွာ ပြောနေတော့ သူမက မျက်လုံးတွေ ကို ဖြည်းလေးစွာ နှင့် အားယူဖွင့်ကာ-

"ရ ရပါတယ် အိပ်ရာမဝင်ခင်ကတည်းက အရမ်းချမ်းနေလို့ ဝန်ထမ်းတွေ ဆီက ဆေး တောင်းသောက်ထားသေးတယ်"

"ဟင် အဲ့ဒီ အချိန်ကတည်းက ဖြစ်နေတာလား၊ မင်းဘာလို့ ကိုယ့်ကိုစောစောစီးစီးက မပြောတာလဲကွာ"

"ရှင်စိတ်ပူနေမှာ ဆိုးလို့ပေါ့၊ ရှင်လည်း ပင်ပန်းနေတာ မဟုတ်လား"

"ဒါနဲ့များ ကွာ၊ သောင်ပြင်ပေါ်မှာ လေစိမ်းအတိုက်ခံပြီး အကြာကြီး ထိုင်နေရသေးတယ်လို့ ကဲရော့ ဒီဆေးတစ်လုံးသောက်ထားလိုက်နော် သက်သာသွားလိမ့်မယ်"

ဆေးလုံးလေးကို သူမပါးစပ်ထဲထည့်၊ ရေကိုလည်း သူမနှုတ်ခမ်းဖျားမှာ ယုယုယယ တေ့ကပ်တိုက်လိုက်ရသည်။

Book Sharing

Scanned by CamScanner

ပန်းရောင် ဖျော့ဖျော့ ညအိပ်ဝတ်စုံလေးနှင့် ဖျားသည့်အရှိန်ကြောင့် ပန်းသွေးရောင် သန်းနေ သည့် မျက်နှာလေးက အပြစ်ပြောစရာ မရှိအောင် လိုက်ဖက်လှပနေသည်။

ရှည်ကော့သော မျက်တောင်၊ ထူစိမ်းသော မျက်ခုံးနှင့် ဖျော့တော့နေသည့် မျက်ဝန်းလေး များ က နေမကောင်းနေတာတောင် ဖူးဖူးစင်စင် ဆွဲဆောင်မှု ရှိနေသေးသည်။ မျက်နှာပေါ်ဝေဝဲကျနေသည့်ဆံနွယ်လေးတွေ ကို ဖွဖွညင်သာ သပ်တင်ဖယ်ချ၍ နဖူးပြေပြေလေးကို ကြင်နာမြတ်နိုးစွာ နမ်းရှိုက်ပစ်လိုက်ချင်သည်။

"ရ ရတု"

သူမငြိမ်ငြိမ်သက်သက် မလှုပ်မယှက်လေး ဖြစ်သွားသည်မို့ သူခေါ်ကြည့်လိုက်သည်။ ပြန်မထူးနိုင်တော့တာ ဆေးရှိန်နှင့် သူ့ရင်ခွင်က နွေးထွေးမှု ကြောင့် အိပ်ပျော်သွားတာ ဖြစ်မည် ။

.............

အခန်း(၁၇)

ရတုမိုနှင့် နစ် ယောက် တည်း လွတ်လပ်စွာ နေခွင့်ရသည့် ချောင်းသာမှာ ဒီအတိုင်းမနေသင့် တော့။

လုပ်ငန်းကိစ္စတွေ ကိုမြန်မြန်ပြီးပြတ်အောင် လုပ်၍ ရန်ကုန်ကိုမြန်မြန်ပြန်မှ ဖြစ်မည် ။ သူမနိုး မလာခင်မှာ အိပ်ရာက စောစီစွာ ထ၍ သူမအတွက် ဆေးနှင့် စားဖို့သောက်ဖို့ ဟိုတယ်ဝန်ထမ်းတွေ ကိုမှာ ထားပြီး သူထွက်လာလခဲ့သည်။

သူမဖုန်းလေးထဲကိုလည်း အလုပ်ကိစ္စနှင့် သွားရသည်မို့ ညနေလောက်မှ ပြန်ရောက်မည့် အကြောင်း မက်ဆေ့ချ်ချန်ထားခဲ့သည်။ တကယ်လည်း သူတစ်နေ့လုံး မအားလပ်ပါ။

သက်ဆိုင်ရာလုပ်ငန်းရှင်တွေ ၊ ပညာရှင်တွေ နှင့် အစည်းအဝေးခေါ်ကာ

Scanned by CamScanner

တိုင်ပင်ညှိနှိုင်းရ သည်၊ ဆွေးနွေးရသည်။

ပေပေဖောင်ဒေးရှင်း ချထားပြီးသားမို့ သိပ်ခက်ခက်ခဲခဲတော့ မဟုတ်ပါ။

နိုင်ငံခြားက ပစ္စည်းကောင်းတွေ အသုံးပြုပြီး ရေရှည်ဒိုင်ခံ့အောင်၊ မုန်တိုင်းဒဏ်ခံနိုင်အောင် စွမ်းဆောင်လုပ်ကိုင်မည် မို့ အားလုံးကလည်း အားရကျေနပ်နေကြသည်။

"လုပ်တာကိုင်တာ ကတော့ အဖေတူသားပါပဲ ဒါပေမဲ့ ဒီတစ်ခေါက် ကိုသိန်းမြင့်ဟိုတယ် လည်းလာမတည်း ကျွန်တော် တို့ ဘန်ဂလိုလည်း လာမတည်းနဲ့ ဘယ်နေရာမှာ ခြေပုန်းခုတ်နေ တာလဲ ပြောပြစမ်းပါဦး"

"ဒီလိုပါပဲဗျာ၊ အလည်အပြောင်းလေးလည်း ဖြစ်အောင် သူများ နေရာတွေ ကရော ဘယ်လို တွေ ထူးဆန်းလဲ ဘာတွေ လုပ်နေတာလဲ သိချင်လို့ပါ၊ ခင်ဗျားတို့က ကျွန်တော် တို့ သားအဖလာရင် ပိုက်ဆံမယူတော့ အားနာတယ်လေ၊ ကျွန်တော် တို့ က ဒီနယ်မြေကိုအခုမှ အကောင်အထည်ဖော် ကြည့်ဖို့စဉ်းစားတာ၊ ခင်ဗျားတို့ကိုအားကျလို့ပါ၊ ဒါပေမဲ့ သူများ တွေ ထက် ပိုထူးခြားအောင် လုပ်ပြ ချင်လို့"

"ဟား ဟား အကြံညဏ်ကြီးလှချည်လား အဖေတူသားရယ်၊ အဲဒါကြောင့် သူများ ဘန်ဂလိုတွေ ၊ဟိုတယ်တွေ ၊ နေရာစုံလိုက်တည်းကြည့်နေတာပေါ့လေ"

"ဆိုပါတော့"

"ဒါဆိုရင် ဒီအတိုင်းပြန်းသွားလို့တော့မရဘူးနော်၊ အသားကင် ငါးကင်နဲ့ ဗီးပုံပွဲလေးလုပ် ပေးရမယ်"

"ဟုတ်ကဲ့ ကျွန်တော် မပြန် ဖြစ်သေးဘူးဆိုရင်တော့ လုပ်ပေးပါ့မယ်"

"ဟာ ခင်ဗျားက တန့်ခနဲပြန်ဖို့ စဉ်းစားထားတာလား။ အဲလိုဆိုရင်တော့ မ ဖြစ်ဘူး၊ ဒီနေ့ည ကျွန်တော် တို့ကို ပြုစုလိုက်တော့"

လုပ်ငန်းကိစ္စတွေ ပြီးပြတ်အောင် ဖြတ်နိုင်ပေမယ့်လူမှုရေး

Scanned by CamScanner

အပေါင်းအသင်းမိတ်ဆွေကတ္တာ ကတော့ ဘယ်လိုမှ အပြတ်ဖြတ်လို့မရပါ။

အဖော်အသင်းပါလာလာတယ်ဆိုပြီး သံသယဝင်မှာ စိုး၍ သူတို့စိတ်ကြိုက်နေပေးရသည့် ဝိုင်တွေ ရှန်ပိန်တွေ အသားငါး အကင်တွေ၊ မီးပုံပွဲလေးလည်း လုပ်ပေးရ၏။ လူငယ်လုပ်ငန်းချင်တွေ ချည့်မို့ အပျော်အပါးမကံတာမဆန်းပါ။

တားဆီးရင်း ငြင်းဆန်နေရင်းမှ သူ့ဝမ်းထည်း ရှန်ပိန်တွေ ဝိုင်တွေ အနည်းငယ်ဝင်သွားသည်။ ရတုမိုရှိသည့် ဘန်ဂလိုလေးကို သူပြန်ရောက်တော့ ညဆယ်နာရီတောင် ကျော်နေပြီ ဖြစ်သည်။

ဒီရေအတတ်နှင့် လှိုင်းပုတ်သံတွေ ကသာ ကျယ်လောင်နေပေမယ့် ပတ်ဝန်းကျင်က တိတ် တိတ်ဆိတ်ဆိတ် ရှိလှသည်။

သူမအခန်းတံခါးကိုလည်း မခေါက်မိ။ ကိုယ့်အခန်းထဲလည်းမဝင်ဘဲ ဝရန်တာလေးက ဒရင်း ဘတ်(ဒ်)ပေါ်မှာ ပတ်လက်လှန်လှဲနေလိုက်သည်။

ကျောက်ဆောင်တွေ ကို ရိုက်ခတ်နေသည့် လှိုင်းပုတ်သံက ရော့(ခ်)သီချင်းတီးလုံးသံလိုခပ် ကြမ်းကြမ်း၊ သူ့အသိစိတ်တွေ က ရီဝေဝေဖြင့် -

"မိုးကာ"

"ဟင် ရ ရတု"

အပေါ်ထပ် အနွေးထည်လေးနှင့် ရတုမိုပုံစံက နွမ်းယဲ့ယဲ့ သူ့အနီမှာ ကြိမ်ထိုင်ခုံလေးတစ် လုံး ဆွဲထိုင်ပြီး လက်နှစ် ဖက်ဖြင့် ဒူးလေးကို ခပ်တင်းတင်း ပွေ့ဖိုက်ထားသည်။

ငုတ်တုတ်ထထိုင်ပြီး သူ့မျက်လုံးတွေ ကို ပွတ်သပ်ဖြဲရဲကြည့်မိပေမယ့် ရတုမိုမျက်နှာလေးက ဝိုးတိုး ဝါးတား-

"ရှင် အခုမှ ပြန်ရောက်တာလား"

"အင်အင်ဟုတ်တယ်"

Scanned by CamScanner

"ညနေလောက်ပြန်ရောက်မယ်ဆို၊ ဘာလို့ ဒီအချိန်ကြီးမှ ပြန်လာတာလဲ၊ ရ ရတုရှင့်ကို စောင့်နေတာ "

ငိုရှိုက်သံသဲ့သဲ့ဖြင့် သူမအသံလေးက အပ်ရှတုန်ယင်နေသည်။

သူမဘာလို့များ ဒီလောက်တောင် ဝမ်းနည်းနေတာလဲ။

"ကိုယ့် အလုပ်ကိစ္စတွေ ပြီးပြတ်အောင် ဖြတ်နေလို့ပါ။ အဲ အဲဒါကြောင့် နောက်ကြ သွားတာ"

သူနှစ် သိပ်လိုက်မှ သူမပိုပြီး ဝမ်းနည်းသွားသည်လားမသိ၊ သူ့ လက်တစ်ဖက်ကို ဆွဲယူကာ သူမပါးလေးကို ကပ်ထားသည်။ ပြီးမှတိုးဖျော့ နွမ်းယဲ့နေသော လေသံလေးဖြင့် -

"အခန်းထဲမှာ ရတု တစ်ယောက် တည်နေနေရတာ အရမ်းကြောက်တာပဲ၊ အရင်ကဘယ် သူ့ဆီကမှ နွေးထွေးမှု တွေ မေတ္တာတွေ မရခဲ့တာကို အထီးကျန်တယ်လို့ ခံစားရသည့် မကြောက်ခဲ့ဘူး၊ အ အခုရှင်ထားခဲ့ပြီးလို့တွေ းမိပြီး အရမ်းကြောက်သွားတာ၊ အချိန်တွေ ကြာလေ ရတုငိုချင်လေပဲ"

"ရတုရယ်"

ပါးစပ်များက ထုတ်ဖော်ညည်းညူမိခြင်း မဟုတ်ပါ၊ ရင်ထဲမှာ ပဲ့တင်ထပ်ရှုးစိုက်နာကျင်သွား ခဲ့ခြင်းပင်။

သူ့အတွက် သူမ ဒီလောက်အထိ အလေးအနက် မခံစားသင့်။

"ရ ရတု အရမ်းညဉ့်နက်နေပြီ သွားအိပ်တော့လေ"

သူ့လက်ကို ပြန်ဆွဲပြီး အသိစိတ်တွေ ကို စုစည်းထိန်းချုပ်၍ ပြောလိုက်ရသည်။

.............

အခန်း(၁၈)

Scanned by CamScanner

"အဲဒါက ဘယ်လို ဖြစ်ရတာ လဲ သား"

"ဗျာ"

"မင်းချောင်းသာကိုသွားတာ မိန်းကလေး တစ်ယောက် ပါလာတယ်၊ ဘန်ဂလိုကိုတောင် ဘယ်သူမှ မသိအောင် သီးသန့်ငှားထားတယ်တဲ့ ဒီသတင်းက အမှန်ပဲလား"

မေမေ့မေးခွန်းကတိကျသည်၊ လေသံတွေ က မာကျောပြင်းထန်နေ၏ ဘယ်နေရာမှာ မှ စိတ်ကွယ်ရာမရှိသည့် အရပ်မို့ သတင်းပေးကောင်းသူရှိလို့ ဖြစ်မည် ။

ဘယ်သူဘယ်ဝါ ဖြစ်နေမယ်လို့ တွေးနေချိန်မရ၊ အဖြစ်ကင်းကြောင်း ဆင်ခြင်ပေး ဖြေရှင်းနိုင်မှ ဖြစ်ပေလိမ့်မည် ။

မေမေ ဘယ်လောက်တောင် စိတ်ပူဒေါသ ဖြစ်နေသလဲဆိုတာ မေမေ့မျက်နှာမှာ သိသာ ထင်ရှားနေသည်။

သူ့လက်ထဲက ခရီးဆောင်အိတ်ကို ဆောင့်ဆွဲယူပြီး သူ့လက်ကိုဆွဲ၍ ဆိုဖာခုံမှာ ထိုင်ခိုင်း ကာ မေးနေ၏ ။

"သားရှင်းပြမယ် စိတ်အေးအေးနဲ့ ထိုင်ပြီး နားထောင်ပါမေမေ"

"မေမေ ဘယ်လောက်စိတ်ပူနေလဲ သွေးတိုးနေလည်းဆိုတာ သားသိရဲ့ လား။ ဒီကိစ္စ ဆည်းဆာညိုတို့ဘက်ကသိသွားရင် ဘယ်လိုတွေ ဖြစ်သွားမလဲ"

"သားသိပါတယ် သားနားလည်ပါတယ် မေမေရယ်၊ မေမေ့သားကဇရုတ်သုတ်ခ မိုက်မဲ တဲ့သူ မဟုတ်ဘူးဆိုတာလဲမေမေသိထားသင့်ပါတယ်၊ သား မဟုတ်မဟုတ် ဘာမှလုပ်မထား ဘူး"

"ဒါဆို ဒီသတင်းက မေမေတို့ဆီ ဘာလို့ရောက်လာတာလဲပြောပါဦး"

"အဲဒီ ကောင်မလေးက သားနဲ့သိတဲ့ မိတ်ဆွေ တစ်ယောက် ပါမေမေ၊ အရမ်းရင်းနှီးတာ မျိုး တော့ မဟုတ်ပါဘူး၊ လမ်းကြုံခရီးကြုံတင်ခေါ်တာမျိုး လောက်ပါ၊

Scanned by CamScanner

သိသန့် ဘန်ဂလိုငှား ဖြစ်တာက အိုင်ဒီယာတစ်ခုခုသိချင်လို့ လေ့လာတဲ့ သဘောမျိုး ပါ"

"ဒါဆို အဲဒီ ကောင်မလေးနဲ့ ဘယ်လိုမှ မပတ်သက်ဘူးပေါ့"

"ဟုတ်ကဲ့ ရင်နှီးတဲ့ ပတ်သက်မှု မျိုး မဟုတ်ပါဘူးမေမေ"

သူ့ရွတ်အတင်း ဘူးခံငြင်းဆန်မှ မေမေမျက်နှာလေး ပြုံး ယောင်သန်းလာသည်။

"တော် သေးတာပေါ့သားရယ် မေမေ ရင်တွေ ပူနေရတာ ၊ သားဖေဖေ ကတော့ပြောပါတယ် သားကမိန်းကလေးတွေ နဲ့ ရှုပ်ရှုပ်ပွေပွေ ပရမ်းပတာ နေတတ်တဲ့သူမဟုတ်ပါဘူးတဲ့၊ ဒါပေမဲ့ မေမေ ကတော့ စိတ်ပူမိတာအမှန်ပဲသား၊ ဘာမှမဟုတ်တဲ့ အကြောင်းအရာနဲ့သားတို့ လက်ထပ်ပွဲ အဆင်မပြေ ကသိကအောက် ဖြစ်သွားမှာ စိုးရိမ်တယ်"

"မေမေကလည်းလေ"

"မေမေကို ပိုရန်ကောလို့ သားပြောချင်နေတယ်မဟုတ်လား၊ အဲဒါ သား မိဘနေရာ မရောက်သေးလို့ပါ၊ ဘယ်မိဘမဆို ကိုယ့်သားသမီးအတွက်စိုးရိမ်ကြတယ်၊ ပူပန်ကြတယ်၊ မကောင်းတဲ့လူတွေ နဲ့တွေ ပြီး လူပြိန်းလူညံ့ တစ်ယောက် ဖြစ်သွားမှာ ကြောက် ကြ တယ်၊သူများ တွေ ထက် တော် တဲ့တတ်တဲ့ အောင်မြင်ပြည့်စုံမှု တွေ ရနေတဲ့သူ ဖြစ်စေ ချင်တယ်၊ အဲ့ဒါ ကြောင့် လည်း သားအတွက် မေမေက အိမ်ထောင်ဘက်ကောင်း ရှာပေး ထားတာပါ၊ အခု သားအမြန်ဆုံး ဆည်းဆာညိုလေးနဲ့လက်ထပ်ဖို့စဉ်းစားပါ"

"ဗျာ"

"အချိန်ဆွဲနေရင် မိန်းမလည်တွေ နဲ့တွေ့မှာ မေမေမြင်ယောင်နေတယ်၊ သားရဲ့ အဘက် ဘက်အရာရာ ပြည့်စုံနေတဲ့ သူကို အပိုင်ဖမ်းချင်တဲ့သူ အမိဖမ်းချင်တဲ့သူတွေ ရှိနေ မှာပဲ သား၊ တစ်စုံတစ်ခုအမှာ :အယှဉ်း ဖြစ်သွားရင် မေမေရင်ကျိုး ရချည်ရဲ့ ၊ စေ့စပ်ထားရင် အချိန်ကန့်သက်သ လို ဖြစ်နေဦးမယ်၊ လက်ထပ်ဖို့ပဲရက်ရွေးပါ"

သူဘယ်လိုဆင်ခြင်ပေးငြင်းဆန်းရပါ့မလဲ။ မေမေကအလောတကြီး

Scanned by CamScanner

တိုက်တွန်းနေသည်။ ဒါကလည်းမိခင် တစ်ယောက် ရဲ့ မေတ္တာတွေ နှင့် စိုးရိမ်ပူပန်နေလို့ ဖြစ်မှာ ပါ။ ရတုမှီနှင့် ပတ်သက်ပြီး ချောင်းသာက သတင်းဆိုးက အမှန်အတိုင်းသိတာမ ဖြစ်နိုင်သော် လည်း သွေးဖျက်လောက်အောင် တုန်လှုပ်ထိပ်လန့်စေပေလိမ့်မည် ။

သူသက်ပြင်းရှိုက်ကာ ခေါင်းကြီးငုံ့နေတော့ မေမေကသူ့ပခုံးကို ဆုပ်ညှစ်ကာ-

"သားဘက်ကဘာဆင်ခြေမှ မေမေ မကြားချင်တော့ဘူးနော် ဆည်းဆာညို လေးကို သားလည်းလက်ခံပြီးပြီးပဲ လက်ထပ်ဖို့ အချိန်စောတဲ့ နှောက်ကျတဲ့အကြောင်းပဲရှိတာ မဟုတ် လား"

"သားအတွက် ဘာတွေ များ အခက်အခဲ ရှိနေလို့လဲ သားရယ်"

"အဲ အဲလိုမဟုတ်ပါဘူး၊ အခက်အခဲ မရှိပါဘူး"

"အဲ ဒါဆိုမေမေတို့ လူကြီးတွေ တိုင်ပင်ပြီး ရက်ရွေးလိုက်တော့မယ်၊ သားတို့လူငယ်ချင်း လည်း ညှိနှိုင်းကြပါ"

"အ အလောသုံးဆယ် မြန်မြန်ကြီးတော့ မလုပ်လိုက်ပါနဲ့ မေမေ"

"မေမေ နားလည်းပါတယ်၊ မင်္ဂလာဝတ်စုံ၊ ခန်းဝင်ပစ္စည်း၊ ဖိတ်စာနဲ့ ဟိုတယ်ဒိတ်အတွက် တစ်လလောက် အချိန်ပေးရမှာ ပေါ့ ဒီတစ်လအတွင်း :မှာ မေမေ စိတ်အေးချမ်းသာချင်တယ် သား၊ ဆည်းဆာညိုတို့ မိန်းကလေးရှင်ဘက်ကတောင် လိုလိုလားလား ရှိနေသေးတာ သားက အတိုက်အခံလုပ်ပြီး မင်္ဂလာရက်ကို နှောက်မဆုတ်ချင်ပါနဲ့တော့၊ မေမေပြောတာ နားလည်တယ် မဟုတ်လား၊ မိန်းမကောင်း မိန်းမမြတ်လေး ဆည်းဆာညိုကို အားနာစရာကောင်းပါတယ်ကွယ်"

သားလည်းရတုမှီကို အားနာတယ်မေမေဟု ပြောလို့ ဖြစ်ပါ့မလား၊ နားလည်ပေးမှာ မဟုတ် ဘဲ့တစ်ပတ်အတွင်း : ဆည်းဆာညိုနှင့် မင်္ဂလာပွဲ ဖြစ်သွားနိုင်သည်။

"ဆည်းဆာညိုလေးဆီ သားရောက်တဲ့အကြောင်း သွားပြောလိုက်ပါဦးသား၊ လေးငါးရက် လောက်ကြာမယ်ဆိုပြီး နှစ် ညအိပ်သုံးရက်လောက်နေပြီး ပြန်ရောက်လာလို့

Scanned by CamScanner

သူလည်း ပျော်နေ မှာ ပါ"

"ဟုတ်ကဲ့မေမေ သားရေမိုးချိုး အနားယူပြီး သွားလိုက်ပါမယ်"

အလွယ်တကူးခေါင်းညိတ်နာခံ လိုက်ပေမယ့် သူတကယ်ရောက် ဖြစ်တာက ဆည်းဆာညို့ဆီကိုမဟုတ်ပါ။

သက်ထွန်းဆီကိုရောက်တော့ လူရှင်းသည့်အချိန် ဖြစ်နေ၍ သက်ထွန်းကအဲကွန်းနှင့် ညော့ ခန်းကျယ်လေးထည်းခေါ်လာသည်။

"ဒုက္ခအိုး ချောင်းသာက ပြန်ရောက်တာ မြန်လှချည်လား ဘာတွေ ဖြစ်လို့လဲ"

"ကွိုင်တတ်လာတာ"

"အေးလေ မင်းမျက်နှာကြည့်တာနဲ့ ပျော်စရာကိစ္စ မဟုတ်လောက်ဘူးဆိုတာ ငါသိပါ တယ် အကြောင်းရင်းဇစ်မြစ်ကို သိချင်တာ"

"ငါလက်ထပ်ရတော့မယ်"

"ဆည်းဆာညို့နဲ့ မဟုတ်လား၊ အဲဒါက လက်ထပ်ဖို့ အချိန်လိုသေးတယ်ဆို"

"အခု တစ်လအတွင်း ဖြစ်သွားပြီ"

"ရတုမှိန်နဲ့ ပတ်သက်တာကိုသိသွားလို့လား"

"ရတုမှိုင်ငါနဲ့ ချောင်းသားကို လိုက်လာတယ်"

"ဘာ"

သက်ထွန်း အကျယ်ကြီးအော်ပြီး မျက်လုံးမျက်ဆံ ပြူး သွား၏ ။ သူက အကြောင်းစုံကို အတို ချုံး ရှင်းပြလိုက်သည်။ သက်ထွန်းက သက်ပြင်းတရှိုက်ရှိုက်နှင့် နားထောင်နေပြီးမှ။

"မင်း ဘယ်လိုဆုံးဖြတ်မှာ လဲ"

Scanned by CamScanner

"ဘာကို ဆုံးဖြတ်ရမှာ လဲ၊ ဆည်းဆာညိုနဲ့ လက်ထပ်ရမှာ ပဲပေါ့၊ နောက်ဆုတ်ဖို့ ဆင်ခြေ ပေးဖို့မှ အခွင့်အရေး မရှိတော့တာ"

"ရတုမှီဒဏ်ရာပြင်းပြင်းထန်းထန်း မရနိုင်ဘူးလား"

"မတတ်နိုင်တော့ဘူးလေ။ ဒါပေမဲ့သူ့ကိုပွင့်ပြောဖို့ တော် တော် အားနာနေတယ်"

"မင်းကွာဆည်းဆာညိုကို လက်ထပ်မယ်ဆိုလည်း ရတုမှီကိုစောစောစီးစီး သံယောဇဉ် ဖြတ်လိုက်ရမှာ "

"ငါလည်း ကြိုး စားပါတယ်၊ အဲဒါကြောင့် လည်း တစ်ရက်လောက်နဲ့ ပြတ်မယ့် ချောင်းသာ လုပ်ငန်းကိစ္စကို လေးငါးရက်လောက် ကြာမယ်လို့ပြောပြီးထွက် သွားတာ"

"အခုတော့ပိုဆိုးသွားပြီပေါ့၊ မင်းတို့ ဆိုးဆိုးဝါးဝါး မှာ းယွင်းမှု့ တော့ မ ဖြစ်ခဲ့ကြပါဘူးနော်"

"ငါ ယုတ် မာတဲ့သူ မဟုတ်ပါဘူး သက်ထွန်း၊ ကိုယ့်ရဲ့ ကိုယ်ကျင့်သိက္ခာကို ထိန်းသိမ်း တယ်၊ သူ့ဂုဏ်သိက္ခာအတွက်လည်း ငါစည်းစောင့်ခဲ့ပါတယ်၊ နမ်မိတာလောက် ကတော့ ရာဇဝတ် မှု မမြောက်ဘူးမဟုတ်လား"

သူ့ရဲ့ တုန်ရှိရှိ မေးခွန်းကို သက်ထွန်းက လှောင်ရယ်ရယ်သည်။

"ရာဇဝတ်မှု မမြောက်ပေမယ့်မင်းအချစ်ဒဏ်သင့်မှာ တော့သေချာတယ် မိုးကာ၊ စည်း စောင့်တာက ယောက်ျားကောင်းပီသပေမယ့် ရတုမှီကို မင်း အခွင့်အရေး ပေးသလို ဖြစ်ခဲ့တာတော့ ငြင်းဖို့မကြိုး စားနဲ့ "

"ငါ့ဘက်က စေတနာသန့်သန့်"

"မင်းဆင်ခြေက ကလေးဆန်လွန်းပါတယ်ကွာ၊ ရတုမှီကိုမင်းစိတ်ဝင်းစားလို့ ဝင်ပူးခဲ့တာ မဟုတ်လား၊ အခုရော ရတုမှီကိုမင်း မချစ်ဘူးလို့ ငြင်းဆန်ရဲလား ပြောစမ်းပါဦး"

"ငါ ငါ"

Scanned by CamScanner

"အဲဒါပဲ၊ မင်း မပြတ်သားလို့ ဆည်းဆာညိုကိစ္စရော ရတုမိုကိစ္စရောက ဒီအခြေအနေတွေ ထိ ဖြစ်လာတာ၊ အခု ရတုမိုကိုမင်းလက်ထပ်ရတော့မယ့်အကြောင်း ဖွင့်ပြောလိုက်ရင် သူ ဘယ်လို ဖြစ်သွားမယ်မင်းထင်လဲ"

"ငါမသိဘူး"

သူတကယ်ကို မခန့်မှန်းတတ်တာပါ၊ မပြောလို့လည်းမ ဖြစ်သလို ပြောလိုက်ရင်လည်း သူမ ဘယ်လောက်ထိ ခံစားသွားရနိုင်မလဲ။

"မင်း ဘယ်လိုဆုံးဖြတ်မှာ လဲ၊ ဆည်းဆာညိုကို လက်ထပ်မှ ဖြစ်မှာ လား"

"မင်္ဂလာဆောင်အတွက် စီစဉ်ဖို့တောင်း တစ်လပဲ အချိန်ရတယ်"

"မင်းက ဆည်းဆာညိုနဲ့ လက်ထပ်ဖို့တော့ ပြတ်ပြတ်သားသား နာခံတတ်သားပဲ"

"အဲ အဲဒါက ပေပေမေမေတို့ စိတ်တိုင်းကျ"

သက်ထွန်းရဲ့ ခနိုးခနဲ့အပြုံး ကြောင့် သူ့စကားက တိုးလို့တန်းလန်း တစ်ဝက်တစ်ပျက် ရပ်တန့်သွားသည်။

ရတုမိုဘက်က သက်ထွန်း မခံမရပ်နိုင် ဖြစ်နေခြင်းလား၊

သက်ထွန်းက နှုတ်ခမ်းကိုပင့်မဲ့ပြီး ပခုံးတစ်ချက် တွန့်လျက်။

"မင်းရဲ့ အတွက်ကို ငါလေးစားသွားပြီ မိုးကာ၊ အိမ်ထောင်ရှင်မကောင်း၊ ဇနီးကောင်း မိန်းမ ဖြစ်လေး ဆည်းဆာညိုကို ဘဝတစ်သက်လုံး လက်တွဲ ဖို့ မင်းရွေးချယ်လိုက်တာ မှန်ပါတယ် ရတု မို အသည်းနှလုံး လိုက်စားပြီး ကင်းဆာ ဖြစ်တာလည်း သူ့ကံတရားပေါ့ မဟုတ်ဘူးလား"

"သက်ထွန်းမင်းငါ့ကို ရှုံ့နေတာလား"

"ရတုမိုကို အထင်သေးပြီး ပါးပါးလှီးဖို့ကြိုး စားခဲ့တာ မဟုတ်ဘူးဆိုရင်"

Scanned by CamScanner

"ဟာ မ မဟုတ်ဘူး။ ငါတကယ် ရတုမှီကိုအထင်သေးခဲ့တာ မဟုတ်ပါဘူးကွာ မေမေတို့ ဆန္ဒအတိုင်း ဆည်းဆာညို့ကို လက်ထပ်ဖို့ ဆုံဖြတ်ထားတာကလွဲရင် ရတုကို ငါ ငါ အရမ်း ချစ်ပါတယ်"

"ဒါဆို ချစ်တယ်လို့ ဖွင့်မပြောဘဲ နှမ်းခဲ့တာက မိန်းကလေး တစ်ယောက် ပေးတဲ့ အခွင့်ရေး ကို လက်လွှတ်မခံချင်တာကြောင့် လား"

"ဖွင့်မပြောရက်တာပါ။ သူ့ကိုချစ်တယ်လို့ ပြောပြီးမှ တခြားမိန်းကလေး တစ်ယောက် ကို လက်ထပ်လိုက်တယ်ဆိုရင် သူခံစားနိုင်မှာ မဟုတ်ဘူးလေ၊ ငါ့ရင်တွေ အရမ်းကို နာကျင်နေ ပါတယ်"

သူ့အသံတွေ အပ်ရှတုန်ခိုက်နေတော့ သက်ထွန်းသက်ပြင်းရှည်ကြီး မှု တ်ထုတ်ကာ သူ့ပခုံး ကို ဆုပ်ညှစ်သည်။

"ထားပါတော့၊ ပြီးခဲ့တာတွေ ထားလိုက်ပါတော့၊ ပတ်သက်ခဲ့တဲ့ အမှန်တရားတွေ နဲ့ လက်ထပ်တော့မယ့် အကြောင်းတော့ သတ္တိရှိရှိ ဖွင့်ပြောလိုက်ပါ၊ ရတု ခံစားမယ်ဆိုလည်း ပွင့်ပွင့် လင်းလင်းခံစားပါစေ"

အဆုံးသတ်စကားပြောပြီး သက်ထွန်း ထထွက်သွားသည်။ သူကနေရာမှာ ငူငိုင်စွာ ကျန်ရစ် ခဲ့ပြီး အတွေ းတွေ ကတော့ ကျယ်ပြန့်လို့ပါ။

ကိုယ်ဘာပြောပြော မင်းဘာမှ မခံစားပါနဲ့ လား ရတုရယ်။

*************

အခန်း(၁၉)

ရတုတို့ခြံဝင်းရှေ့မှာ ခြေစုံရပ်ပြီး ဝင်သင့်မဝင်သင့် စဉ်းစားနေမိသည်၊ ပြောသင့် မပြော သင့် လည်း ချင့်ချိန်နေရ၏ ၊ ဒါပေမဲ့ ကားကိုအပြင်မှာ ရပ်ထားခဲ့ပြီး သံလိုက်ဆွဲအား တစ်ခုရဲ့ ညို့ ငင်ခြင်း ခံရသလို ခြေလှမ်းတွေ တရွေ့ရွေ့ လှမ်းဝင်လာခဲ့သည်။

Scanned by CamScanner

"ဟင်"

ခြံဝင်းရဲ့ ပြင်ဆင်မှု က အရင်လိုမဟုတ်၊ သန့်ပြန့်တောက်ပြောင်နေကာ ရှင်းရှင်းလင်းလင်း ရှိနေသည်။ ညနေခင်း ဆည်းဆာအောက်မှာ ပန်းအိုးလေးတွေ သူ့နေရာနှင့် သူအစီအရီ တွေ့ရ၏ အရွက်အရောင် ပွင့်လန်းနေသည့် ပန်းအိုးတွေ ကို တစ်နေ့တည်း တစ်ချိန်တည်း ဝယ်ယူပြုပြင်ထား သည့် ထင်ရဲ့ သူ့ရင်မှာ ပန်းရနံ့တို့ဖြင့် ကြည်နူးဆွတ်ပျံ့လာသည်။

သရက်ပင်ပု၊ မာလကာပင်ပုလေးတွေ ကလည်း အသီးများ ဖြွတ်သိပ်သီးလျက် စိမ်းစိမ်းစိုစို ရှိလှသည်။ လုံးချင်းတိုင်လေးက အပြာရောင် ဆေးများ ခြယ်မှု န်းထားပြီး ရင်အေးငြိမ်းချမ်းအောင် ဖန်ဆင်းထားဟန်တူ၏ သူရောက်မလာနိုင်သည့် ရက်တွေ အတွင် းမှာ ဒီလိုမျိုး ပြောင်းလဲအောင် စွမ်းဆောင်ထားသည့် သူမရဲ့ စိတ်ကူးက ဘာအတွက်လဲ။

သူတအံ့တဩ တွေ းနေရင်းဖြင့် ပင့် ညှော်ခန်းအတွင် း ရောက်လာခဲ့သည်။

အိမ်ရဲ့ ပရိဘောဂပစ္စည်းတွေ က အသစ်အဆန်းတွေ ထပ်တိုးထားသလို သစ်လွင်ခန့်ညား တောက်ပနေသည်။ အရင်ကလိုပေစုတ်ညစ်ပတ် ရှုပ်ပွနေတားမျိုး မဟုတ်သည့်အတွက် အထူး အဆန်းပင် ဖြစ်နေပါ၏ ။

"မိုးကာ"

"ဟင် ရတု"

ညှံ့သက်သော ခေါ်သံလေးနှင့် အတူ ရတုသူ့အနားရောက်လာသည်။ သူ့လက်မောင်းတစ် ဖက်ကိုတွဲ ချိတ်လိုက်ပြီး မျက်နှာလေးက ပြုံး ပျော်ကြွနေပ်နေဟန်ရှိသည်။

"မိုးကာရောက်လာမယ်ဆိုတာ ရတုကြို သိနေတယ်လေ၊ အဲဒါကြောင့် ခြံတံခါးကို ရီမှတ်နဲ့ ပိတ်မထားဘဲ နေ့တိုင် စေ့ရုံပဲ စေ့ထားတာ၊ ချောင်းသာကပြန်ရောက်ပြီး သုံးရက်လောက်နေမှ ရောက်လာတယ်နော်၊ မိုးကာ အလုပ်တွေ မအားလို့လားဆိုပြီး ရတုဖုန်းမဆက်ဘဲနေတာ၊ ရတုအရင်ကလို မဟုတ်ဘူး၊ အရမ်းအလိုက်သိတယ်နော်၊

Scanned by CamScanner

ဟုတ်တယ်မဟုတ်လား။"

တစ်သက်လုံး အဲဒီ လိုအလိုက်တသိနေလိုက်ပါလားလို့ သူပြောမထွက်သေးပါ၊ သူမက ညှော် ခန်းခုံတွေ ဘက် ဆွဲခေါ်လာသည်မို့ အလိုက်သင့်ပါလာခဲ့ရသည်။

"ရတု အိမ်လေးလှမသွားဘူးလားဟင် မိုးကာ "

"အင်လှပါတယ်"

"အရင်ကထက် ထူးခြားတောက်ပြောင်မှု ရှိတာတွေ ကိုတော့ သတိထားမိလား"

"ထား ထားမိပါတယ်၊ တော် တော် ပြောင်လဲထားတာပါပဲနော်"

"အဲဒါတွေ က ဘာကြောင့် လို့ထင်လဲ"

"ဘယ်သိပါ့မလဲ ရတုရယ်"

"ရှင့်ကြောင့်ပေါ့"

"ဟင် ဘာ"

သူလန့်ဖျပ်အော်လိုက်တာကို သူမက လွင့်လွင့်ပါးပါး ပြုံး သည်၊ သူက သူမအပြုံးမှာ ဟန်ဝင်စွနစ်မှု မရှိအောင် မျက်နှာလွှဲနေမိသည်။

"ရှင်နဲ့ပတ်သက်လာမှ အရာရာကို ခွဲခြားသိမြင်လာတယ်၊ မိန်းမပီးသချင်လာတယ်၊ ရှင်ငြိုငြင်မှာ တွေ စိုးရိမ်ပူပန်တတ်လာတယ်၊ ပြောင်းလဲကြည့်မို့ ကြိုးစားရတာ တောင် ရင်တွေ ခုန်ပြီး ပျော်နေတယ်မိုးကာ"

"ဟင်"

"အရင်ထားခဲ့ဖူးတဲ့ ရည်းစားရဲ့ မိဘအသိုင်းအဝန်းက ငြိုငြင် ဖြစ်တင်တာမျိုး ချစ်သူရဲ့ အ ထင်သေးစွန့်ပစ်တာမျိုး မခံရအောင် ကိုယ့်ကိုယ်ကိုယ် ပြုပြင်ကြည့်နေတာပါ"

"ချစ် ချစ်သူ"

Scanned by CamScanner

"ဟုတ်တယ်လေ၊ ရှင့်ဘက်ကချည်း တစ်သက်လုံး ဖြည့်ဆည်းပေးဆပ်ရမယ်ထင်ပြီး ရတုကို ကြောက်ကြောက်လန့်လန့်နှင့် ထားရစ်ခဲ့မှာ စိုးလို့ပါ၊ ရတုကတီပေးပါတယ် မိုးကာ အရင် တစ် ယောက် ကိုသိပ်မချစ်ခဲ့လို အစွဲတိုက်ဖို့ချည်း စဉ်းစားပြင်ဆင်ခဲ့ပေမယ့် ရှင့်ကိုတော့ ရတု ရတုရင်ထဲက တောင်းတောင်းတတ ချစ်ခဲ့တာမို့ ရတုအရာရာ ပြုပြင်ပြောင်းလဲဖို့ ဆုံးဖြတ်ထား ပါတယ်"

ဘာတွေ လွဲမှား နေတာလဲ၊ သူမကဆုံးဖြတ်ထားပြီးပြီးလို့ တောင်ပြောနေပါရော့လား။

ချစ်သူတွေ တဲ့၊ ဟင်းအင်း မဟုတ်ဘူး၊ မင်းမှား နေတာ။

မင်းကိုချစ်တယ်လို့ ကိုယ်တစ်ခါမှ မပြောရသေးဘူး၊ မင်းဘာတွေ ကို ယုံကြည်ပြီး ပြောင်း လဲနေတာလဲ။

"ရှင် ဘာလို့ခေါင်းယမ်းနေတာလဲဟင် မိုးကာ ရတုပြောတာ မယုံလို့လား"

သူ အတွေး တွေ နှင့် ခေါင်းခါယမ်းနေမိသလားမသိ။

သူမက သူ့မျက်နှားနား တိုးကပ်၍ မော့မော့လေး မေးနေသည်၊ သူက ကိုယ်ကို ခပ်မတ် မတ် ပြင်ထိုင်ကာ-

"ကိုယ်က ဘာကိုယုံရမှာ လဲရတု၊ မင်းနဲ့ကိုယ်ရဲ့ ပတ်သက်မှု က ဒီအကြောင်းအရာတွေ အရေး မပါဘူးထင်ပါတယ်"

"ဟင် ရှင် ဘာပြောလိုက်တာလဲမိုးကာ"

"ဟုတ်တယ်လေ မင်းနဲ့ကိုယ်က ချစ်သူတွေ မှ မဟုတ်တာ၊ မင်းကို ကိုယ်ချစ်တယ်လို့ တစ် ခါမှ မပြောဖူးဘူး။ ဟုတ်တယ်မဟုတ်လား မင်းသိပါတယ်"

"မိုးကာ"

အသံစူးစူးလေးနှင့် သွေးပျက်ချောက်ချားသလို အော်လိုက်သည်မို့ သူတောင် မျက်ခုံပင့် လန့်ဖျပ်သွားရသည်။

Scanned by CamScanner

"ရှင်ဘယ်လိုစကားတွေ ပြောနေတာလဲ မိုးကာ၊ ရှင်ရတုကို မချစ်ဘူးလို့ ပြောလိုက် တာလား၊ ဒါဆို ရှင်ရတုကို ဂရုတစိုက်ကြင်နာခဲ့တာတွေ က ဘာအတွက်လဲ နမ်းခဲ့တာကရော ဘာကြောင့် လဲ"

"ဟို အဲဒါက"

"ပွင့်ပွင့်လင်းလင်းဝန်ခံပေးပါ မိုးကာ၊ ရတုဘက်က အခွင့်အရေး ပေး လိုက်လျော်တာ တွေ များ လို့ အားနာပါနာ အထင်သေးလိုက်တာလား"

"ရတု မဟုတ်ဘူး၊ အဲလိုတွေ မပြောနဲ့ မဟုတ်ဘူး"

"ဒါဆို ဘာကြောင့် လဲ"

သူမအသံလေးက တိုပြတ်သော် လည်း မာဆတ်တုန်ယင်နေသည်၊ အရှက်သည်းနေသလို ပန်းသွေးရောင် မျက်နှာလေးနှင့် နှုတ်ခမ်းဖူးလေးတွေ က တဆတ်ဆတ်တုန်နေသည်။

သူမမေးခွန်းအတွက် ဖြေရခက်နေသော သူ့ကို သူမက ခပ်စူးစူးကြည့်ကာ-

"ဖြေလေမိုးကာ၊ ဘာ ဖြစ်လို့လဲ ဘာကြောင့် လဲ ရတုက တစ်ဖက်သတ်ရူးသွပ်ခဲ့တာလား"

"ကိုယ်လက်ထပ်ရတော့မယ်ရတု"

"ဟင် မိုး မိုးကာ"

"ကိုယ်တကယ်ပြောနေတာပါ၊ ကိုယ်လက်ထပ်တော့မှာ "

သူ အားတင်းကာ အံကြိတ်ပြောနေရသည်၊ သူမက မယုံမရဲ မျက်ဝန်းလေး ပြူး လည်နေ ကာ ခေါင်းကိုလည်း အဆက်မပြတ်ရမ်းသည်။

"မိုး မိုးကာ အဲလိုကြီး မပြောပါနဲ့၊ အတည်ပေါက်နဲ့ မနောက်ပါနဲ့"

"ကိုယ်နောက်နေတာ မဟုတ်ပါဘူး၊ ဒါက အပြောင်အပျက်ပြောနေရမယ့်

Scanned by CamScanner

စကားလည်း မဟုတ်ပါဘူး ကိုယ့်မိဘတွေ သဘောတူထားတာကြာပါပြီ၊ မင်းယုံလိုက်ပါ၊ မင်းယုံကိုယုံရမှာ ၊ ဒါ တကယ်"

"ဟင်းအင်း မ ဖြစ်နိုင်ဘူး၊ မယုံဘူး၊ ရှင်ရတုကို ဂရုစိုက်ခဲ့တာ ကြင်နာခဲ့တာ နမ်းခဲ့တာ အတုအယောင်တွေ လို့မှ မထင်ခဲ့ရတာ ရတုက ဘာ ဖြစ်လို့ ယုံလိုက်ရမှာ လဲ"

"ရတုရယ်"

သူမ မျက်ရည်တွေ ကို မြင်နေရသည့်အတွက် သူ့ရင်တွေ ပြာကျတော့မတတ် ပူပြင်းလောင် မြိုက်နေသည်။

သူမက သူ့မျက်လုံးတွေ ကို မလွှတ်တမ်းကြည့်နေပြီး-

"ရှင့်မျက်လုံးတွေ ကတော့ ညာပြောနေတာ မဟုတ်သလိုဘဲနော်၊ ရှင်လက်ထပ်ရတော့မှာ လားမိုးကာ"

သူ ခေါင်းညိတ်ပြတော့ ဆိုဖာခုံမှာ ပုံကျကျိုကပ်သွားကာအတန်ကြာ ခေါင်းငုံ့ငြိမ်သက်သွာ သည်။

ပြန်မော့လာတော့ မျက်ဝန်းအိမ်မှာ မျက်ရည်တွေ အပြည့်။

"အမှန်တရားတစ်ခုလောက် သေသေချာချာ ဖြေပေးနိုင်မလားမိုးကာ"

"ပြောပါ ရတု"

"ရှင် ရတုကို ချစ်ခဲ့တယ် မဟုတ်လား"

"ရတု"

"ရတု အရမ်းသိချင်တယ်၊ အဲဒီ စကားတစ်ခွန်းကို အမှန်အတိုင်း သိချင်ပါတယ် ရှင်စွန့်ပစ်ခဲ့ တော့မယ့်ရတုကို ရှင့်ရင်ထဲကဆန္ဒအတိုင်း သိခွင့်မပေးနိုင်ဘူးလား"

သူ့ရင်တွေ ဆုပ်ခြေထုထောင်းခံရသလို မွမွကြေနေသည်။

"ဖွင့်ပြောလိုက်လို့ မင်းဒီထက်ပိုပြီး မနာကျင်ရဘူးဆိုရင် ကိုယ်ပြောချင်ပါတယ်"

Scanned by CamScanner

သူမက ယဲ့ယဲ့ လေး ပြုံး ကာ-

"ပြောပါ၊ ရှင့်ပါစပ်က ဘာစကားပဲ ထွက်လာလာ ရတုနားထောင်ချင်ပါတယ်"

"မင်းကို ကိုယ် သိပ် သိပ်ချစ်ပါတယ်၊ အရမ်းချစ်ပါတယ် ရတုရယ်"

"ဒါနဲ့များ "

သူမအသံလေးက တိုးသဲ့သဲ့နှင့် တိမ်ဝင်အက်ရှိနေပါသည်။

ခဏအကြာမှ မေ့ငေးငေးလေးကြည့်၍ -

"ရတုရဲ့ မိန်းမမပီသမှု ၊ ဆိုးသွမ်းမှု ၊ အိမ်ထောင်မထိန်းသိမ်းတတ်မှု တွေ ကြောင့် ထားရစ်ခဲ့ဖို့ စဉ်းစားနေတာလား။ ရတုကြိုး စားမယ်လေမိုးကာရယ်၊ မိုးကာနဲ့မိဘတွေ လက်ခံလာအောင် မငြိငြင်အောင်ရတု ကြိုး စားပါ့မယ်၊ ရတုကိုအချိန်နည်းနည်း လောက်ပဲ ပေးပါနော်"

"ရတုရယ်"

"ရတု ရှင့်ကို သိပ်ချစ်လို့ပါ၊ မခွဲနိုင်လို့ပါ၊ ရှင်ထားခဲ့တဲ့ ဘဝမှာ ရတု ဘယ်လို ကျန်ခဲ့ရမှာ လဲ၊ ရှင့်အကြင်နာတွေ ရှင့်ရဲ့ နွေးထွေးယုယမှု တွေ ကို ရတု ဘယ်လိုမေ့ပစ်ရမှာ လဲ၊ ရတုက အဲဒါတွေ ကိုလိုအပ်ခဲ့တာ၊ ရှင်က အဲဒါတွေ ကိုပေးခဲ့တာ"

"ကိုယ့်ကို အပြစ်တင်နေတာလား ရတုရယ်၊ ကိုယ်က"

"ဟင့်အင်း၊ ရှင်ကို ဘာလို့ အပြစ်တင်ရမှာ လဲ ရတုလိုအပ်နေတာတွေ ကို ရှင်ခဏလေးပေး လည်း ရတု ခဏလေးပျော်ခဲ့ရတယ်၊ စိတ်ချမ်းသာခဲ့ရတယ် မဟုတ်လား၊ ဘယ်သူ့ဆီကမှ မရတဲ့ အဲဒီ လိုနွေးထွေးမှု တွေ ကို ရှင့်ဆီကပဲရတာ လေ၊ ရှင့်ကို ရတုကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ တခြား မိန်းကလေး တစ်ယောက် နဲ့ ရှင့် လက်ထပ်မယ်ဆိုတာကိုတော့ ရတု လုံးဝကိုမျှော်လင့်မထားခဲ့တာ ပါ၊ အထီးကျန်ခြောက်သွေ့နေတဲ့ ရတုဘဝကို ကြည်နူးပျော်ရွှင်မှု တွေ ပေးခဲ့တဲ့ရှင်ကရတုကိုဒီပုံစံမျိုး နဲ့ ခွဲထားခဲ့မယ်လို့လည်း မထင်မိဘူး"

Scanned by CamScanner

"ကိုယ်လိမ်ညာ လှည့်ပတ်ဖြားယောင်းပြီး ရတုကို ဝေဒနာတွေ ပေးခဲ့မိသလို ဖြစ်သွားပြီ လား"

သူမ နာနာကျင်ကျင် ပြုံး ပါသည်၊ မျက်ဝန်းအိမ်မှာ ပြည့်အိုင်နေသော မျက်ရည်ပေါက်ကြီး တွေ ကလည်း ဝင်းဖန့်ဖန့်ပါးပြင်လေးပေါ် အဆက်မပြတ်တစ်ပေါက်ချင်း လိမ့်ဆင်းလာသည်။

"ရတု ရှင့်ကိုချစ်တယ် မိုးကာ"

"ရတု"

"ဘယ်လိုပုံစံမျိုး နဲ့မှ မျှော်လင့်လို့ မရတော့ဘူးလားဟင်"

"ရတုရယ်"

"ဘယ်လိုအနေအထားမျိုး မှာ ပဲ ဖြစ် ဖြစ် ရှင့်အနားမှာ နေခွင့် မပေးနိုင်ဘူးလား"

"ကိုယ့်ရင်တွေ အရမ်းနာကျင်နေပါပြီ ရတုရယ်၊ ဘာမှမပြောပါနဲ့တော့လား။ ကိုယ်တို့နှစ် ယောက် ဒီလောက်ပဲရေစက်ဆုံခွင့် ရှိတယ်လို့ တွေးပေးပါနော်"

"ဟင့်အင်း ရှင့်ကိုဘဝတစ်သက်တာလုံးအတွက် ရည်ရွယ်ပြီး ချစ်ခဲ့တာ၊ ရှင့်အကြင်နာနွေး ထွေးမှုတွေ ကို လိုချင်တောင့်တခဲ့တာ၊ ရတုကို ဆက်ချစ်နေခွင့်ပေးပါ"

" ဖြစ်မှမ ဖြစ်နိုင်တော့တာ ရတုရယ်၊ မင်းအရမ်းနာကျင်ခံစားရလိမ့်မယ်၊ ကိုယ်ဆည်းဆာ ညိုကို လက်ထပ်ဖို့ ကတိပေးပြီးနေပြီ၊ အရာရာ အစီစဉ်တကျနဲ့ ပြီးဆုံးနေပါပြီ ရတုရယ်"

သူမ ရှိုက်သံလေး သူ့နားထဲ တိုးသဲ့ပျံ့လွင့်လာကာ သူမကိုယ်လေးလည်း သူ့ရင်ခွင်ကျယ် ကြီးမှာ မှိုကပ် ဖက်တွယ်လာသည်။

တွန်းထုပ်ပစ်လိုက်ဖို့ သူ့မှာ ခွန်းအားမရှိပါ။

Scanned by CamScanner

မ ဖြစ်ဘူးလို့ နာကျင်သွားအောင်လည်း မအော်ရပ်ပါ။ ပြင်းပြင်းထန်ထန် ပေါက်ကွဲပြီး သူ့ကို အမုန်းတွေ နှင့် နာကြည်းနေမည် ထင်ထားသော် လည်း သိမ်သိမ်မွေ့မွေ့ ခံစားရင်ဖွင့်နေတာ သူ ဘယ်လိုမှ ခံနိုင်ရည်မရှိပါ။

"ရတု အဲလောက် မခံစားပါနဲ့၊ ကိုယ့်ကို မေ့ပစ်လိုက်ပါ။ နာကြည်းလိုက်ပါ ရတုရယ်"

သူမကို ခပ်ဖွဖွ ပြန်လည်ဖက်တွယ်ရင်း သူပြောတော့ သူမကသူ့ကို ခပ်တင်းတင်း မလွှတ် တမ်း ဖက်တွယ်ထားကာ-

"ရှင်နဲ့ပတ်သက်ရင် ဘယ်လိုအရာတွေ ပဲ ခံစားရ၊ ရတုကျေနပ်ပါတယ်၊ မေ့လိုက်ပါလို့ တော့ မပြောပါနဲ့၊ တခြားနည်းနဲ့မနစ် သိမ့်နိုင်တော့ရင်လည်း နာကြည်းလိုက်ပါလို့ တွန်းအားမပေး ပါနဲ့ မိုးကာရယ်၊ ရတု ရှင့်ကိုဆက်ချစ်နေပါရစေ၊ မျှော်လင့်ချက်လေး နဲ့ဆက်ရှင်သန်ပါရစေဦး၊ မ မဟုတ်ရင် ရတု သေရလိမ့်မယ်၊ ရတု သေမှာ မိုးကာ"

"ရတုရယ်"

သူ့ရင်ထဲ မချိပါ၊ ရင်တွင်းကလီစာတွေ ကအားလုံး မွမွကြေစုတ်ပြတ်သတ်လို့၊ သူ့ဝိညာဉ် လည်း တိမ်းစိုင်တိမ်ခဲ တိမ်လိပ်တွေ နှင့် အတူ လွင့်ပါးလို့။

ဆုံးဖြတ်ချက်တွေ ဇဝေဇဝါနှင့် ရတုကို အနမ်းတွေ နှင့် ဖြေသိပ်ပေးနေမိခဲ့သလားမသိပါ။

•••••••••••••

အခန်း(၂၀)

"သတို့သား သတို့သမီးဝတ်စုံက မြန်မာဆန်ဆန်ပဲ ကောင်းပါတယ်၊ ဖိတ်စာ ကတော့ ဆည်းဆာညို့တို့ဘက်က တာဝန်ယူမယ်ဆို"

Scanned by CamScanner

"ဟုတ်ကဲ့၊ အန်ကယ်က စင်ကာပူမှာ ဗိတ်ဆွေတွေ ရှိလို့အဲဒီ မှာ လုပ်မှာ ပေးမယ်လို့ ပြော ပါတယ်၊ သူက တာဝန်ယူချင်ပါတယ်တဲ့ ဗိတ်စားထဲပါမယ့် ကန်တော့ခံလူစာရင်းကို ဖုန်းဆက် ပြောလိုက်လို့ရပါပြီး"

"အင် အဲဒီ ကိစ္စ သားနဲ့ ပြောထားပြီးသားဆိုတော့ သားနဲ့ သာတိုင်ပင်တော့ကွယ်၊ ဩော် မင်္ဂလာပွဲလုပ်ဖို့ ဆီဒိုနားကလည်း အန်တီတို့မိတ်ဆွေ ဖြစ်နေတာနဲ့ ဆီဒိုးနားမှာ ပဲ ဒိတ်လုပ်ထား တယ်နော် သမီး၊ စိတ်ကျေနပ်မှု ရှိရဲ့လား၊ သမီးသဘောမကျရင် စိတ်ကြိုက်ရွေးပါ"

"အင်း သမီးလိမ္မာလေးက မိဘစကားဆို တစ်သွေမတိမ်းဘဲနော်၊ အန်တီက သမီးကိုချွေးမ တော် ရမှာ အရမ်းကို ကြည်နူးနေမိတယ်ကွယ်"

မေမေနှင့် ဆည်းဆာညို့တို့ အတိုင်အဖောက်ညီ ပြုံး ပျော်နေကြပေမယ့် သူကတော့ ကတုန် ကယင် သွေးခုန်နှုန်းတွေ မြန်လို့ပါ။ ဆည်းဆာညိုနှင့် လက်ထပ်ဖို့ကိစ္စက နောက်ဆုပ်ဖို့ မ ဖြစ်နိုင်တော့သလို ရှေ့တိုးရင်းနှင့် လည်း သူမဝံ့မရဲ ဖြစ်နေရသည်။

ရတုမိုက်ကို သူခွဲခွာချန်ထားရစ်ခဲ့နိုင်ပါ့မလား။

"သားမင်္ဂလာ ဝတ်စုံဆိုင်ဝင်ပြီးတာနဲ့ ဆည်းဆာညိုလေးကို အိမ်ထိရောက်အောင် ပြန် လိုက်ပို့လိုက်နော်၊ သားအတွက်ဆည်းဆာညို အလှစိုက်ထားတဲ့ ပန်းပင်လေးတွေ နားမှာ ညနေစာ ပြင်ထားမယ်လို့ အိပိုင်ဖုန်းဆက်ပြောတယ်၊ အစက မေမေတို့ကိုလည်းခေါ်တာပါ၊ မေမေ ကတော့ သားသမက်လေးကိုသာ ဂရုစိုက်လိုက်ပါလို့ ပြောလိုက်တယ်၊ သားဖေဖေက ဒီနေ့ အိမ်ပြန်နောက် ကျမယ်ပြောလို့သားရဲ့ ၊ အိပိုင်ကတော့လေ အရမ်းအလှအပကြိုက်ပြီး စိတ်ကူးရင်ဆန်တာပဲ"

"အဲဒီ စိတ်ကူးက ဆည်းဆာပါ အန်တီ၊ ဟိုငယ်ငယ်လေးကတည်းက အဲဒီ ပန်းပင်လေးတွေ နားက မြက်ခင်းပြင်လေးမှာ ဆည်းဆာတို့ သားအဖတစ်တွေ မိသားစုပျော်ပွဲစားနေကျ အန်တီရဲ့ ၊ အခု ဖေဖေဆုံးသွားပြီး အန်ကယ်မိသားစုဝင် ဖြစ်လာတဲ့အချိန်မှာ အဲလို တစ်ခါမှ မလုပ်ရသေး ဘူး။ အန်ကယ့်ကို အဲဒီ လိုမိသားစုပျော်ရွှင်မှု

Book Sharing

Scanned by CamScanner

လေး ခံစားစေချင်လို့ မိုးကာကိုလည်း အဲဒီ နွေးထွေး ကြည်နူးမှု လေးတွေ သိသွားစေချင်လို့ပါ"

"အင် သမီးအိုင်ဒီယာလေးက လှလိုက်တာကွယ်၊ မိသားစုရဲ့ အနှစ် သာရဆိုတာ အဲလို နားလည်မှု လေးတွေ လိုအပ်တာကွဲ့။ ကိုမင်းမြတ်သော် က သမီးတို့နဲ့ မိသားစုဘဝလေးရနေတော့ ဟိုဘက်ကိုတောင် မသွားတော့ဘူးဆို"

"အဲလို ပြန်မသွားအောင်ကို စည်းရုံးထားတာပေါ့ အန်တီရယ်။ အန်ကယ့်သမီးဆိုတာက လည်း ခပ်ဆိုးဆိုးလို့ ပြောတယ်။ မိသားစုနွေးထွေးမှု မရခဲ့တဲ့သူကို ဒီဘက်နားလည်ပြည့်စုံမှု တွေ ပေးနေတော့ ဟိုဘက် ကို ဘယ်လိုလုပ် ပြန်ချင်တော့မှာ လဲ"

နားထဲမှာ ကြားနေရတာ မေတ္တာတရားလား၊ အတ္တလား မခွဲခြားတတ်တော့ပါ။ ပထွေးကို တောင် သူ့မိသားစုနှင့် မတ်ပက်အောင် စည်းရုံးအပိုင်သိမ်းထားနိုင်တာ ဆည်းဆာညို့တို့ သားအမိ ရဲ့ ပညာခန်းက အံ့သြစရာပါလား။

သူနှင့်လက်ထပ်ပြီးလျှင်ရော သူ့ကို မေမေတို့နှင့်အဆက်အသွယ် ဖြတ်ခိုင်းမလားပင် မသိ။

"ဪ ဆည်းဆာညို့ကျွန်တော် တို့ မင်္ဂလာဝတ်စုံဆိုင်သွားဖို့ နောက်နေဦးမယ် သွားကြ ရအောင်"

"အင် သွားမယ်လေ၊ မိုးကာ အန်တီခွင့်ပြုပါဦးနော်"

"ကောင်းပါပြီကွယ်၊ သားလေး ကားကို ဂရုမောင်းနော်၊ အိမ်ပြန်နောက်ကျလည်းမစိုးရိမ်နဲ့ ဆည်းဆာညို့လေး စိတ်ကျေနပ်တဲ့အထိ နေပေးလိုက် ပါကွယ်"

"ဟုတ်ကဲ့ပါ မေမေ၊ သားတို့ သွားတော့မယ်"

သူ့ကားနှင့် ပင်မ ဂ်လာဝတ်စုံဆိုင်ကို ထွက်လာခဲ့ကြသည်။ ဆည်းဆာညို့က ကားမောင်းနေ သည့် သူ့ဘေးနားမှာ ကြော့ကြော့မော့မော့လေး လိုက်ပါလာ၏ ။

"မိုးကာ ကွန်မတော့ မင်္ဂလာပွဲနီးလေ ရင်တွေ ခုန်လာလေပဲ သိလား။ စိတ်တွေ

Scanned by CamScanner

လှုပ်ရှား ပြီး ညညလည်း အိပ်မပျော်ဘူး။ ရှင်ရော ဘယ်လိုခံစားရလဲဟင်"

"ဗျာ အင်း ဒီ ဒီလိုပါပဲ"

"နှစ် ဖက်မိဘတွေ ပျော်နေတော့ ကျွန်မတို့လည်း စိတ်ချမ်းသာရတာ ပေါ့နော်။ ကျွန်မတို့ အိမ်ကိုလိုက်နေရင် ရှင်လည်းပျော်သွားမှာ ပါ"

"ဟင် မင်္ဂလာဆောင်ပြီးရင် ဆည်းဆာညိုက ကျွန်တော့် တို့အိမ် လိုက်နေမှာ မဟုတ်ဘူး လား။ အလိမ္မာအိမ်ပါ ရွေးမလေးရတာ ဆိုပြီး မေမေက ပျော်နေတာ"

"ဟုတ်ပါတယ် အဲဒီ ကိစ္စက နောက်မှလေ။ အခု ရှင့်အမေနဲ့ တိုင်ပင်ပြီးလို့ မင်္ဂလာအိမ်ရာ အခန်းအနားတောင် ကျွန်မတို့အိမ်မှာ လုပ်မယ်လို့ စီစဉ်ပြီးနေပြီ"

"ဟာ အဲဒါ ဘယ်လို ဖြစ်ရတာ လဲ"

"ကျွန်မတို့အိမ်မှာ ရှင် သုံးလေးလလောက်နေလိုက်ပြီးမှ ကျွန်မရှင်တို့အိမ်ကို တစ်သက် လုံးလိုက်နေမှာ လေ။ ရှင့် မျက်နှာကြီးက ဘယ်လို ဖြစ်နေရတာ လဲ"

သူ့သက်ပြင်းတွေ ရှိုက်ကာ ကားကိုသာ ဂရုစိုက်မောင်းနေလိုက်သည်။

မေမေနဲ့ တိုင်ပင်ပြီးပြီဆိုမှတော့ သူက ဘာတတ်နိုင်မှာ လဲ။ မေမေ့ကို ဘယ်လိုစည်းရုံး သိမ်းသွင်းလိုက်သည်မသိပေမယ့် အစက ဒီလိုစီစဉ်ထားတာမဟုတ်ပါ။

အခုမှတော့ အတိုက်အခံလည်း ပြောမနေချင်တော့။

ဦးမင်းမြတ်သော် လို ခြေချုပ်မမိအောင်သာ ကိုယ့်ကိုယ်ကိုယ် သတိထားရမည် ။

"ဟင် ရတု"

"ကျွို"

ပရမ်းပတာ ရင်ခုန်မြန်သွားကာ ဘရိတ်ကိုတောင် ဆောင့်အုပ်မိလိုက်၏ ။ မီးပွိုင့်မှာ ရတု ကားလေးက သူ့ကားနှင့် ဘေးချင်းယှဉ်လျက်။

တိုက်ဆိုင်မှု လား တမင်တကာ ဆုံစည်းအောင် အချိန်ပေးလိုက်ခြင်းလား မပြု

Scanned by CamScanner

းမရယ် မျက်နှာတည်တည်လေးနှင့် သူ့ကိုသာ လှမ်းလှမ်းကြည့်နေ၏ ။

သူမှာ တော့ ဆည်ဆာညို့သိသွားမလား စိုးရိမ်ပြီး ဣန္ဒြေမရ ကတုန်ကယင်နှင့်ပါ။

"မိုးကာ ဗီးစိမ်းလို့ ရှေ့ကကားတွေ လိုမ့်နေပြီလေ ဘာလုပ်နေတာလဲ"

"မွှမ် မွှမ်"

နောက်ကကားတွေ ရဲ့ ဟွန်းတီးသံနှင့် ဆည်းဆာညို့အသံလေးကိုကြားမှ ကယောင်က တမ်း ကားမောင်းထွက်လာရသည်။ ရတုမှီကားလေးက သူ့ကားကို ကျော်တက်မောင်းမသွားဘဲ ဘေးချင်းယှဉ်မောင်းလိုက် နောက်ကနေ လိုက်လာလိုက်ဖြင့် သူ့ကို ကယောင်ကတမ်း အသက်ရှူမှား းအောင် လုပ်နေသလို ဖြစ်နေသည်။

ဆည်းဆာညို့သိသွားအောင် တစ်ခုခု လုပ်ချင်နေတာများ လား။ သူမက သူနှင့်ဘယ်လို ပတ်သက်ပါတယ်လို့ သိအောင်ပြောပြီး မင်္ဂလာပွဲကို ဖျက်စီးစေချင်တာများ လား]

"မ ဖြစ်ဘူး အဲလိုလုပ်လို့ မ ဖြစ်ဘူး။ လူကြီးတွေ မျက်နှာပျက်အောင် လုပ်လို့မရပါဘူး ရတု ရယ်"

သူရင်ထဲက အသံတိတ်အော်မည် ဟန့်တားနေမိသည်။ စိတ်ကိုတင်းကာ ကားကို အရှိန်မြှင့် မောင်းလိုက်သည်။

ရတုကားလေးက မျက်ခြည်ပြတ်မခံဘဲ လေ၏ အလျှင်မြန်နှုန်းဖြင့် သူ့ကားနောက်က လိုက်ပါလာသည်။

မင်္ဂလာဝတ်စုံဆိုင်ကိုရောက်မှ တစ်နည်းနည်း နှင့် ရှောင်လွှဲမျက်ခြည်ဖြတ်ရတော့မည် ။

မ ဖြစ်နိုင်တော့ဘူးဆိုတာ သိသိကြီးနှင့် ရတု ဒီလိုမလုပ်သင့်ပါ။ ပါးနပ်စွာ ခံစားရတယ်ဆို လည်း အိမ်မှာ တိတ်တိတ်လေး လွမ်းနေသင့်သည်။

Scanned by CamScanner

ခုတော့ သူ့ကို တမင်သက်သက် အနှောင့်အယှက်ပေးနေသလို ဖြစ်နေခဲ့၏ ။

ရတု မင်းကို ကိုယ်မမုန်းချင်ဘူး။ မနာကြည်းချင်ဘူး ရတုရယ်။ မင်းစိတ်သက်သက်သာသာ နဲ့ ချန်နေရစ်ပေးပါ။

•••••••••••••

အခန်း(၂၁)

"ဟင်"

သူတို့ မင်္ဂလာဝတ်စုံရွေးပြီးသည့်အချိန်ထိ ရတုရှိနေဆဲပါလား။ ထိုင်ခုံတန်းလေးတွေ မှာ ကျောပေ ထားသလိုလိုနှင့် ဆည်းဆာညိုမင်္ဂလာဝတ်စုံရွေးနေတာကို အစအဆုံး မြင်နေပေ လိမ့်မည် ။

ဆည်းဆာညိုက အဝတ်အစားတစ်စုံပြီးတစ်စုံ ရွေးချယ်ကာ နောက်က အခန်းထဲ ဝင်သွား လိုက် စမတ်ကျကျဝတ်လာ၍ သူ့ကိုထွက်ပြလိုက်ဖြင့် ရတုမီရဲ့ မျက်လုံးတွေ အောက်မှာ နေရထိုင် ရ ခက်လှသည်။

မျက်နှာချင်းဆိုင်လာပြီး ပေါက်ကွဲတာမျ? မဟုတ်ဘဲ သူမဘယ်လောက်များ ရင်နာနေရှာ မလဲ။

"မိုးကာ ဒီအရောင် လေး မလှဘူလားဟင်"

ဆည်းဆာညိုရွေးချယ်ဝတ်ဆင်ထားသည့် သတိုးသမီးဝတ်စုံလေးက ဆင်စွယ်ရောင် အခံ တွင် အညိုနုနု ကော်ဖီရောင် ဖျော့ဖျော့ အဆင်းဆန်းဆန်းလေး ရက်ဖောက်ထားကာ စီးကွင့်(စ်) များ ကြောင့် ပို၍ တောက်ပကြွရွနေသည်။

"အဖြူများ တော့မင်္ဂလာပွဲက ပိုပြီးကျက်သရေမင်္ဂလာရှိသွားတာပေါ့ မိုးကာရဲ့ မဟုတ်ဘူး လား။ စိတ်ကြိုက် ဖြစ်ရင် ကိုယ်ခန္ဓာနဲ့ ပစ်ဆိုက်အနေတော် တစ်ခါတည်း သိသင့်တာသိ၊ မြင်သင့် တာမြင်ပြီး ယူလို့ရတယ်တဲ့ မိုးကာ ခဏလောက်စိတ်ရှည်ရှည်

Scanned by CamScanner

စောင့်ပေးပါနော်။ ကျွန်မ ဒီအဆင် ဒီဇိုင်းလေး ကြိုက်လို့ ယူခဲ့ချင်တယ်။ ပြီးမှ မိုးကာအတွက် ကျွန်မဝတ်စုံနဲ့ လိုက်ဖက်တာလေး ရွေးဝယ်ကြတာပေါ့"

သူ့စကားပြန်တောင် မစောင့်ဘဲ ဝတ်စုံပြင်ဖို့ ဆည်းဆာညိုနောက်ခန်းထဲ ဝင်သွားခဲ့သည်။ တကယ်ဆို သူကြိုက်ရဲ့ လား။ ဝယ်လိုက်ရမလား ဦးပေးမေးသင့်သည် ထင်၏ ။

အခုတော့ အရာရာ သူမစီမံမှု တွေ ချည်ပါလား။ ရင်ထဲမှာ ဘာကို မကျေမနပ် ခံစားနေရ မှန်းသိဘဲ မျက်လုံးတို့က ရတုမိုဆီရောက်သွားပြန်၏ ။

ရတု ခုထိ မပြန်သေးပါ။ သူမ ဘာလုပ်နေတာလဲ။ ဘာ ဖြစ်ချင်နေတာလဲ။

အဝေးက လှမ်းမြင်နေရတာ သူမ ငိုသေလားပင် မသိပါ။

"ရတု မင်းဘာ ဖြစ်နေတာလဲ လာစမ်း"

အနားမှာ ဆည်းဆာညိုလည်း မရှိတာမို့ ရတုအနား ခပ်သုပ်သုပ် လှမ်းထွက်လာကာ နံရံ အကွယ်တစ်ခုရှိရာ သူမလက်ကလေးကို ဆွဲခေါ်လာမိသည်။

"ရတု မင်းဘာလို့အခုလိုမျိုး ကိုယ့်နောက်ကနေ လိုက်နေရတာ လဲ။ ဘာဖြစ်ချင်လို့လဲ။ မင်းကို ဒီလိုနေရာမျိုးမှာ မြင်နေရတာ ကိုယ် အရမ်းစိတ်ပင်ပန်းတယ်"

"ရှင် စိတ်ပင်ပန်းအောင် မရည်ရွယ်ပါဘူး မိုးကာရယ်။ ဘယ်လောက်တောင် တန်ဖိုးကြီးတဲ့ မိန်ကလေးမို့ ရှင့်မိဘတွေ ရွေးချယ်ထားတာလည်း သိချင်လို့ပါ။ ရှင်လည်း ရှင်ချစ်တယ်ဆိုတဲ့ ရတုကိုထားရစ်ခဲ့ပြီး လက်ထပ်တော့မှာ မဟုတ်လား။ မြန်မာဆန်ဆန်ယဉ်ယဉ်လေးနဲ့ နန်းထိုက် တော် ဝင်လေးကို ရှင်ရွေးချယ်လက်တွဲ လိုက်တာမှန်ပါတယ် မိုးကာ ရ ရတုက"

ရတု အသံလေးက အက်ရှတုန်ယင်နေသည်မို့ သူ့ရင်တွေ ဆို့နင့်လိုက်မောနာကျင်နေ သည်။ ဒီအချိန်မှာ သူမ မျက်ရည်တွေ ကို သူသုတ်ပေးလို့ မရပါ။

"ရတုရယ် ကိုယ့်မျက်စိရှေ့မှာ အဲလိုတွေ ခံစားမပြပါနဲ့ ကိုယ့်ကို

Scanned by CamScanner

နောက်ဆုတ်တင်းအောင် လည်း မလုပ်ပါနဲ့တော့။ လက်ထပ်ဖို့ ကိစ္စတွေ အားလုံးက ဘာမှပြောင်းလဲလို့ မရတော့ပါဘူး။ မင်းခံ စားနေရတာ လည်း ကိုယ်မမြင်ရက်လို့ပါ။ ပြန်ပါတော့ ရတုရယ်နော်"

"ရတု ရှင့်မင်္ဂလာပွဲပျက်အောင် လုပ်နေတာ မဟုတ်ပါဘူး။ တခြားမိန်းမ တစ်ယောက် နဲ့ မင်္ဂလာဆောင်မယ့်ချစ်သူကို ဘယ်လောက်တောင် တက်ကြွနေလည်း ကြည့်ချင်လို့ပါ။ အမှန် အတိုင်း ဝန်ခံရရင် ရတုရှင့်ကို မခွဲနိုင်လို့"

"ရတု"

"ရှင်ထားခဲ့တဲ့ဘဝမှာ ရတု ဒီအတိုင်းကြီး မနေနိုင်ဘူး မိုးကာ၊ ရှင့် ဘဝလေး ဘယ်လောက်ထေ တောင်ပျော်ရွှင်နွေးထွေးမှု တွေ ရှိသလဲဆိုတာ ရတု အဆုံးထိ ကြည့်ချင်တယ်"

"ခက်လိုက်တာ ရတုရယ်။ မင်းပင်ပန်းမှာ ပေါ့။ မင်းပင်ပန်းသလို ကိုယ်လည်း အရမ်းစိတ် ပင်ပန်းတယ် ရတု။ မင်းကိုယ့်ကို နားလည်ပေးပါ။ မင်းချစ်တာကို ကိုယ်သိတယ်။ ကိုယ်ချစ်တာကို လည်း သိနေပြီပဲ။ ပြီးတော့ မ ဖြစ်နိုင်တော့တာကိုလည်း မင်းသိနေပြီပဲ ရတုရတယ်။ မင်းမျက်ရည် တွေ နဲ့ ကိုယ့်ကို တွေ ဝေအောင် မလုပ်ပါနဲ့။ ကိုယ်ကျင့်သိက္ခာပျက်ပြားပြီး ကတိမတည်တဲ့ ခပ်ညံ့ ညံ့ယောက်ျား တစ်ယောက် မ ဖြစ်ပါရစေနဲ့ ကိုယ့်ကို နားလည်ပေးပါ နားလည်ပေးပါ"

တတွတ်တွတ်မှာ ပြီးမှ လက်ကနာရီကို မြော က်ကြည့်ပြီး မိုးကာပြေးထွက်သွားသည်။

နေရာမှာ ငူငိုင်ပျော့ခွေစွာ သူမကျန်ရစ်ခဲ့သည်။ သူမမျက်လုံးထဲမှာ အလင်းတန်းတွေ မရှိ။ အရာဝတ္ထုတွေ မရှိ။ အနာဂတ်တွေ လည်း ပျောက်ဆုံးနေပြီး ခြေလှမ်းတွေ က ဦးတည်ရာမဲ့နေသည်။

ကားပါကင်မှာ မိုးကာကားလေးကို မြင့်မှ အသက်ဝဝပြန်ရှူနိုင်၏ ။ မိုးကာက သူမ အသက် ဆင်ရှင်ဖို့ မျှော်လင့်ချက်တစ်ခုဆိုတာ ပိုပြီး သေချာသွားသည်။

Scanned by CamScanner

ပေါ်ပေါ်တင်တင် မဟုတ်တောင် တိတ်တဆိတ်တော့ ရှင့်ကို ငေးမောခွင့်ပေးမှ ဖြစ်မယ် မိုးကာ၊ ဒါမှ ရတု အသက်ဆက်ရှင်နိုင်မှာ မို့ပါ။

ရင်ထဲက ဆုံးဖြတ်ချက် နိုင်မာစွာ နှင့် မိုးကာတို့ ဘယ်သွားသွား တိတ်တဆိတ်နောက်က လိုက်နေမိသည်။ သူ့မကားနှင့် တော့ မဟုတ်ပါ။ သူ့မကားနှင့်ဆိုလျှင် မိုးကာ ရိပ်မိသိရှိပြီး စိတ်ပင် ပန်နေမှာ စိုး၍ တက္ကစီကားတစ်စီး ဈေးကြီးပေးကာ လိုက်ပို့နိုင်းနမိခြင်းပင်။

သူ့မကားကိုတော့ နီးစပ်ရာ ကားဝပ်ရှော့မှာ ထိုးအပ်ထားလိုက်သည်။

"ဟင် ဦး ဦးလေး ဟိုသစ်ပင်အကွယ်မှာ ကားရပ်လိုက်တော့"

အဆင်သင့် ဝင်းတံခါးဖွင့်ထားသည့် ခြံဝင်းလေးထဲ မိုးကာကားလေး မောင်းဝင်သွားသည်မို့ ကားသမားဦးလေးကြီးကို ကပျာသကီ ကားရပ်နိုင်းလိုက်ရသည်။ ဒါက ဆည်းဆာညို့ဆိုသော မိုး ကာသတိုးသမီးရဲ့ အိမ်များ လား။ လက်ခနဲ အတွေးနှင့် တက္ကစီကားသမားဦးလေးကြီးကို ပိုက်ဆံ ပေး ပြန်နိုင်းလိုက်ကာ သူ့မကားအောက်ဆင်းလာခဲ့သည်။

မာကျူရီလမ်းမီးတွေ လည်း ဖြိုးဖြက်းလင်းလက်လာကြပြီမို့ ထိုခြံဝင်းလေးထဲမှာ လည်း မီးရောင် ဝေါ လင်းထိန်သည်။ ဆည်းဆာညို့တို့မိသားစုက မိုးကာကို ဘာကြောင့်လိုအပ်တာလဲ။ မိုးကာက ဆည်းဆာညို့နှင့် ဆည်းဆာညို့မိဘအသိုက်အဝန်းကို ဘာကြောင့် အလေးအနက် တန်ဖိုး ထားနေရတာ လဲ ဆိုတာ သိချင်စိတ်ဖြင့် သူ့မခြံဝင်းတခါးနားအထိ တိုးကပ်လာခဲ့သည်။

ဖွင့်ထားသည့် ခြံဝင်းတံခါးက ခုထိ မပိတ်ရသေးသလို အစောင့်အကြပ်ဆိုတာလည်း တစ် ယောက် မှ မတွေ့ ။

အဆောက်အအုံက ခပ်မြင့်မြင့်မဟုတ်တာမို့ တစ်ထပ်တိုက်လေး ဖြစ်ရမည် ဟုခန့်မှန်း သည်

Scanned by CamScanner

"ဟား ..ဟား.. ဟား"

"ဟင်း.. ဟင်း ဟင်း"

စီခနဲရယ်သံတွေ ကြားလိုက်တာမို့ မိုးကာ ပျော်နေသလားဟု စိတ်ဝင်စားကာ အမှောင် ရိပ် ကျနေတသည့် ခြံဝင်းထောင့်လေးထဲအထိ ဝင်လိုက်မိသည်။

ရှေ့ခပ်လှမ်းလှမ်းပန်းအိုးလေးတွေ ရဲ့ ဘေးက မြက်ခင်းပေါ်လေးမှာ ထိုင်ခုံတွေ စားပွဲတွေ ဖြင့် စားပွဲသောက်ပွဲဝိုင်းလေး ပြင်ဆင်ထားသည်။

ထိုခုံက လေးလုံး၊ လူကလေးယောက် ၊ ဆည်းဆာညိုနှင့် မိုးကာ၊ ပြီးတော့ ဆည်းဆာညိုရဲ့ မိဘနှစ် ပါး ဖြစ်မည် ။

"အန်ကယ်က အခုမှ မိသားစုဘဝအစစ်အမှန်ရတာ ကွ၊ သမီးလေးဆည်းဆာညို က အန်ကယ့်ကို မိသားစုဝင်အ ဖြစ် အဖေ တစ်ယောက် အ ဖြစ် အသိအမှတ်ပြုလို့ ဒီလို အမှတ်တရ ပွဲလေး ဖန်တီးပေးတာတဲ့ မင်းကိုလည်း မိသားစုအ ဖြစ် သတ်မှတ်ကြိုဆိုတဲ့ ပွဲလေးပေါ့ကွာ။ အန်ကယ် ကတော့ စဉ်းစားထားတယ် ဒါမျိုးခံစားရတာ အရမ်းကြည်နူးလွန်းလို့ သမီးလေးအတွက် မှတ်မှတ်ရရ လက်ဆောင်ပစ္စည်းပေးမယ်"

"ဟယ် တ တကယ်လား အန်ကယ်၊ ဆည်းဆာကို ဘာပေးမှာ လဲဟင်"

"အိုဝိုင်ကိုတောင် မတိုင်ပင်ပါလား ကိုသော်၊ သမီးကို ဘာများ ပေးမလို့လဲ"

"ကိုယ့်မိဘတွေ ကိုယ့်ကကို သီးသန့်ပေးထားခဲ့တဲ့ စိန်တစ်ဆင်စာပါ။ အရီးမသေခင်က အရီးကို ပေးဖို့ စဉ်းစားသေးတယ်။ ဒါပေမဲ့ အရမ်းတန်ဖိုးကြီးလွန်းလို့ အရီး လောင်းကစား ကိစ္စတွေ ထဲ ပါသွားမှာ စိုးရိမ်ပြီး မပေး ဖြစ်ခဲ့ဘူး။ တကယ်ဆို ဒီပစ္စည်းက ကိုယ့်သမီးလေးကို လက်ဆင့် ကမ်းပေးသင့်တာပါ။ သူကလည်း ဖအေ တစ်ယောက် အပေါ် လေးစားမှု မရှိ၊ ခွေးထွေးမှု မရှိဆိုတော့ သမီးလေးဆည်းဆာညိုနဲ့ ထိုက်တန်တယ်လို့ အောက်မေ့ရတော့မှာ ပေါ့"

အသံ ဒီအသံ ရင်းရင်းနှီးနှီး ကြားဖူးနေကျအသံ။ ဆည်းဆာညိုခေါ်တာက

Scanned by CamScanner

အန်ကယ် တဲ့။

ဆည်းဆာညိုအမေ ကတော့သူ့ယောက်ျားကို ကိုသော် လို့ ခေါ်သည်။ ဒီအသံရှင် စကား ပြောသည့်အထဲမှာ လည်း အရီးဆိုတာပါသည်။ ဒါက မေမေ့ကို ပေပေခေါ်နေကျ အရီ။

ဒါ ဒါဆို ပေပေ ပေပေများ လား။

သူမ သဲသဲကွဲကွဲမြင်သာအောင် စိတ်လှုပ်ရှားတုန်ယင်စွာ ဖြင့် ရှေ့တိုးကြည့်လိုက်သည်။

"ပေပေ"

သူမ လွှတ်ခနဲတောင် အသံထွက်သွားမိသည်။ ပေပေ အရမ်းတန်ဖိုးထားခဲ့သည့် မေမေနှင့် သူမကိုတောင် ပေးမဝတ်ဖူးခဲ့သည့် ရတနာပစ္စည်းတွေ ကို မယားပါသမီး ဖြစ်သော ဆည်းဆာညိုကို ကြင်ကြင်နာနာ ဂရုတစ်စိုက် ကိုယ်တိုင်ကိုယ်ကျ ဆင်မြန်းပေးလို့ပါလား။

အပြုံးမျက်နှာက ဖခင် တစ်ယောက် ရဲ့ မေတ္တာအပြည့်အဝနှင့် ဒီအလိုအပြုံး ဒီလိုနွေးထွေးမှု မျိုး သူမတစ်ခါမှ မရဘူးပါ။

သွေးမတော် သားမစပ် မယားပါသမီး တစ်ယောက် ကိုတောင် ဒီလိုမေတ္တာတွေ ပေးတတ်ပါ ရဲ့ နဲ့ သူမ ကတော့ ဘာကြောင့် မရခဲ့တာလဲ။ အခု သူမ အသည်းနှင့်အောင် ချစ်သော မိုးကာက လည်း ပေပေ့မယားပါသမီး က သိမ်းပိုက်တော့မည် ။

သူမမှာ ဘာမှမရှိပါလား။ သူမအနားမှာ ဘယ်သူမှမရှိပါလား။ ဆည်းဆာညို တို့သား အမိ နားမှ ပျော်နေလို့ ပေပေ သူမတို့ဆီ တစ်ခေါက်မှ ရောက်မလာတော့တာ ဖြစ်မည် ။

တကယ်ဆို အမိမဲ့သမီးလေး ရတဲ့ဆီကို ဖခင် တစ်ယောက် ရဲ မေတ္တာတွေ ဖြင့် နောက်ဆံ တင်းပြီး တစ်ခေါက်တလေတော့ ရောက်လာသင့်သည် မဟုတ်ပါလား။

ရသင့်ရထိုက်တာတွေ ပေးခဲ့ပြီး ဖခင်ဝတ္တရားကျေပြီလို့

Scanned by CamScanner

အောက်မေ့နေလေသလား။

ရတုက မေတ္တာတွေ နဲ့ ကင်းဝေးအောင် ကျိန်စာတိုက်ခံထားရတဲ့သူလား။ သူ့စိပ်းတွေ ရသောက်တောင် ရတုမှမရတာ ဘာကြောင့်လဲ။ ဆည်းဆာညိုတို့ သားအမိမှာ အရှုပ်းအစ တစ်ခုခု တော့ ရှိနေလိမ့်မည်။

ဒါဟာ သူမဘက်က လိုအပ်ချက်တွေ ကြောင့် လည်း ဖြစ်နိုင်၏။ တကယ်ကို ပေပေကို ဆုံးရှုံးရ သလို မိုးကာကိုလည်း ဆုံးရှုံးရမှာ လည်း သေချာနေပြီပဲ။

ဟင့်အင်း ပေပေကိုလည်း မဆုံးရှုံးပါရစေနဲ့ မိုးကာကိုလည်း မဆုံးရှုံးပါရစေနဲ့။

နှစ် ယောက် လုံးမဟုတ်တောင် တစ်ယောက် ယောက် တော့ ပိုင်ဆိုင်ခွင့်ပေး ပြန်ပေးပါ။

ရတုရင်တွေ ဘယ်လိုမှ ခံနိုင်ရည်မရှိတော့လို့ပါ။

ခြေလှမ်းတွေ ရှေ့မတိုးသာပဲ နောက်ဆုတ်နေခဲ့သလား မသိပါ။ ရင်ဘတ်ကြီးတစ်ခု လုံးက ဆုံးရှုံးမှု တွေ များ ပြီး နာကျင်အောင့်မျက် စုတ်ပြတ်သတ်လို့။

ပေပေပုံရိပ်နှင့် မိုးကာပုံရိပ်တို့က ဝေဝေဝါးဝါးနှင့် ချာချာလည်လို့ အဆုံးထိ ဖမ်းမမိနိုင်ပါ လား။ မျက်ရည်တွေ ကြောင့် ဝေဝါးနေတာများ လား။

************

Book Sharing

Scanned by CamScanner

# အခန်း(၆)

အခန်း (၂၂)

"ဟာ ရတု ဒီနေရာကို ဘယ်လိုလုပ်ရောက်နေတာလဲ"

ဆည်းဆာညိုတို့ ခြံဝင်းတံခါးရှေ့မှာ ကားမီးရောင် ဖြင့် မိန်းကလေး တစ်ယောက် လဲနေတာ မြင်လိုက်ရ၍ ကားပေါ်က ကမူးကသီဆင်းပြီး ပွေ့ထူကြည့်မိတာပါ။ မျက်နှာလေးကို နီးကပ်စွာ မြင်လိုက်ရမှ ရတု ဖြစ်နေ၍ သူ့သွေးပျက်မတတ် ထိတ်ထိတ်လန့်လန့် ဖြစ်သွားခဲ့ရသည်။ ရတု ဒီ နေရာကို သူမသိအောင် လိုက်လာခဲ့ကာ သူနှင့် ဆည်းဆာညိုရဲ့ မိသားစုတွေ ပျော်ရွှင်ကြည်နူး နေတာမြင်ပြီး သတိလစ်မေ့မြောသွားသည်အထိ ခံစားလိုက်ရဟန်တူသည်။

"အဲဒီ လောက်အထိ မချစ်ပြပါနဲ့လား ရတုရယ်။ ကိုယ်လည်းသူတို့နဲ့ ကြာကြာမနေချင်လို့ အားနာနာနဲ့ နှုတ်ဆက်ပြီး ပြန်လာခဲ့တာပါ။ ကိုယ်သာ ဒီအချိန်နဲ့ ပြန်မထွက်လာသေးရင် မင်းသတိလစ် မေ့မြောချိန်တွေ ကြာပြီး သေများ သွားမလား မသိဘူး။ အဲလောက်တောင် ကိုယ့် ကိုယ်ကိုယ် အမိုက်မဲခံ ခံစားနေရလား ရတု၊ ရတုရယ်"

တတွတ်တွတ် မချိမဆံ့ ရေရွတ်၍ ခပ်တင်းတင်းပွေ့ထားရင်း သိမ့်သိမ့်ခါအောင် ရှိုက်ငိုနေ မိသည်။ ဒါပေမဲ့ ဒီနေရာမှာ အချိန်ကြာကြာ ဖြုန်းနေလို့ မ ဖြစ်ပါ။

ဆည်းဆာညိုတို့ မိသားစုထဲ တစ်ယောက် ယောက် သိသွားလျှင် ပြဿ နာတက်နိုင်သည်။ ရတုကိုယ်လေးကို ပွေ့ချီ၍ ကားပေါ်တင်ကာ ခေါ်လာခဲ့သည်။ ရတုကို ဆေးရုံတင်ရမလား။ ဆေးခန်း ပြရမလား။

ဒီပုံအတိုင်းဆို အမေးအဖြေနဲ့တွေ နှင့် အရှုပ်အထွေးတွေ ဖြစ်မှာ သေချာ၏ ။

လမ်းဘေးရေတမာပင်တွေ နှင့် မှောင်ရိပ်ကျနေသော နေရာလေးမှာ ကားထိုးရပ်လိုက် သည်။ လက်တစ်ဖက်က ရတုကို ပွေ့ထားမိတာမို့ ကားမောင်းရတာ လည်း အဆင်မပြေပါ။

Scanned by CamScanner

"ရတု၊ ရတု ရတုလေး"

သတိရအောင် သူမနှုတ်ခမ်းလေးကို ခပ်ပြင်းပြင်းမှ တိ၍ အဆက်မပြတ် ခေါ်နေမိသည်။

"ရတု သတိမြန်မြန်ရစမ်းပါကွာ ကိုယ်ရင်တွေ ပူနေပြီကွ"

သူယောက်ျားတန်မဲ့ စိုးရိမ်ပူပန်လွန်း၍ မျက်ရည်ပေါက်ကျ၍ ငိုချလိုက်မိသည်။ အသံ တွေ လည်း တုန်ပြလို့ပါ။

"ရတု ရတု"

"အင်း အင်း အင်း"

"ရတု သတိရလာပြီလား။ သတိရလာပြီလား"

သူရင်ခွင်ထဲကနေ သူမကိုယ်လေး လွန်းလွန့်ကာ ညည်းညူလိုက်တာမို့ သူ့ရင်ထဲ ဆို့နစ်မှု တွေ ပြေပျောက်သွားသည်။ သူမက မျက်လုံးလေး ဖွင့်ချည် ပိတ်ချည် ဖြစ်နေပြီးမှ မျက်လုံးအစုံ ပြူးကျယ်သွား၏ သူ့ရင်ခွင်မှ ရုန်းထွက်လိုက်သည်။

"မိုး မိုးကာ ရှင်ဘယ်လို ဖြစ်ပြီး"

"ဆည်းဆာ ညှိုတို့ခြံရှေ့မှာ မင်းမေ့လဲနေတာ တွေ့ လို့ ကိုယ့်ကားနဲ့ တင်ခေါ်လာတာ မင်းဘာလို့ အဲလောက်မိုက်ရတာ လဲ ရတုရယ်၊ မင်းသာတစ်ခုခု ဖြစ်သွားရင် ကိုယ့်ဘဝလည်း ပျက်ရမှာ ပါ။ ကိုယ်မင်းကို မချစ်လို့မှ မဟုတ် ရတုရယ်"

သူ မရှိုတင်ကဲပြောနေတာ သူမမျက်ရည်တွေ လိမ့်ဆင်းကျလာကာ နှုတ်ခမ်းဖျားလေးတွေ လည်း တဆတ်ဆတ်တုန်၍ သူ့ရင်ခွင်ထဲ တိုးဝင်ငိုရှိုက်နေသည်။

"မိုး မိုးကာ ပေပေ ပေပေလေ"

"ဟင် မင်းပေပေ ဘာ ဖြစ်လို့လဲ"

သူမဘာကြောင့် ဒီလောက်တောင် သည်းသည်းထန်ထန် ငိုနေရတာ လဲ။

Scanned by CamScanner

ရင်ခွင်မှာ ပွေ့ ပိုက်ထားရင်း ဆံနွယ်လေးတွေ ဖွဖွညင်သာ ပွတ်သပ်ပေး၍ နှစ် သိမ့်ရသည်

"ဆည်း ဆည်းဆာညို"

"ဩော် ဆည်းဆာညိုအကြောင်းပြောချင်တာလား မင်းဖေဖေအကြောင်း ပြောချင်တာ လား။ အငိုတိတ်ပြီး သေသေချာချာ ပြောစမ်းပါ ရတုရယ်။ မင်းအဲလောက်ကြီး ငိုနေတော့ ကိုယ့်ရင် တွေ မခံနိုင်အောင် ဖြောင်းဆန်နေပြီကွ"

သူမ သူ့စကားကို နာခံစွာ ဖြင့် ရင်ခွင်မှခွာပြီး အငိုတိတ်သွားပေမယ့် ရှိုက်သံလေး ကတော့ ပျံ့လွင့်နေဆဲပါ။

"ရတု စိတ်အာရုံ ပြောင်းသွား အောင် ရတုတို့မိသားစုအကြောင်း ကိုယ့်ကိုပြောပြ၊ ရတုတို့ ဘယ်လိုအထီးကျန်ဘဝမျိုးနဲ့ နေခဲ့ရတယ်ဆိုတာမျိုးပေါ့ ကိုယ့်အကြောင်း တွေ းနေရရင် ရတု ခုလို ငိုနေရလိမ့်မယ်"

သူမ နာနာကျင်ကျင် ပြုံးလိုက်တာ ဘာကြောင်းမှန်းမသိပါ။ မျက်ဝန်းအိမ်မှာ မျက်ရည် တွေ ပြည့်အိုင်လျက်နှင့် ။

"ရတု လူမှန်းသိတတ်စအရွယ်ကတည်းက မေမေက မိသားစုအရေး ကိစ္စထက် လောင်းက စားကို ဦးစားပေးမှန်းသိခဲ့ရတယ်။ အနှီကိစ္စကို အိမ်စောင့်ထားပြီး နေ့ညအချိန်နာရီမရွေး ဖဲရိုက် သွားနေတာပေါ့။ အိမ်မှာ ရှိတဲ့အချိန်မှာ လည်း အဲဒီ ဖဲရိုက်တဲ့ကိစ္စနဲ့ ဖေဖေနဲ့ အမြဲလိုလို ပြဿ နာ ဖြစ် ရန်သတ်ကြတယ်"

"ဒါပေါ့ကွာ လောင်းကစားမက်နေတဲ့မိန်းမ တစ်ယောက် ကို ဘယ်ယောက်ျားက သည်းခံ နိုင်မှာ လဲ"

"ဖေဖေက အရွဲ့တိုက်တာလား၊ မေမေက အရွဲ့တိုက်တာလား မသိဘူး။ ပြဿ နာ ဖြစ်ကြ တိုင်းမှာ တစ်ယောက် ကို တစ်ယောက် အပြစ်တင်နေကတာပဲ"

"ရတု ဖေဖေမှာ လည်း အပြစ်ရှိတယ်ပေါ့"

"ငွေရှာပေးရုံတစ်ခုတည်းနဲ့ အိမ်ထောင်တာဝန်ကျေတာ မဟုတ်ဘူးလို့

Scanned by CamScanner

ပေပေကပြော တယ်။ ပေပေက စီးပွားရေး အမြင်ကျယ်ပြီး ငွေရှာကောင်းပေမယ့် အိမ်ကမိသားစုအပေါ်တော့ နွေးထွေးမှု မပေးတတ်ဘူးလေ။ ပေပေပြောတော့လည်း မိန်းမက အိမ်ထောင်မထိန်းသိမ်းတတ်၊ မိဘအမွေပစ္စည်းရှိတာပဲဆိုပြီး အသိုက်အဝန်း ဂုဏ်သိက္ခာ၊ လင်ယောက်ျားနဲ့ သမီးဂုဏ်သိက္ခာ မထောက်ဘဲ ပဲရိုက်လောင်းကစားလုပ်နေတော့ သူကရော ခင်တွယ်စရာလိုသလားတဲ့"

"နှစ် ဦးနှစ် ဖက် အပြန်အလှန် မှား နေကြတာ ရတုက မြေဇာပင်ပေါ့"

ခေါင်းညိတ်ပြရင်းနှင့် ရတုမျက်ဝန်းအိမ်က မျက်ရည်စက်တွေ လွင့်စင်သွားကြသည်။ ထိုမျက်ရည်စက်တွေ ကို သူက ပါးပြင်လေးဖြင့် ပွတ်သပ်၍ သွေ့ခြောက်အောင် လုပ်ပေးမိသည်။

"မေမေကလည်း ဖဲချပ်တွေ လောက် ရတုကို နွေးထွေးမှု မပေးခဲ့ဘူး။ ပေပေကလည်း အမြဲ စိတ်တိုဒေါသ ဖြစ်နေတာနဲ့ ရတုကို ဂရုစိုက်ဖို့ အချိန်မရှိခဲ့ဘူး။ အချိန်ကြာလာတော့ ပေပေမေမေတ တို့နဲ့ မပတ်သက်တော့သလို သီးခြားသူစိမ်း တစ်ယောက် လို ဖြစ်လာတယ်။ အိမ်မှာ အတူနေရတဲ့ အန်တီချိုကလည်းသွေးမရင်းတော့ ရတုဘဝက ပိုပြီး အထီးကျန်တာပေါ့။ အဲဒီ လိုနဲ့ ရတုလည်း အရွယ်ရောက်လာပြီး အားလုံးကို အရွဲ့တိုက်နေတတ်လာတယ်။ ဘယ်သူ့ကိုမှ လေးစားရမှန်း နားလည်းပေးရမှန်း မသိတော့ဘူး။ မိဘမေတ္တာဆိုတာ ဘာလဲလို့ စိန်ခေါ်ချင်တဲ့အထိ ဖြစ်ခဲ့တယ်"

"အဲဒါ ရတုမှား တာပေါ့ ရတုရယ်။ မေတ္တာဆိုတာ အသွားအပြန်နဲ့ ရေစုန်ရေဆန်ဆိုတာ ရှိပါ တယ်။ ကိုယ်ပေးသလောက် ပြန်ရတတ်တာ အဲဒါ မေတ္တာတရားပါပဲ"

"ဟင့်အင်း အဲဒါ ရှင်မှား တာ မိုးကာ၊ ရတု ပေပေမေမေတို့ဆီက မေတ္တာကို လိုချင်တောင့် တခဲ့တာ သူတို့မှ မပေးတာ။ အဲဒီ လို လိုချင်စိတ်တွေ နဲ့ ရည်းစား တစ်ယောက် ကို အာသာငမ်းငမ်းထ ထားခဲ့တယ်။ ဒါပေမဲ့ သူလည်းရတုကို ထားရစ်ခဲ့တာပါပဲ။ ရှင်လည်း ဘာထူးလဲ မိုးကာ။ ရှင့်ကြောင့် အရာရာပြောင်းလဲပြီး အသည်းနှင့်အောင် ချစ်ခဲ့တဲ့ ရတုကို

Scanned by CamScanner

စွန့်ပစ်ခဲ့တော့မှာ ပဲ မဟုတ်လား"

သူသက်ပြင်းရှိုက်ကာ ရတုခေါင်းလေးကို သူ့ပခုံးမှာ မှီခွဲ့စေလိုက်သည်။

"ရတု ပြောနေတာတွေ က အချစ်နဲ့မေတ္တာတွေ ရောထွေးနေပြီ ရတုရယ်။ အေးမြမြစိုးစင် တဲ့ မေ တ္တာတရား ကိုယ့်သွေးသွားအရင်းတွေ ဆီကပဲ ရမှာ ပေါ့ ချစ်သူတို့ ရည်းစားတို့ဆိုတာက အရင် နီးဆုံး သူစိမ်းတွေ ရဲ့ နမ်စားတစ်ခုပါ။ တစ်ပက်နဲ့တစ်ပက် ပေါင်းသင်းဆက်ဆံပို့ ကြားခံစည်းတွေ အများ ခြားတယ် ရတု၊ မိဘအသိုက်အဝန်းနဲ့ အဲဒီ ချစ်သူ လက်ခံတန်ဖိုးထားလိုက်တဲ့ အရည် အချင်းတွေ ကိုယ့်မှာ ရှိရဲ့ လားဆိုတာ အရင်ဆုံး ကိုယ့်ကိုယ်ကကိုယ် ဆန်းစစ်ရတယ်"

"ဆည်းဆာညို့လို မိန်းမကောင်း မိန်းမမြတ်ပီသတဲ့သူ၊ အိမ်ထောင်ထိန်းသိမ်းနိုင်တဲ့ အရည်အချင်းရှိတဲ့သူမျိုး ဖြစ်မှ ယောက်ျား တစ်ယောက် ကို အပိုင်ထိန်းသိမ်းနိုင်မယ်လို့ ဆိုလိုတာ လား မိုးကာ၊ ဒါဆို ဆည်းဆာညို့အမေကလည်း ရတုအမေထက် အရည်အချင်းအစွမ်းအစတွေ ရှိ လို့ ပေပေကို ထိန်းချုပ်ထားနိုင်တာလား"

"ဘာ ဘယ်လို ရတု ဘာပြောလိုက်တာလဲ"

"တိုက်ဆိုင်မှု က အံ့ဩစရာကောင်းတယ်နော် ပေပေကနောက်အိမ်ထောင်ပြု ပြီး ရတုဆီကို တစ်ခေါက်မှ ပြန်ပေါ်မလာအောင် ဆည်းဆာညို့အမေက ပေပေ့ကို ထိန်းချုပ်ထားနိုင်တယ်။ မိုးကာကိုလည်း ဆည်းဆာညို့က ချစ်သူကို ချစ်ပါလျက်နဲ့ စိတ်တွေ ယိမ်းယိုင်မသွားအောင် ထိန်း ချုပ်ထားနိုင်တယ်"

"ရ ရတု ဒါ ဒါဆို ဦးမင်းမြတ်သော် က ရတုပေပေပေါ့"

ရတုခေါင်းညိတ်ပြတော့ သူ နင့်ခနဲ ခံစားလိုက်ရသည်။ ဝေဒနာတွေ တနင့်တပိုးနှင့် သူမ ဘယ်လောက်တောင် နာကျင်နေရှာမလဲ။

"ပေပေက မေမေနဲ့ ရတုကို ဆည်းဆာညို့သားအမိအပေါ် ဒီလိုပေးခဲ့တဲ့ မေတ္တာတွေ၊ နွေးထွေးမှု တွေ သာ ပေးခဲ့ရင် ရတုတို့မိသားစုဘဝလေးက ဒီလိုတွေ ဖြစ်မှာ

Book Sharing

Scanned by CamScanner

မဟုတ်ဘူး"

"ရတုအမေလည်း အဲလို လောင်းကစားနဲ့ အချိန်ကုန်မနေဘဲ အိမ်ထောင်ရေး သာယာ ဧဒအင် ဂရုစိုက်ခဲ့ရင် ဒီလိုကိစ္စတွေ ဖြစ်မှာ မဟုတ်ဘူးပေါ့ ရတုရယ်၊ ပြီးတော့ ရတုလည်း ဆည်းဆာ ညီုလိုအလိုက်သိနားလည်ပေးတတ်တဲ့ သမီးလိမ္မာလေး ဖြစ်ခဲ့မယ်ဆိုရင် ရတုတို့မိသားစုဘဝလေး က ပျော်စရာကောင်းမှာ ပါ"

" တစ်ယောက် မှအပြစ်မကင်းလို့ မိသားစုဘဝလေး ပျော်ရွှင်ကြည်နူးစရာတွေ မရဘဲ နာကျင် စရာတွေ ချည်း ဖြစ်ခဲ့တယ်လို့ ရှင်ဆိုလိုတာ မဟုတ်လား။ ရတု နားလည်နေပါပြီ ဒါပေမဲ့ ရတုပိုင် ဆိုင်ရမှာ တွေ ကို ဆည်းဆာညီုလုယူသလို ခံစားနေရတယ် မိုးကာ၊ ရတုကို တစ်စုံတစ်ခုတော့ ပြန်ပေးသင့်တယ် မဟုတ်လား"

"ရတုရယ်"

ငိုရှိုက်သံလေး ထွက်လာပြန်တော့ သူစိတ်မကောင်း ဖြစ်ရပြန်သည်။ သူဘာလုပ်ပေးရ ပါ့မလဲ။

သူချစ်သော ဒီမိန်းကလေးအတွက် ဘာလုပ်ပေးရမလဲ မင်းမျက်ရည်ကျနေသလို ကိုယ့် ရင်ထဲမှာ ငိုနေပါတယ်။ မင်းနာကျင်နေသလိုပဲ ကိုယ်လည်း ဆတူခံစားနေရပါတယ်

မင်းမျက်ရည်တွေ ကို စိတ်သန့်သန့်နဲ့ အမြဲတမ်း သုတ်ပေးချင်ပေမယ့် စည်းခြားနေတာ ရင်နာဖို့ကောင်းတယ်။ အခုတော့ ကိုယ့်ပခုံးမှာ အခိုက်တန့်လေး နားလိုက်ပါ ချစ်သူရယ်။

.............

အခန်း (၂၃)

"ဘာပြောတယ် သား ဆည်းဆာညီုက"

"မေမေနဲ့ တိုင်ပင်ပြီးသားဆို၊ သားက သူတို့အိမ်ကို လိုက်နေရမှာ တဲ့

Scanned by CamScanner

အဲဒါဘယ်လို ဖြစ် တာလဲ"

"အဲဒီ မေးခွန်းက မေမေ မေးချင်နေတာ သားရဲ့၊ သားကို သူတို့အိမ်မှာ နေရမယ်လို့ တစ်ခါ မှ မပြောဖူးပါဘူး။ သားကို သားအဖေဆီက ပညာတွေ သင်ရင်းနဲ့ ဒီမှာ ပဲ ခွေးမလေးကိုပါ ခေါ် ထားမယ်လို့ ပြော ဖြစ်ကြတာပါ။ ဒီအလုပ်တွေ အားလုံး သား လွှဲပြောင်းတာဝန်ခံနိုင်တဲ့အချိန်မှ အိမ်ခွဲပေးမယ်လို့လေ။ ဒါကလည်း အလွန်ဆုံး သုံးနှစ် ငါးနှစ် ပေါ့ သားရယ်၊ သားဖေဖေလည်း အနားယူချင်နေပါပြီ"

"ဒါဆို ဆည်းဆာညိုပြောတဲ့စကားက"

သူတွေ ခနဲ စဉ်းစား ဖြစ်ကာ တစ်ခုခုကို နားလည်လိုက်သည်။ ဦးမင်းမြတ်သော လို သူ့ကို အပိုင်ချည်ထားဖို့ ကြိုး စားချင်နေသည်ပဲ။

"သားကို ဆည်းဆာညိုအဲလိုပြောတာ သေချာရဲ့လားကွယ်"

"သေချာပါတယ် မေမေ၊ မေမေနဲ့တိုင်ပင်ပြီးပြီဆိုလို့ သားက အံ့ဩနေတာ၊ မေမေက အလိမ္မာ အိမ်ပါ ခွေးမလေးဆိုပြီး မျှော်လင့်နေခဲ့တာ မဟုတ်လား။ အခုလက်ထပ်ဖို့ သေချာနေတဲ့ အချိန်ရောက်မှ အိအိပိုင်က သူ့သမီးကို ယောက္ခမအိမ်မှာ ခိုင်းစားခံရှာ စိုးရိမ်နေလားမှ မသိတာ။ နောက်တစ်ချက်က လုပ်ငန်းကိစ္စတွေ အားလုံး ဦးမင်းမြတ်သော် ကို ကြိုး ကိုင်ခိုင်းထားသလို သားကိုလည်း ချုပ်ကိုင်အုပ်ချုပ်ချင်နေတာလည်း ဖြစ်ချင် ဖြစ်နိုင်တယ်"

"ဘာ သူတို့က သားကို"

"သူတို့ သွယ်ဝိုက်ပြီး ဘယ်လိုပဲပြောပြော အဲဒီ တိုင်းပဲလို့ သားက ထင်နေတယ်"

ဒေါ်နင်းမြတ်သူ ခေါင်းတယမ်းယမ်း ဖြစ်သွားကာ မျက်နှာလေးလည်း တင်းမာမှု နှမှိုင်းသွား သည်။

"ဒါကိုတော့ မေမေလုံးဝလက်မခံနိုင်ဘူး သား။ လက်ထပ်ပြီးပြီဆိုရင် ဘယ်လက်မိဘကိုမှ လက်ဝါးကြီးအုပ်မခံတာ အကောင်းဆုံးပဲ။ မေမေတို့ကလည်း သားကို

Scanned by CamScanner

ပညာတွေ သင်ပေးရင်းနဲ့ အမွေတွေ ပါ လွှဲပြောင်းပေးဖို့ စိစဉ်ထားလို့ပါ"

"ဒီကိစ္စ အိအိဝိုင်တို့နဲ့ ထပ်ပြီးတိုင်ပင်သင့်တယ် ထင်တယ်နှင်း"

ပေပေက အားလုံးကြားပြီးလိုက်သလို ဆိုဖာခုံမှ ဝင်ထိုင်၍ ပြောသည်။ ပေပေလည်း ဒီကိစ္စ ကို ကျေနပ်ဟန်မတူ။

"အိအိဝိုင်က သူ့ယောက်ျားသေပြီးတာတောင် စီးပွားရေး ကစဉ့်ကလျား ယိမ်းယိုင်မှု မရှိ အောင် ထိန်းချုပ်နိုင်တယ်။ သူ့အပြုံးနဲ့ သူ့အပြောချိုချိုလေးနဲ့ ယောက်ျားတွေကို ဆွဲဆောင် စည်းရုံးနိုင်တယ်"

"ဟုတ်မယ် ပေပေ အခုဦးမင်းမြတ်သော် ကို ဘယ်လိုမှ မလှုပ်သာအောင် အနုနည်းနဲ့ ချုပ် ကိုင်ထားတာပဲကြည့်ပါလား။ သမီးလေး တစ်ယောက် ကျန်ခဲ့တာကို အလည်အပတ်တောင် ပြန်ခွင့် မပေးဘူးထင်တယ်"

"ဟင်း သားကဘယ်လိုလုပ်သိတာလဲ"

"ဆည်းဆာညီပြောပြတာပါပဲ။ သားကလည်း သူတို့အိမ်ရောက်ရင် ဦးမင်းမြတ်သော် လို ပျော်သွားမှာ ပါတဲ့"

"အဲဒီ စကားအဓိပ္ပာယ်က ဘာလဲ"

"မေမေပဲ စဉ်းစားကြည့်တော့ မေမေရာ"

သူစိတ်ကုန်သလို ပြောလိုက်တာကို ပေပေက သဘောပေါက်ကာ -

"ရှင်းနေတာပဲ နှင်းရယ်၊ ယောက်ျားတွေ သာယာမှု မက်တာကို သိနေလို့ အဲဒီ နည်းလမ်း သုံးပြီး မင်းမြတ်သော် လိုပဲ သားကို လွှမ်းမိုးစည်းရုံးထားမှာ ပေါ့"

"အဲဒါဆို ဘယ်လိုလုပ်ကြမလဲ ကိုရယ်၊ သားကိုတော့ အဲလို အ ဖြစ်မခံနိုင်ဘူး"

"အဲဒါကြောင့် အိအိဝိုင်နဲ့ ထပ်ပြီးတိုင်ပင်ရမယ်လို့ ပြောတာပေါ့။ ကိုယ်တို့လည်း မတရား တာ ဘာမှလုပ်မထားဘူး။ ဒါကိုမှ လက်မခံရင် လက်ထပ်ဖို့ကိစ္စ ထပ်စဉ်းစားရုံပဲ"

Scanned by CamScanner

"အဲဒါတော့ မ ဖြစ်ဘူးထင်တယ် လက်ထပ်ဖို့က အားလုံးစီစဥ်ပြီးနေပြီ ဟိုဘက် ဒီဖက် မိတ်တွေ အသိုက်အဝန်းတွေ လည်း သိသင့်သလောက် သိနေကြပြီဆိုတော့ မျက်နှာပျက်ခံလို့ မ ဖြစ်ဘူးကို၊ အဖိုင်တို့ဘက်က ဒီကိစ္စ ဆွေးနွေးတိုင်ပင်လိုက်ရင် လက်ခံကြမှာ ပါ။ နှင်းပြောကြည့် ပါ့မယ်"

"ကဲ မင်းသဘောပဲ နှင်း။ ကိုယ် ကတော့ စကားတွေ အများ ကြီး မပြောချင်ဘူး သား စိတ်ကျဥ်းကျပ်မှာ မျိုးဆိုရင် ထပ်စဥ်းစားရလိမ့်မယ်"

ဖေဖေက စိတ်မရှည်သလို စကားဝိုင်းက ထထွက်သွားသည်။ ဖေဖေက စကားကို လိုအပ်မှ ပြောတတ်သလို ဦးနှောက်ခြောက်လည်း သိပ်မခံတတ်ပါ။

ဘာပဲလုပ်လုပ် ပြတ်ပြတ်သားသားနှင့် ရဲရင့်မှု လည်း ရှိသည်။ မေမေ ကတော့ ဒီလိုမဟုတ် တစ်သားကို အားနာလွန်းတာမို့ အခွင့်အရေး ယူခံတာက များ ခဲ့သည်။

အခုလည်း သူ့အတွက် စိုးရိမ်ပူပန်မှု တစ်ဝက်၊ လက်ထပ်ပွဲပျက်လျှင်ဆိုသည့်အတွေးက တစ်ဝက်ဖြင့် နေမထိ ထိုင်မသာ ဖြစ်နေကာ-

"သားအဖေပြောတာ ခေါင်းထဲထည့်ပြီး တခြားကိစ္စတွေ : မနေနဲ့နော် သား၊ ဘာကိစ္စပဲ ဖြစ် ဖြစ် အတိုက်အခံ အနှောင်အယှက်ဆိုတာ ရှိတတ်တာပါပဲ။ဆည်းဆာညို လေးက သိပ်မွေ့နူး ညံ့တဲ့သူဆိုတော့ ညှိနှိုင်းလို့ အဆင်ပြေမှာပါကွယ် မေမေ့တာဝန်ထားပါနော်"

သူဘာမှ မပြောသာပါ။ မေမေစိတ်ဆင်းရဲမှာ စိုး၍ ထပ်ပြီးလည်းဆင်ခြေ မပေးချင်တော့။

ကိုယ့်အခန်းထဲ ကိုယ်ပြန်ရောက်မှ အသက်ကို ဝဝပြင်းပြင်းရှူရှိုက်ပြီး အိပ်ရာခုတင်ပေါ် ပစ်လှဲချလိုက်သည်။ အငိုမျက်နှာလေးနှင့် မေတ္တာငတ်နေရှာသော ရတုမိကို မျက်ဝန်းထဲမှာ မြင် ယောင်နေ၏ ။

ပစ္စည်းဥစ္စာ ဂုဏ်ဓနတွေ ပြည့်စုံပြီး အထီးကျန်သွေ့ခြောက်နေရသည့်

Scanned by CamScanner

သူမဘဝလေးကို စနာမိသည်။

သူတစ်ခုခုတော့ လုပ်ပေးသင့်သည် ထင်၏ ။

မနက်ကျလျှင်တော့...

************

အခန်း (၂၄)

ဦးမင်းမြတ်သော် ကို ကော်ဖီဆိုင်လေးတစ်ဆိုင်မှာ ဖုန်းဆက်၍ ချိန်းလိုက်သည်။ ဦးမင်းမြတ် သော် လည်း အလုပ်ကိစ္စနှင့် အပြင်ရောက်နေသည့်အချိန်မို့ နာရီဝက်လောက်အကြာမှ သူ့ဆီကို ရောက်လာခဲ့သည်။

"အလုပ်ရှုပ်နေတယ်ထင်တယ်။ အားနာပါတယ် အန်ကယ် တကယ်ဆိုရင် အန်ကယ် ရှိနိုင်တဲ့ နေရာကို ကျွန်တော် ရောက်လာသင့်တာပါ"

"ရပါတယ်ကွာ၊ ကိုယ့်မိသားစုဝင် ဖြစ်တော့မှာ ပဲ အကြောင်းကိစ္စတစ်ခုခုရှိလို့ဆိုတာ အန် ကယ်နားလည်ပါတယ်"

ဦးမင်းမြတ်သော်က ဒေါ်အိအိပိုင်တို့နှင့် ပတ်သက်လျှင် တက်တက်ကြွကြွရှိလွန်းလှသည်။

ဒီလိုအရေး တယူ ဦးစားပေးမှု ကိစ္စမျိုး ရတုမီကို လုပ်ပေးလို့ရော မရနိုင်ဘူးလား။

"အန်ကယ် ဆည်းဆာညီတို့သားအမိအပေါ် အရမ်းနွေးထွေးတယ်နော်၊ သူတို့နဲ့နေရတာ အရမ်းစိတ်ချမ်းသာတာပဲလား"

"စိတ်ချမ်းသာတယ်လို့ ပြောရုံနဲ့ မလုံလောက်ဘူးကွ၊ မိသားစုဘဝလေးက အရမ်းနွေးထွေး တော့ ကြည်နူးပီတိလည်း ဖြစ်မိတယ်။ အိမ်ထောင်တစ်ခုရဲ့ သာယာမှု က အပြန်အလှန် နားလည်မှု ပဲ"

Scanned by CamScanner

"အရင်မိသားစုနဲ့ တုန်းကရော အဲလိုဘဝမျိုး မရခဲ့ဘူးလား"

သူ စပ်စုနေတာ မဟုတ်ပါ။ ရတုမိုပြောတာ ဟုတ်၊ မဟုတ် သေချာသိချင်၍ မေးနေမိခြင်း ပင်။

ဦးမင်းမြတ်သော် က စိတ်လိုလက်ရ ရှိနေဟန်ဖြင့် ...

"အိမ်ထောင်တစ်ခုရဲ့ သာယာမှု ကို အိမ်ထောင်ဦးအစမှာ တောင် မခံစားခဲ့ရဘူးဆိုရင် မင်းယုံမလား မောင်မိုးကာ"

"အန်ကယ်တို့က တစ်ယောက် နဲ့ တစ်ယောက် ချစ်လို့ လက်ထပ်ခဲ့ကြတာ မဟုတ်ဘူးလား"

"သိပ်ချစ်လွန်းလို့ တစ်ယောက် အကြောင်း တစ်ယောက် မစုံစမ်းဘဲနဲ့ လက်ထပ်ခဲ့ကြတာပါ ကျောင်းလည်းပြီး ဘွဲ့လည်းရနေပြီဆိုတော့ အမြန်ဆုံး လက်ထပ် ဖြစ်ကြတယ်ဆိုပါတော့ကွာ၊ တကယ်က အဲလိုမလေ့လာ့မိတာ အမှား ကြီးကျူး လွန်လိုက်တာပဲကွ၊ သူက အဖို့ဘဝကတည်းက မိဘတွေ မသိအောင် လောင်းကစားလုပ်တတ်တာကို အန်ကယ်မသိခဲ့ဘူး"

"သ သိချင်းရော အိမ်ထောင်တစ်ခု သာယာဖို့ဆိုပြီး တားဆီးပိတ်ပင်ခဲ့တာမျိုး မလုပ်ခဲ့ဘူး လား"

"ဘယ်နေပါ့မလဲကွာ၊ သူလည်းအစ ကတော့ နာထောင်ပါတယ်။ သမီးလေးမွေးပြီး အန် ကယ်လုပ်ငန်းကိစ္စတွေ နဲ့ ခရီးထွက်မှမသိအောင် ခိုးလုပ်ရင်းနဲ့ ပတ်ဝန်းကျင်က သတိပေးတော့ စကားများ ကြတာပေါ့။ သူကလည်း ရှင်ရှာပေးတဲ့ငွေနဲ့မဟုတ်ဘူး။ မိဘအမွေအနှစ် ကို သုံးဖြုန်း တာပေါ့လေ။ အန်ကယ်ကလည်း ယောက်ျားမနာကို ထိတော့ အပြင်မှာ စိတ်ချမ်းသာအောင် နေလိုက်တော့တယ်"

သူ သက်ပြင်းရှိုက်ကာ ဦးမင်းမြတ်သော် ရှေ့ ကော်ဖီလေးထိုးပေးပြီး-

"သမီးလေးမျက်နှာကို ထောက်ထားပြီး အန်ကယ်တို့ တစ်ယောက် နဲ့

Scanned by CamScanner

တစ်ယောက် အလျှော့ပေးဖို့ မစဉ်းစားခဲ့ကြဘူးလား"

"စဉ်းစားခဲ့တာပေါ့ မောင်မိုး၊ သမီးလေးကြောင့် အန်ကယ်တို့ ကွာရှင်းဖို့ မကြိုးစားခဲ့ကြဘူး သမီးလေးအမေ သေသွားတဲ့အချိန်ထိ ဆိုပါတော့"

"အခုရော အန်ကယ်သမီးနဲ့ ဆက်ဆံရေး က"

ဦးမင်းမြတ်သော် သူ့မေးခွန်းကို မဖြေသေးဘဲ မျက်လုံးလှန်ကြည့်သည်။ ပြီးမှ ကော်ဖီကို တစ်ငုံလောက်မော့သောက်လိုက်ပြီး

"မောင်မိုးကာ ဘာကိုသိချင်နေတာလဲ အန်ကယ့်ကိုယ်ရေး ကိုယ်တာကို စပ်စုနေတယ်လို့ ပြောတာမဟုတ်ဘူးနော်၊ တစ်ခုခု အကြောင်းကိစ္စရှိလို့ဆိုတာ အန်ကယ် နားလည်ပေးနေပါတယ်"

"ဟုတ်ကဲ့ အဲလို နားလည်ပြီးပဲ ဖြေပေးပါ အန်ကယ်၊ ကျွန်တော် နောက်တော့ ဘာကြောင့် ဆိုတာ ပြောပြပါ့မယ်"

"အေးအဲလိုဆိုတော့ ပြောတာပေါ့ကွာ သမီးက အန်ကယ့်ကို သူစိမ်း တစ်ယောက် လောက် ပဲ သဘောထားတာကွ၊ မအေက ဘယ်လိုသွေးထိုးထားလို့လည်း မသိဘူး။ အန်ယ်ကယ့်ကိုမြင် တာနဲ့ ပုန်းတော့ ရှောင်တော့တာပဲ၊ အမှန်အတိုင်း ဝန်ခံရရင်တော့ သမီးအမေကို အရွဲ့တိုက်ရင်းနဲ့ သမီးကိုလည်း အန်ကယ်ဥပေက္ခာပြုမိသလို ဖြစ်ခဲ့တယ် မောင်မိုးကာ"

"အခု ပိုဆိုးသွားတာပေါ့နော် ဒေါ်အိအိပိုင်နဲ့ ဆည်းဆာညို အန်ကယ့်သမီးလေးဆီ အန် ကယ်ကိုပေးမလွှတ်တော့ ဘူး မဟုတ်လား"

"အဲလိုတော့ မသွားနဲ့လို့ သူတို့တစ်ခါမှ မပြောကြပါဘူး။ အန်ကယ်ကိုယ်တိုင်က သမီးနဲ့ တွေ့ရင် စိတ်ပင်ပန်းရလွန်းလို့ မသွား ဖြစ်တော့တာ။ တကယ်တော့ အိပိုင်ကလည်း အန်ကယ်ကို ငယ်လင်ငယ်မယား တစ်ယောက် လို ဂရုစိုက်တယ်။ ကြင်နာတယ်၊ ချစ်တယ်၊ သမီးလေး ဆည်းဆာညိုကလည်း ဖအေအရင်း တစ်ယောက် လို ပြုစုလုပ်ကိုင်ပေးတယ်၊

Scanned by CamScanner

လေးစားရှိသေမှု လည်းရှိတယ်။ မြမြနဲ့ ရတုလေးဆီက မရခဲ့တဲ့ အိမ်ထောင်ရေး သုခ မိသားစုဘဝ ကို သူတို့က အန်ကယ်ကို လိုလိုလားလားပေးနေကြတာပါ"

ဦးမင်းမြတ်သော် က ဆည်းဆာညိုတို့ သားအမိလယ်လိုအခြေအနေမျိုးမှာ ဖြစ်ဖြစ် အပြစ် မြင်ဟန်မတူ။ သူ ကတော့ ရတုပြောတာတွေ သူ့အယူအဆနှင့်သူ မှန်နေပြီဟု တွေးလိုက်မိကာ ရင်ထဲကနင့်နင့်ခံစားနေရသည်။

သမီးရင်း ဖြစ်သော ရတုက ဆည်းဆာညိုတို့ သားအမိလောက် အရေး အရာရောက်မှု ရှိပါသလား။ ဖခင်က ဥပေက္ခာပြုထားခဲ့သလို သူကပါ စွန့်ပစ်ခဲ့ဦးမယ်ဆိုလျှင် ရတုဘဝ အရမ်းနာ ကျင်စရာကောင်းနေပေလိမ့်မည် ။

တစ်ယောက် ယောက် က ရတုကို ပေးမို့ လိုအပ်လျှင် သူ ကတော့ ငဲ့ညှာအားနာရမှာ တွေ နှင့် မို့ ဖြစ်နိုင်မည် မထင်ပါ။

"ရတုကို ခုလိုမျိုး ဥပေက္ခာပြုမထားသင့်တော့ဘူးလို့ ထင်တယ်အန်ကယ်"

"မောင်မိုးကာက သမီးလေးရတုကို သိနေတာလား"

"ဟုတ်ကဲ့အန်ကယ်"

"ဘယ်လိုပုံစံမျိုးထိ ပတ်သက်မှု ရှိနေတာလဲ"

သူပြောခဲ့မေးခဲ့တာတွေ ချင့်ချိန်ပြီး ဦးမင်းမြတ်သော် က ပွင့်လင်းစွာ မေးသည်။ သူလည်း ပွင့်ပွင့်လင်လင်းပင် ဝန်ခံရှင်းပြလိုက်၏ ။ ဒါမှလည်း ရတုအပေါ် စာနာနားလည်သွားနိုင်သည် မဟုတ်လား။

"ရတု အရင်လိုမဟုတ်တော့ပါဘူး အန်ကယ်၊ အရမ်းကို အထီးကျန်အားငယ်ပြီး ဝမ်းနည်း နေရှာပါတယ်။ အန်ကယ်နဲ့ ဆည်းဆာညိုတို့သားအမိ မိသားစုပုံစံ နွေးနွေးထွေးထွေးရှိတာကို မြင်သွားပြီး အရမ်းလည်း စိတ်ထိခိုက်နေရှာပါတယ်"

"အဲဒီ နေ့က သမီးရောက်လာတာလား"

"ဟုတ်ပါတယ် အန်ကယ်၊ ကျွန်တော့်နောက်လိုက်လာရင်းနဲ့ ဆည်းဆာညိုတို့နဲ့

Scanned by CamScanner

အန်ကယ် ရဲ့ ပတ်သက်မှု ကို သိသွားခဲ့တာပါ။ ခုအချိန်မှာ ကျွန်တော် က ဆည်းဆာညိုနဲ့ လက်ထပ်ရတော့မှာ မို့ ရတုကို"

ဘယ်လိုမှ ပေးမဖြေသိမ့်ပေးဖို့ မသင့်တော် လို့ပါ။

ဦးမင်းမြတ်သော် သက်ပြင်းရှိုက်ကာ မချိတင်ကဲ ခေါင်းညိတ်ပြ၏ ။

အန်ကယ်နားလည်ပါတယ် မောင်မိုးကာ၊ သမီးလေးကို ထားခဲ့ပြီး အိမ်ထောင်ဘက်အ ဖြစ် ဆည်းဆာညိုလေ းကို မင်းရွေးချယ်လိုက်တာ မှန်ပါတယ်။ အန်ကယ်တောင်မှ အိမ်ထောင်ဦးစီးကို မမေ့နိုင်တဲ့အထိ သူတို့သားအမိရဲ့ ပြုစုယုယမှု ၊ နွေးထွေးမှု တွေ ကို သာယာခဲ့တယ်။

ကျွန်တော် ကတော့ အဲလိုမျိုး နဲ့ အကျဉ်းချုပ်မခံနိုင်ဘူး အန်ကယ်၊ အဲလိုသာယာမှု မှာ နစ် မျောပြီး အမိအဖနဲ့ ချစ်သူကို မေ့ပစ်နိုင်မှာ မဟုတ်ဘူး။။ အခု သူ့ကို လက်ထပ်ရမှာ ဖေဖေ မေမေတို့ရဲ့ ဂုဏ်သိက္ခာနဲ့ ကျွန်တော် ပေးတဲ့ ယောက်ျားကတိကို မဖျက်ချင်လို့ပါ။ ကျွန်တော် စိတ်ဆန္ဒအတိုင်းဆိုရင် ရတုကို ပေးဆပ်ဖြည့်ဆည်းပြီး လက်ထပ်ချင်ပါတယ်။

ဦးမင်းမြတ်သော် မတ်တပ်ရပ်ကာ သူ့လက်ကိုဆွဲ၍ ဆုပ်ကိုင်ထားကာ-

"အဲလိ…ပွင့်ပွင့်လင်းလင်း ဝန်ခံပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် မောင်မိုးကာ၊ အန် ကယ်ရဲ့ လစ်လပ်မှု တွေ ကို ထောက်ပြရဲတဲ့ အတွက်လည်း မင်းကိုလေးစားပါတယ်၊ သမီးအပေါ်မှာ အန်ကယ်ဖခင်ကောင်း တစ်ယောက် မ ဖြစ်ခဲ့ဘူး၊ ကိုယ့်ကိုမှ မချစ်တာ မခင်တွယ်တာ မလေးစားတာ ဆိုပြီး အန်ကယ်က ကိုယ်နေတတ်သလို နေလိုက်မိတယ်၊ ခက်တာက မိသားစုအတွင်း :မှာ တစ်ယောက် နဲ့ တစ်ယောက် နားလည်မှု မရှိကြတာဘဲ"

"ဟုတ်ပါတယ် အန်ကယ်၊ မိသားစုပဲ ဖြစ် ဖြစ် သူစိမ်းတွေ နဲ့ဆက်ဆံရတာ ပဲ ဖြစ် ဖြစ် နားလည်မှု က အရေး ကြီးဆုံးပါ၊ ရတုကသူမရခဲ့တဲ့ အန်ကယ့်ဆီက မေတ္တာတွေ ၊ ဆည်းဆာညိုတို့ သားအမိအကုန်လုယူလိုက်ပြီး အရှုံးခံစားနေရပါတယ်၊ သူ့ကိုနစ် သိမ့်ဖို့ ဖျောင့်ဖျဖို့ ဘာပဲ ဖြစ် ဖြစ် သူ့ကိုသွားတွေ လိုက်ပါဦး"

Scanned by CamScanner

သူထရေးပ်ကာ လေးလေးနက်နက်ပြောတော့ ဦးမင်းမြတ်သော် သက်ပြင်းရှိုက်ရင်းဖြင့် ခေါင်းတဆတ်ဆတ်ညိတ်သည်။

သူ့ရင်ထဲ နည်းနည်း တော့ ပေါ့ပါးသွား၏ ။

ရတုမို တစ်ခုခုတော့ ရပါစေဆိုသည့် ရင်ထဲကဆန္ဒက စေတနာအမှန်ပါ။

သိပါစေတော့ ချစ်သူရယ်။

************

အခန်း (၂၅)

"သမီး"

"ဟင် ပေပေ"

ဟည့်ခန်းထဲမှာ ကြက်မွေးတစ်ချောင်းနှင့် သန့်ရှင်းရေး လုပ်နေဆဲ ပေပေဝင်လာတာမို့ သူမ ကိုယ်ခန္ဓာ ဆက်ခနဲ တုန်သွားကာ ဝမ်းနည်းစိတ်တွေ လည်း တလှိုက်လှိုက် ဖြစ်နေသည်။

"သမီး အရမ်းပြောင်းလဲသွားတယ်၊ ပေပေ့သမီးလေး အခုလိုပြောင်းလဲနေတာတောင် ပေပေမသိခဲ့ဘူး"

သူမလက်ဖျားလေးကို ဆုပ်ကိုင်၍ ပေပေပြောလာတော့ သူမမျက်ရည်တွေ ဖိုးဖိုးပေါက် ပေါက်ကျလာကာ လက်ကို ဆက်ခနဲပြန်ရုန်းမိသည်။ ပေပေ ဘယ်တုန်းကမှ ဒီလို လေသံ ချိုချိုလေးနှင့် နွေးထွေးမှု မပေးခဲ့ဘူးတာမို့ အနေရခတ်သလိုပင်။ ပေပေကသူမလက်ကလေး ကို ထပ်ဆွဲ၍ ဆိုဖာခုံမှာ ထိုင်စေသည်။

"ပေပေ့နားကို ထိုင်ပါဦး သမီး၊ ပေပေကို အရမ်းစိတ်နာနေတာလား"

သူမ ငြိမ်ငြိမ်သက်သက် ဝင်ထိုင်လိုက်ပေမယ့် ဘာမှမပြော ဖြစ်ပါ။ ဟိုအရင်အချိန်က စိတ်မိုး နှင့် ဆိုလျှင် ပေပေနားက ရှောင်ထွက်သွားမိမှာ အမှန်ပင်။

Book Sharing

Scanned by CamScanner

"ဖေဖေ နောက်လည်း ခဏခဏ သမီးဆီလာခဲ့ပါ့မယ် သမီး"

"ဖြေသိမ့်ရုံ နှစ် သိမ့်ရုံနဲ့တော့ မလာခဲ့ပါနဲ့ ဖေဖေ၊ ဆည်းဆာညို့တို့သားအမိကိုပဲ မေတ္တာ တွေ အပြည့်အဝ ပေးလိုက်ပါ၊ သူတို့ကရတုထက် ဖေဖေ့ကို ပိုချစ်ပါတယ်"

"သမီး"

"ရတုက သူတို့ပေးနိုင်တဲ့ ပြုစုယုယမှု တွေ တာဝန်ကျေမှု တွေ လည်း ဖေဖေ့အပေါ် မရှိခဲ့ဘူး၊ အနေစိမ်းစိမ်း သူစိမ်းဆန်ဆန်နဲ့ ဖခင် တစ်ယောက် အ ဖြစ်လည်း မလေးစားခဲ့ဘူး၊ ဘယ်သူ့ မေတ္တာနဲ့မှ မထိုက်တန်တဲ့သမီးမိုက်ပါ"

"မ မဟုတ်ပါဘူး သမီးရယ်၊ မိဘမေတ္တာရဲ့ ရေစုန်ဆိုတဲ့ သဘောကို ဖေဖေက နားမလည်ဘဲ သမီးကို ဥပေက္ခာပြုမိခဲ့တာပါ။ ငါကိုမှ မခင်တွယ်တာ ငါက ဘာပေးဆပ်ရစရာ ဂရုစိုက်စရာလိုလည်းဆိုပြီး အတ္တကြီးခဲ့မိတာပါ။ ဒီနေ့ကစပြီး သမီးအပေါ် ဖခင်ကောင်း တစ်ယောက် ပီသအောင် နေပေးပါ့မယ် သမီးရယ်"

ဖေ ဖေဖေ ရတုနဲ့ လာနေပေးတော့မလို့လား"

"ဟင် ဟာ ဟိုအဲဒါက"

ဦးမင်းမြတ်သော် ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ သမီးလိုအပ်နေတာက သူ့ကို ဒီအိမ်ကြီးမှာ နေပေးစေချင်နေတာလား။ အတိအကျပြင်းဆန်ထားသည့်အိပ်ပိုင်က ဒီအိမ်ကြီးကို သူနှင့်အတူ လိုက်ပေးလိမ့်မည် မဟုတ်။

သမီးက မျက်နှာလေး ညိုး ငယ်လျက်-

"အဲလိုတော့ လုပ်မပေးနိုင်ဘူး မဟုတ်လား ဖေဖေ၊ ဟိုလား အမိကို ဖေဖေ ဘယ်ခွဲနိုင်ပါ့ မလဲ၊ တာဝန်ကျေရုံမေတ္တာမျိုး က ရတု အစကတည်းက ရခဲ့တာပါ။

အဲ အဲလိုလည်း မဟုတ်ပါဘူး သမီးရယ်။ဆည်းဆာညို့လေး အမေက သူ့သမီးကို တစ် ယောက် တည်း ထားခဲ့ပြီး ဒီကို လိုက်လာမှာ မဟုတ်ဘူး။ ဖေဖေကရော တစ်ယောက် တည်း ခွဲထွက် လာနေလို့ ကောင်းပါ့မလား"

Scanned by CamScanner

"ပေပေ ကတော့ ရတုကို တစ်ယောက် တည်း ထားခဲ့ပြီး အဲဒီ မှာ ပဲ နေတော့မှာ ပေါ့နော်၊ အဝေးက ဂရုစိုက်ရုံနဲ့ လုံလောက်ပြီလား ပေပေ၊ သူများ မိဘ ကတော့ ကိုယ့်သားသမီး ရင်အုပ်မကွာ စောင့်ရှောက်ကြတယ်နော်"

နာကျင်ခံခက်စွာ ထေ့ငေါ့မိတော့ ပေပေမျက်နှာ နီရဲပျက်ယွင်း သွားပါသည်။ လေပြေထိုးနစ် သိမ့်ပြီး သူမကို တစ်ယောက် တည်း ထားခဲ့ဦးမှာ ပဲ မဟုတ်လား။

"သမီး ဘယ်လိုခံစားနေရမလဲဆိုတာ ပေပေ နားလည်ပါတယ် သမီးရယ်၊ ဒါပေမဲ့ ပေပေက နောက်အိမ်ထောင်ပြုထားတာလေ သမီးရဲ့ ၊ အလုပ်ပိတ်ရင်တိုင်း သမီးဆီကို ခဏခဏ လာပေးနိုင်အောင် ကြိုး စားပါ့မယ်၊ ပေပေ ကတိပေးပါတယ် သမီး"

သူမ ဒီထက်ပိုပြီး လိုချင်တောင့်တနေလို့လည်း ရတော့မည် မထင်ပါ။ ဒီအတိုင်းလေး ကျေနပ်ရောင့်ရဲလိုက်ဖို့ ကြိုး စားနေရပေမယ့် ရင်မှာ နာကျင် စူးရှနေသည်။ ဒီအခြေအနေထိ ဆည်း ဆာညိုလောက် သူမ ကံမကောင်းသေးပါ။

"မောင်မိုးကာနဲ့ ပတ်သတ်ပြီးလည်း သိပ်မခံစားပါနဲ့ သမီး။ သူ့အကြောင်းတရားတွေ နဲ့ ဖြစ်လာခဲ့ပြီပဲ"

"လူကောင်း တစ်ယောက် မို့ ဆည်းဆာညိုနဲ့ပဲ ထိုက်တန်တယ်လို့ ပေပေပြောချင်တာလား။ အမှန်ပဲ ပေပေ၊ မိဘတွေ ရဲ့ ပဋိပက္ခ ကြောင့် ရတုက တန်ဖိုးမဲ့ပန်းတစ်ပွင့် ဖြစ်ခဲ့ပါတယ်။ ဘယ် ယောကျာ်းလေးကမှ တယုတယ နမ်းရှိုက်ဖို့ ပြုစုပျိုး ထောင်အလှကြည့်ဖို့ စိတ်ကူး မယဉ်ချင်ကြ ပါဘူး။ အလကားနိုးပါး ချွံပြီးရင် စွန့်ပစ်ခံနေရတာ "

"သမီးလေး"

နာကျင်နေသော အသံတို့က ပြတ်တောက်ပြင်းရှနေသည်။ စိမ့်ထွက်သွားသော မျက်ရည် တွေ ကို ကြမ်းတမ်းစွာ ပွတ်သုတ်ပြီးလျှင် -

"ရတုရင်ထဲ ဒဏ်ရာတွေ ကို မိဘတွေ က ပေးတာမို့ ရတုကျေနပ်ပါတယ် ပေပေ။

Scanned by CamScanner

ဒါပေမဲ့ မိုးကာကိုတော့ ဖက်တွယ်ထားခွင့်ပေးပါ။ ဖေဖေ မေတ္တာနဲ့ ဝေးကွာဂုတာ နေသားကျနေပေမယ့် မိုးကာကို စွန့်လွှတ်ဖို့ ရတုမှာ အင်အားမရှိဘူး။ ရတု သေသွားမလားတောင် မသိဘူး။ ဖေဖေ့ မယားပါသမီးကို စွန့်လွှတ်ဖို့ တားဆီးမပေးနိုင်ဘူးလား"

"ဘာ ဘာတွေ ပြောနေတာလဲ သမီးရယ်၊ ဒီကိစ္စက ဖေဖေ စီစဉ်ထားတာတွေ မဟုတ်ပါ ဘူး။ သူတို့ သားအမိရဲ့ အိမ်တွင်းရေး မိသားစုကိစ္စပေါ့"

"ဖေဖေ့မှာ အဲလောက်တောင် အစွမ်းအစမရှိဘူးလား ဖေဖေ၊ ဘယ်မိဘမဆို သားသမီး အတွက် တရားသည် ဖြစ်စေ။ မတရားသည် ဖြစ်စေ၊ ဖြည့်ဆည်းပေးဖို့ ဝန်မလေး တတ်ကြပါ ဘူး။ခိုးဆိုး တားပြတိုက်ကျွေးဖို့၊ လူသတ်ဖို့ သူများ တွေ အပေါ် ယုတ်မာကောက်ကျစ်ဖို့ ဘယ်နည်း လမ်းမဆို သုံးရသုံးရ အဆင်သင့် ဖြစ်နေကြတာပါ။"

သက်ပြင်းတွေ ရှိုက်ရင်း ဦးမင်းမြတ်သော် ခေါင်းခါယမ်းရင်း ရတုလက်ကလေးကို ဆုပ်ညှစ် လိုက်သည်။

သမီးစကားတွေ အစွန်းရောက်လွန်းနေပြီကွယ်။ လူမှု ရေး ရှုထောင့်တွေ မှာ စည်းဆိုတာရှိ တယ် သမီး။ သမီးအတွက် ဖေဖေအသက်ကိုပေးရဲတယ်၊ သူတို့အကြောင်း ကိစ္စကိုတော့ ဖေဖေ မစွက်ဖက်ချင်တာ အမှန်ပဲလေ။

သူမနှုတ်ခမ်းလေး ပြုံး မလိုလိုနှင့် မဲ့ကျသွားသည်။ ဒီလောက်ဆိုလျှင် ဖေဖေ့ကို အားကိုးလို့ မရတာ လည်း သေချာနေသည်။ မိုးကာကို စွန့်လွှတ်ရမိလည်း သေချာနေပြီပဲ။

မေတ္တာတွေ အပြည့်အဝ ပေးပါမည်၊ ဂရုစိုက်ပါမည်၊ ဖခင်ကောင်း တစ်ယောက် ရဲ့ ဝတ္တရာ တွေ ကျေရပါမည် ဟု ကတိအထပ်ထပ်ပေးနေသော ဖေဖေက အိမ်မှာ တစ်နာရီပြည့်အောင် နေ မသွားခဲ့ပါ။

မိုးကာဆိုတာလည်း နေ့စဉ်နေတိုင်း ရောက်မလာတော့ဘဲ အနေဝေးသွားခဲ့သည်။ သူမဘဝ ရဲ့ အထီးကျန်နေ့ရက်တွေ က ဟိုအရင်ကထက် ပိုပြီး သွေ့ခြောက်လွန်နေ၏ ။

Scanned by CamScanner

"သူတော် ကောင်းမေတ္တာရှင်ကြီး ဖြစ်သွားပြီလား"

အထေ့အငေါ့စကားနှင့် အန်တီချိုအံ့နားရောက်လာသည်။ ကဗျာကသိ မျက်ရည်တွေ သုတ်ပြီး ထထွက်သွားဖို့ပြင်လိုက်စဉ်မှာ အန်တီချိုက သူမလက်ကိုဆွဲထားသည်။

"ညဥ်းအဖေဖေပြောသွားတာတွေ ငါအကုန်ကြားတယ်ရတ့မို၊ ညဥ့်အဖေက နောက်မိန်း မနဲ့မယားပါသမီးကို သဲသဲလှုပ်နေပါလား၊ လေတစ်လုံးမိုးတစ်လုံးပြောပြီး ကိုယ်သမီးကျဉ်းစား မပေးဘဲ မယားပါသမီးကို လင်ကောင်းသားကောင်းရစေချင်နေတယ်"

"ပြောမနေပါနဲ့တော့ အန်တီချိုရယ်"

"ပြောရမှာ ပေါ့ဟဲ့၊ သူ့ဘာဝတ္တရားကျေပွုးလို့လဲ၊ ဒီကိစ္စသာအဆင်ပြေသွားရင် ငါတို့ ဘာအ လုပ်မှတောင် လုပ်ရမှာ မဟုတ်ဘူး၊ မိုးကာဆိုတဲ့ကောင်လေးက ငွေရှာလည်းကောင်းတယ် အိမ်မှု ကိစ္စလည်း နိုင်နင်းတယ်၊ ချက်တာပြုတ်တာ သန့်ရှင်းရေး လုပ်တာကအစ"

"အဲ ဒီလိုအစွမ်းအစမရှိ အရည်အချင်းမရှိခဲ့လို့ ထားခဲ့တာကို ဒီအကြောင်းပြောနေသေး လား အန်တီချိုရယ်၊ ဆည်းဆာညိုကအဲဒီ ဘက်မှာ အစပေါင်းများစွာ း ရတုထက်သာတယ် သိရဲ့ လား"

"ညဥ်းက အဲဒါကြောင့် အဲလို မိန်းမကောင်းမိန်းမဖြတ် အရည်အချင်းတွေ နဲ့ ပြည့်စုံအောင် ကြိုး စားနေတာပေါ့၊ ဒါမှနောက်တစ်ခါ ညဥ့်ကိုချစ်ကြိုက်လာတဲ့သူရှိရင် ခုလိုမထားခဲ့အောင်လို့ လေ"

မဲ့ကာရွဲကာ နားခေါင်းရှုံ့ပြောနေတာ အန်တီချိုကို သူမခေါင်းယမ်းပြလိုက်သည်။

"ဟင့် အင်းနောက် တစ်ယောက် ဆိုတာ ဘယ်တော့မှ ရှိလာတော့မှာ မဟုတ်ဘူး၊ ဘယ်သူ့ ကိုမှလည်း မချစ်တော့ဘူး၊ မိုးကာ ဖြစ်စေချင်သလို

Scanned by CamScanner

ဖြစ်အောင်လုပ်နေရတာ ကို ရတုကျေနပ် တယ်"

"အောင်မယ်လေ၊ အဲလို မိန်းမကောင်း မိန်မဖြတ် ဖြစ်အောင် လုပ်နေလို့ရော ဟိုကညဉ်းဆီ စိတ်ဖြန့်လည်လားမှာ လား၊ ပင်ပန်းတာပဲရှိပါတယ်အေ၊ အရင်လိုပေါ့ပေါ့ပါးပါး ပဲနေစမ်းပါ၊ ညဉ်းကြည့်ရတာ စိတ်နဲ့ကိုယ်က မကပ်၊ လူက ဟိုဟာ ဒီဟာ လုပ်နေရင်း တလှုပ်လှုပ်နဲ့ မျက်ရည် ကလည်း တစက်စက် အရူးနဲ့တူနေပြီး"

ဝေဖန်ပြောဆိုနေတာ သက်သော င့်သက်သာရာရမှာ ကို ဘာကြောင့် ဒဏ်ရာတွေ ထပ်ပေး နေတာလဲ မသိချေ ဒါတွေ ကပဲ သူမရဲ့ ဝဋ်ကြွေးကြမ္မာလား။ မိုးကာ ဘာပဲ ဖြစ် ဖြစ် ရှင့်ကို သတိရ တယ်။

............

အခန်း(၂၆)

"မင်္ဂလာပွဲပြီးမှ ဒီလိုစကားမျိုး ပြောရတာ တော့ မကောင်းပါဘူး အိဆန္ဒက ဘယ်လိုရှိနေ တယ် မသိပေမယ့် နှင်း ကတော့ သမီးလေးဆည်းဆာညို့ကို သားနဲ့ အတူ လာနေစေချင်တာ၊ သားကသူ့အပေအလုပ်တွေ လေ့လာနေဆဲဆိုတော့ မင်္ဂလာဆောင်ပြီး တစ်ခါတည်းလွှဲပြောင်း ပေးဖို့ဆိုတာ မ ဖြစ်နိုင်သေးဘူးလေ"

"ဟင့် အင်း နှင်းရယ် အိတို့အိမ်မှာ လိုက်နေရင်လည်းနောက်တော့ လွှဲပြောင်းပေးလို့ရနေ တာပဲ မဟုတ်လား၊ သူတို့ဟိုအိမ်နေ ဒီအိမ်နေတာနဲ့ သိပ်အပုအထစ် ဖြစ်စရာမလိုဘူးထင်ပါ တယ်"

ရှေ့နောက်မညီသော ဒေါ်အိအိပိုင်ရဲ့ စည်းရုံစကားကြောင့် ဒေါ်နှင်းမြတ်သူ ခြေပပြောဆိုဖို စကားစ ရှာနေရပေမယ့် အားတုံ့အားနာကလည်း ဖြစ်မိသည်။

"အိရယ် ဟိုအရင် အိပြောခဲ့တုန်းက သမီးလေးဆည်းဆာညို့က နှင်းအတွက် အဖိုးတန် ချွေးမလေး ဖြစ်ရမှာ ပါဆို၊ အချက်အပြုတ်နဲ့ အိမ်ထောင်မှု ထိန်းသိမ်းတတ်လို့ နှင်းအားကိုးရမှာ ပါလို့အိပြောခဲ့တာ မဟုတ်လား"

Book Sharing

Scanned by CamScanner

"ဒါပေမဲ့ နှင်းတို့အိမ် ထည့်လွှတ်လိုက်မယ်လို့တော့ မပြောမိဘူး ထင်ပါတယ်၊ နှင်းတို့ဘာ စားချင်လဲ အိအိမ်ကနေ အားလုံးလုပ်ပေးလို့ရနေတာပဲ၊ ဒီကိစ္စက အချေအတင် ညှိနှိုင်းနေရမှာ မျိုး အဟုတ်ပါဘူး နှင်းရယ်၊ နှစ် အိမ်တစ်အိမ် ဖြစ်တော့မှာ ပဲ ဉစ္စာ"

လေသံချိုချိုလေးနှင့် ဘယ်လိုပဲ နှင့် သိမ့်ပါစေ ဒေါ်နှင်းမြတ်သူ့ဘဝင်မကျနိုင်ပါ၊ သားကို ခေါ်ထားပြီး လုပ်ငန်တွေ ရော လူရောချုပ်ကိုင်ဖို့ ကြံ့ုး စားနေတာ သိသာနေသည်။ သားပြောသိ စကားတွေ မှန်နေသည်လား။

ဆည်းဆာညို့ ငြဲ့တောင်မခံနိုင်ဘဲ ရှောင်တိမ်းနေတာကရော ဘယ်လိုသဘောကြောင့် လဲ။

သားကိုခေါ်လာခဲ့ပေမယ့် သားက ဘာစကားမှ ဝင်မပြောဘဲငြိမ်ငြိမ်သက်သက် နေပေးနေ လို့ တော် ပါသေးသည်။ မိမိရင်ထဲမှာ တော့ ဗလောင်ဆူနေ၏ ။

သားပေဖေကို ဘယ်လိုဆင်ခြေပေးပြီး အယူခံဝင်ရမလဲ။ အိအိပိုင်အပြုး ကို မြင်နေရတာ တောင် ရင်တွေ အောင့်၍ ကြက်သီးမွေးညှင်းထမိသည်။

ပြန်တော့မည် နှုတ်ဆက်ဖို့ပြင်မှ ဆည်းဆာညိုကော်ဖီဗန်းလေးကို ကိုင်၍ ရောက်လာသည်

"အန်တီတို့အတွက် ကော်ဖီဖျော်နေလို့ပါ၊ နေ့လယ်စာပါချက်လိုက်မယ်နော်၊ မိုးကာရော စားပြီးသောက်ပြီးမှ ပြန်ပေါ့"

"ဟင့်အင်း မစားတော့ဘူး ဆည်းဆာညို၊ ကျွန်တော် အလုပ်ကိစ္စတွေ ရှိနေလို့ပါ"

မိုးကာခပ်ပြတ်ပြတ်ပင် ငြင်းဆန်လိုက်သည်။ ဆည်းဆာညို တစ်ချက်မျက်နှာပျက်သွား ပေမယ့် ချက်ချင်း ပင် ဣန္ဒြေရရ ပြုး လိုက်ကာ-

"အဲလိုဆိုတော့လည်း ချက်ရပြုတ်ရ ပင်ပန်းသက်သာသွားတာပေါ့၊ ညော် မနက်ဖြန် စင် ကာပူက ဖိတ်စာတွေ ရောက်လာတော့မယ်နော်၊ အစီအစဉ်ချလိုက်ရအောင်

Scanned by CamScanner

မနက်ဖြန်တော့ ရှိသမျှအလုပ်တွေ အပြတ်ဖြတ်ခဲ့မှ ဖြစ်မယ်"

ဆည်းဆာညိုဝိုင်းဆိုးဝိုင်နင်းပြောလိုက်၍ သူ့ရင်တွေ လေးပင်နေသည်။ မေမေ့မျက်နှာကို ငုံကြည့်ကာ ခေါင်းငုံ့ငြိမ်သက်နေရ၏ ။ မေမေ့ဘက်က ခပ်လေးလေးသက်ပြင်းရှိုက်သံကြားရပြီး ခဏမှာ -

"သားကိုသူ့အဖေက မနက်ဖြန် လေလံကိစ္စနဲ့ အစည်းအဝေးတက်ဖို့ ပြောထားတယ်၊ ဟုတ်တယ် မဟုတ်လား သား"

"ဟုတ် ဟုတ်ကဲ့မေမေ၊ အရေး ကြီးတယ်လို့ ပြောတာပဲ"

တစ်ခုခုလျှို့ဝှက်လိုဟန်ရှိသည့် မေမေ့စကားကြောင့် သူလည်း အလိုက်အထိုက် ပြန်ပြော လိုက်ရသည်။

"မင်္ဂလာဆောင် ခါနီး မှ မိုးကာ အရမ်းအလုပ်ရှုပ်နေတယ်နော်၊ ဒါပေမဲ့ သိပ်တော့ကိစ္စမရှိ တော့ဘူးလေ၊ သတို့သား သတို့သမီးဝတ်စုံတွေ လည်း ရှိနေပြီပဲ၊ ဖိတ်စာဝေဖို့ကလည်း နှစ် ပတ် လောက်တောင် လိုသေးတာဆိုတော့ အချိန်ရပါသေးတယ်၊ ဆည်းဆာတို့အသိုက်အဝန်းဘက်က ဖိတ်စာကိစ္စကို မေမေနဲ့ တိုင်ပင်ပြီး ဆည်းဆာတို့ဘာသာ စီစဉ်လိုက်ပါ့မယ် "

"ဪ အင်း ဆည်းဆာကြည့်လုပ်လိုက်ပါ၊ ကိုယ်လည်းအားရင် အားသလိုလာခဲ့ပါ့မယ်၊ ဪ မေမေ သား အစည်းအဝေးတက်ရဦးမှာ နဲ့ အချိန်နောက်ကျမှာ စိုးလို့ ပြန်ရအောင်လေ"

ခပ်မြန်မြန် စကားဖြတ်ပြီး မေမေ့ကို လက်ဆွဲခေါ်၍ ပြန်လာခဲ့သည်။ ဆည်းဆာညိုတို့ သားအမိအနည်းငယ် မျက်နှာပျက်ယွင်းနေတာကို သတိထားမိခဲ့၏ ။

ဒါပေမဲ့ ဘာမှမတတ်နိုင်။ မေမေ့ရင်ထဲ ဘာတွေ ရှိနေလဲ၊ သူ့ကိုဘာတွေ ပြောချင်နေတာ လည်းဆိုတာ သူသိချင်သည်။

ကားပေါ်မှာ မေမေ့သက်ပြင်းရှိုက်သံက လေးလေးပင်ပင် ဖြစ်နေသည်။

Scanned by CamScanner

“ဆည်ဆာညို့တို့သားအမိနဲ့ ပတ်သက်ပြီး မေမေ့ရင်ထဲ ဘာတွေ ခံစားနေရတာလဲ၊ ဘာ တွေ မကျေမနပ် ဖြစ်နေရတာ လဲ မေမေ”

ကားမောင်းရင်း သူမေးတော့ မေမေက သူ့ပခုံးတစ်ဖက်ကို ဆုပ်ညှစ်ပြီး သက်ပြင်းရှိုက် သည်။

“မေမေလူရွေးမှား သွားပြီးထင်တယ်၊ သားကို ဆည်းဆာညိုနဲ့အိုက ချပ်ကိုင်လွှမ်းမိုးတော့ မှာ မေမေ မြင်ယောင်နေတယ်၊ သူတို့ဘက်က လုပ်ငန်းတွေ လည်းရှိ ငွေကြေးလည်း ချမ်းသာလို့ မေမေတို့ဘက်က လုပ်ငန်တွေ နဲ့အမွေတွေ ကို မမက်လောက်ဘူးထင်နေတာ၊ ဒါပေမဲ့ အပေါ်ယံက ဟန်ဆောင်ပြီး သူတို့အိမ်ကိုသားရောက်လာမှ စီမံအုပ်ချုပ်ရလိမ့်မယ်လို့ သူတို့အတွေး ဝင်နေတာ မေမေသဘောပေါက်နေပြီး”

“အဲဒါပဲမေမေ၊ ဆင်းရဲသားတွေ လိုချင်စိတ်ပြင်းပြရင် ဟန်မဆောင်တတ်တော့ လောဘ ကြီးတာလူသိတယ်မေမေ၊ အရမ်းချမ်းသာတဲ့သူတွေ ပညာရှိနည်းနဲ့ဓာပြတိုက်နေတာကြတော့ စီပွားရေး လုပ်နေတာတဲ့၊ လူရယ်လို့ဖြစ်လာရင် လောဘကင်းတဲ့သူဘယ်သူမှ မရှိပါဘူး၊ သူ့အဆင့် တန်းနဲ့သူ သိက္ခာရှိရှိ လူပေါ်လူညွန့်ဒူးဖို့ ကြိုး စားနေတာပါ၊ ဆည်းဆာညို့တို့သားအမိမှာ မေတ္တာစစ် မေတ္တာမှန် မရှိဘူးလို့ သားထင်တယ်မေမေ”

“အင်း ဟုတ်မှာ ပါ”

“ဟုတ်မှာ ပါ မဟုတ်ဘူး၊ ဟုတ်ကို ဟုတ်တယ်၊ သားတို့ဆီမှာ သူတို့လိုချင်တာ လိုအပ်တာ ရှိလို့ အပြုံး ချိုချိုလေးနဲ့ ဆက်ဆံနေကြတာ၊ တစ်ခုခုကိုရအောင် ငြင်ဆန်ကြည့်၊ ရုပ်လုံးပေါ်လာ လိမ့်မယ်၊ ဆည်းဆာညိုကို သားတို့အိမ်ကို ခေါ်ထားမယ်ဆိုတာမျိုး ပေါ့”

မေမေအတွေး နဲ့ ခဏငြိမ်သက်သွားသည်။ ပြီးမှ-

“အဲဒီ ကိစ္စ ခုကတည်းက သူတို့အတိုက်အခံလုပ် ငြင်ဆန်နေတာ သားအသိပဲ၊ သားအ ဖေက ဘယ်လိုမှ လက်ခံနားလည်ပေးမှာ မဟုတ်ဘူး၊ သားကိုစိတ်ချလက်ချ

Scanned by CamScanner

လုပ်ငန်တွေ လွှဲပေး မှာ လည်းမဟုတ်ဘူး၊အခုသားကို သင်ပေးနေတယ်ဆိုတာလည်း နဖူးတွေ ဒူးတွေ တိုက်ရိုက် လူရာ ဝင်အောင် အားပေးနေတာ မဟုတ်လား၊ သူတို့ရဲ့ ချ ပ်ကိုင်လွှမ်းမိုးမှု ကြောင့် သားအောင်မြင်မှု အညွန့်ကျိုး သွားမှာ ကိုလည်းဆိုရိမ်နေမှာ ပဲ"

"သား ဘာလုပ်ရမှာ လဲမေမေ"

"အင် လက်ထပ်ဖို့ကလည်း အားလုံးစီစဉ်ပြီးနေပြီ၊ ခက်လိုက်တာသားရယ်"

"မင်္ဂလာပွဲဖျက်လိုက်ရင်ရော မေမေ"

"ဟင် အဲလိုလုပ်လို့ဘယ် ဖြစ်ပါ့မလဲသားရဲ့ "

"ခဏတာဂုဏ်သိက္ခာအတွက် တစ်ဘဝစာ ပေးဆပ်ဖို့မတန်ပါဘူးမေမေ၊ သူ့ဘက်ကိုယ့် ဘက် မမျှတာရင် သား ကတော့ အားနာမနေနိုင်ဘူး၊ လုပ်သင့်တာကိုလုပ်ရမှာ ပဲ"

သူပြတ်သားစွာ ပြောလိုက်ပေမယ့် မေမေ ဘာမှ မတုံ့ပြန်ပါ၊ သူကလည်း မေမေစိတ်ငြိမ် သက်အောင် ကားကို ဖြည်းဖြည်း မောင်းလာခဲ့သည်။

"ဟင် "

စီးပွဲ့ုင်ရောက်ခါနီး ကားတွေ အရှိန်လျှော့မောင်းနေ့ကြချိန်မှာ သူ့ရှေ့က ကားနီနီလေးရဲ့ ကားနံပါတ်ကြောင့် မှင်တက်သွားရသည်။

ရတုမှီရဲ့ ကားလေးပါလား၊ သူမဘယ်သွားပြီး ဘာလုပ်မလို့လဲ၊ အရင်လိုသက်ထွန်းတို့ဆိုင် သွားကာ သီချင်းဆိုတာ ကတာတွေ ဖြင့် စိတ်ဖြေဖျော်မလို့များ လား။

"ဟယ် သားကကားကို ဘယ်မောင်းနေတာလဲ၊ အိမ်ကိုပြန်ရမှာ လေသားရဲ့ "

"ဗျာ ဟုတ်ဟုတ်ကဲ့၊ ဟိုလေ ကုန်တိုက်မှာ သားသား ဈေးဝယ်စရာလေးရှိနေလို့ပါမေမေ "

Scanned by CamScanner

အတွေးလွန်ကာ ရတုမှီကားနောက် မောင်းလိုက်လာခဲ့ရင်း ကုန်တိုက်ရှေ့မှာ ရတုမှီကား လေးရပ်သွားတော့ သူအစဥ်ပြေသလိုမှသားသုံးလိုက်မိသည်။

ရတုမှီကားနှင့် သူ့ကားလေးယှဥ်ရပ်လျက်သား ပါကင်ထိုးပြီးချိန်မှာ မေမေကလည်း ကား အောက်ဆင်းလိုက်လာသည်။

"မေမေလည်းဆေးကုန်နေလို့ ကုန်တိုက်ပေါ် လိုက်ခဲ့ဦးမယ်သား။ တခြားဝယ်စရာရှိတာ လည်းဝယ်ရအောင်လို့"

"ဟုတ် ဟုတ်ကဲ့၊ ဩော် မေမေ ပင်ပန်းနေဦးမယ်၊ သားဝယ်ခဲ့ရမလားဟင်"

"ရပါတယ်သားရဲ့၊ ရောက်တုန်း မေမေလည်း လိုက်မှာ ပေါ့"

သူက ယောင်ချာချာသွေးပုံ လှုပ်ရှားနေသလောက် မေမေကဏ္ဍဖြေရရ လိုက်လာမိပြင် သည်။

"ဟင် မိုးကာ"

"ဩော် ရ ရတုမှီ"

ကားကို ဟိုဘက်ဒီဘက် ပတ်ထွက်လာချိန်မှာ ပဲ ရတုမှီနှင့် မျက်နှာချင်းဆိုင် ဆုံလိုက်ရ သည်။ မေမေကရတုမှီကို ရှုစမ်းသလိုကြည့်၏ ။

"အဲ ဒါဘယ်သူလဲသား၊ သားမိတ်ဆွေလား"

"ဟုတ် ဟုတ်ကဲ့မေမေ၊ ဦးမင်းမြတ်သော် သမီးလေး၊ ရတုမှီပါ"

"ဩော် ဦးမင်းမြတ်သော် သမီးလေးလား၊ ကော်ဖီဆိုင်ခေါ်ခဲ့ပါလား သားရယ်၊ ညီခံရတာ ပေါ့"

မေမေကအကြောင်းရင်းမသိဘဲ ညီဝတ်ကျေချင်နေသည်။ မေမေ့ရှေ့က လျှောက်သွားမှ ခေါင်းကြီးငုံ့လျှိုး နေသော ရတုမှီကို ပခုံးချင်းတိုက် သတိပေးပြီး ခေါ်လာခဲ့ရသည်။

Book Sharing

Scanned by CamScanner

မေမေက ကုန်တိုက်အဝင်ဝက ကော်ဖီဆိုင်လေးထဲ ဝင်သွား၏ ။

အမှာ :အယှဉ်းတစ်ခုခု ဖြစ်မှာ စိုးရိမ်းသလိုလိုနှင့် အခြေအနေမှန်ကို မေမေသိအောင် ဖွင့်ပြောပြချင်စိတ်တွေ လည်း ပြင်းပြနေသည်။

ဘယ်အရာက တွန်းအားပေးနေသည်မသိပေမယ့် သတ္တိတွေ ရှိချင်နေ၏ ။

ကော်ဖီဆိုင်လေးထဲ ထိုင်ပြီးကြချိန်မှာ မေမေက အိုးတိုးအမ်းတမ်း ဖြစ်နေသော သူတို့နှစ် ယောက် ကို အကဲခတ်မိနေဟန်ရှိသည်။ သူ့အမေဟု ဆိုလိုက်သည်နှင့် ရတုမှိက မဝံ့မရဲ မလုံမလဲ ဖြစ်နေသလို သူကလည်း ချွေးတွေ ပြန်ကာ ကတုန်ကယင် ဖြစ်နေရသည်။

"သမီးပေပေရော သမီးဆီကို ခဏခဏ လာရဲ့ လားဟင်"

"ရှင်မလာပါဘူးအန်တီ"

ဒေါ်နှင်းမြတ်သူသိချင်တာက ရတုမှိဘဝကိုမဟုတ်၊ အိအိပိုင်ရဲ့ လွှမ်းမိုးချုပ်ကိုင်မှု ကြောင့် ဦးမင်းမြတ်သော် သူ့သမီးကို ဥပေက္ခာပြုထားတာ သေချာရဲ့ လား ဆိုတာပင်။

"မေမေ့ကို သားပြောပြူးသားပဲ ဦးမင်းမြတ်သော် က ဆည်းဆာညိုတို့သားအမိရဲ့ စည်းရုံး လွှမ်မိုးမှု အောက်မှာ ပဲ သာယာနေတာပါဆို၊ ရတုဘဝလေးက အရမ်းအထီးကျန်ပြီး သနားစ ရာကောင်းပါတယ်မေမေ"

"အင်မေမေလည်းအဲဒါကိုစဉ်းစားမိလို့ ဒီမိန်းကလေးကို ကော်ဖီဆိုင်ခေါ်လာခဲ့တာပါ၊ ပြီတော့ ဒီကသမီလေးနဲ့ သားနဲ့ ကရော ဘယ်လိုပတ်သက်သိကျွမ်းတယ်ဆိုတာ မေမေသိချင်လို့ ပါ"

မရှိးသားဘူးဆိုတာ သတိထားအကဲခတ်မိသလို ရှိပေမယ့် လူကြီးပီပီသိမ်မွေ့ပါနပ်စွာ မေးလိုက်ရသည်။ ရတုမှိမျက်နှာလေးက သိမ်ငယ်စိုးရိမ်မှု တွေဖြင့် ဖြူဖတ်ဖြူရော် ဖြစ်သွားပေမယ့် မိုးကာ ကတော့ရဲရဲတင်းတင်း ဆုံးဖြတ်ထားဟန်နှင့် -

"ရတုမှိကိုသနားကရုဏာသက်ပြီး သားမြတ်မြတ်နိုးနိုးလည်း

Scanned by CamScanner

ချစ်နေပါတယ်မေမေ၊ ဒါပေမဲ့ မေမေတို့ဆန္ဒကို မလွန်ဆန်ရက်လို့ ဆည်းဆာညို့နဲ့ လက်ထပ်ရမယ့်အကြောင်း သူ့ကိုပွင့်ပွင့် လင်းလင်း ပြောပြထားပါတယ်"

"အိုသားရယ်သူခံနိုင်ရည်ရှိရဲ့လား၊ သူ့အပေဆီကလည်း ဆည်းဆာညို့တို့ သားအမိ ကြောင့် မေတ္တာတွေ မရ၊ သားကလည်းဆည်းဆာညို့ကို လက်ထပ်ရမှာ ဆိုတော့ သူ့ရင်တွေ နာ ကျင်နေရော့်ပေါ့ကွယ်"

မေမေရဲ့ စာနာမှု စကားကြောင့် သူ့ရင်ထဲ လိုက်ခနဲ အာတက်သွားသလို ရတုမှိက ဝမ်းနည်း စွာ နှင့် မျက်ရည်တွေ လိမ့်ဆင်းကျနေသည်။

"သူဘယ်လိုခံစားနေရမလဲ နာကျင်နေရမလဲဆိုတာ သားသိပါတယ်၊ ဒါပေမဲ့ မိဘတွေ ကို တော့ စိတ်သော ကတွေ မပေးချင်ပါဘူး၊ အဲဒါကြောင့် သားတို့ချင်း ချစ်လျက်နဲ့ ဝေးနေရတာ ပါ"

"သားရယ်"

အမှတ်တွေ ရအောင် သူအတည်ပေါက် ဣန္ဒြေရရ ပြောနေတော့ မေမေက စိတ်မကောင်း ဖြစ်နေသည်။ အံ့ဩသလိုဖြင့် မျက်လုံးမျာလေး ကလယ်လယ် သူ့ကိုမော့ကြည့်နေသော ရတုမှိ မျက်ဝန်းတွေ ကို သူ မသိချင်ယောင်ဆောင်နေလိုက်၏ ။

"မိဘတွေ ကို အဲလို တန်ဖိုးထားတာ မေမေ သာဓုခေါ်ပါတယ် သား၊ သားမှာ : အဲလို အနောင့်အဖွဲ့ရှိမှန်း မေမေတို့ မသိခဲ့လို့ပါ သားက ပွင့်ပွင့်လင်းလင်းမှ မပြောခဲ့ဘဲကွယ်"

"အမှန်အတိုင်း ဝန်ခံရရင် မေမေတို့ ဆည်းဆာညို့နဲ့ စိစဉ်နေတဲ့အချိန်က သား သူ့ကို မချစ် မိသေးပါဘူး မေမေ၊ နောက်မှ အပြစ်ပယ် ဥပေက္ခာပြုခံနေရတဲ့ သူ့ဘဝလေးကို ကိုယ်ချင်း စာ သနားပြီး ချစ်မိသွားခဲ့တာပါ။ ဒါမှ သားမိုက် တစ်ယောက် မ ဖြစ်အောင် သားကြို : စားမှာ ပါ"

သူ မေမေ့ဆီက အမှတ်တွေ ထပ်ယူလိုက်၏ ။ မေမေက သက်ပြင်းတွေ ချပြီ ရတုမှိ ဘက် မျက်နှာလေး လှည့်သွားသည်။

Scanned by CamScanner

"သမီးကရော အန်တီ့သားကို တကယ်ချစ်ခဲ့တာလား"

"ရှင်"

ရတုမှီမျက်နှာလေး ပန်းရင့်ရောင် စပို့ရှပ်အင်္ကျီလေးနှင့် အရောင် ဟပ်သွား၏ ။ ငုံ့လျှိုးနေ သော မျက်နှာလေးက တော် တော် နှင့် ပြန်မော့မလာ။

သူက ရတုမှီ ဘယ်လိုဖြေလိုက်မလဲ၊ အဖြေမှာ းသွားမလားဟု စိုးရိမ်ပူပန်လျက်ရှိသည်။

"သမီးရင်ထဲရှိတဲ့အတိုင်း အမှန်အတိုင်း ပြောကြည့်ပါလား သမီး အန်တီသိချင်တယ်"

"ဟုတ်၊ ဟုတ်ကဲ့ ကျွန်မ မိုးကာကို အရမ်းချစ်ပါတယ်။ ပိုင်လည်း ပိုင်ဆိုင်ချင်ပါတယ်။ စွန့်လွှတ်ရမှာ လည်း အရမ်းကြောက်တယ်၊ ဒါပေမဲ့ ကျွန်မက ဆည်းဆာညို့လို အရည်အသွေးတွေ မပြည့်စုံလို့ မိုးကာ ထားခဲ့တဲ့ဘဝမှာ ဒီအတိုင်း နေခဲ့ရတာ ပါ။ တ တကယ်တော့ ကျွန်မ မိုးကာ မစွန့်လွှတ်ချင်ဘူး"

ပြောမယ့်ပြောတော့လည်း သူမရင်ထဲ ဘာမှမကျန်တော့လောက်အောင်ဖွင့်ထုတ်ပေါက်ကွဲ ပစ်လိုက်သည်။ သူ့ရင်ထဲ နင့်နေအောင် ခံစားလိုက်ရသလို မေမေကလည်း ခေါင်းတညိတ်ညိတ် နားထောင်ပြီး စိတ်မကောင်း ဖြစ်နေဟန်တူ၏ ။

"ဒါပေမဲ့ မိုးကာကို မေ့နိုင်ဖို့အောင် ကျွန်မကြိုး စားနေပါတယ်။ အခုထိတော့ အဲဒီလို ခွဲခွာရ မယ်လို့ စဉ်းစားမိတိုင်း ရင်ထဲမှာ အရမ်းနာကျင်နေတယ်။ တဆတ်ဆတ်နဲ့ သွေးမျက်ရည်ကျနေ သလိုပဲ"

"ရတု"

"မဟန့်တားပါနဲ့ မိုးကာရယ်၊ ဒီနေ့ နောက်ဆုံးအနေနဲ့ ပြောချင်တာတွေ ပြောပါစေ။ ရှင် ရတုဆီမလာတော့တာ ဘယ်လောက်ကြာနေပြီလဲ နောက်ဆိုရင်

Scanned by CamScanner

ဆည်းဆာညိုနဲ့ လက်ထပ်ပြီး တာနဲ့ တစ်သက်စာ ဝေးသွားရပြီ မဟုတ်လား။ ရတု ရှင့်ကို အရမ်းလွမ်းနေတာ။ ဖြေသိမ့်စရာ အပျော်တွေ ကလည်း မရှာချင်တော့ဘူး။ ဒီအချိန် ခဏလေးပဲ စည်းအပြင်ဘက် ဝေဒနာတွေ ကြေညာခွင့် ရှိနေတာပါ။ ဒီ ဒီနေ့ နောက်ဆုံးပါပဲ မိုးကာရယ်"

ရတုက အရူး တစ်ယောက် လို သူမပြောချင်တာတွေ ပြောပြီး ထရပ်သည်။ သူရော မေမေ ရော မှင်တက်မိနေ၏ ။

သူမမျက်နှာလေးက ဒဏ်ရာဗရပွနှင့် လျော့တိလျော့ရဲ။

"ပြန်လိုက်ပါဦးမယ် အန်တီ၊ ကိုယ့်ကိုယ်ကိုယ် အိမ်ထောင်ရှင်မကောင်း ပီသအောင် ကြိုး စားနေပေမယ့် နောင်ဘဝမှာ ပဲ မိုးကာနဲ့ ဆုံ ဖြစ်တော့မယ် ထင်ပါတယ်။ အန်တီရှေ့မှာ မလေးစား လို့ ဒီလိုစကားတွေ ပြောနေတာ မဟုတ်ပါဘူးနော်။ ဒီကြားထဲမှာ နောက်တစ်ခါ ဆုံခွင့်မရှိရင် ပြောချင်တာတွေ မပြောလိုက်ရမှာ စိုးလို့ပါ။ ဒီရင်ထဲမှာ အထီးကျန်ဝေဒနာတွေ ရော နာကျင်မှု တွေ ကရော စုပြုံခံစားနေရတာ မဆုံတော့ဘူး အခုပြောနေရတာ လည်း သက်တော့ မသက်သာပါဘူး"

သူ့ရင်ထဲမှာ လည်း နောင်တမျက်ရည်တွေ နင့်ပါ။

တကယ်ဆို ဆည်းဆာညိုနှင့်လက်ထပ်ဖို့ကိစ္စ သတ္တိရှိရှိ ငြင်းဆန်ပြီး ရတုမိုကို ပြတ်ပြတ် သားသား ပိုင်ဆိုင်ဖို့ ကြိုး စားသင့်သည်။

ကိုယ့်ကို နှုတ်ဆက်မသွားတာ ပြန်ဆုံဖို့ မျှော်လင့်နေသေးလို့လာ ရတုရယ်။

ကိုယ်က မင်းပြောပြတာတွေ ထက် ပိုချစ်ပါတယ်။ ခံစားနေရတာ လည်း မင်းထက် နှစ် ဆ လောက်ပိုမယ် ထင်ပါတယ်။ ရင်ကိုခွဲကြည့်လိုက်ရင် အဖြေပေါ်ပါလိမ့်မယ် ရတု။

•••••••••••••

Scanned by CamScanner

# အခန်း(၇)

အခန်း (၂၇)

"ဘာကွ သားမှာ ချစ်သူရှိနေတယ် ဟုတ်လား"

"ဟုတ် ဟုတ်ပါတယ်။ နင်း ဒီနေ့မှ သိခဲ့ရတာ ပါ။ ဆည်းဆာညိုရဲ့ ပထွေး ဦးမင်းမြတ်သော် ရဲ့ သမီးတဲ့"

"ဘာ အဲဒါက ဘယ်လို ဖြစ်ရတာ လဲ။မင်းကို ချစ်သူရှိရင် ပွင့်ပွင့်လင်းလင်း ရင်ဖွင့်ပါလို့ ပြော မထားဘူးလား၊ အခု မင်းက ဆည်းဆာညိုနဲ့ လက်ထပ်ရတော့မှ ပြဿ နာ အရှုပ်အရှင်းတွေ ဖြစ်တော့ ဘယ်လိုလုပ်မလဲ။ ဘယ်သူ့သာသမီးဆိုတာက အရေး မကြီးဘူး သူ့ရဲ့ ကိုယ်ကျင့်တရား က ငါတို့ ဂုဏ်သိက္ခာနဲ့ ဆိုင်တယ်"

"သားသူ့ကို လက်မထပ်ပါဘူး ဖေဖေ"

သွေးဆူနေသော ဖေဖေ့ကို သူတို့ပြတ်သားစွာ ဆင်ခြေပေးတော့ မေမေက ပြဿ နာ မ ဖြစ်အောင် ကြားဝင်လာ၍ -

"ဒီလိုပါ ကိုရယ်၊ သားအမှား :လည်း မဟုတ်ပါဘူး။ တစ်ဖက် မိန်းကလေးလည်း ဒီအတိုင်း ကျွန်ရစ်ဖို့ ကြိုး စားနေရှာတာပါ။ ခက်တာက သားကို ဆည်းဆာညိုနဲ့ လက်ထပ်ပေးသင့်၊ မပေး သင့်"

"ဘာ"

ဘာမှနားမလည်သေးသော ဖေဖေက လေသံတွေ ပြင်းသလို အသက်ရှူ သံလည်း ပြင်းနေ ပါသည်။ မေမေက ဆည်းဆာညိုတို့နှင့် စကားပြောခဲ့သည်မှစ၍ ရတုမိုနင့် တွေ့ခဲ့သည်အဆုံး ဖြည်းဖြည်းချင်းဖြေရှင်းပြောပြနေသည်။ သူက ဝီးထိုးပေးတာမျိုး မ ဖြစ်အောင် ငြိမ်ငြိမ်သက်သက် ပင်နေပေးလိုက်၏ ။

နလုံးသားကို ရင်းပြီးတာမို့ မိဘတွေ ပဲ ဆုံးဖြတ်ကြပါစေ။

Book Sharing

Scanned by CamScanner

"အိအိပိုင်တို့က ဒီပုံစံအချိုးလား၊ အဲဒါကြောင့် ဟန်ဆောင်တတ်တဲ့သူတွေ က ကြောက် စရာကောင်းတယ်လို့ ပြောတာ။ ကဲပါ ဒီကိစ္စက ဒီလို ဖြစ်နိုင်တယ်ဆို လက်ထပ်ဖို့ ဖျက်လိုက် ပေါ့"

"နင်းလည်း အဲလိုလုပ်ပစ်လိုက်ချင်ပါတယ်။ ဒါပေမဲ့ ယောက်ျားလေးရှင်ဘက် ဖြစ်နေ တော့ အပျိုစင်မိန်းကလေးကို အားနာနေမိတယ်"

"အဲလို အားနာနေရင် သားက တစ်သက်လုံး သူတို့လက်အောက်မှ ရုန်းထွက်မရ ဖြစ်နေမှာ ပေါ့ကွ။ ဒီထက် ညှိနှိုင်းစရာ အကြောင်းကိစ္စလည်းမရှိတော့ဘူး"

"ဒါဆို ဘာကိုအကြောင်းပြမလဲ"

"သားက သူ့ချစ်သူမိန်းကလေးကို ခိုးပြေးသွားတယ်လို့ ပြောလိုက်ပေါ့။ တခြားအကြောင်း အရာနဲ့ဆို ငြင်းရခက်နေဦးမယ်"

"တ တကယ်လား ပေပေ သားချစ်သူကို တကယ်လက်ထပ်ရမှာ လား"

သူ ဝမ်းသာအားရမေးတော့ ပေပက မျက်မှောင်ကြုတ်သည်။

"မင်း အဲလောက်တောင် အရူးလား၊ မင်းကို အိမ်ထောင်ဘက် လွတ်လွတ်လပ်လပ် ရွေးချယ်ဖို့ ပေပေအခွင့်အရေး ပေးထားတယ်။ ဒါကိုတောင် ဒီလိုပြဿ နာတွေ နဲ့ အမှာ းအယွင်း ဖြစ်ရတယ်လို့ကွာ"

"ရတုမိုက အိမ်ထောင်ထိန်းသိမ်းတတ်တဲ့ အစွမ်းအစအရည်အချင်းတွေ မရှိလို့ ပေပေ တို့ သဘောမတူမှာ စိုးရိမ်လို့ပါ ပေပေ"

"အဲဒီ အရည်အချင်းတွေ ပြည့်စုံပြီး မင်းကို လွှမ်းမိုးချုပ်ကိုင်ခံရမှာ ကိုရော ပေပေတို့က လက်ခံနိုင်မှာ လား။ အိမ်ထောင်ပြုတယ်ဆိုတာ တစ်မိသားစုနဲ့ တစ်မိသားစု တစ်ဖက်နဲ့ တစ်ဖက် နားလည်မှု ရှိရတယ်။ မျှတမှု ရှိရတယ်။ ငါ့လင်၊ ငါ့မယား၊ ငါ့သားသမီးဆိုပြီး အနုနည်းနဲ့ ဖြစ် ဖြစ်၊ အကြမ်းနည်းနဲ ဖြစ် ဖြစ် ထိန်းချုပ်လွှမ်းမိုး အမိန့်ပေးချင်လို့ မရဘူး။ ဒီကိစ္စ အိအိပိုင်တို့ကိုပြောဖို့ အားနာနေရင် ငါပြောမယ်"

Scanned by CamScanner

"အဲလို ရွတ်အတင်းကြီး လုပ်ပစ်လိုက်လို့ရော ဖြစ်ပါ့မလား။ ရတုမှီဆိုတဲ့ ကောင်မလေး ကိုလည်း သေချာလေ့လာရဦးမှာ ပေါ့"

မေမေက အစိုးရိမ်ကြီးနေဆဲ။ ဖေဖေက ခေါင်းတခါခါနှင့် စိတ်မရှည်သလို ဖြစ်ကာ-

"ကိုယ်ပုံသွင်းသလို ရနိုင်မယ့် မိန်းကလေး ဖြစ်ရင် ပြီးတာပဲပေါ့"

"အဲဒါတော့ စိတ်ချပါ ဖေဖေ။ အဲဒီ မိန်းကလေးကို အိမ်မှု ကိစ္စအားလုံး သားနည်းနည်း သင်ပြပေးလိုက်တာ သူကြိုးစားပြီး သင်ယူရှာပါယတယ်။ အခု ဆည်းဆာညို့နဲ့ လက်ထပ်တော့ မယ်ပြောတာတောင် သူပြုပြင်ပြောင်းလဲနေတုန်းပါပဲ။ အရင်က လွတ်လပ်မှုနဲ့ အပျော်အပါးကို လည်း မခုံမင်ဘဲ သားကို တိတ်တိတ်ကလေး မျှော်လင့်နေရှာတာပါ။ အရွဲတိုက်ပြီး စိတ်လေပြီး ဘာတစ်ခုမှ အမှား :အယွင်း မလုပ်ပါဘူး။ အရင်က ဘယ်သူ့ဆီကမှ မေတ္တာတွေ မရ အထီး ကျန် ဘဝနဲ့ ဘဝကို ကြုံသလို ဖြစ်သလို နေခဲ့တဲ့ အချိန်တွေ ကိုတောင် သူ နောင်တရနေတာပါ"

သူ အငမ်းမရ ရှင်းပြမိတော့ ဖေဖေက ခေါင်းတညိတ်ညိတ်လုပ်ကာ-

"အဲဒါပဲ သား တော် ပြီသား၊ တတ်ပြီးသားကို နားလည်အောင် ပြောဖို့သင်ပြပေးဖို့ မလွယ် ဘူး တကယ်မတတ်တဲ့သူကို သင်ပြ ပုံသွင်းရတာ က ကိုယ့်ကိုလည်း လေးစားမှု ရှိတယ်။ ပုံသွင်း ကြိုက်ိုင်ဖို့လည်း လွယ်ကူတယ်။ မိန်းမပီသလွန်းတဲ့ မိန်းမကိုလက်ထပ်ရတာ ယောက်ျားတွေ အတွက် ပိုပြီးခက်ခဲတယ် သား"

"ဗျာ ဘယ်လိုဖေဖေ"

သူ တကယ်ကို နားမလည်တာပါ။ မိန်းမပီတဲ့ မိန်းမကိုပဲ ယောက်ျားတွေ မြတ်မြတ်နိုးနိုး တန်ဖိုးထားချင်ကြတာ မဟုတ်ဘူးလား။ ဖေဖေက ခပ်မိန့်မိန့်ပြုံးကား-

"မိန်းမပီသလွန်းတဲ့ မိန်းမတွေ က ယောက်ျားတွေ ကို လွှမ်းမိုးချု ပ်ကိုင်ချင်ကြတယ်ကွ၊ ရုံးဆင်းအလုပ်ဆင်းရင် အိမ်ကို အချိန်မှန်မှန် ပြန်လာ၊

Scanned by CamScanner

အရက်မသောက်နဲ့ မိတ်ဆွေါအပေါင်း အသင်းတွေ နဲ့ ဟိုဝင်ဒီထွက် လမ်းမှ အချိန်မကုန်စေနဲ့ ဘာညာဆိုပြီး အိမ်မှာ ဒီနေ့ ဘာဟင်းချက် ထားမယ်၊ ဘာအထိမ်းအမှတ်ရှိတယ်။ မက်လုံးပေးမြူဆွယ်ဖြားယောင်းတာပေါ့ကွာ"

"ပေပေကင ပြောတော့မယ်"

"သြော် အဲဒါ အမှန်တရားတွေ ပြောနေတာ အဲလို အိမ်မှာ အချိန်ကုန်နေတဲ့ ယောက်ျား တွေ က လူမှု ဆက်ဆံရေး ကို နားမည် တော့တဲ့ လူပြိန်းတွေ ဖြစ်သွားတတ်ကြတယ်။ အခုတလော ဦးမင်းမြတ်သော် ဘာ သတင်းတွေ ထွက်နေလဲ သိရဲ့ လား"

မေမေက တစ်ခါမှ ဒီလိုစကားတွေ အများ ကြီး မပြောဖူးသော ပေပေ့ကို အံ့လည်းအံ့သြ လေးလည်းလေးစားကာ ပြုံးပြုံးကြီးနှင့် -

"ကဲ ဒီနေ့ ကို ပြောတဲ့စကားတွေ ဗဟုသုတရပါတယ်။ နှင်းလည်း မသိလို့ ပြောပါဦး"

"ဒီလိုကွ အိအိပိုင်ကို လက်ထပ်ခါစကာ လုပ်ငန်းနှစ် ခု ပေါင်းကို မင်းမြတ်သော် တစ် ယောက် တည်း ဦးဆောင်လုပ်ရသလိုလိုနဲ့ အခု မင်းမြတ်သော် အလုပ်ကိစ္စတွေ ကိုပါ အိအိပိုင် ကြိုး ကိုင်ခြယ်လှယ်နေတယ်လေ။ ဘယ်လိုကိစ္စမျိုးမဆို အိအိပိုင်ပြီးမှပြီးရတော့တာ။ မင်းမြတ် သော် က သူ့အလိုလို အိအိပိုင်နောက် ရောက်သွားရတော့တာပေါ့။ အိမ်မှာ အပြုအစုအယုအယ ခံရင်းနဲ့ နလပိန်းတုံးလိုလိုကို ဖြစ်နေပြီတဲ့"

"အောင်မယ်လေး အဲဒါကြောင့် ဖြစ်မယ်၊ ရတုမိုက သူ့အပေဥပေက္ခာပြုတာ ခံရပြီး အထီး ကျန်မေတ္တာငတ်နေရှာတာတဲ့။ သူ မျက်ရည်တွေ ကျနေတာ သနားစရာကောင်းလိုက်တာ ကို ရယ်"

"မင်းက ဖြစ်ရပြန်ပြီ ဆည်းဆာညိုတုန်းကလည်း ချစ်လိုက်တာတုန် တုန်နေတာပဲ"

Scanned by CamScanner

"ဒါ ကတော့ သားအတွက် အိမ်ထောင်ဖက်ရွေးချယ်ရတာ ဘယ်မိဘမဆို အတွကြီး တာပါပဲ။ မှာ းသွား မှန်သွားတာတော့ သူတို့ကံတရားပေါ်။ ဒါပေမဲ့ ခုလို ကြို သတိထားမိပြီး ပြင်ဆင်ခွင့်ရလိုက်တာလည်း သား၏ ကံတရားပေါ့ကိုရယ်၊ သားလေး ချစ်သူနဲ့ ပေါင်းဖက်ခွင့်ရတာ နင်းပျော်ပါတယ်"

"နင်း သားကိုလည်း မေးကြည့်ပါဦး ပျော်ရဲ့ လားလို့"

ပေပေက သားကိုလည်း မေးငေါ့ပြီးမေးသည်။ သူက အပျော်လွန်ကာ ပေပနှင့် မေမေ ကို ထိုင်ကန်တော့လိုက်၏ ။

"ပေပေ မေမေတို့ရဲ့ ကျေးဇူးကို သားဘယ်တော့မှ မမေ့ရဘူး ရတုလည်း အရမ်း ဝမ်းသာ မှာ ပါ။ သားလည်းသူ့ဘဝလေးကို ဖြည့်ဆည်းပေးဆပ်ခွင့်ရလို့ ဘယ်လိုပျော်မှန်းကို မသိပါဘူး"

"အေး အဲဒါ မိဘကို စိတ်သော ကမပေးလို့ မိဘဆန္ဒတွေ ကို ကိုယ့်နလုံးသား အနစ်နာခံ ပေးဆပ်ဖြည့်ဆည်းခဲ့လို့ အဒီအကျိုးကျေးဇူးပြန်ခံရတာ လို့ မှတ်ပေတော့။ သားက ရွတ်တရွတ် ဆည်းဆာညိုကို ငြင်းဆန်ပြီး ရတုမှီကို လက်ထပ်လိုက်ရင် ဒီလို စိတ်ချမ်းသာစရာကိစ္စတွေ ဖြစ် လာမှာ မဟုတ်ဘူး။ ကဲ သား ရတုမှီကို အရင်ဆုံး မိသားဖသားပီပီ လာမတောင်းရမ်းနိုင်ဘဲ ခိုးရာ လိုက်ခိုင်းရတာ ကို စိတ်မကောင်းမ ဖြစ်ဖို့ စိတ်မဆိုးဖို့ တောင်းပန်ပါ။ နောက်ပိုင်းက ဆည်းဆာညို တို့ကိစ္စတွေ ရှင်းဖို့ ရှိနေသေးလို့ပါ"

"ဟုတ်ကဲ့ သူပျော်မှာ ပါ။ သူကျေနပ်မှာ ပါ ပေပေနဲ့မေမေ"

သူအပျော်တွေ နှင့်ရတုမှီ သုတ်ခြေတင်ခဲ့သည်။ အလွမ်းမင်းသမီးလေး ရတုမှီဆီ အမြန် ရောက်ဖို့ အရေး ကြီးနေ၏ ။

စည်းဆိုတာ မရှိတော့သည့်အတွက် သူမမျက်ရည်တွေ ကို အနမ်းတွေ နှင့် လွတ်လွတ်လပ် လပ် မြတ်နိုးယုယစွာ သုတ်ပေးခွင့် ရတော့မည် ။

မင်းဘဝလေး ဘယ်တော့မှ အထီးကျန်မေတ္တာမငတ်တော့ပါဘူး။

Scanned by CamScanner

ကိုယ့်ရင်ငွေ့ကို လှုံပြီး ပျော်နိုင်ပါပြီး ချစ်သူရယ်။

************

အခန်း (၂၈)

"အဲ အဲဒါ ဘယ်လိုလုပ်ကြမလဲ။ ဘယ်လိုလုပ်ကြမလဲသမီး"

"ဘာ ဘာ ဖြစ်လို့လဲ မေမေ၊ ဘာပြဿ နာတွေ ဖြစ်နေတာလဲ"

ဖုန်းနားထောင်ပြီး မေမေ မျက်စိမျက်နှာပျက် ခွေ့ခွေ့ခုန်နေတာမို့ ဆည်းဆာညို့အထိတ် တလန့် မေးလိုက်ရသည်။

ဒေါ်အိအိပိုင်မျက်လုံးတွေ က စူးစိမ်းတင်းမာလျက် ဦးမင်းမြတ်သော် ဆီ ရွေ့လျားလာ၏ ။

ဖုန်းလေးကို မှန်စားပွဲပေါ် ပစ်တင်လိုက်ပြီး-

"မိုးကာက သမီးနဲ့ လက်မထပ်နိုင်တော့လို့ သူ့ချစ်သူကို ခိုးပြေးသွားပြီတဲ့ အဲ ဒီမိန်းကလေး က ကိုယ်သော် ရဲ့ သမီး ရတုမိုတဲ့"

"ဘာ"

ဦးမင်းမြတ်သော် ကိုယ်ကြီး မတ်ခနဲ ဖြစ်ကာ တုန်တက်သွား၏ ။ ဒေါ်အိအိပိုင်ရဲ့ စူးရဲအား ကောင်းသော မျက်လုံးစိမ်းများ အောက်မှာ ကိုယ့်ကိုယ်ကိုလည်း သေးငယ်ကျုံ့ဝင်သလို ခံစားနေရ သည်။

"ကိုသော် သမီးနဲ့ မိုးကာ ပတ်သက်မှု ရှိတာ ကိုသော် သိနေတယ် မဟုတ်လား"

"ဟင် မ မသိပါဘူးသမီးရည်၊ သမီးကို မတွေ့ရတာ အိတို့ အိမ်ကိုရောက်က တည်း ကပါ"

"ဟိုတစ်ခေါက်သွားတဲ့ကိစ္စကို ဘာလို့ အိကိုဖုံးကွယ်ထားတာလဲ ကိုသော်"

Scanned by CamScanner

နိုးကြောင်နိုးဝှက် မသိနိုးနားသွားခဲ့တာတောင် အိပိုင်သိနေပါလဗျ။ သူ့ကို ဖွင့်ထုတ်မမေး မြန်းဘဲ နောက်တစ်ခေါက် ဘယ်ချိန်သွားမလဲ စောင့်ကြည့်နေတာ ဖြစ်နိုင်သည်။ မသွား ဖြစ်သော် လည်း အခုတလော သူ့ကို မျက်စိအောက်က အပျောက်မခံခဲ့တာ ဖြစ်မည် ထင်၏ ။

သူ ကတော့ သူ့ကို ဒီလောက်တောင် ဂရုစိုက် ချစ်မြတ်နိုးလွန်းပါလားဟု ကြည်နူးလွန်းပါ လားဟု ကြည်နူးသာယာနေခဲ့တာပါ။

"အဲဒီ တုန်းက ကိုသော့ သမီးက ကိုသော့ ကို မိုးကာကိစ္စတိုင်ပင်ခဲ့တယ် မဟုတ်လား"

"တိုင် တိုင်ပင်ခဲ့တာမျိုးတော့ မဟုတ်ပါဘူး အိရယ်။ မိုးကာနဲ့ သူနဲ့က ချစ်သူတွေ တဲ့။ ဆည်းဆာညိုကို နောက်ဆုတ်ပေးနိုင်းလို့ မရဘူးလားလို့ ပြောခဲ့တာပါ။ ဟိုလ ကိုယ်က ဘယ်လိုမှ မ ဖြစ်နိုင်ဘူး သူတို့က် လက်ထပ်ဖို့ အားလုံးစီစဉ်ပြီးသားလို့ ပြောခဲပါတယ်"

"ဟုတ်ရဲ့ လား အန်ကယ်ရယ်။ မောင်မိုးကာနဲ့ နိုးပြေးမှ ဖြစ်မှာ လို့ တိုက်တွန်းခဲ့တာ မဟုတ် ဘူးလား"

"မ မဟုတ်ပါဘူး။ အန်ကယ့်ကို အဲလိုမစွပ်စွဲပါနဲ့ မယုံသက်ာမ ဖြစ်ပါနဲ့သမီးရယ်။ အန်ကယ် ကျိန်ပြောရဲပါတယ်"

သားအမိနှစ် ယောက် ရဲ့ သံသယမျက်လုံးတွေ အောက်မှာ သူ့ကိုယ်ခန္ဓာတစ်ခုလုံး ပျောက် ဆုံးသွားလိုက်ချင်သည်။

တစ်သက်နင့်တစ်ကိုယ် သိမ်ငယ်ရှက်ရွံ့ထူပူမိတာမျိုး မရှိဖူးပါ။ သမီးကြောင့်မဟုတ်ဘဲ နူးညံ့သိမ်မွေ့ခြင်းတွေ ကင်းနေသည် အိပိုင်တို့သားအမိရဲ့ မျက်လုံးစိမ်းများ ကြောင့် ဖြစ်သည်။ မိုးကာနင့် လက်မထပ်ရတာ ကို ဘာကြောင့် သူ့ဘက်လှည့်ကာ ရန်လိုနေရတာ လဲ။

"ကိုသော် တိုက်တွန်းတာ မဟုတ်ဘူးဆိုရင် မောင်မိုးကာကို ကိုသော့် သမီးက

Scanned by CamScanner

အမိဖမ်း အပိုင်ချိုင်လိုက်တာပဲ ဖြစ်ရမယ်"

"ဟာ အဲလိုမ ဖြစ်နိုင်ပါဘူး အိရယ်။ သူတို့ချင်း တကယ်ချစ်လို့"

"ဒီခေတ်မှာ တကယ်ချစ်လို့ မိုက်ရူးရဲဆန် ရူးသွပ်ပြီး အချစ်အတွက် စွန့်စားတဲ့သူ ဘယ်သူ ရှိလို့လဲ မောင်မိုးကာသာ ပညာတတ်လူချမ်းသာ ဂုဏ်သိက္ခာရှိတဲ့ အသိုက်အဝန်းက မဟုတ်ဘဲ ဆင်းရဲသား အဆင့်အတန်းမရှိ ကလေကချေတစ်ယောက် ဆိုရင် ကိုသော့် သမီးက ခုလို အောက် တန်းကျကျ ခိုးရာလိုက်ပြေး သွားပါ့မလား။ ကိုယ်ခန္ဓာပေးပြီး မြူဆွယ်ဖြားယောင်း အရယူ လိုက်တာပဲ ဖြစ်ရမယ်"

"အိ မင်းပြောတာတွေ လွန်နေပြီထင်တယ်။ ဒါ ဖအေ တစ်ယောက် ရှေ့မှာ ပြောရမယ့် စကားလားကွ၊ ဒါဆိုရင် မင်းရော မင်းသမီးအတွက် မောင်မိုးကာကို အမိဖမ်းဖို့ ကြိုး စားတာပဲ လား"

သမီးကိုယ်ကျင့်တရားကို ထိပါးလာတော့ သူဘယ်လိုမှ သည်းမခံနိုင်။

လေသံမာမာနှင့် မေးခွန်း ပြန်ထုတ်တော့ ဒေါ်အိအိပိုင်က ခနိုးခနဲ့ပြုံးလိုက်ကာ..

"ဒါပေါ့ ကိုယ်သော်ရဲ့ အဲလို အရည်အချင်းတွေ နဲ့ ပြည့်စုံနေတဲ့ သူဌေးသား ပညာတတ် တစ်ယောက် ကို သမီးနဲ့ လက်ထပ်ပေးဖို့ ကြိုး စားရတာ မိခင် တစ်ယောက် ရဲ့ ဝတ္တရားလေ၊ သား သမီးလင်ကောင်းသားကောင်းရမှ မိဘတွေ စိတ်ချမ်းသာရတာ မဟုတ်ဘူးလား။ မိဘဝတ္တရား ကျေတယ်လို့ အောက်မေ့တယ်"

"ကိုယ့်ကို ရွေးချယ်ခဲ့တာကရော"

"ခုနပြောသလိုပေါ့ သမီးအတွက်ပဲ ဖြစ် ဖြစ် အိအတွက်ပဲ ဖြစ် ဖြစ် အဆင့်အတန်းမရှိ၊ လူဆင်း ရဲ တစ်ယောက် ဆိုရင် မိုက်မိုက်မဲမဲလပ်ထပ်ဖို့ စဉ်းစား ဖြစ်မှ မဟုတ်ပါဘူး"

"ဒါ အမှန်တရားတွေ လေ ကိုသော်ရဲ့ ၊ ဘာလို့ ဆတ်ဆတ်တုန်သွားတာလဲ ဒါပေမဲ့ ကိုသော့်ကို အိ တန်ရာတန်ကြေး ပြန်ပေးခဲ့တယ်နော်။ မိသားစုဘဝရဲ့ နွေးထွေးမှု

Scanned by CamScanner

တွေ၊ သာယာ ပြည့်စုံမှု တွေ၊ ပြီးတော့ တခြားမှာ အပျော်မရှာရအောင် ကြင်နာယုယမှု တွေ လည်း ပေးခဲ့တာပဲ"

"အခုတော့ အဲဒါတွေ က အနှစ် သာရမဟုတ်ဘဲ အပေါ်ယံအလွှာတွေ ဆိုတာ ကိုယ်သ ဘော ပေါက်သွားပြီ အိ။ ချစ်မြတ်နိုးမှု တွေ မဟုတ်ဘဲ အပေးအယူဆန်တဲ့ တပ်မက်မှု တွေ ပါလား။ ကိုယ့်ဆီက ဘာမှရစရာမရှိတော့ဘူးဆိုရင် ကိုယ့်ကို ကန်ထုတ်ဖို့လည်း ဝန်မလေးကြဘူး မဟုတ် လား"

ဒေါ်အိအိပိုင်က သူ့မေးခွန်းကို ငြင်းဆန်ခြင်းမပြုပါ။ မိုးကာနှင့် လက်မထပ်ရလို့လည်း ဆည်းဆာညိုမျက်နှာမှာ ဘာဒဏ်ရာမှ ရှာမတွေ့ပါ။

အမေတူသမီးက အသည်းမာဟန်တူ၏ ။ ဒီ တစ်ယောက် ကို အပိုင်ဖမ်းလို့လည်းမရလည်း နောက် တစ်ယောက် ကို ကြိုး တားခွင့်ရှိသေးတာမို့ သည်းသည်းထန်ထန် ဝမ်းနည်းဟန်မတူ။

သူလည်း ဆုံးဖြတ်ချက်ပြတ်သားဖို့ လိုပြီထင်သည်။

အပေါ်ယံဟန်ဆောင်ယုယနွေးထွေးမှု တွေ ကို သေသေချာချာသိလိုက်ရပြီးမှ လိုချင်တပ် မက်တွယ်တာမနေသင့်တော့။

အချစ်နှင့် အစပျိုးတည်ဆောက်ခဲ့သော မိသားစုလေးကိုသာသူ့ဘက်က နားလည်မှု တွေ ပေးတတ်ခဲ့လျှင် မေတ္တာအစစ်အမှန်နှင့် နွေးထွေးမှု တွေ ပြန်ရပေလိမ့်မည် ။

"ဒါ ဘယ်သွားမလို့လဲ ကိုသော် "

သူ ဖြုန်းခနဲ ထရပ်တော့ ဒေါ်အိအိပိုင်လည်းလိုက်ထရပ်ကာ မေးသည်။

"သမီးကိစ္စ အကျိုးအကြောင်းသိအောင် ကိုယ်သွားမှာ ဖြစ်မယ် အိ။ သမီးလင်ကောင်း သားကောင်းရသွားတာကိုလည်းဂုဏ်ပြုပေးရဦးမယ်။ ဒါမှ မိဘဝတ္တရားကျေမှာ မဟုတ်လား"

"သွားလို့ ဖြစ်မလား ကိုသော် ရဲ့ လုပ်ငန်းရှင်တွေ

Scanned by CamScanner

အစည်းအဝေးတက်ရဦးမယ်လေ။ ညလည်း အိမ်မှာ ညှိသည်တွေလာဦးမယ် မဟုတ်လား"

"မင်းနားလည်ပြီးသား သိကျွမ်းပြီးသားပဲ၊ မင်းကြည့်လုပ်လိုက်ပါ မင်းအိမ်ကိုရောက်မှ ငါက ဘာမှနားမလည်တော့ဘဲ လူပိုသက်သက် ဖြစ်သွားပြီပဲ"

"အန်ကယ်က မေမေ့ကို အရွဲ့တိုက်နေတာလား အရင်က ဘာပြောပြော ပြုံးပြုံးကြီးနဲ့ ခေါင်းညိတ်နေခဲ့တဲ့ သူက"

"ဪ ကိုယ့်သားသမီးကို ရွတ်ချအထင်သေးခဲ့ရတာ ဘယ်မိဘမှ ဝမ်းမသာနိုင်ဘူး၊ မင်း မိဘဘဝရောက်လာရင် ကိုယ်ချင်းစာတတ်လာပါလိမ့်မယ်။ ရင်ထဲက မပါရင် ဘယ်သူ့ကိုမှ ပြုံးမပြ မိပါစေနဲ့ ဆည်းဆာညို"

သူစေတနာနှင့် သတိပေးခဲ့တာပါ။ သူမတို့သားအမိ ဟန်ဆောင်ကောင်းတာက ပေါ်ပေါ် ထင်ထင်မိုက်ရိုင်းပြတာထက် အန္တရာယ်ကြီး ကြောက်စရာကောင်းသည်။

သမီးနဲ့ ဝေးအောင်တောင် သွေးခွဲရဲတာ။ သူ ကတော့ ခွင့်လွှတ်နားလည်ပေးဖို့ စိတ်ကူးမရှိ တော့ပါ။

အခု သူ့ရင်ထဲမှာ သမီးလေး လင်ကောင်းသားကောင်းရသွားသည့်အတွက် စိတ်ချမ်းမြေ့ မှု တွေ သာ ရှိနေသည်။

ကိုယ့်ရဲ့ အားပေးတိုက်တွန်းမှု ကြောင့် မဟုတ်ပေမယ့် သမီးရဲ့ ဘဝတစ်ချိုးပြောင်းလဲမှု ကို သူမျက်ရည်ကျလောက်အောင် ဝမ်းသာပီတိ ဖြစ်နေမိ၏ ။

ဒါဟာ သွေးရင်းသားရင်းဆိုတဲ့ မေတ္တာစာတ်ကြောင့် ပေါ့ သမီးရယ်"

•••••••••••••

အခန်း (၂၉)

လှိုင်းပုတ်သံက အချက်ကျကျ စည်းချက်ညီလွန်းသည်။ ကျောက်ဆောင်ကမ်းပါးယံတွေ က ကြံ့ကြံ့ခံနိုင်လွန်း၏ ။ တမျှော်တခေါ်ပင်လယ်ပြင်ကြီးက

Scanned by CamScanner

နိမ့်ချည်မြင့်ချည် လှိုင်းလုံဖွေးဖွေးများ ဖြင့် သဘာဝပန်းချီကားချပ်ကြီးသဖွယ် လှပတင့်တယ်နေသည်။

အရောင် အသွေးနှင့် တိမ်တိုက်များ က သက်တန့်ကြီးလို့ လွှမ်းမိုးဖြန့်ကျက်ထားချင်ဟန်တူ ၏ ။ ဟိုးခပ်ဝေးဝေးမှာ ငါးဖမ်းလှေကလေးများ ကို လှမ်းမြင်ရသည်။

အိပ်တန်းပြန် ကျေးငှက်သာရကာလေးများ တကျိုကျိုတအာအာ အော်မြည်သံကိုလည်း ကြားရ၏ ။

ထိုအရာတွေ အားလုံးထက် လှပကျက်သရေရှိလွန်းနေသည်က အနားမှာ ရှိနေသော သူရဲ့ ချစ်သူလေးပင်။

အနီရောင် ပါဝါစလေးကို လည်ပင်းမှာ ချည်နှောင်ထားသည်မို့ လေပြင်လေညင်းအဝှေ့မှာ တလွင့်လွင့် ဖြစ်နေပြီ။ ဗေဒါရောင် အပါးသား ဝမ်းဆက်လေး ဝတ်ထားသည်က တိမ်ရောင် စုံ အောက်မှာ ဆွဲဆောင်မှု အရှိဆုံး ဖြစ်သည်။

ကုတ်သားဝင်းဝင်းလေးအောက် မရောက်တရောက် ဆံနွယ်လေးတွေ က တလွင့်လွင့်ခါ လျက် ထဘီအနားစလေးတွေ လည်း တဖျပ်ဖျပ် ဖြစ်နေသည်။

သဲသော င်ပြင်မှာ ချစ်သူလက်ကို ဖျစ်ဖျစ်ညှစ်ညှစ် ဆုပ်ကိုင်ပြီး လမ်းလျှောက်နေရသည့် အရသာက လှုကိုမြောက်ကြွပေါ့ပါးနေစေသည်။

"မိုးကာ"

"ဟင် ရတု"

ချစ်သူ့ခေါ်သံလေးနားက နားထဲမှာ ငြိမ့်ညောင်းချိုမြိန်စွာ စီးဆင်းသွား၏ ။ တိုးသဲ့စွာ ထူးပြီး ချစ်သူပခုံးလေးကို ဖွဖွလေး ဆွဲလှည့်မျက်နှာချင်းဆိုင်လိုက်သည်။ အရောင်အသွေးစုံလှသော တိမ် များ ရဲ့ ညို့ ယူဖမ်းစားမှု ဖြင့် ချစ်သူရဲ့ မျက်နှာလေးက ဝင်းဖန့်ဖန့်တောက်ပလင်းလက်နေသည်။

Book Sharing

Scanned by CamScanner

"မိုးကာနဲ့ အတူရှိနေရတာ ကို ရတု မယုံနိုင်သေးဘူး မိုးကာရယ် အိပ်မက်မက်နေ သလိုပဲ"

"ကိုယ့်ရင်ခွင်ထဲ ရောက်နေတာတောင် မယုံနိုင်သေးဘူးလား ရတုရယ်။ အခု ကိုယ်တို့ ရောက်နေတဲ့နေရာလေးကလည်း အရမ်းကဗျာဆန်ပြီး လှပလွန်းနေတာ အိပ်မက်မှ မဟုတ်ဘဲ"

"ရတု ခံစားလို့ရပါတယ်။ ဒါပေမဲ့ တစ်ယောက် တည်း နေခဲ့ရတဲ့အချိန်တွေ ကြာနေလို့ မယုံ မရဲ ဖြစ်နေတာ။ ငါက အထီးကျန်ဘဝမျိုးနဲ့ လူတွေ ရဲ့ ဥပေက္ခပြု ထားခံရတဲ့သူ မဟုတ် တော့ဘူးဆို တဲ့ အတွေ းကြောင့် အပျော်လွန်နေတာလား မသိဘူး ရင်ထဲမှာ ဘာမှမရှိ တော့လို့ လစ်ဟာနေ သလိုလို အရမ်းကြီး ပြည့်ကျပ်ပြီး ထပ်ထည့်စရာနေရာ မရှိတော့သလိုလိုနဲ့ ဝေဒနာက တစ်မျိုးကြီး ပဲ မိုးကာ"

နှုတ်ခမ်းဖူးဖူးလေးနှင့် ချစ်သူပြောပုံလေးက ချစ်မြတ်နိုးစရာပင်။

သူမရင်ထဲ ဘယ်လောက်တောင် ကြည်နူးဝမ်းသာနေလည်းဆိုတာ သူ ခန့်မှန်းမိသည်။ ချောင်းသာကို သွားရအောင်ဟု သူမအိမ်ကို သွားခေါ်စဉ်က နိုးရာလိုက်ရမှာ ကို တွေ းမိဟန်မတူ။

"ရှင်တို့ ဟန်းနီးမွန်းထွက်မှာ ကို ရတုကို ခေါ်သွားမလို့လားမိုးကာ၊ ရတုနလုံးသားက အဲဒီ လောက်ခံနိုင်ရည်မရှိပါဘူး။ ရှင်တို့ မင်္ဂလာဆောင်တဲ့နေ့ကျရင် ရတု တစ်ယောက် တည်း ချောင်း သာသွားမလို့ စိတ်ကူးနေတာ"

သနားစဖွယ်လေးပြောပြီး မျက်ရည်က ကျသေးသည်။ အရင်က မာန်မာနတွေ အစွဲ့တိုက် အကျင့်စရိုက်တွေ မရှိတော့၍ ဖြူစင်ရိုးသားသော မျက်နှာလေးက ပကတိ အေးချမ်းအပြစ် ကင်းလှသည်။

သူက ရင်ခွင်မှ ခပ်တင်းတင်း ဆွဲယူပွေ့ဖက်ပြီး..

"မင်းကို ကိုနဲ့ နိုးရာလိုက်ပြေးဖို့ လာခေါ်ရတာ ရတုရဲ့၊ ဆည်းဆာညိုနဲ့

Scanned by CamScanner

လက်ထပ်ပွဲကို ဖျက်လိုက်ပြီ။ အခု ချက်ချင်း မိသားဖသားဝီဝီ

လက်ထပ်တောင်းရမ်းမယူနိုင်တာကိုတော့ ကိုယ့်ကို နားလည်ပေး။ ဆည်းဆာညိုကိစ္စက ရှိသေးတယ် မဟုတ်လား။ ကိုယ့်မိဘတွေ လည်း မင်းနဲ့ သဘာတူပါတယ်"

သူဖြေရှင်းပြောပြမှ သူမ မယုံရဲယုရဲဖြင့် သူ့ကိုဖက်ကာ ရှိုက်ရှိုက်ငိုသည်။ ချောင်းသာကို ရောက်မှ သူမ စိတ်ချယုံကြည်သွားတော့၏ ။

ဒါပေမဲ့လည်း အိပ်မက်မက်နေသည်ဟု ထင်ယောင်နေပါသေးသည်တဲ့။ အိပ်မက်မဟုတ် ကြောင်း လက်တွေ့ကျကျ အနမ်းနှင့် သက်သေပြလိုက်တာ ကောင်းမည် ထင်သည်။

"အိုး မိုးကာနော်"

စိတ်ကူးထက် သူ့ရဲ့ အနမ်းက လျှင်မြန်သွားခဲ့၏ ။ နှုတ်ခမ်းဖူးဖူးလေးကို လက်ခုံလေးနှင့် ပွတ်သပ်ပြီး သူ့ရင်ဘတ်ကြီးကို လက်သီးဆုပ်သေးသေးနှင့် ဖွဖွလေးထုသည်။

"လက်မထပ်ရသေးဘူးနော် အနမ်းတွေ ခြေလှမ်းမကျဲနဲ့"

"မင်း အိပ်မက်လို့ ထင်နေဦးမှာ စိုးလို့ပါ။ တကယ်တော့ ကိုယ်လည်း မင်းနဲ့အတူတူ ချောင်းသာကို နောက်တစ်ခေါက် လာရလိမ့်မယ်လို့ မမျှော်လင့်မိဘူး။ ကုယ်တို့ အရမ်းချစ်ကြလို့ ရေစက်ဆုံရတာ ထင်တယ်နော်"

"အင်း ဟုတ်လိမ့်မယ်။ ရတုကလေ နေ့တိုင်း ဘုရားမှာ ရှိခိုးပြီး ဆုတောင်းတယ် မိုးကာနဲ့ ဆုံပါရစေ၊ ပိုင်ဆိုင်ပါရစေလို့ပေါ့။ ပြီးတော့ မိဘမေတ္တာကို အပြည့်အဝ ရပါစေ။ နွေးထွေးမှု နား လည်မှု ရှိတဲ့ မိသားစုထဲမှာ ရောက်ပါစေလို့ပေါ့"

"မင်းလိုချင်တာတွေ အားလုံးရတော့မှာ ပါ ရတုရယ် မင်းဖေဖေလည်း မင်းတို့အိမ်မှာ မင်းကို မေတ္တာတွေ အပြည့်အဝပေးဖို့ စောင့်နေပါတယ်"

"ဟင် ဖေ ဖေဖေက"

အံ့သြမှု များ စွာ နှင့် သူမ မျက်လုံးလေးပြူး လည် ဝိုင်းစက်သွား၏ ။

Scanned by CamScanner

"ဟုတ်တယ် မင်းအဖေ ကိုယ့်ဆီကို ဖုန်းဆက်တယ်။ မင်းကိုမေတ္တာတွေ အပြည့်အဝ ပေးဖို့ လိုအပ်ရင် ဒေါ်အိအိပိုင်နဲ့ ကွာရှင်းမယ်လို့ပြောတယ်။ ဆည်းဆာညို့နဲ့ လွဲသွားရတာ မင်းကံ ကောင်းပါတယ်လို့ ကိုယ့်ကိုပြောသေးတယ်။ ပြီးတော့ သူ့သမီးလေးရတုမိုကို တစ်သက်လုံး ကြင် ကြင်နာနာနဲ့ ဂရုစိုက်ပါပေးပါတဲ့လေ"

"ဖေဖေက တကယ်အဲလို ပြောတာပေါ့နော်။ ဝမ်းသာလိုက်တာ မိုးကာရယ်၊ ရ ရတု ဝမ်း သာလိုက်တာ၊ ဖေဖေနဲ့ အရမ်းတွေ .ချင်နေပြီ မြန်မြန်ပြန်ရအောင်နော် မိုးကာ"

"အင်း ပြန်မှာ ပေါ့ တုရယ်။ အန်တီချိုလည်း နားလည်သွားပြီဆိုတော့ မင်းလိုသမျှတောင့် တသမျှမေတ္တာတွေ အပြည့်အဝ ရနေပြီပဲ။ ဒါပေမဲ့ ကိုယ့်ကို ကတိတစ်ခုတော့ ပေးရမယ်"

"ဘာကတိလဲ"

"ခုနလို လက်မထပ်ရသေးလို့ အနမ်းတွေ မကျူး ကျော်နဲ့ ခြေလှမ်းမကျဲနဲ့ ဆိုတာမျိုးပေါ့"

သူ့အပြောကို သူမ ခပ်ညင်းညင်းရယ်သွမ်းသွေးကာ

"အဲဒါ ချစ်လို့သတိပေးတာပေါ့ မိုးကာရယ်၊ ရတုလေး ရှင့်အတွက် တန်ဖိုးရှိတဲ့ မိန်းမဖြတ် လေးပဲ ဖြစ်ချင်တယ်။ ငြိုငြင်ပြီး ထားရစ်ခဲ့ရတဲ့ဘဝမျိုး မရောက်အောင်လည်း ကြိုး စားမယ်။ အရာ ရာအလွယ်တကူပြောင်းလဲနိုင်တာ ရှင့်ကိုချစ်လို့ပါ မိုးကာ။ ရှင် ဘယ်တော့မှ ရတုကို တစ်ယောက် တည်းမထားခဲ့ရဘူးနော်"

"အင်း ယုံပါတယ်။ မယုံဘူးပြောရင် ရှင်က သက်သေပြဦးမှာ မဟုတ်လား။ ရှင် တစ်ခါနမ်း တိုင်း ရင်ခုန်သံတွေ က ဖလမ်းဖလမ်း ဖြစ်နေလို့ အရှိန်နည်းနည်း လျှော့မှ ဖြစ်မှာနော်"

"မင်းစကားကို နားထောင်ချင်ပါတယ်။ ဒါပေမဲ့ တစ်ခါလောက်"

"ဟင့်အင်း..."

Scanned by CamScanner

"တစ်ခါတည်းပါ"

သူ့ရဲ့ ဒွတ်တရွတ် အနမ်းကို သူမဆက်ပြီး မငြင်းဆန်နိုင်ပါ။ သူက နှုတ်ခမ်းဖူးဖူးလေးကို စကားပြောခွင့်မှ မပေးတော့ဘဲ။

သူက ရင်ခုန်သံတွေ အတိုင်း စီးမျောခံစားပို့ တခြားကမ္ဘာအထိတောင် သူမကို ခေါ်သွား ချင်သေးတာ။

လှိုင်းပုတ်သံတွေ ရယ်၊ လေပြည်နုနုရယ်၊ သူမရဲ့ အသက်ရှူ သံပြင်းပြင်းလေးရယ်၊ ပင်လယ် ပြင်ကြီးရဲ့ ရယ်မောသံတွေ ရယ်၊ သူ့ရဲ့ ရင်ခုန်သံတွေ ရယ်။

အရာအားလုံးက နူးညံ့သိမ်မွေ့နက်နဲခြင်းတွေ နဲ့ ကဗျာဆန်ဆန် အလှတရားများ ကြောင့် ညံ့သက်ညင်သာစွာ ။

အချစ်ညွှတ်ကွင်းထဲက တို့ဘယ်တော့မှ ရုန်းမထွက်တော့ပါဘူး။ တို့ဘယ်တော့မှ မခွဲတော့ ဘူး ရတုမို။

လုံမ

Book Sharing

Scanned by CamScanner